
www.burmeseclassic.com





# LUCKY STAR

သားသမီးရတနာ မထွန်းကားသူများအတွက်

福星男女不孕不育專科

ဆရာစံ 楊醫師

B.E (Chemical) D.E.S (U.S.A)



Boy Baby
生男孩專方.

x + y = ♂

Girl Baby
生女孩專方

x + y = ♀

Twin Baby
雙生兒專方



တိုက်(D)၊ အခန်း(၆)၊ ရွှေပေယ်ရိပ်မွန်၊ ရေကြောင်းသိပ္ပံရေ့၊ ဘုရင့်နောင်လမ်းမကြီး၊ ... ရန်ကုန်မြို့။

Tel : 01 - 536355, Hp - 09 - 73241356, Hp - 09 - 5139886 E mail : ...568830@yahoo.com


www.burmeseclassic.com

www.burmeseclassic.com

အမြင် မဂ္ဂဇင်း

## ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊ အမှတ်စဉ် (၁၀၀)

★ အယ်ဒီတာချုပ်

**အောင်ကျော်ဇော**

★ အယ်ဒီတာအဖွဲ့

ထက်ထက်ဦးဝေ(B.Sc.Physics)

သဏ်း(သတ္တဗေဒ)၊ အေးအေးခိုင်

ညိုမီအောင်(B.A.Myanmar)

★ အုပ်ချုပ်ရေးမှူး

ဦးရဲလွင်(ရဲဘိုင်အို)

★ ထုတ်ဝေသူ

ဦးအောင်လွင်(ဝ၄၁၄၉)

★ ပုံနှိပ်သူ

ဦးမြင့်ဦး(၀၁၅၈၃)

သိန်းသန်းဦးပုံနှိပ်တိုက်

၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။

★ မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်

ရဲသူ (ရန်ကုန်တက္ကသိုလ်)၊ မင်းထက်နိုင်

★ **စာပြင်- ဦးဝင်းတင်**

**တန်ဖိုး - ၃၀၀**

**အုပ်ရေ - ၁၀၀၀**

ခေါင်းပါး

- **အောင်ကျော်ဦး- - ၁၃**
(သတိပြုဖွယ်မုဒိမ်းမှုနှင့် လူသတ်မှုများ)

- **ကိုကို (ငယ်ချစ်)- - ၂၃**
(မတူညီသော တူညီခြင်းများ)

နိုင်ငံတကာသတင်း

**ဆောင်းဟေမန် - - ၁၃၉**

ပြည်တွင်းသတင်း

**ကျော် - - ၁၅၄**

ကွန်ပျူတာစာစီ

**နေမျိုးအောင်**

ဗေဒင် - - ၁၅၈

**သစ္စာမေတ္တာ**

**ဆရာထွန်းလင်းကျော်**

**နက္ခတ်ဗေဒင်**

**လက္ခဏာပညာရှင်**




**မှခင်းအမြင်မဂ္ဂဇင်း**

အမှတ်(၁၁၆)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း ၀၉-၄၉၂၆၄၂၁၈

www.burmeseclassic.com

www.burmeseclassic.com

## မှခင်းဝတ္ထု

– နွေအလွန် – – – ၃၀
(မျက်ရည်များဖြင့် ကျေနပ်မိသည်)
– အောင်ကျော်ပြုံး – – – ၄၂
(ဆင်တန်းတောတိုး ဆိုးပါးတဲ့လူသား)
– ထက်ထက်ဦးဝေ – – – ၄၈
(မိုးကြွေသည့်ဆောင်း)
– ရေနဂါး – – – ၆၆
(လောကဖြစ်ဒဏ်)
– ချောယဉ်ချစ် – – – ၇၆
(ချည်ကြိုးရယ်လား)
– ရှင်လွန်းမယ် – – – ၉၄
(သံသယမီးစရဲ့ နှောင်းနှောင်းတာ)
– ဆုမွန်ဦး (ဟသ်ာတ) – – – ၁၀၄
(ရွှေရိုးအမှောင်)
– သန်းမြင့်ဦး – – – ၁၁၂
(မပြေးသောက်တန်ရာရှိ)
– မောင်သာမန် (ဇီးကုန်း) – – – ၁၁၈
(စာနာတတ်သော နှလုံးသား)
– ခင်ဦး (ပုတီးကုန်း) – – – ၁၃၀
(အဋ္ဌမာန)
– အောင်ကျော်ဇော – – – ၁၄၄
(ရုန်း)

### ကဗျာ

ဒီလူညာ၊ ဖိုးဇော် (မအူပင်)၊ လှိုင်မျိုးဆက် (သီလာ)၊
မြစ်ငယ်မောင်ကြီးစိန်၊ နွယ်စိမ်းဝေ၊
မောင်ထည်ဝါ (ပျော်ဘွယ်)၊ အေးခင်ခင်လှိုင် (အညာမြေ)၊
မောင်လှလွန်း။

### ကာတွန်း

စမ်းချောင်းစန်းကို၊ မောင်တင်ယု၊ မြေရိုင်း၊
[illegible] (တောင်ငူ)၊ အောင်ချမ်းမြေ့ (မင်းဘူး)။




www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➢ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➢ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➢ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➢ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➢ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➢ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂ |
| ➢ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇ |
| ➢ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➢ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➢ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➢ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➢ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➢ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➢ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➢ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➢ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၁၂၅၉ |
| ➢ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➢ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➢ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၁၂ |
| ➢ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➢ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➢ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➢ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# အဖြူရောင်ခက်ဆစ်

ဒီလူည



❋ အရိုးခံနဲ့ အရိုးသားဆုံး
လောကခံကို သုံးစိတ်,စိတ်
အသပြာမချက်ဘဲ စေတနာချက်
တဏှာမချက်ဘဲ မေတ္တာချက်ခဲ့
ဝေဒနာကိုက်ခဲနေတဲ့ လမ်းမတွေကြား
ကမ္ဘာကြီးရဲ့ အပူအအေးကြား
သူဟာ ဗလာနတ္ထိနဲ့
ဥယျာဉ်ကို ရေလောင်းပေါင်းသင်
ရန့်နဲ့ ဝမ်းဝခဲ့တယ်။ ။

(ပတ်သက်ခဲ့ဖူးတဲ့ ဆရာ/မ အားလုံးသို့.....)

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com



# သစ္စာကြီးခြင်းအကြောင်း



* မောင်နှံတွဲလျက် အောက်ချင်းငှက်တို့
မပျက်သစ္စာကြီးကြသည်။
တစ်ကောင်ကိုမှန်း ပစ်သတ်ဖမ်းယူ
မြေရန်သူကြောင့်
ကျန်သူတစ်ကောင်
အတောင်ကိုခတ် ကောင်းကင်ရပ်မှာ
ကြာစွာဝဲသန်း အော်မြည်တမ်းရင်း
မောပန်းသည့်နှင့် ကောင်းကင်မြင့်ထက်
ပျံသန်းတက်၍ နှစ်ဖက်စုရုံး
တောင်ပိတ်ဖုံးပြီး
ကိုယ်လုံးမြေသို့ချသောတကား။ ။

**ဖိုးဇော်** [မအူပင်]



www.burmeseclassic.com

www.burmeseclassic.com




# ဆင်းရဲကြသူများ

မောင်လှလွန်း

❑ လုပခမ်းနား
အဆန်းဆန်း အပြားပြား
ကျောက်သားနန်းတော်ထက်
မွေးဖွားသန့်စင်လာသူများ
ဖြစ်လင့်ကစား
စိတ်အား.....
ဉာဏ်အား.....
ကာယအား.....
နွမ်းပါးချည့်နဲ့
အားနွဲ့စိုးထိတ်
မွတ်သိပ်မျှော်လင့်
ညှိုးလျော်စွာ ချမ်းသာနေကြ။

❑ တို့များ.....
ခမ်းနားခြင်းမရှိ
ဆန်းပြားခြင်း နတ္ထိ
ဆင်းရဲခြင်းနဲ့ မွေးဖွားလာကြ
စိတ်အား.....
ဉာဏ်အား.....
စွမ်းပကားဖြိုးမောက်
ကြောက်စရာ.....
ဝမ်းနည်းစရာတွေကို ရယ်မောရင်း
ပျော်ရွှင်စွာ ဆင်းရဲနေကြ။ ။






www.burmeseclassic.com

www.burmeseclassic.com

# ရွာမှသူငယ်ချင်းများ

မောင်ထည်ဝါ (ရွှေကျွယ်)



▲ ဝသန်ကာလ၊ မိုးဦးကျလျှင်
ရွာမှရောင်းရင်း၊ သူငယ်ချင်းလည်း
မိုးထဲရေထဲ၊ လယ်ကွင်းထဲမှာ
ကျွဲနွားနှင့်ယှဉ်၊ လုပ်ငန်းဝင်၍
သီးပင်စိုက်ပျိုး၊ အထွက်တိုးအောင်
ရွက်ဆောင်ကြိုးပမ်းနေရော့မည်။

▲ ဟေမန်ဆောင်းလ၊ နှင်းမှုန်ကျလျှင်
ရွာမှရောင်းရင်း၊ သူငယ်ချင်းလည်း
မိတ်ရင်းဆွေညာ၊ ဖော်သဟာနှင့်
ရွှေဝါရောင်ဝင်း၊ စပါးခင်းကို
သက်ဆင်းရိတ်သိမ်းနေရော့မည်။

▲ ဂိမှာန်ကာလ၊ နွေဦးကျလျှင်
ရွာမှရောင်းရင်း၊ သူငယ်ချင်းလည်း
ယိုယွင်းနေရှာ၊ အိမ်ရာတဲအုံ
အလုံးစုံကို၊ လုံခြုံသေချာ
ပြုပြင်ကာနှင့်၊ လယ်ယာပစ္စည်း
အသီးသီးကို၊ ဖန်တီးပြင်ဆင်
ကြိုတင်ဆောင်ရွက်နေရော့မည်။

▲ မွေးရပ်ဌာနေ၊ အညာမြေဖွား
ငယ်ပေါင်းများလည်း၊ ရပ်နားမပြု
ဥတုသုံးလီ၊ ရာသီအလိုက်
စိုက်ပျိုးထွန်ယက်၊ မွေးမြူဖက်၍
ပြည့်တွက်ရိက္ခာ၊ ဖြည့်ဆည်းပါ၏
ရွာ၏အရေး၊ လူမှုရေးလည်း
မနှေးညီညာ၊ ထမ်းဆောင်ပါ၏
စာနာကြည်ဖြူ၊ ရိုင်းပင်းကူလျက်
အေးတူပူမျှ၊ ခံစားကြလျက်
ရွာ့ဝန်ကိုထမ်း၊ တစ်စိတ်ဝမ်းဖြင့်
ငြိမ်းချမ်းချစ်ကြည်၊ ပြည်သစ်ဆီသို့
တူညီလှမ်းကာ၊ အရောက်သွား။
မွေးရပ်မြေသို့ မေတ္တာပွား။
ကျန်းမာပါစေ သူငယ်ချင်းများ။ ။



www.burmeseclassic.com

www.burmeseclassic.com




# အမေနေတဲ့ရွာကလေး

ရွာထိပ်မှာတည့်၊ ထုံးစေတီနှင့်
ကြည်ညိုဖွယ်ကောင်း၊ ရွာဦးကျောင်းက
အုန်းမောင်းသံတေး၊ နှိုးဆော်ပေးသည်
အေးချမ်းသာယာ အမေ့ရွာ....။

တစ်ရွာတည်းသား၊ လူညီုထွားတို့
ကျွဲနွားနှင့်ယှဉ်၊ လယ်ယာခွင်၌
စည်ပင်ဖွံ့ဖြိုး၊ သီးနှံတိုးအောင်
ကြိုးပမ်းဆောင်လျက်၊ လူ့ဘောင်တစ်ခေတ်
ဆန်းသစ်လာပေ၊ အလှဝေသည်
အမေနေတဲ့ ရွာကလေး....။

BURMESE CLASSIC .com

အမေ့ရွာသား၊ လူညီုထွားတို့
စိတ်ထားမကွဲ၊ တစ်သွေးတည်းဟု
စွဲမြဲညီညာ၊ သာရေးနာရေး
လက်မနှေးကြ၊ ဖေးမရိုင်းပင်း
ချစ်ခြင်းမျှဝေ၊ ငြိမ်းချမ်းပေသည်
အမေနေတဲ့ ရွာကလေး....။



စနစ်တွေပြောင်း၊ နှစ်တွေညောင်းလည်း
မဟောင်းမညစ်၊ သစ်မြဲသစ်လျက်
ချစ်ကြည်စိတ်ဝမ်း၊ ရွာ့ဝန်ထမ်း၍
ပန်းမျိုးတစ်ရာ၊ ဖူးပွင့်လာအောင်
စွမ်းဆောင်ကြပေ၊ မေတ္တာဝေသည်
အမေနေတဲ့ ရွာကလေး....။ ။

အေးခင်ခင်လှိုင် (အညာမြေ)



www.burmeseclassic.com

www.burmeseclassic.com



# နွေရယ် မိုးရယ် ဆောင်းရယ်

❄ တပေါင်း တန်ခူး၊ မိုးသားကျူးပေါ့
ချစ်ဦးသူက ဘယ်ဆီမှာ.....
❄ ကဆုန် နယုန်၊ မိုးသံစုံပေါ့
ရင်ခုန်နေကြ တစ်နယ်စီ.....
❄ ဝသန်မိုးနှောင်း၊ ရာသီပြောင်းခဲ့
ဆောင်းရယ် နှင်းရယ် အေးမြတယ်.....
❄ ဥတုသုံးလီ၊ ပြောင်းခဲ့ပြီလေ
ဘယ်ဆီဘယ်ဝယ် တမ်းတတယ်.....
ဘယ်ဆီဘယ်ဝယ် မုန်းဆတယ်.....
ဘယ်ဆီဘယ်ဝယ် လွမ်းရတယ်.....။ ။

မြစ်ငယ်မောင်ကြီးစိန်





www.burmeseclassic.com

www.burmeseclassic.com



# မှာတမ်း

- အစာအာတွက်
  စားကျက်ကို ပြေးဝင်
  မာယာရှင် ညွှတ်ကွင်း
  သက်ဆင်းမိ ရွှေသမင်။
- အစာမင်.....
  ဘယာမမြင်
  ရွှေသမင် ထောင်ချောက်မိ
  ရှိ၏ သမိုင်းဝင်။
- ခင်ခင်ရယ်.....ဤသို့နှယ်
  မည်သို့ကွယ် စိတ်မထင်နှင့်
  စိတ်ဝင်လျှင် မှောက်မှားမယ်
  မိန့်ကြားလိုက်ချင်။ ။



ကိုင်းမျိုးဆက် (ဆီကာ)



www.burmeseclassic.com


www.burmeseclassic.com



# တေးသီငှက်

▮ ဘယ်သူပေးထားတဲ့ နာမည်လဲ။
ထန်းရည်နဲ့ ငါးပိ
မှိုနဲ့ကန်စွန်းလို
ပညတ်နဲ့ခေတ်သက် အစပ်အဟပ်မိလွန်းတဲ့ ကဗျာ။
▮ ကြည့်နေရင်း.....
ပန်းပွင့်လေးတွေက ကျလိ...ကျလိ၊ ကျလိ...ကျလိ။
တည့်ည့် တစာစာ အသံတွေမြည်လာ။ ။

**နှယ်စိမ်းဝေ**



◆(ပန်းပြပွဲမှ 'တေးသီငှက်'အမည်ရှိ ပန်းပွင့်လေးများအား ခံစားရေးဖွဲ့သည်။)



www.burmeseclassic.com

www.burmeseclassic.com



## အောင်ကျော်ဦး

# သတိပြုဖွယ် မုဒိမ်းမှုနှင့် လူသတ်မှုများ

ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာသည် လူများ၏စိတ်ဓာတ်ကို နူးညံ့သိမ်မွေ့စေရန် ထိန်းသိမ်းပေးသော လောကကျင့်ထုံးတစ်ခုဖြစ်ပါသည်။ ယဉ်ကျေးမှုထုံးတမ်းစဉ်လာအပြင် ကိုးကွယ်သည့် ဘာသာတရားတိုင်းကလည်း လူသားများ၏စိတ်ကို ဖြူစင်သန့်စင်အပြစ်ကင်းစေရန် ထိန်းသိမ်းပေးလျက်ရှိပါသည်။ ထို့အတူ နိုင်ငံတိုင်း၌ ပြဋ္ဌာန်းထားသော ဥပဒေသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံးကို စည်းစနစ်တကျဖြင့် တစ်ပါးသူကို ထိခိုက်နစ်နာခြင်းမဖြစ်ပေါ်စေရန် ထိန်းသိမ်း ပေးသော လူမှုပြဋ္ဌာန်းချက်တစ်ရပ်လည်း ဖြစ်ပါသည်။

ဘာသာတရားနှင့် တရားဥပဒေတို့သည် လူတစ်ဦးချင်း၏ စာရိတ္တကို အပြစ်ကင်းစင်စေရန် အစဉ်မပြတ်ထိန်းကျောင်းပေးလျက်ရှိပါသည်။ ထိုသို့သော



www.burmeseclassic.com

www.burmeseclassic.com


ဘာသာ တရားနှင့် တရားဥပဒေတို့၏ ပြဋ္ဌာန်း၊ ကန့်သတ်၊ တားမြစ်ချက်မရှိလျှင် လူများသည် အသိဉာဏ်ကင်းမဲ့သော တိရစ္ဆာန်များကဲ့သို့ အင်အားကြီးသူက အင်အားနည်းသူကို အနိုင်အထက်ပြု၍ နှိပ်စက်မှုကိုပြုကြပေတော့မည်။ ဘာသာတရား အဆုံးအမနှင့် တရားဥပဒေဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ် သတ်မှတ်ပြဋ္ဌာန်းချက်များရှိနေခြင်းကြောင့်သာလျှင် လူသားတစ်ဦးနှင့်တစ်ဦး မျှတညီညွတ်သော လိုက်ဖက်ညီဆန္ဒများဖြင့် စုပေါင်းနေထိုင်နိုင်ကြခြင်းဖြစ်သည်ဟု ယူဆမိပါသည်။

သို့ရာတွင် သဘာဝရာသီဥတုနှင့် ပထဝီအနေအထားတို့ကြောင့် ကမ္ဘာ့နိုင်ငံများတွင် ဝတ်စားဆင်ယင်မှု၊ စားသောက်နေထိုင်မှုနှင့် လူမှုပတ်ဝန်းကျင်စရိုက် မတူညီမှုများကို တွေ့မြင်သိရှိရပါသည်။ အပူပိုင်းဇုန်၊ သမပိုင်းဇုန်၊ အအေးပိုင်းဇုန်တို့၌ နေထိုင်ကြသော လူသားများသည် ပထဝီဒေသအလိုက် အစားအသောက် အနေအထိုင် ကွဲပြားမှုရှိလာကြပါသည်။ အအေးပိုင်းဇုန်ဒေသ၌ နေထိုင်သူများက အရက်သောက်မည်။ ထူထဲသော အဝတ်အစားများ ဝတ်ဆင်မည်။ အပူပိုင်း၌ နေထိုင်သူများက ပါးလွှာသော အဝတ်အထည်များ ဝတ်မည်၊ အပူဒဏ်ကို တုံ့ပြန်စေသော အဖြူရောင် အဝတ်ကို ဝတ်ဆင်မည်။ တိုနံ့ပါးလွှာသော အဝတ်အစားကိုဝတ်မည်။ ထိုသို့ မတူကွဲပြားသော အခြေအနေကို သဘာဝတရားက ဖန်တီးခြင်းဟု နားလည်လက်ခံမိပါသည်။

**အချို့က ကိုယ်အလှဖော်သော အဝတ်အစားများကို ဆန့်ကျင်ဘက်လိင်အား ဆွဲဆောင်နိုင်ရန် ဝတ်ဆင်သည်လည်းရှိပါသည်။**

အသားအရေ ထူကြမ်းသည့် လူသားများက ထိတွေ့ခံစားမှုကို ပြုလုပ်နိုင်ရန် ရုပ်ကိုဦးစားပေးမှုရှိပါသည်။ ရုပ်ကိုဦးစားပေးသော လူမှုဆက်ဆံရေး ပုံစံမတူမှုများ ရှိနေပါသည်။ စိတ်ကိုနိုးကြွမှု လွယ်ကူစေသော အရက်သေစာသောက်စားမှု ပြုကြသည်မှာလည်း ဓမ္မတာတစ်ရပ်ဟု မြင်မိပါသည်။

အသားအရေနူးညံ့သော အရှေ့တိုင်းသားများမှာ အလိုအလျောက် ထိတွေ့ခံစားမှု လွယ်ကူကြသည်။ သို့ဖြစ်၍ ရိုးရာယဉ်ကျေးမှုဖြင့် အမှားအယွင်းမဖြစ်စေရန် ထိန်းသိမ်းပြီး စိတ်ကိုဦးစားပေးသော ကျင့်စဉ်ခံစားမှုကို ဦးစားပေးရာမှ စိတ်ပိုင်းဆိုင်ရာကို ဦးစားပေးသည့် လူသားများဖြစ်လာကြရပါသည်။

ထိုသို့သော မတူကွဲပြားသည့် သဘာဝတရားနှင့် ပထဝီမြေခံ လိုအပ်ချက်တို့က ဖန်တီးလှုံ့ဆော်မှုကြောင့် ကမ္ဘာ့နိုင်ငံများတွင် ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ မတူညီမှုများ ရှိလာကြရပါသည်။ လူမှုနယ်ပယ် ကွဲပြားခြားနားမှု ဖြစ်ပေါ်ခဲ့ရာတွင် ကမ္ဘာ့အရှေ့တိုင်းနိုင်ငံများနှင့် ကမ္ဘာ့အနောက်ခြမ်းနိုင်ငံများသည် ကွဲပြားသော လူမှုဆက်ဆံရေးပုံစံ၊ တစ်နည်းအားဖြင့် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ ကွဲပြားမှုရှိလာရခြင်းဖြစ်ပါသည်။

ဓလေ့ချင်းမတူညီမှုကြောင့် မွေးရာပါစရိုက်များလည်း ကွဲပြားလာရသဖြင့် စာရိတ္တပိုင်းတွင် အရှေ့နှင့် အနောက် ကွဲပြားမှုရှိလာရပါသည်။ လူသားကမ္ဘာကို လေ့လာပါက လူသည် မိမိကိုယ်ကိုမိမိ တိုးချဲ့ရင်း လူမှုပတ်ဝန်းကျင်ကိုပါ တိုးချဲ့နေကြပါသည်။ လက်နက်ငယ်များမှ လက်နက်ကြီးများ၊ ဓာတုလက်နက်များ၊ ခေတ်မီဒုံးပျံလက်နက်များကို တီထွင်ခဲ့ကြသည်။ လှေ၊ လှည်းမှ ရေယာဉ်၊ သင်္ဘော၊ ရထား၊ ကျည်ဆန်ရထား၊ လေယာဉ်၊ အသံထက်မြန်သောလေယာဉ်နှင့် ဂြိုဟ်တုများအထိ တိုးချဲ့တီထွင်ခဲ့ကြသည်။ ဤသည်မှာ လူမှုနယ်ပယ်ကို တိုးချဲ့ခြင်းဖြစ်ပါသည်။

ထို့အတူ အင်အားကြီးနိုင်ငံ၊ အင်အားလွန်နိုင်ငံ ကမ္ဘာ့ချမ်းသာသောနိုင်ငံများက ၎င်းတို့ဩဇာခံဖြစ်စေ

www.burmeseclassic.com



ရေးအတွက် ဩဇာခံနယ်ပယ်များ ဖြစ်ပေါ်လာစေရန် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတို့ဖြင့် နယ်ပယ်တိုးချဲ့ကြသည်။ ထိုသို့တိုးချဲ့နိုင်ရန် မဟာဗျူဟာချမှတ်၍ နည်းဗျူဟာ ပြောင်းလဲကျင့်သုံးကြလေ့ရှိပါသည်။

မဟာဗျူဟာသည် ဦးတည်ချက်ထားရှိသော ရည်မှန်းချက်ဖြစ်၍ နည်းဗျူဟာသည် မဟာဗျူဟာကို အောင်မြင်စေရန် ပြောင်းလဲကျင့်သုံးရမှုဖြစ်ပါသည်။ ထိုနည်းတို့ဖြင့် နိုင်ငံငယ်များ ဩဇာခံဖြစ်လာစေရေးကို ဖန်တီးပုံဖော်ရာတွင် ထိုနိုင်ငံသားများ၏ မျိုးချစ်စိတ်နှင့် တည်ခိုင်သော စာရိတ္တကို ပြိုလဲစေရန် ကြံဆောင်ကြ၏။ အထူးသဖြင့် ယဉ်ကျေးမှုတင်ပို့မှုစနစ်ဖြင့် ရှိရင်းစွဲယဉ်ကျေးမှုကို ထိုးဖောက် ချဉ်းကပ်လျက် ပြောင်းလဲမှုကို လက်ခံလာစေရန် ကြိုးပမ်းကြသည်။ ယခုအခါ အရှေ့တိုင်းနိုင်ငံ အတော်များများတွင် ရိုးရာယဉ်ကျေးမှုကို ပစ်ပယ်၍ အစားထိုးယဉ်ကျေးမှုကို လက်ခံလာစေရန် ကြိုးစားလာခဲ့ကြ၍ ပဝါတစ်ကမ်းမှ စကားပြောရသည့် ယဉ်ကျေးမှုအစဉ်အလာရှိသော နိုင်ငံကြီးများတွင် လိင်ပိုင်းဆိုင်ရာ လှုံ့ဆော်သည့် ဆက်ဆံမှုပုံစံသစ်များကို တွေ့နေရသည်။

ဂျပန်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်စသော နိုင်ငံများသည် ရိုးရာယဉ်ကျေးမှုအစဉ်အလာကြီးမား၍ ဝတ်စားဆင်ယင်မှုဖြင့် ကာယကို ထိန်းသိမ်းထားခဲ့ကြသော်လည်း ယခုအခါ ရောယှက်ယဉ်ကျေးမှုကြောင့် အတင့်ရဲသည့် ဆက်ဆံမှုပုံစံများကို မြင်နေရသည်။

ယဉ်ကျေးမှုတင်ပို့ရာတွင် ရုပ်ရှင်၊ ဂီတ၊ စာပေသည် ရှေ့တော်ပြေးဖြစ်၍ ၎င်းနောက်မှ အဝတ်အစားဒီဇိုင်းဆန်းများ၊ လူမှုဆက်ဆံရေး ပုံစံသစ်များက ယောကျ်ားနှင့်မိန်းမ တန်းတူအခွင့်အရေးဆိုပြီး နောက်မှလိုက်လာကြ၏။

ထိုသို့သော ပြောင်းလဲမှုကို လက်ခံလာစေရန် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ယူကြမည့် လူငယ်ထုကို ပစ်မှတ်ထား၍ ထိုးဖောက်ကြသည်။ သို့ဖြစ်၍ မိန်းကလေးများသည် ယောကျ်ားကလေးများနှင့် ယှဉ်တွဲ၍ ဘီယာမှအစ မူးယစ်သောက်သုံးရန်အရည်နှင့် မူးယစ်ဆေးဝါးကို သုံးစွဲလာတတ်သည်။ လူပျို အပျိုများမှာ လူမြင်ကွင်း၌ အရှက်အကြောက်မဲ့စွာ သိုင်းဖက်မှီတွဲ၍ သွားလာရဲလာကြသည်။ ပေါင်ရင်းတိုဘောင်းဘီ၊ ရင်သား၊ ဗိုက်သား၊ ကျောသားဖော် အဝတ်ဒီဇိုင်းများကို ဝတ်ရဲလာကြသည်။ ဗိုမဆက်ဆံရေးတွင် ပွင့်လင်းမှုဆိုပြီး ရုပ်ကိုဦးစားပေးသော ဆက်ဆံရေးပုံစံများ ပြောင်းလဲလက်ခံ ကျင့်သုံးလာကြသည်။

ရည်းစားနှင့်ချိန်းတွေ့လျှင် တည်းခိုခန်းသွားမည်ဟု ဆုံးဖြတ်လာကြသည်။ ပုရိသများကလည်း အရွယ်မရောက်သေးသူကို ရည်းစားအဖြစ် ပုံဖော်၍ တည်းခိုခန်းသို့ခေါ်သည်။ မိန်းမငယ်များကလည်း ရဲရဲတင်းတင်းလိုက်ပါရင်း အချစ်၏နှစ်သိမ့်ဖွယ်ကို ရှာကြသည်။ တည်းခိုခန်းများကလည်း မိဘအုပ်ထိန်းသူ မပါရှိဘဲ ကလေးသူငယ်အရွယ်များကို လက်မခံရမှန်းသိပါလျက် အတ္တအတွက် လက်ခံကြသည်။ ထိုသို့ လက်ခံမိ၍ ဖြားယောင်းသွေးဆောင် ခိုးယူပေါင်းသင်းမှုတွေ တိုးပွားလာရသည်။ အပျိုရည်ပျက်ပြီးမှ အရေးယူခံရသည့် အမှုပေါင်းများစွာ ဖြစ်ပေါ်လာသည်။

ရှိပါသေးသည်။ နိုင်ငံခြားဇာတ်လမ်းတွဲများတွင် ချစ်သူအပြိုင် ထားရှိသောဇာတ်လမ်းများ၊ လင့်ရှိ မယားရှိပါလျက် အိမ်ထောင်ရေးဖောက်ပြန်သော ဇာတ်လမ်းတွဲများ၊ မလုံ့တလုံ ဝတ်စားမှုကို ဦးစားပေးသော ဇာတ်လမ်းများကို ပြသနေသည့်အတွက် လူငယ်လူရွယ်များ အတုခိုးမှားခဲ့ကြသည်။ ထို့ထက်ပိုဆိုးသည်မှာ ဆင်ဆာဖြေလျော့မှုရှိလာသည့်အတွက် မြန်မာဗီဒီယိုဇာတ်လမ်းများ၏ ဇာတ်ဝင်ခန်းများတွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးဖော်အဝတ်အစားများအား ဝတ်ဆင်လာကြသည်။ မြန်မာဗီဒီယိုဇာတ်ကားတစ်ခုတွင် မြန်မာ့ယဉ်ကျေးမှုက လုံးဝလက်မခံသော နေအိမ်ခန်းအတွင်း ဖိုမဆက်ဆံမှုပုံစံကို အပြာကားဆန်ဆန် ရိုက်ပြမှုဖြစ်သည်။ ရိုက်သူကလည်း ရိုက်သည်၊ အရိုက်ခံရမည့်သူကလည်း နာမည်ကြီးလျှင် ပြီးရောဆိုပြီး ရိုက်သည်။ ရုပ်ရှင်သရုပ်ဆောင်ပညာတွင် ဦးခေါင်းပိုင်း၊ ခန္ဓာကိုယ်ပိုင်း၊ ခြေပိုင်းဟူ၍ သရုပ်ဆောင်ပိုင်း သုံးပိုင်းတွင် မျက်လုံး၊ နှုတ်ခမ်း၊ နှာခေါင်း၊ မျက်ခုံးတို့၏ လှုပ်ရှားသရုပ်ဆောင်မှု၊ ခန္ဓာကိုယ်တုန်လှုပ်မှုဖြင့် ပြရသောသရုပ်ဆောင်မှု၊ လက်ပိုင်း၊ လက်ချောင်းပိုင်းဆိုင်ရာသရုပ်ဆောင်မှု၊ ခြေပိုင်းဆိုင်ရာ သရုပ်ဆောင်မှုနှင့် နိမိတ်ပုံဖော်သရုပ်ဆောင်မှုဖြင့် က်ဝင်ခန်း၏ အဓိကအပိုင်းကို အနုပညာမြောက် နိုင်မှုများရှိပါသည်။ သို့ပါလျက် အပြာဆန်ဆန် ရု ပြမှုကြောင့် ထိုဇာတ်လမ်းခွေမှာ ချက်ချင်းနာမည်ကြီးပြီး လက်မလည်အောင် ငှားရမ်းနေရပါသည်။

> **မြန်မာဗီဒီယိုဇာတ်ကားတစ်ခုတွင်**
> **မြန်မာ့ယဉ်ကျေးမှုက လုံးဝလက်မခံသော**
> **နေအိမ်ခန်းအတွင်း**
> **ဖိုမဆက်ဆံမှုပုံစံကို အပြာကားဆန်ဆန်**
> **ရိုက်ပြမှု ဖြစ်သည်။**
> **ရိုက်သူကလည်း ရိုက်သည်၊**
> **အရိုက်ခံရမည့် သူကလည်း**
> **နာမည်ကြီးလျှင် ပြီးရောဆိုပြီး ....**

ယဉ်ကျေးမှုတင်ပို့ခံရမှုသည် နိုင်ငံ့အရေးအတွက် အရေးတကြီး ဂရုစိုက်ရမည့် အချက်ဆိုသည်ကို လက်ခံ စဉ်းစားသင့်ပါသည်။ ယနေ့ကာလတွင် အိမ်ထောင်ရေးဖောက်ပြန်မှုကြောင့် ဖြစ်ရသည့် တည်းခိုခန်းအတွင်းမှ လူသတ်မှု၊ နေအိမ်အတွင်းမှ လူသတ်မှု၊ အရွယ်မရောက်သေးသည့် မိန်းကလေးများကို အဓမ္မပြုကျင့်မှု၊ အိမ်ထောင်အတည်တကျမရှိဘဲ မွေးဖွားလာသည့် မွေးကင်းစကလေးအား စွန့်ပစ်မှု၊ ဆေးရုံတွင် မွေးဖွားပြီး မိခင်က ထွက်ပြေးသွားမှုများ တိုးတက်ဖြစ်ပေါ်နေသည်ကို ကြားသိနေရပါသည်။

စာရိတ္တပိုင်းကို ပြုပြင်ရမည့်အချက်ဟု နားလည်လက်ခံမိ၍ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူမှုပတ်ဝန်းကျင်နှင့် ကျောင်းဆရာ၊ ဆရာမများနှင့် မိဘအုပ်ထိန်းသူတိုင်းက ဟောပြောဆုံးမ မဆွေးနွေးပြုပြင်ပေးမှုပြုလုပ်ရင်း စာရိတ္တနှင့်ဆိုင်သော အမှုအခင်းများ မဖြစ်ပွားရေးကို ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု ပုဂ္ဂလိကအမြင် ခံစားချက်ဖြင့်တင်ပြလိုပါသည်။

ယနေ့မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အများပြည်သူတို့ ဖတ်ရှုနိုင်ရန် အင်တာနက်မှ တစ်ဆင့် ဖြစ်ပွားပေါ်ပေါက်ခဲ့သော မှုခင်းများကို အဆောတလျင်ဖြင့် သတင်းထုတ်ပြန်ပေးလျက်ရှိနေပါသည်။ အလားတူပင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးကလည်း YANGON Police Face Book com အမည်ဖြင့် အင်တာနက်မှတစ်ဆင့် သတင်းထုတ်ပြန်ပေးနေလျက်ရှိပါသည်။

ရဲတပ်ဖွဲ့က ယခုကဲ့သို့ သတင်းထုတ်ပြန်ပေးရာတွင် ပညာပေးမှု၊ အသိပေးမှု၊ သတိပေးမှု၊ မှုခင်း



www.burmeseclassic.com

www.burmeseclassic.com



ကြို့တင်ကာကွယ်မှု ပြုလုပ်စေရန်အတွက် ရည်ရွယ်ချက်နှင့် သတိပြုစရာ ဆောင်ရန်၊ ရှောင်ရန် အချက်များကိုပါ ထည့်သွင်းရေးသား တင်ပြပေးလျက်ရှိနေပါသည်။

ထိုသို့ ရဲတပ်ဖွဲ့က အဖြစ်မှန်ကို သတင်းထုတ်ပြန်ပေးခြင်းဖြင့် ပြည်သူတို့ ဆောလျင်စွာ သိရှိခြင်းဖြင့် ကောလာဟလများမဖြစ်ပေါ်စေရေး၊ အမှောင့်ပယောဂများ မပူးကပ်နိုင်ရေးအတွက် ရည်ရွယ်သည်လည်း ပါရှိပါသည်။ သို့ရာတွင် အချို့က မှုခင်းဖြစ်ပွားမှုများကို ရှုမြင်သုံးသပ်ကြရာ၌ နိုင်ငံရေးရှုထောင့်မှကြည့်ပြီး အဆိုးမြင်အမြင်ဖြင့် ဝေဖန်ရေးသားမှု ပြုနေသည်ကို တွေ့နေရသည်။ အချို့က နိုင်ငံ၏စီးပွားရေး ကျဆင်းမှုကြောင့် ခိုး၊ ဆိုး၊ လု၊ နှိုက်မှု ပေါ်များလာသည်ဟု ဝေဖန်နေကြပါသည်။ အချို့က ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အားနည်းနေသေးသည်ဟု အပြစ်တင်ဝေဖန်ရေးသားမှုတွေကိုလည်း ဖတ်ရှုလေ့လာမိပါသည်။

ရှိစေတော့။ ယနေ့ကာလတွင် မှုခင်းအရေအတွက် တိုးတက်လာသည်မှာ ဆင်းရဲမွဲတေမှုကြောင့် ချည်းပဲလားဟု မေးချင်ပါသည်။ တိုးတက်ဖြစ်ပွားခဲ့သော အမှုများထဲတွင် အမှုကြီး (၁၀)မျိုး အပါအဝင်ဖြစ်သည့် လူသတ်မှု၊ မုဒိမ်းမှုများကို လေ့လာကြည့်ကြပါစို့။ မုဒိမ်းမှုတွင် ကလေးသူငယ်များအပေါ် ကျူးလွန်သော မုဒိမ်းမှုက ပိုများနေသည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာ့လူမှုနယ်ပယ်တွင် ယခင်က လူသတ် မှုဆိုသည်မှာ လွန်စွာရှားပါးလှသည်။ ဖြစ်ပွားသည့် လူသတ်မှုများထဲတွင် ဓားပြတိုက်စဉ် ကျူးလွန်သည့် လူသတ်မှု၊ လုယက်မှုနှင့် တွဲဖက်ဖြစ်ပေါ်လာသည့် လူသတ်မှု၊ အငြိုးအတေးကြီးစွာ ကလဲ့စားချေသည့် လူသတ်မှုမျိုးကို စာရေးသူ ကျောင်းသားဘဝ ငယ်စဉ်ကပင် ကြားဖူးခဲ့သည်။ မုဒိမ်းမှုဆိုသည်မှာ ရှားပါး မှုခင်းမျိုးဖြစ်နေသည်။

> လူသတ်မှု၊ မုဒိမ်းမှုများကို
> လေ့လာကြည့် ကြပါစို့။
> မုဒိမ်းမှုတွင်
> ကလေးသူငယ်များအပေါ်
> ကျူးလွန်သော မုဒိမ်းမှုက
> ပိုများနေသည်ကို
> လေ့လာတွေ့ရှိရသည်။
> မြန်မာ့လူမှုနယ်ပယ်တွင်
> ယခင်က လူသတ် မှုဆိုသည်မှာ.....

သို့သော် ၁၉ ရာစု နောက်ပိုင်း၌ လူသတ်မှုများ ပိုမိုများပြားလာသည်။ ကျေးလက်တောရွာပါမကျန် နိုင်ငံအနှံ့၌ မုဒိမ်းမှုသတင်းတွေ ကြားလာရသည်။ တိုင်းရင်းသားများနေထိုင်ရာ တောင်ပေါ်ဒေသနှင့် တောင်ပေါ်ဒေသ ကျေးရွာများတွင် မုဒိမ်းမှုဟူသည်မှာ ရံဖန်ရံခါသာ ဖြစ်ပွားတတ်သည်။

လူသတ်မှုနှင့် မုဒိမ်းမှု အများဆုံးဖြစ်ပွားရာဒေသများမှာ မြေပြန့်ဒေသများဖြစ်သည်။ အဘယ့်ကြောင့်နည်းဟု စဉ်းစားကြည့်စေချင်သည်။ လူသတ်မှုများကို လေ့လာရာတွင် လူသတ်မှုကျူးလွန်သူ ရာခိုင်နှုန်း (၇၀) ကျော်ခန့်မှာ လူငယ်နှင့် လူလတ်ပိုင်းများ ဖြစ်နေကြသည်။ အသက်အရွယ်အားဖြင့် အသက် (၁၆)နှစ်မှ အသက် (၄၅)အကြားသည် အများဆုံးဖြစ်သည်။ သက်ကြီးပိုင်းလူသတ်မှုများလည်း ရှိပါသည်။

လူသတ်မှုများထဲတွင် အရက်အတူသောက်ရင်း ဖြစ်ပွားသည့် လူသတ်မှုက အများဆုံးဖြစ်နေပြန်သည်။ လင်မယားချင်း စကားများစဉ်သတ်မှု၊ အိမ်ရှေ့တိရစ္ဆာန်နှင့် ပိုင်နက်ခြံမြေ၊ ပိုင်နက်လယ်မြေ



www.burmeseclassic.com

www.burmeseclassic.com

အငြင်းပွားမှုကြောင့် ဖြစ်ရသည့် လူသတ်မှုများရှိနေသော်လည်း ရံဖန်ရံခါသာဖြစ်သည်။ အများဆုံးဖြစ်ပွားမှုမှာ စားသောက်ဆိုင်တွင်ဖြစ်စေ၊ အရက်ဆိုင်တွင်ဖြစ်စေ၊ နေအိမ်နှင့် အလုပ်လုပ်ရာနေရာတွင်ဖြစ်စေ ဝိုင်းဖွဲ့သောက်စားရာမှ ဖြစ်ပွားသည့် လူသတ်မှုက ပိုများသည်။ လုယက်မှုကြောင့်သတ်မှု၊ အလောင်းဖျောက်ဖျက်မှုတွေလည်းရှိသည်။ လူမှုရေးဖောက်ပြန်မှုကြောင့် ဖြစ်ရသည့် လူသတ်မှုများလည်း ရှိနေပါသေးသည်။

လူသတ်မှုများ လျော့နည်းကျဆင်းစေရန် အဓိကလိုအပ်ချက်မှာ အရက်သေစာရောင်းချမှုကို ထိန်းချုပ်ရန်နှင့် အရွယ်မရောက်သေးသူများ အရက်သောက်မှုကို ရောင်းချသူကိုယ်တိုင်က ထိန်းချုပ်ပေးရန် လိုအပ်မည်ဟု ထင်ပါသည်။ လိုက်နာမှုမရှိပါက အမေရိကန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများက ကျင့်သုံးအရေးယူသလို အရေးယူခြင်းဖြင့် ထိန်းချုပ်သင့်သည်ဟု မြင်မိပါသည်။

ထိုသို့ထိန်းချုပ်သကဲ့သို့ ကျေးလက်တောရွာရှိ ပွဲလမ်းသဘင်များ၊ မြို့နယ်အတွင်းကျင်းပသော မည်သည့်ပွဲလမ်းသဘင်မျိုး၌မဆို လက်နက်ပုန်းကိုင်ဆောင်သွားလာမှုများကို တင်းကျပ်စွာ တားမြစ်ထိန်းချုပ်သင့်ပါသည်။ အချို့က ရဲတပ်ဖွဲ့အနေဖြင့် ညပိုင်းအချိန်ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်သည့်အခါ လူ့အခွင့်အရေးဆိုသောစကားဖြင့် စောဒကတက်ကြသည်။ လက်နက်ပုန်း ကိုင်ဆောင်သွားလာခြင်းရှိသလို လက်နက်ပုန်းကို ကိုင်ဆောင်သွားလာနေကြသည့်အတွက် မတော်တဆ ပခုံးချင်းတိုက်မိရုံ၊ စကားအချေအတင်ဖြစ်ရုံမျှဖြင့် လက်နက်ပုန်းကို အသုံးပြု၍ လူသတ်မှုကျူးလွန်နေကြသည်။ အမေရိကန်နိုင်ငံတွင် သေနတ်ကို လိုင်စင်ဖြင့် ကိုင်တွယ်ခွင့်ပြုထား၍ အကြမ်းဖက်ရမ်းကားသည့် လူသတ်မှုများ မကြာခဏ ဖြစ်ခဲ့ကြသည်။ တရုတ်နိုင်ငံတွင် ဓားကိုင်ဆောင်သူက စာသင်ကျောင်းထဲ ဝင်ရောက်ရမ်းကားမှု၊ လမ်းသွားလမ်းလာ များကို ရမ်းကားမှုကြောင့် လူအမြောက်အမြား သေဆုံး ခဲ့ရသည်။ အချို့ ဒဏ်ရာရရှိခဲ့ကြသည်။ သို့ဖြစ်၍ လူသတ်မှုဖြစ်ပွားရန် အားပေးမှုပြုနေသည့် အရက်သေစာ ရောင်းချမှုများ၊ လက်နက်ပုန်းကိုင်ဆောင်သွားလာမှုများကို လူထုကိုယ်တိုင် ပါဝင်ထိန်းသိမ်းပေးကြမည်ဆိုပါက လူသတ်မှုများသည် အမှန်တကယ် လျော့နည်းကျဆင်းသွားလိမ့်မည်ဖြစ်ပါသည်။

ယခုဆက်လက်ပြီး အဓမ္မမှုအပိုင်းကို ဆွေးနွေးတင်ပြလိုပါသည်။ ယနေ့ကာလတွင် မိဘအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်များအပေါ် ကျူးလွန်သည့် မုဒိမ်းမှုများကို စိတ်မချမ်းသာစဖွယ်အဖြစ် ကြားသိနေရသည်။ မုဒိမ်းမှုဖြစ်ပွားမှုကို လေ့လာသည့်အခါ ကျေးလက်တောရွာများ၊ မြို့ငယ်များ၊ မြို့ကြီးများ၏ ဆင်ခြေဖုံးရပ်ကွက်များတွင် အများဆုံးဖြစ်ပွားကြောင်း လေ့လာတွေ့ရှိရသည်။ လူတန်းစားအလွှာဖြင့်ကြည့်လျှင် အောက်ခြေလူတန်းစားက အများဆုံးဖြစ်နေသည်ကို တွေ့ရသည်။ လူလတ်တန်းစားများက နေအိမ်အတွင်းနှင့် တည်းခိုခန်းအတွင်း ကျူးလွန်သည့်အဖြစ်က များသည်။

အလွှာလိုက် ခွဲခြမ်းစိတ်ဖြာ လေ့လာရသည်မှာ ဂုဏ်သိက္ခာထိန်းသိမ်းနိုင်မှုကို ခွဲခြားလို၍ဖြစ်သည်။ ငွေကြေးပြည့်စုံသူ၊ ဝင်ငွေကောင်းသော အလုပ်အကိုင်ရှိနေသောသူများက အလုပ်အကိုင်ကို မထိခိုက်စေရန် အဓမ္မမှုကို အတတ်နိုင်ဆုံး ရှောင်ကြသည်။ လိုအပ်မှုရှိသည့်အခါ နှစ်ဦးသဘောတူသည့်နည်းဖြင့် ဖြေရှင်းခဲ့ကြ၍ ပြဿနာဖြစ်ပွားမှု မရှိသလောက်ဖြစ်သည်။

အဓမ္မမှု ဖြစ်ပွားမှုများထဲတွင် ငယ်ရွယ်သူအပိုင်း၌ အဖြစ်များကြသည်ကိုလည်း တွေ့ရပြန်သည်။ ချစ်

www.burmeseclassic.com



သူရည်းစားနှင့် ချိန်းဆိုတွေ့ဆုံရာမှဖြစ်ပွားသည့် အဓမ္မမှု၊ ချစ်သူခေါ်ရာ တည်းခိုခန်း၊ လူသူမနီးသည့် မျက်ကွယ်နေရာသို့ သွားလာမှုကြောင့် ဖြစ်ရသည့် အဓမ္မမှုများလည်း ရှိနေပါသည်။ အထူးသဖြင့် လူငယ်လူရွယ်များအနေဖြင့် ချစ်စိတ်ကို ဦးစားပေးမိ၍ မမြင်မျက်ကွယ်နှင့် ဆိတ်ကွယ်ရာအရပ်တွင် ချစ်သူနှင့်အတူရှိနေမှုကြောင့် စိတ်မထိန်းနိုင်သည့်အတွက် ဖြစ်ရသည့်အဓမ္မမှုများလည်းရှိသည်။ မိဘအုပ်ထိန်းသူက သိရှိ၍ အရေးယူခံရမှုများလည်းရှိသည်။ ထို့ကြောင့် လူငယ်လူရွယ်များသည် အချစ်ရေးကို ဦးစားမပေးဘဲ အထိအတွေ့ကို ရှောင်နိုင်မှသာလျှင် အဓမ္မပြုကျင့်ခံရမည့် အန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်သည်။ အမျိုးသားလူငယ်များအနေဖြင့်လည်း အခွင့်အရေးရရှိလျှင် အခွင့်အရေးကို လက်လွှတ်မခံဘဲ အမြတ်ထုတ်လိုသည့် စိတ်ဓာတ်မျိုးကို ရှောင်ရပါမည်။ ထိုသို့ ရှောင်ရှားနိုင်ရန်အတွက် ရာဂစိတ်ကို နိုးကြွစေသော ညစ်ညမ်းဇာတ်လမ်းခွေများ ကြည့်ရှုခြင်း၊ ညစ်ညမ်းစာပေ၊ ဓာတ်ပုံများကို လေ့လာခြင်း မပြုမိစေရန် မိမိကိုယ်မိမိ သတိပေးနိုင်ဖို့ လိုပါသည်။

သက်ငယ်အဓမ္မပြုကျင့်မှုကို လက်လုပ်လက်စား အသိုင်းအဝိုင်း၌ ပိုများသည်ဟု ကြိုတင်ပြောပြခဲ့ပြီးဖြစ်ပါသည်။ လက်လုပ်လက်စားများသည် ငွေကြေးကို ဖောဖောသီသီ မသုံးနိုင်ခြင်း၊ နိုင်ငံခြား ပျော်မှုစရိုက်ကို အတုခိုးခံမင်မိခြင်း၊ အရက်သေစာသောက်စားခြင်း၊ ညစ်ညမ်းအခွေများကို ကြည့်ရှုမိခြင်းကြောင့် နိုးကြွလာသော အလိုရှိမှုကို ဖြေသိမ့်နိုင်ရန် နည်းလမ်းရှာကြသည်။ ငွေကြေးများစွာ မတတ်နိုင်သည့်အတွက် အိမ်နီးနားချင်းကလေးငယ်များ၊ ရင်းနှီးသူကလေးငယ်များကို ဖြားယောင်းလှည့်စား၍ ရာဂစိတ်ကို ဖြေသိမ့်ခဲ့ကြသဖြင့် သက်ငယ်အဓမ္မမှုများ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ အဓိကအချက်မှာ စိတ်ဓာတ်ဖြစ်သည်။

စီးပွားရေးနှင့် မဆိုင်ပါ။ ယဉ်ကျေးမှုထိုးဖောက်ခံရသည့်အတွက် စာရိတ္တပြိုလဲမှုက အဓိကဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ရိုးရာယဉ်ကျေးမှုကို အစဉ်အလာကြီးမားစွာ ထိန်းသိမ်းခဲ့သော နိုင်ငံဖြစ်သည်။ ယဉ်ကျေးမှု ထိုးဖောက်ဖြိုလှဲခြင်းခံရ၍ ယခုအခါ မိနစ် (၂၀)တွင် တစ်ကြိမ်နှုန်းဖြင့် အဓမ္မမှုများ ဖြစ်ပေါ်နေကြောင်း တာဝန်ရှိသူများက ဝန်ခံကြေညာခဲ့ရသည်။ ထို့အတူ နိုင်ငံခြားသည်သည် အမျိုးသမီးများကို အုပ်စုဖွဲ့ မုဒိမ်းကျင့်မှု၊ တက္ကသိုလ်ကျောင်းသူကို အုပ်စုဖွဲ့မုဒိမ်းကျင့်ပြီးနောက် ရိုက်နှက်စွန့်ပစ်မှု ဖြစ်ပွားခဲ့သည်။

ထိုအရာများသည် စာရိတ္တပြိုလဲမှုဒဏ်ဟုဆိုလျှင် ဆင်းရဲမွဲတေမှုနှင့်မဆိုင်၊ စာရိတ္တနှင့်သာဆိုင်သည်ဟု ဆိုရပါမည်။ သောက်သောက်စားစားဖြင့် ကြုံသလို၊ ဖြစ်သလို နေတတ်သော ပတ်ဝန်းကျင်၌ သက်ငယ်အဓမ္မမှု များပြားလာရခြင်းကို သတိပြုမိမည်ဆိုပါက လူတိုင်း မိမိနှင့်ဆိုင်ရာ ဂုဏ်သိက္ခာကို ထိန်းသိမ်း၍ စာရိတ္တမှန်ဖြင့် ဘဝကို ရပ်တည်သွားကြစေရန် ဝိုင်းဝန်းအဖြေရှာသင့်ပြီဟု အသိပေးလိုပါသည်။

မုဒိမ်းမှုများနှင့် ပတ်သက်၍ လူထုကိုယ်တိုင် တက်ကြွစွာ တောင်းဆိုဆန္ဒကျင်လာမှုများ နေ့စဉ်ရက်ဆက်ဆိုသလို ကြားသိနေရသည်။ ဒလမြို့နယ်တွင် လူထုက ဆန္ဒပြတောင်းဆိုမှုပြု၍ ကျူးလွန်သူများကို ပြတ်ပြတ်သားသား အရေးယူပေးရန် တောင်းဆိုလာကြသည်။ အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်လေးခုရှိ မြို့နယ်များ၌လည်း တူညီသောဆန္ဒဖြင့် တောင်းဆိုမှုပြုနေကြသည်။

အဘယ်ကြောင့် လူထုက တောင်းဆိုလာကြရသနည်း။ သားသမီးချင်း ကိုယ်ချင်းစာနာသည့်စိတ်ကြောင့်ဟု အရှင်းဆုံး အဖြေပေးရပေလိမ့်မည်။ မြန်မာလူမျိုးများသည် မေတ္တာတရားကြီးမား၍ ကိုယ်ချင်းစာစိတ်ကို အမြဲမွေးမြူကာ ကြီးသူကိုရိုသေ၊ ရွယ်သူကို

www.burmeseclassic.com



လေးစား၊ ငယ်သူကို သနားရမည်ဟူသည့် လောကပါလတရားများကို စောင့်ထိန်းလာခဲ့ကြသူများဖြစ်သည်။ ထို့အပြင် ကိုးကွယ်ရာ ဘာသာတရား၏ အဆုံးအမကို လေးစားလိုက်နာကြသူများဖြစ်၍ ကမ္ဘာပေါ်တွင် မိန်းမသားများအပေါ် ငဲ့ညှာစိတ်ထားရှိမှု အရှိဆုံးသောသူများဟုလည်း ဆိုဝံ့ပါသည်။

မြန်မာ့လူနေမှုပတ်ဝန်းကျင်တွင် မုဒိမ်းမှုကို လူသားစိတ်ရှိသူတိုင်းက လက်မခံသလို ဆန့်ကျင်ကြသည်။ ပြုလုပ်ကျူးလွန်သူကို လူ့အသိုင်းအဝိုင်းက ပြင်းထန်စွာရှုတ်ချ၍ ဝိုင်းပယ်ကြသည်။ ထိုသို့သော အစဉ်အလာကောင်းဖြင့် လူမျိုး၏ဂုဏ်သိက္ခာကို ထိန်းသိမ်းခဲ့သော မြန်မာနိုင်ငံတွင် မုဒိမ်းမှုများ မကြာခဏ ဖြစ်ပေါ်လာနေ၍ လွန်စွာအံ့အားသင့်ဖွယ်ရာ ဖြစ်ခဲ့ရသည်။ အထူးသဖြင့် အသက်ငယ်ရွယ်သည့်၊ အသိအလိမ္မာ မကြွယ်ဝသေးသည့်၊ လုံးဝအပြစ်ကင်းစင်သော မိန်းကလေးငယ်များအား အဓမ္မပြုကျင့်မှု ရှိလာခဲ့၍ တာဝန်ရှိသူများနည်းတူ လူထုကပါ စိုးရိမ်တကြီး ဖြစ်လာကြရသည်။

စာရေးသူအနေဖြင့် မုဒိမ်းမှုများ တိုးတက်ဖြစ်ပေါ်လာရသည့် ခေတ်ရေစီးကြောင်း အပြောင်းအလဲကို မကြာခဏ သတိပေးရေးသား တင်ပြပေးခဲ့ပြီးဖြစ်ပါသည်။ အဘယ့်ကြောင့် မုဒိမ်းမှုများ ပေါ်ပေါက်နေရသည်၊ မည်သို့ကြိုတင်ကာကွယ်သင့်သည်ကို အကြံပြုတင်ပြခဲ့ပြီးလည်းဖြစ်ပါသည်။

မုဒိမ်းမှုများကို လေ့လာမည်ဆိုပါက အောက်ပါအချက်တို့ကို အခြေခံ၍ အဖြေရှာသင့်သည်ဟု အကြံပြုလိုပါသည်။ ၎င်းတို့မှာ–

- ကျူးလွန်ခံရသူ၏ ဘဝပတ်ဝန်းကျင်အခြေအနေ၊
- ပြုလုပ်ကျူးလွန်သူများ၏ စရိုက်၊ ဒေသနှင့် ပတ်ဝန်းကျင်အခြေအနေ၊
- ပြုလုပ်ကျူးလွန်မှုကို ဖြစ်စေခဲ့သော လှုံ့ဆော်မှု

စသည်တို့ကို လေ့လာမှသာလျှင် ကြိုတင်ကာကွယ်မှုနှင့် ထိန်းချုပ်မှုကို ပြုနိုင်လိမ့်မည်ဟု ထင်ပါသည်။

ကြိုတင်ကာကွယ်မှုပြုရာတွင် မိဘအုပ်ထိန်းသူဘက်က အခက်အခဲရှိနေသည်ကို လုံးဝကိုယ်ချင်းစာနာမိပါသည်။ မိမိတို့၏ စားဝတ်နေရေးအတွက် မိဘနှစ်ပါးမှာ နေ့စဉ်လုပ်ရှားနေရသည့်အတွက် အလုပ်အကိုင်ရှိရာသို့ အုပ်ထိန်းခံ မိန်းကလေးငယ်များအား တပူးတွဲတွဲဖြင့် ခေါ်ယူသွားရန် မဖြစ်နိုင်ပါ။ ရာသီဥတုဒဏ်ကို ကလေးငယ်များ မခံစားရစေရန် သတိပြုကြရသည်။ အရောင်းအဝယ်ကိစ္စဖြင့် သွားလာလုပ်ကိုင်ချိန်တွင် အနီး၌ အမြဲတစေ ခေါ်ယူထားရန်လည်း အခက်အခဲရှိနေပါသည်။ လယ်ထဲ၊ ယာထဲ၊ မြစ်ချောင်း၊ အင်းအိုင်အတွင်းနှင့် သားငါးရှာဖွေရာသို့ ခေါ်ယူသွားရန်လည်း အခက်အခဲဖြစ်ကြရပါသည်။

ထိုသို့သော အခက်အခဲအမျိုးမျိုးကြောင့် မိဘအုပ်ထိန်းသူများမှာ အုပ်ထိန်းခံ သမီးမိန်းကလေးများအား နေအိမ်၌ ထားရှိခဲ့ကြရပေသည်။ မိမိ၏နေအိမ်သည် မိမိ၏ပိုင်နက်ဖြစ်၍ ထိုအိမ်သို့ မသမာသူများ ကျူးကျော်ဝင်ရောက်ခြင်း၊ အိမ်ထဲမှ အိမ်ပြင်သို့ သွေးဆောင်လှည့်ဖြား ခေါ်ယူခြင်း မပြုနိုင်စေရန် သားသမီးများကို အိမ်ထဲ၌ အိမ်တံခါးသော့ခတ်၍ ထားခဲ့ရန်လည်း မဖြစ်နိုင်ပါ။ မီးဘေးအန္တရာယ် ကြုံတွေ့ရဖွယ်ရှိ၍ ကလေးငယ်များက ရှောင်နိုင်တိမ်းနိုင်ရန် အိမ်တံခါးများကို ဖွင့်ထားပေးခဲ့ရပါသည်။ ရပ်ရွာဓလေ့အရ အိမ်တံခါးတပ်ဆင်ထားရှိမှု မရှိသော နေအိမ်များရှိ ကလေးငယ်များမှာ အိမ်နီးချင်းများနှင့် ဆွေမျိုးကာစားရင်း နေအိမ်တွင် နေထိုင်ခဲ့ကြရပါသည်။

၎င်းအခြေအနေကြောင့် အထူးသတိထားရမည့်



www.burmeseclassic.com

www.burmeseclassic.com



သူများမှာ ပုရိသယောကျ်ား အရွယ်သုံးပါးတို့ ဖြစ်လာကြရပါသည်။ အဓမ္မမှု ကျူးလွန်သူများကို လေ့လာသောအခါ လက်လုပ်လက်စားပတ်ဝန်းကျင်မှ အိမ်နီးနားချင်းနှင့် တစ်ရပ်ကွက်တည်းနေသူ၊ တစ်ရွာတည်းနေသူများ ဖြစ်နေသည်ကို လေ့လာသိရှိရပြန်သည်။ အဓမ္မမှု မဖြစ်ပေါ်စေရန် အဓိက ထိန်းသိမ်းရမည့်သူများမှာ ယောကျ်ားသားများဖြစ်နေကြောင်း သိရသည်။

ယောကျ်ားသားများထဲတွင် ငွေကြေးပြည့်စုံ၍ ဂုဏ်သိက္ခာနှင့် ထိုက်တန်စွာနေထိုင်ကြသော ပုရိသများက အဓမ္မပြုကျင့်မှု ကျူးလွန်ခြင်းမှာ လွန်စွာနည်းပါးကြောင်း လေ့လာသိရှိရသည်။ ပညာဂုဏ်၊ ရာထူးဂုဏ်၊ မျိုးရိုးဂုဏ်၊ မိသားစုဂုဏ်ကို ထိန်းသိမ်းကြသူများက အဓမ္မမှုကျူးလွန်ခြင်း လွန်စွာနည်းပါးကြောင်း တွေ့ရသည်။ ကျူးလွန်မှုကြောင့် အရေးယူခံရသူများကို စိစစ်ကြည့်ရာတွင် ပတ်ဝန်းကျင်လူနေမှုစရိုက်နှင့် သက်ဆိုင်နေကြောင်း တွေ့ရသည်။ အချို့မှာ တစ်အိမ်တည်းအတူနေသူက ဇနီးမယားမရှိချိန်၌ အဓမ္မပြုကျင့်မှု၊ အချို့က လူသူမနီးသော တောထဲ၊ တောင်ပေါ်၌ အလုပ်လုပ်စဉ် သွေးရင်းသားရင်းပင် ဖြစ်စေကာမူ အဓမ္မပြုကျင့်မှု၊ အချို့က အရက်သေစာ သောက်စားမူးယစ်ချိန်၌ လုံးဝမပြစ်မှားထိုက်သူ မိန်းကလေးများအား အဓမ္မပြုကျင့်မှု၊ အချို့က ညအချိန် သွားလာသူ မိန်းကလေးငယ်ကို အဓမ္မပြုကျင့်မှု၊ အချို့က လူသူပြတ်လပ်သော ရေခပ်ရာနေရာ၊ မျှစ်ချိုး၊ မှိုရှာ၊ ထင်းခွေရာနေရာ၊ လယ်တဲ၊ ယာတဲ လူသူကင်းဝေးရာ၌ အဓမ္မပြုကျင့်မှုများကို တွေ့နေရသည်။

အဓိကမှာ ရိုးသားဖြူစင်သော စိတ်ဓာတ်ပြိုလဲမှုဟု မြင်မိပါသည်။ ယောကျ်ားသားများ၏စိတ်ဓာတ်၊ လူငယ်လူရွယ်များ၏ စိတ်ဓာတ်ကို အချိန်ယူ ဖြိုလဲဖျက်ဆီးခဲ့သည်မှာ မည်သည့်အရာနည်းဟု စဉ်းစားသင့်နေပါပြီ မကြာမီရက်အတွင်းက စာရေးသူသည် ရန်ကုန်မြို့လယ်၊ မဟာဗန္ဓုလပန်းခြံ၌ ဝတ္ထုတစ်ပုဒ်ရေးရန် ကွင်းဆင်းလေ့လာရင်း အနားယူခဲ့ပါသည်။ ပန်းခြံထဲတွင် လူမျိုးပေါင်းစုံ၊ အရွယ်ပေါင်းစုံ၊ အမျိုးသား၊ အမျိုးသမီးတို့ အနားယူနေကြသည်။ စာရေးသူထိုင်နေသော ရေပန်းနှင့် (၁၀)ပေခန့်အကွာတွင် စုံတွဲတစ်တွဲရှိနေသည်။ လူမြင်မကောင်းအောင် ဖက်သိုင်း၍ အနောက်တိုင်းဆန်ဆန် ဖိုမအထိအတွေ့ ခံစားနေကြသည်ကို တွေ့လိုက်ရသည်။

ပန်းခြံအပြင်ဘက် သစ်ပင်အုတ်ခုံများပေါ် ထိုင်နေသည့်အတွဲများမှာ အိပ်ခန်းထဲတွင် နှစ်ဦးတည်းရှိနေသည့်ပုံစံမျိုးဖြင့် အရှက်အကြောက်မဲ့စွာ ကိုယ်ချင်းထိကပ် နီးနှောနေကြသည်ကို တွေ့ရ၍ မြန်မာ့ယဉ်ကျေးမှုအပေါ် စိုးရိမ်စိတ်ပိုခဲ့ရသည်။ ထိုသို့သော လူငယ်လူရွယ်များကြောင့် မုဒိမ်းမှုများ ပေါ်ပေါက်ခဲ့ရသည်။ ထိုသို့သော လူငယ်အမျိုးသားများမှာ လူကြီးမိဘ အုပ်ထိန်းသူမရှိချိန်၌ အသက်ငယ်ရွယ်သူ မိန်းကလေးများအပေါ် အဓမ္မပြုကျင့်ရန် ကြိုးစားခဲ့ကြသည်။

အချို့သောသူများက အများနည်းတူ ငွေကြေးမသုံးစွဲနိုင်၍ နိုးကြွလာသော ရာဂစိတ်ကို ထိန်းသိမ်းရန် မတတ်သာတော့၍ အသက်ငယ်ရွယ်သူ အိမ်နီးနားချင်း မိန်းကလေးငယ်များကို ဆန္ဒဖြေဖျောက်ရန် အဓမ္မပြုမှု ကျူးလွန်ခဲ့ကြတော့သည်ဟု ပြစ်မှုကျူးလွန်သူများ၏ ရင်ဖွင့်ပြောပြချက်အရ လေ့လာသိရှိခွင့်ရရှိခဲ့သည်။ အဓိကဆိုလိုချက်မှာ အုပ်ထိန်းသူနှင့် ပတ်ဝန်းကျင်တို့က ယောကျ်ားသား လူငယ်လူရွယ်၊ လူလတ်ပိုင်းများကို တင်းတင်းကျပ်ကျပ် ထိန်းသိမ်းခြင်း၊ ပညာပေးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ဆွေးနွေးအသိပညာပေးခြင်း၊ ဘာသာတရားအရ



www.burmeseclassic.com

www.burmeseclassic.com



အသိပညာပေး သွန်သင်ဆုံးမခြင်း လိုအပ်မည်ဟု ယူဆမိပါသည်။

ပြုလုပ်ကျူးလွန်မည့်သူကို ပတ်ဝန်းကျင်နှင့် မိဘအုပ်ထိန်းသူများက ထိန်းသိမ်းပြုပြင်ပေးသလို ပြုလုပ်ကျူးလွန်ခြင်းခံရမည့် သားကောင်ဘဝတွင်ရှိနေသူ မိန်းကလေးများအား မိဘအုပ်ထိန်းသူက ပွင့်ပွင့်လင်းလင်း ပြောပြ၍ အန္တရာယ်ကို ရှောင်ရှားတတ်စေရန် အသိပေးဆွေးနွေးခြင်း ပြုသင့်ပါသည်။ ထို့အတူ သမီးမိန်းကလေးများအား လူသူကင်းမဲ့ရာ နေရာများမှ ဖြတ်သန်းသွားလာခြင်း မပြုမိစေရန်နှင့် ညအမှောင်ချိန်များ၌ အဖော်မဲ့ ဈေးဝယ်ခိုင်းခြင်း၊ အကြွေးတောင်းရန်စေလွှတ်ခြင်း မပြုမိစေရန် အထူးသတိထားသင့်ပါသည်။

အလားတူ တစ်အိမ်တ ...တူနေ သူရင်းငှားအလုပ်သမားများ၊ ပထွေးနှင့် ...ကျင့်စာရိတ္တမမှန်သူ မည်သည့်ယောကျ်ားသားကိုမဆို ယုံကြည်စိတ်လွှန်ကဲပြီး မျက်ကွယ်မပြုသင့်ပါ။ ထို့အတူ လူငယ်လူရွယ်များ၏စိတ်ဓာတ်ကို နိမ့်ကျစေပြီး ရာဂစိတ်ကိုနှိုးဆော်စေသည့် ညစ်ညမ်းအခွေများ ကြည့်ရှုခြင်း၊ ညစ်ညမ်းရုပ်ပုံများနှင့် သတင်းများကို ဖော်ပြသော အင်တာနက်ကို ဖတ်ရှု/ကြည့်ရှုခြင်း မပြုမိစေရန် ဆုံးမ သတိပေးသင့်ပါသည်။

ယနေ့ကာလသည် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို ရိုက်ချိုး၍ ချဉ်းကပ်ဝင်ရောက်လာသော မလေ့မတူသည့် ယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေးပုံစံသစ်များက လူငယ်လူရွယ်များ၏ သန့်စင်သော စိတ်ရင်းဗီဇကို ဖြိုလှဲခြင်းခံနေရ၍ အကျိုးဆက်အဖြစ် အဓမ္မမှုများ ပေါ်ပေါက်လာရသည်ဟု လုံးဝယုံကြည်မိပါသည်။

ရဲတပ်ဖွဲ့ကဖြစ်စေ၊ သက်ဆိုင်ရာ တာဝန်ရှိသူများကဖြစ်စေ မိန်းကလေးငယ်များကို အနီးကပ်စောင့်ကြည့်၍ အကာအကွယ်ပေးရန် လွန်စွာခက်ခဲပါသည်။ အိမ်ထဲမှဖြစ်ရပ်၊ တောတောင်ထဲမှ လူပ်ရှားမှုများကို စောင့်ကြည့်ထိန်းသိမ်းရန် လုံးဝခက်ခဲပါသည်။ ထိုအဖြစ်များ မပေါ်ပေါက်စေရန် မိဘအုပ်ထိန်းသူများက အချိန်ပြည့် သတိထားစောင့်ကြည့်သင့်ပါသည်။ ပတ်ဝန်းကျင်ကလည်း မပြတ်မလပ်သောသတိဖြင့် စောင့်ကြည့်၍ အချိန်မီ သတိပေးခြင်း၊ အကာအကွယ်ပေးခြင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ အကူအညီကို တောင်းခံ၍ အကာအကွယ်ပြုခြင်းများကို ပြုသင့်ပါသည်။

အလိုအပ်ဆုံးမှာ မျက်လုံးဒေါင်းများစွာ ခြံရံထားသည့် ပတ်ဝန်းကျင်သာဖြစ်ပါသည်။ ပတ်ဝန်းကျင်လူထု၏အင်အားသည် အရာရာကို ချေဖျက်နိုင်ပါသည်။ ထို့အတူ ပြုလုပ်ကျူးလွန်သူကို အပြင်းအထန်ဆုံး ပြစ်ဒဏ်ချမှတ်ခြင်း၊ ဖြစ်ပေါ်လာလတ္တံ့သော အလားတူဖြစ်ရပ်များ မပေါ်ပေါက်စေရေးကို ဥပဒေဖြင့် စံပြုပြစ်ဒဏ်ပေးကာ ဟန့်တားကြရမည်ဟု ထင်ပါသည်။ ရဲတပ်ဖွဲ့၊ တရားရေးဌာန၊ ဥပဒေဌာန၊ ပညာရေးဌာနတို့ကလည်း ပူးပေါင်းလက်တွဲမှုဖြင့် ပညာပေးဟောပြောမှုများကို မကြာခဏ ပြုလုပ်ပေးခြင်းဖြင့် စာရိတ္တမဏ္ဍိုင်မပြိုလဲရေးကို ဆောင်ရွက်သင့်ကြပါသည်။ ထို့အတူ စာပေ၊ ဂီတ၊ ရုပ်ရှင်တို့ဘက်ကလည်း ဆိုင်ရာကဏ္ဍအလိုက် ထိန်းသိမ်းပေးရန် တာဝန်ရှိသည်ဖြစ်၍ အရာရာအား လူထုအားဖြင့် ချေဖျက်ခြင်းဖြင့် မုဒိမ်းမှုများ ပပျောက်ရေးကို ဆောင်ရွက်နိုင်ပါကြောင်း သတိပြုစရာအဖြစ် အသိပေးတင်ပြလိုက်ရပါသည်။


**အောင်ကျော်ဦး**



www.burmeseclassic.com

www.burmeseclassic.com





# ကိုကို (ငယ်ချစ်)

# မတူညီသော တူညီသော

လူကြီးလူငယ်ပြဿနာ၊ အသစ်အဟောင်း၊ အတွင်းအပြင်ကိစ္စများသည် နေရာဌာန အတော်များများတွင်ပင် ဖြစ်တတ်ပါသည်။

ကျွန်တော်တို့ငယ်စဉ် အထက်တန်းကျောင်းသားဘဝက လူကြီးနှင့်လူငယ်ဟူသော စကားပြေကို သင်ကြားခဲ့ရပါသည်။

မှန်ပါ၏။ လူကြီးလူငယ်ပြဿနာသည် အတော်ညှိနှိုင်းရပါ၏။ ကျွန်တော်တို့နိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်၍သာ ဂါရဝေါစ၊ နိဝါတောစ တရားတော်တို့နှင့်အညီ ဖြေရှင်းနိုင်ခဲ့ကြသည်ချည်းဖြစ်၍ ဘာသာတရားသက်သက်ကြောင့်ချည်းပဲလားဆိုတော့လည်း ထိုသို့မဟုတ်ပြန်။ ဖြေရှင်းနိုင်သည့် အရည်အချင်း၊ ပြေလည်စေနိုင်သည့် အကြောင်းတရားများလည်း ရှိနေသောကြောင့်ပင်။

အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပါသည်။ ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းသည် ဗုဒ္ဓဘာသာဖြစ်၏။

အသစ်အဟောင်း၊ အတွင်းအပြင် ကိစ္စရပ်တို့သည်လည်း နားလည်မှုလွဲနိုင်သော အကြောင်းတရားများဖြစ်ပါ၏။ ညှိနှိုင်းဆောင်ရွက်ရပါသည်။ ဘက်မျှရန် လိုအပ်ပါသည်။

လူသားတိုင်းသည် အသစ်အသစ်ဆိုသောအရာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို မက်မော တန်ဖိုးထားတတ်သည်။ လိုချင် တမ်းတတတ်ကြသည်။ အရေးပေး ဦးခေါင်းထဲအမြဲ ထည့်ထားတတ်ကြသည်။

အမှန်ဆိုလျှင် အသစ်တိုင်း ကောင်းတတ်ပါ၏လော။ အသစ်တိုင်း အသုံးဝင်ပါ၏လော။ အသစ်တိုင်း အားအင်ပြည့်နေပါသလော။ အသစ်တိုင်း အစွမ်း ထက်မြက် အရည်အချင်းပြည့်ဝနေပါပြီလော။ အသစ်များထဲ၌လည်း ဝေလေလေများပါနိုင်၍ စုန်းပြူးများရှိနိုင်ပါ၏။

ထို့အတူ အဟောင်းအမြင်းများတိုင်းသည်လည်း သုံးစားမရသော အလေအလွင့် အပျက်အစီးများဟု ယူဆနိုင်ပါသလော။ အဖိုးတန် အမျိုးမှန်၍ နှစ်ပေါင်းများစွာ ကြာရှည်ခံသည်ဟု ယူဆ၍မရနိုင်ပါသလော။ ရှေးဟောင်းပစ္စည်းများသည် အဖိုးမဖြတ်နိုင်သည်ကို သိရှိကြပြီးဖြစ်ပါ၏။ အမြင်သက်သက်ဖြင့် သုံးသပ် ၍ မရပါ။ သတ္တိ၊ ဗျတ္တိ၊ လုပ်ရည်ကိုင်ရည် အရည်အချင်းပြည့်ဝမှုတို့ကို စံထားရပေမည်။

အသွင်သဏ္ဌာန်နှင့် အနှစ်သာရသည် သီးခြားခွဲထားခြင်းမဟုတ်ပါ။ တစ်ဆက်တစ်စပ်တည်း ပေါင်းစည်းခြင်းဖြင့်သာ ပြီးပြည့်စုံပါ၏။

♛♛♛♛♛

အသစ်အသစ်ဆိုသော အရာများနှင့် ပတ်သက်၍ ငြင်းချက်ထုတ်ရန်ရှိ၏။ စောဒကတက်ရန်ရှိ၏။ အသစ်ဆိုသောအရာသည် မတည်မြဲသော သဘောတရားဖြစ်၍ စောခြင်းနှင့် နောက်ကျခြင်းသာရှိသည်။ ယနေ့အသစ်သည် မနက်ဖြန် အဟောင်းဖြစ်၏။ တိုးတက်နေသောခေတ်တွင် အပြောင်းအလဲမြန်သည်။ အသစ်သည် ဆန်းသစ်သည်၊ ခေတ်မီသည်၊ တိုးတက်သည်၊ ခံ့ထည်သည်၊ စွမ်းအားရှိသည်မှာ မှန်၏။ သို့သော် အမြဲတစေ မှန်ကန်နေသည်မဟုတ်။ အမြဲဟု မှတ်ထင်နေသူ၊ တရားသေ လေ့နံ့ခံထားသူတို့အဖို့ အငြင်းပွားဖွယ် စောဒကလေးများ ရှိပါသည်။

သစ်လွင်ခြင်း၊ ခေတ်မီခြင်း၊ တိုးတက်ခြင်း၊ ခံ့ထည်ခြင်းဟူသည် မည်သည့်အကြောင်းတရား၊ အချက်အလက်တို့အပေါ် သုံးသပ်ဆုံးဖြတ်၍ ကောက်ချက် ရေးဆွဲခဲ့ပါသနည်း။ အမှန်ဆိုလျှင် အရိုးသားဆုံး အဟောင်းနွမ်းဆုံးသည် အသစ်ဆန်းဆုံး၊ ခေတ်အမီဆုံး နောက်ဆုံးပေါ်ပင် မဟုတ်ပါလော။ သံသရာခရီးသည် လှည်းဘီးကဲ့သို့၊ စက်ဝိုင်းကဲ့သို့ ဖြစ်ချေသည်။ အစ၏အစသည် အဆုံးဖြစ်သကဲ့သို့ အဆုံး၏အဆုံးသည် အစဖြစ်ပြန်သည်။ နောက်ဆုံးပေါ်အသစ်သည် အဟောင်းဆုံးဖြစ်ပြီး အဟောင်းဆုံးသည် နောက်ဆုံးပေါ်အသစ် ဖြစ်လာခြင်းကို တွေးဆမိပါလိမ့်မည်။

အသစ်အသစ်ဆိုသော အရာများနှင့်
ပတ်သက် ၍ ငြင်းချက်ထုတ်ရန်ရှိ၏။
စောဒကတက်ရန်ရှိ၏။
အသစ်ဆိုသောအရာသည် မတည်မြဲသော
သဘော တရားဖြစ်၍
စောခြင်းနှင့် နောက်ကျခြင်းသာရှိသည်။
ယနေ့အသစ်သည် မနက်ဖြန် ...

အဟောင်းတိုင်းကို ဝါးလုံးရှည်ဖြင့်ယမ်း၍ စိစစ်သုံးသပ်မှု ပစ်စလက်ခတ် လျစ်လျူမရှုသင့်။ မျက်နှာလွှဲခဲပစ် ချောင်ထိုးထားခြင်းသည် အဟောင်းတို့၏ တန်ဖိုးအား ယုတ်လျော့စေသကဲ့သို့ အစွမ်းထက်သတ္တိ

www.burmeseclassic.com

ကို လျော့ကျစေ၏၊ ပျက်ပြယ်စေ၏။ ဟောင်းနွမ်းဆွေး မြည့်ခြင်းကား သက်တမ်းကုန်ဆုံးခြင်းကြောင့်ဖြစ်၍ အနိစ္စသဘောကို လက်ခံရမည်ဖြစ်ပါသည်။

အသစ်တို့ကိုသာ မျှော်လင့်ပြီး အဟောင်းတို့အား မေ့လျော့နေခြင်းသည် သမိုင်းကြောင်းအား မေ့လျော့နေခြင်းနှင့်တူ၏။ အရာဝတ္ထုတိုင်း၊ ဘဝတိုင်း၏ ဖြစ်တည်ရာအစ ဇာတိကို လက်ခံရမည်။ ရှင်သန်ကြီးပြင်းရာ၊ ကျင်လည်ဖြတ်သန်းရာ အတိတ်သမိုင်းကို တန်ဖိုး ထားရမည်။ ၎င်း၏စွမ်းဆောင်ချက်၊ အသုံးဝင်မှုတို့ကို လေးစားရမည်။ နောင်လာနောက်သားတို့သည် ရှေးဦးလူ နောင်တော်တို့ကို လေးစားနေစေရမည်။ ထိုသူ တို့၏ ဆိုးကွက်ရှိက နောက်လူတို့ သတိသံဝေဂ ရယူဆင်ခြင်နိုင်ရမည်။ ထိုသူတို့၏ ကောင်းကွက်ကို ညီတော် မျိုးဆက်သစ်တို့က အတုယူစေရမည်။ ဦးညွှတ်အလေးပြုကြရမည်။ ထိုသူတို့၏အကြောင်းအား သမိုင်းရေးဆရာတို့က မှန်ကန်စွာ ရေးသားမှတ်တမ်း တင်ရပေမည်။

မိသားစုတစ်စုတွင် မိဘနှစ်ပါးသည် သားသမီးများ၏ စံပြဖြစ်သည်။ မိဘများက မင်္ဂလာတရားတော်နှင့်အညီ၊ လူ့ကျင့်ဝတ်နှင့်အညီ ကောင်းမွန်မှန်ကန်သော အသက်မွေးဝမ်းကျောင်းဖြင့် မိသားစုအတွက် မားမားမတ်မတ် ရပ်တည်ကာ အားကိုးထိုက်သောသူများဖြစ်ပါက သားသမီးများက လေးစားအားကျကာ တစ်နေ့ ငါသည် ငါ့မိဘများကဲ့သို့ ရပ်တည်သွားမည်ဟု ဆုံးဖြတ်ပေလိမ့်မည်။ ငါတို့လိုလုပ်ပါဟု ပြောရန်လိုမည်မဟုတ်ပေ။

ထိုမိသားစုတွင် အစ်ကိုကြီးကား စာတော်၏၊ ကြိုးစား၏၊ ဂုဏ်ထူးများစွာဖြင့် ဘဝအတွက် စာမေးပွဲ အောင်မြင်သွားသည်။ မိဘများက ချီးကျူးဂုဏ်ပြုပွဲ လုပ်ပေး၏။ ပရိသတ်အလယ်တွင် အစ်ကိုကြီးကို




ချီးကျူးဂုဏ်ပြုစကားဆို၏၊ နှစ်သက်မြတ်နိုးဖွယ်ရာ လက်ဆောင်ပေး၏။ အစ်ကိုကြီးကား ဝမ်းသာပျော်ရွှင် ဂုဏ်ယူနေမိ၏။

ညီငယ်၊ ညီမငယ်လေးများက အစ်ကိုကြီးကို အားကျနေ၏။ အစ်ကိုကြီးလိုလုပ်မည်၊ အစ်ကိုကြီးလို ဖြစ်ပါက မိဘများ၏ ဂုဏ်ပြုပေးခြင်း၊ မွမ်းမံခြင်း၊ အရေးပေးခံရခြင်း၊ ချီးကျူးခြင်းတို့ ခံရမည်။ အကယ်၍များ မိဘများက အစ်ကိုကြီးအားလည်းကောင်း၊ အစ်ကိုကြီး၏ ကြိုးစားမှုအားလည်းကောင်း မသိကျိုးကျွန်ပြု၊ လျစ်လျူရှုထားပါက အစ်ကိုကြီးအတွက် ကြိုးစားအားထုတ်မှုများသည် ခွန်အားဖြစ်စေမည်မဟုတ်။ ထို့အတူ ညီငယ်၊ ညီမငယ်များမှလည်း အားကျဂုဏ်ယူဖွယ်ဟု ထင်မြင်ယူဆလိမ့်မည်မဟုတ်ပေ။

မိဘတိုင်းကလည်းကောင်း၊ ညီအစ်ကိုမောင်နှမတိုင်းကလည်းကောင်း အကြီးဆုံးသားသမီးတို့အား ချစ်ခင်ခြင်း၊ အားကိုးခြင်း၊ လေးစားယုံကြည်ခြင်းတို့ ရှိသကဲ့သို့ အငယ်ဆုံးသားသမီးတို့အပေါ် အချစ်ပိုကြသည်မှာ သဘာဝပင်ဖြစ်ပါ၏။ အစ်ကိုကြီး၊ အစ်မကြီးတို့သည် ညီငယ်၊ မောင်ငယ်၊ ညီမငယ်လေးတို့အပေါ်တွင် မနာလိုစိတ်ရှိသည်မှာ ရှားပါ၏။ အကြီးစိတ်ကြီး ချစ်ခင်သည်သာ များပါသည်။ အကယ်၍များ အကြီး

www.burmeseclassic.com

တို့က မနာလိုစိတ်ရှိသည်ဆိုလျှင် မိဘတို့က အချစ်မညီမျှ၍သာဖြစ်၏။ သို့တည်းမဟုတ် အကြီးတို့အပေါ်တွင် အကြောင်းအမျိုးမျိုးတို့ကြောင့် ဂရုမစိုက်မိခဲ့ခြင်း၊ လျစ်လျူရှုထားခဲ့မိခြင်းတို့ကြောင့်သာ ဖြစ်ပါသည်။ မူလဗီဇကိုက ဝန်တိုမစ္ဆရိယစိတ်၊ ဣဿာစိတ်များရှိနေသောသူတို့အဖို့ကား ခြွင်းချက်ဖြစ်ပါ၏။

♛♛♛♛

မိတ်ဆွေတစ်ဦး ပြောပြခဲ့ဖူးပါသည်။ ၎င်း၏ကားသည် နောက်ဆုံးပေါ်ဖြစ်သည်ဟုဆို၏။ မကြာမီ အက်စ်အီးဆိုပြီး ပေါ်လာသည်။ မကြာမီ ပါဂျဲရိုးပေါ်လာသည်။ မကြာမီ ပရာဒိုပေါ်လာသည်။ စသည်ဖြင့် တစ်မျိုးပြီးတစ်မျိုး ပေါ်လာသည်။ အသစ်ဆိုသော ဂုဏ်မုဒ်မှာ ကြာကြာမခံ။ တစ်ခါ ဗောက်စ်ဝက်ဂွန်းကဲ့သို့သော ခေတ်ဟောင်းလက်ကျန်ကားတို့က တစ်ခေတ်ထလာပြန်သည်။ ခေတ်စားလာ၏။ ဘယ်ဟာအသစ်၊ ဘယ်ဟာအဟောင်းဆိုသည်ပင် ခွဲခြားဖော်ပြရန် ခက်နေ၏။ ကျွန်တော်တို့ စဉ်းစားကြည့်လျှင် ဆက်စပ်ရနိုင်ပါလိမ့်မည်။

သမိုင်းဦးခေတ် (ကျောက်ခေတ်)တွင် လူသားတို့သည် ပင်ကိုပကတိဖြစ်၍ ရိုင်းစိုင်းသည်၊ ယဉ်ကျေးမှုနည်းပါး၏။ ဝတ်စားဆင်ယင်မှုကား ဆိုဖွယ်ရာမရှိ။

တဖြည်းဖြည်း ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာသည်။ ခေတ်မီလာသည်။ ဝတ်စားဆင်ယင်မှုသည် လုံလုံခြုံခြုံ၊ ယဉ်ယဉ်ကျေးကျေးဖြင့် ဗိုင်းကောင်းကျောက်ဖိဖြစ်လာ၏။ ထိုအချိန်တွင် တစ်ဖန်ပြန်လည်၍ မလုံမခြုံရှိမှု၊ ပေါ်မာမှုတို့ကို တွေ့ရှိပါက ခေတ်မီသည်၊ ခေတ်ဆန်သည်၊ ခေတ်ရှေ့ပြေးသည်ဟု ဆိုကြ၏။ ထိုသူတို့က မိမိကိုယ်မိမိ ခေတ်မီသည်၊ ခေတ်ဆန်သည်ဆို၍ ထိုထက်ပိုမိုရဲတင်းစွာ လုပ်ဖော်ပြသခြင်းအား ခေတ်အမီဆုံးဟု ယူဆကြပါလျှင် ထိုသူအားလုံးတို့သည် သမိုင်းဦးဘုံမြေခေတ်(ကျောက်ခေတ်)သို့ ပြန်လည်ရောက်ရှိနေသည်ဟု မခံစားရပါသလော။

အထက်တန်းကျောင်းသူတစ်ဦး၏ ကျောင်းစိမ်းထဘီဝတ်ခြင်းအပေါ် ခေတ်မီသည်၊ ခေတ်ဆန်သည်ဟု မည်သူမျှမဆိုကြ၊ မထူးဆန်းကြ။ သို့သော်လည်း တက္ကသိုလ်ကျောင်းသူ အများအပြားအကြားတွင် ကျောင်းသူတစ်ဦးမှ ကျောင်းစိမ်းဝတ်စုံ ဝတ်ဆင်လာသည်။ ကျောင်းသားကျောင်းသူအများအပြား စိတ်ဝင်တစား ဝိုင်းကြည့်ကြသည်။ သူမက သမားရိုးကျဝတ်ဆင်ခြင်း၊ အထက်တန်းကျောင်းသူဘဝ အကျင့်ပါသွားခြင်းကိုပင် အများက ထွင်သည်၊ လူအများစိတ်ဝင်စားအောင်လုပ်သည်၊ လူအများ၏အာရုံကို ဖမ်းစားသည်ဟု ထင်ကြ၏။ အထူးအဆန်းဖြစ်လေ၏။

အရိုးအရှင်းဆုံးသည် အထူးဆန်းဆုံး၊ စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်နေတတ်၏။ ခေတ်ဦးခေတ်ဟောင်းက မလုံခြုံမှုကို ခေတ်နှောင်းသူတို့က ခေတ်အမီဆုံး၊ ခေတ်အဆန်ဆုံးဟု ယူဆနေကြပြန်သည်။ အသစ်အသစ်တို့နောက်လိုက်ရင်း အဟောင်းဟောင်းတို့က အသစ်တစ်ဖန် ဖြစ်လာကြ၏။ အဟောင်း၊ အသစ်များသည် ပညတ်များသာဖြစ်၍ တစ်ယူသန်စွဲမနေသင့်။ လက်တွေ့အကျိုးရှိ/မရှိ၊ လုပ်ငန်းအကောင်အထည် ဖော်နိုင်/မနိုင်၊ ရည်မှန်းချက်တာဝန်များ တကယ်အောင်မြင်/မမြင်သည်သာလျှင် အဓိကဖြစ်၏။

♛♛♛♛♛

အချို့က လူကြီးတို့အား လူပိုကြီးများအဖြစ် လည်းကောင်း၊ ကြီးမိုက်၊ ဒိတ်အောက်၊ ခေတ်ဟောင်းလက်ကျန် တိုက်ဆွေး၊ ဆန်ကုန်မြေလေးများဟု



www.burmeseclassic.com

www.burmeseclassic.com

မလေးမစား အထင်မှားကြ၏။ အချို့လူကြီးများကလည်း လူငယ်တို့အား ထောင့်မကျိုးသောလူများ၊ အသားလွတ်ဘဝင်မြင့်နေသူများ၊ ဂါရဝတရားနည်းပါးကြသူများ၊ သကြွန်အမြောက်များ၊ မပြည့်အိုးဘောင်ဘင်ခတ်သည်ဟု အထင်သေးတတ်ပြီး မိမိတို့ကိုယ်မိမိတို့ နွားပျိုသန်လှ နွားအိုပေါင်ကျိုးဟု အားပေးတတ်ပါ၏။ အမှန်စင်စစ်အားဖြင့် ကြီးသူရှိသေ၊ ရွယ်တူလေးစား၊ ငယ်သူသနားလျက် ဂါရဝေါစ၊ နိဝါတောစ တရားများ ထားရပါမည်။ ကျီးရှိသေ၊ ဘုတ်ရှိသေ ရှိရပါမည်။ ကြီးသူတို့၏ အတွေ့အကြုံ၊ အကြံဉာဏ်နှင့် ဖေးမကူညီမှု၊ လမ်းညွှန်မှုတို့ကို ယူရပါမည်။

ထို့အတူ ငယ်သူတို့၏စွမ်းအား၊ တက်ကြွမှု၊ ဝီရိယရှိမှု၊ တီထွင်ဆန်းသစ်မှု၊ စူးစမ်းလေ့လာလိုစိတ်ရှိမှုတို့ကို အားပြုရပါမည်။ မတူညီသော ရှုထောင့်နှစ်ခု၊ မတူညီသော တူညီမှုတို့ကို ပူးပေါင်း၍ ထိန်းကျောင်းအားပြုခြင်းဖြင့် သူမတူသော အောင်မြင်မှုများ ရနိုင်ပါ၏။ အကြံတူလျှင် နောက်လူသာစမြဲဟုဆိုသော်လည်း နောက်လူသည် ချိန်ထိုးစရာ ပထမလူရှိရမည်၊ ရှာရမည်ဖြစ်၏။ အရည်အချင်းရှိသည့် ပြိုင်ဘက်ကောင်းဖြစ်သော ပထမလူကို ရှာရပါသည်။

မြေပုံပေါ်နှင့်မြေပြင်ပေါ် ကွာခြားသကဲ့သို့ စာတွေ့နှင့်လက်တွေ့ များစွာကွာခြားမှုရှိပါသည်။ ပကတိမြေပြင်နှင့် အနီးစပ်ဆုံးကိုက်ညီပြီး တကယ်လက်တွေ့ကျသော စီမံချက်၊ စီမံကိန်း၊ အစီအမံတို့သည် စံဖြစ်၏။ ဥပမာအားဖြင့် စာကောင်းတစ်အုပ်၊ ဓာတ်လမ်းကောင်း တစ်ပုဒ်ကို အကယ်ဒမီဆုများရှင် ဒါရိုက်တာကြီးတစ်ဦးကိုယ်တိုင် အနီးကပ်ကြီးကြပ် ရိုက်ကူးသဖြင့် အကယ်ဒမီထူးချွန်ဆုများ တစ်သီတစ်တန်းကြီးရသွားကြသော်လည်း ရုပ်ရှင်ဓာတ်ကားတစ်ကားသည် မူရင်းဝတ္ထုစာအုပ် ဓာတ်လမ်းဖတ်ရသည်လောက် အလင်္ကာ၊ ရသ၊ ဂုဏ်တို့ မြောက်လှမည်မဟုတ်။ ပြီးပြည့်စုံစွာ ပေးစွမ်းနိုင်မည်မဟုတ်။ အနီးစပ်ဆုံး ထပ်တူနီးပါးမျှ ပေးစွမ်းနိုင်ခြင်းသည်ပင် တန်းဝင်သွားသည်၊ ဂန္ထဝင်ဖြစ်သွား၏။

ရှေ့တန်းစစ်မြေပြင်တွင် စစ်တက္ကသိုလ်မှဆင်းကာစ ဗိုလ်ကြီး၊ ဗိုလ်လေးတို့သည် စစ်မြေပြင်အတွေ့အကြုံ၊ တိုက်ပွဲအတွေ့အကြုံမရှိသဖြင့် လက်ရှိတိုက်ပွဲဝင်နေသော တိုက်ပွဲပျော်ကြီးများဖြစ်သည့် အခြားအဆင့် ဆရာကြီးများကိုပင် အားကိုးနေရ၏။ ဆရာကြီးများ၏ လုပ်ရည်ကိုင်ရည်၊ လုပ်ပုံကိုင်ပုံတို့ကို လေ့လာမှတ်သားနေရ၏။ နောင်တစ်ချိန် ဒီအတွေ့အကြုံတို့ကို အသုံးချ၍ သာလွန်ကောင်းမွန်သည့် အစီအမံ၊ ညွှန်ကြားမှုတို့ကိုပေးကာ တိုက်ပွဲကျော်ကြီးများ ဖြစ်လာကြသည်။

လုံခြုံရေးအစီအမံများတွင် အဝေးစည်း၊ အပြင်စည်း၊ အတွင်းစည်း၊ ဗဟိုစည်းတို့ရှိရာ စည်းတိုင်းစည်းတိုင်းတွင် လုံခြုံရေး မကျိုးပေါက်စေရေးအား အထူးဂရုစိုက်ရ၏။ အမှုစစ်လောကတွင် တံတားကြီးသုံးတန်ရှိပါသည်။ မည်သည့်တံတားမှ ကျိုးပျက်သွား၍မရ။ တစ်ခုခု ကျိုးပျက်သွားသည်နှင့် အရေးကြီးသဲလွန်စများ၊ အဖိုးတန် သက်မဲ့သက်သေခံချက်များ ပျက်စီးဆုံးရှုံးသွားနိုင်၏။ နှုတ်တစ်ရာ စာတစ်လုံးဟုဆိုသည်။ နှုတ်သက်သေခံချက်ဖြစ်သည့် လူအယောက် ပေါင်းများစွာတို့၏ သက်သေခံချက်ထက် စကားမပြောသော သက်မဲ့သက်သေခံချက်တို့က ပိုတန်ဖိုးရှိ၏။ လူဆိုသည်ကား ကာလံဒေသံ အဂ္ဂခနံ့လိုက်ပြီး ပုတ်သင်ညိုကဲ့သို့ အရောင်အမျိုးမျိုး ပြောင်းလဲတတ်သည်။ သက်မဲ့တို့ကား သူ့ဘာသာသူဆိုလျှင် ဘာမှမပြောင်းလဲ။ သို့သော် ရာသီဥတုကဲ့သို့သော သဘာဝတရား ဖျက်ဆီးမှု၊ ပယောဂ ဖျက်ဆီးမှုတို့ကြောင့် ပျက်စီးသွား နိုင်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com

သို့ပါ၍ စည်းလေးစည်းအားလည်းကောင်း၊ တံတားကြီးသုံးတန်အားလည်းကောင်း မကျိုးပေါက်စေရေး အရေးကြီးလှပါသည်။ အတွင်းအပြင်ဟု ခွဲခြား၍ မရပါ။ အပြင်မှအရေးပါသည်၊ အပြင်မှ အရေးကြီးသည်ဟု တွက်၍မရ။ အတွင်းမှအတွင်းဟုလည်း မာန်ဝင့်စရာမရှိပါ။ ကျွန်တော်သည် အဆိုးမြင်ဝါဒီသမားမဟုတ်ပါ။ အကောင်းမြင်ဝါဒီတစ်ဦးဖြစ်ပါသည်။ အမှန်တရားကို ချစ်မြတ်နိုး၍ အမှန်ကို အမှန်အတိုင်း ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲသော သတ္တိဗျတ္တိများရှိစေရန် အမြဲကြိုးပမ်း အားထုတ်မွေးမြူနေသူတစ်ဦးဖြစ်ပါ၏။ သဘာဝလောကကြီးသည် ပကတိ ဖြူစင်ရှင်းသန့်နေပါသည်။ သို့သော် ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟ တည်းဟူသော အဂတိတရား(၄)ပါး စွဲကပ်လာလျှင်သော်လည်းကောင်း၊ ကုသာမစ္ဆရိယစိတ်များ ပွားများလာလျှင်သော်လည်းကောင်း ပကတိဖြူစင်ရှင်းသန့်နေသော အပြာရောင် မိုးကောင်းကင်ကြီးသည် ပန်းနုရောင်၊ ကြက်သွေးရောင်ကဲ့သို့ အရောင်ပြောင်းလဲသွားတတ်ပါသည်။ ဤကမ္ဘာလောကကြီးအား လောကပါလနတ်မင်းကြီးများက စောင့်ရှောက်ကြပါ၏။

ချစ်မြတ်နိုး၍
အမှန်ကို အမှန်အတိုင်း
ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲသော
သတ္တိဗျတ္တိများရှိစေရန် အမြဲကြိုးပမ်း
အားထုတ်မွေးမြူနေသူတစ်ဦးဖြစ်ပါ၏။
သဘာဝလောကကြီးသည် ....

♛♛♛♛♛

လောကတွင် အတွင်းအပြင်ကိစ္စရပ်များသည် အပြန်အလှန်ထိန်းကျောင်းခြင်း ဂေဟာစနစ်ကို များများပွားစည်းခြင်း မပြုနိုင်ပါက အက်ကြောင်းများဖြစ်လာရန် တွန်းအားများ ဖြစ်လာစေနိုင်ပါသည်။ ပြင်ပမှ လွယ်လွယ်ဖြင့် ရောက်လာ၊ ရလာကြသူတို့သည် အနစ်နာမခံလိုကြ။ အသာစံလိုကြပြီး အနာမခံလိုကြပေ။ -ညှော်သည်လိုပြုမူကြသည်။ ကြက်ဝိုင်းစကားဖြင့် ပြောလျှင် မိုးထဲရေထဲကျလျှင် ခွပ်လက်ကျသွားတတ်သည်။ ရေကိုင်၍လည်းမရ၊ လေကူ၍လည်းမရ။ မျိုးဆက်သစ်တို့ဖြင့် သွေးသစ်လောင်းခြင်း၊ အားသစ်လောင်းခြင်းကို ကျွန်တော်တို့ ဝမ်းပန်းတသာ ကြိုဆိုကြပါ၏၊ နွေးထွေးစွာ လက်ကမ်းပါ၏။ အနာဂတ်ဖွံ့ ဖြိုးတိုးတက်ရေး တာဝန်များကို ပခုံးပြောင်းပေးချင်ပါ ၏။

ရှေးအခါက တက္ကသိုလ်ပြည်၊ ဒိသာပါမောက္ခ ဆရာကြီးထံတွင် ပညာသွားရောက်ဆည်းပူးကြသော မင်းညီမင်းသားတို့သည်ပင် ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးကဲ့သို့လည်းကောင်း၊ ဖုန်းတောင်းယာစကာကဲ့သို့လည်းကောင်း ဆရာဖြစ်သူအား ပျပ်ဝပ်ရိုကျိုး၍ ခြေဆုပ်လက်နယ်ပြု၏။ ပညာသင်ယူရာ၌လည်း ဓကြာင်ပုစွန်စား ကျွဲဘက်ကျွတ်ဝါးကဲ့သို့လည်းကောင်း၊ ကျောက်ထက်အက္ခရာတင်ဘိသကဲ့သို့လည်းကောင်း ကြိုးစားသင်အံ လေ့ကျက်ကြ၏။

ခေတ်စနစ်၊ ခေတ်ကာလ ပြောင်းလဲခဲ့ပေပြီ။ ကျွန်တော်တို့အနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲလာမှုကို အမြင်(၅)မြင်ဖြင့် လက်ခံကျင့်သုံးရပါမည်။ ကျင့်သုံးလျက်လည်းရှိပါ၏။ သို့သော် ဝေလေလေများ၊ စုန်းမြူးများက အလုပ်သင်ကာလကိုပင် ကောင်းစွာမဆည်းပူး၊ ဆရာ့ဝတ်၊ တပည့်ဝတ်ကား ရှိစေတော့ ပေးကား ပေး၏ မရ၊ ကျွေးကားကျွေး၏ မဝ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရိုးရှိသည် မဟုတ်ပါလား။ လက်တွေ့ဆည်းပူးရန် တစ်နှစ်တာ ကာလကိုပင် အလွတ်မပေး တလွဲဆံပင် ကောင်းပြီး လူ့ဘဝဒုတိယအရွယ်၏ တာဝန်များကို အပတ်တကုတ် ကြိုးစားရာမှ၏။ နာမည်ကြီး အမျိုးသမီး အဆိုတော် ကော်နီနှင့် ဖြူဖြူကျော်သိန်းတို့ သီဆိုသည့် "အတွင်းကြေ" သီချင်းစာသားနှင့် ကာရန်တူစေရန် ကြိုးစားကြတော့၏။

တစ်ခုခုတော့ လွဲနေပြီဟု ထင်ပါ၏။ ရှင်းဝေလေ လေများ၊ ခုန်းပြူးများ၏ ပင်ကိုဗီဇကိုက (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ကင်းကွာခဲ့လေသလော။

အသေဝနာစဗာလာနံ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာစပူဇနေယျာနံ ဧတံမင်္ဂလမုတ္တမံဟူသော တရား၊ ဂါရဝေါစ၊ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ၊ ကာလေန ဓမ္မဿဝနံ၊ ဧတံမင်္ဂလမုတ္တမံဟူသော တရားတို့အား မေ့များနေကြပြီလော။

ရောက်နှင့်ပြီးသော၊ ရှိနှင့်ပြီးသောသူတို့က ရင်မမာ၏၊ စိတ်မကောင်းဖြစ်ကြ၏။ အသက်အရွယ်တူ၊ ပညာအရည်အချင်းတူ၊ သတ်မှတ်ချက်တို့ ကိုက်ညီခြင်းလည်း တူကြပါလျက် ကံ ကံ၏အကျိုးပေးချင်း မတူညီကြခြင်းအတွက် တနုံ့နုံ့ခံစားနေကြရ၏။ ဝီရိယလုံ့လ စိုက်ထုတ်မှုချင်း တူ/မတူကိုတော့ မသိနိုင်ခဲ့။

**မိမိလုပ်ငန်းပေါ်တွင် ဘဝတစ်ခုလုံး မြှုပ်နှံ၍ ပေးဆပ်ခဲ့ကြရသည်။ ဗုဒ္ဓဘာသာဝင်များပီပီ ဂေါတမမြတ်ဗုဒ္ဓ၏ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့ရခြင်းအပေါ် ကြည်ညိုသဒ္ဓါပွားမိပါ၏။ ထို့အတူ လူ့လောကကြီးအတွင်းသို့ ဝင်လာလိုက်၊ လူ့လောကကြီးမှ ....**

အနစ်နာခံခဲ့ကြသည်။ မိမိလုပ်ငန်းပေါ်တွင် ဘဝတစ်ခုလုံး မြှုပ်နှံ၍ ပေးဆပ်ခဲ့ကြရသည်။ ဗုဒ္ဓဘာသာဝင်များပီပီ ဂေါတမမြတ်ဗုဒ္ဓ၏ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့ရခြင်းအပေါ် ကြည်ညိုသဒ္ဓါပွားမိပါ၏။ ထို့အတူ လူ့လောကကြီးအတွင်းသို့ ဝင်လာလိုက်၊ လူ့လောကကြီးမှ ထွက်သွားလိုက်၊ တစ်ယောက်ဆင်း၊ တစ်ယောက်တက်ဖြင့် ဘဝသံသရာကြီးလည်း ရှုမြင်ပွားများပြီး သံဝေဂရမိပါ၏။

စာတွေ့နှင့်လက်တွေ့ မတူညီခြင်း၊ Theory နှင့် Paratical မတူညီနိုင်ခြင်းတို့အပေါ် စနစ်တကျ ရှုမြင်သုံးသပ်၍ မတူညီသော တူညီခြင်းများအား အပြန်အလှန် ထိန်းကျောင်းလျက် ပေါင်းစည်းခြင်း ဂေဟစနစ်ကို ကျယ်ပြန့်စွာ အသုံးချနိုင်ပါလျှင် ကျွန်တော်တို့နိုင်ငံတော်အတွက် အောင်မြင်မှုများစွာ ဖြစ်ထွန်းနိုင်ပါလိမ့်မည်။

ပြီးခဲ့သည့်တစ်ပတ်က ကျွန်တော့်တပည့်လေးတစ်ဦး ကျွန်တော့်ထံသို့ လာရောက်နှုတ်ဆက်ကန်တော့သည်။ သူသည် ယခင်က ကျွန်တော့်လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ လုပ်ငန်းအပေါ် စိတ်ဝင်တစားဖြင့် အလွန်ကြိုးစားပြီး တာဝန်ယူလိုစိတ်ရှိသည်။ လုပ်ငန်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်စိတ်ထားသည်။ မကြာမီ နုတ်ထွက်စာကျလာပြီး ပြင်ပကုမ္ပဏီတွင် ပြောင်းလုပ်သည်။ အဆင်ပြေခဲ့သည့်အကြောင်း သိရ၏။ သူက လက်အုပ်ချီပြီး ကန်တော့သဖြင့် ကျွန်တော် နှုတ်မှဆုပေးသည်။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ၊ လုပ်ငန်းကိုင်ငန်းများ အဆင်ပြေအောင်မြင် တိုးတက်ပါစေသတည်း။ ။

ကိုကို (ဗေဒါချစ်)


www.burmeseclassic.com
နွေအာလွှန်
မျက်ရည်များဖြင့်
ကျေနပ်မိသည်
www.burmeseclassic.com

www.burmeseclassic.com



# မျက်ရည်များဖြင့်ကျေနပ်မိသည်

နွေအလွန်

"ဆရာမ...ကျွန်မကို မှတ်မိလားဟင်"

ဒေါ်ကြူနွေသည် မိမိ၏ရှေ့တွင် လက်အုပ်ချီပြီး ရှိသေစွာပြောလာသော ချိုသာသည့်အသံရှင် မိန်းကလေးအား မျက်မှန်ကြားမှ စူးစူးစိုက်စိုက် ကြည့်မိ၏။ ငယ်ရုပ်ကလေးကိုဖမ်းကြည့်ရာ မြင်ဖူးသလိုလိုပင်။ သို့ပေမယ့် ချက်ချင်းမမှတ်မိသည်မှာ ဆရာများ၏ အားနည်းချက်ဟု ဆိုရမလားမသိပေ။ မိမိက တစ်နှစ်တစ်နှစ် မွေးထုတ်ပေးလိုက်သော တပည့်များမှာ ယခုလို အငြိမ်းစားဆရာမ ဖြစ်သည့်အချိန်၌ တပည့်ပေါင်းက မနည်းချေတော့။

"ကျွန်မ...ကျွန်မ ခင်အေးဝင်းလေ ဆရာမ၊ သတ္တမတန်းရော၊ အဋ္ဌမတန်းပါ ဆရာမက ကျွန်မတို့ အတန်းပိုင် ဖြစ်ခဲ့တယ်လေ"

သည်တော့မှ ချက်ချင်းမှတ်မိသွားရလေပြီ။ ထိုအချိန်က နှစ်ကြိမ်ဆက်တိုက် အတန်းပိုင်ဖြစ်ခဲ့၍ ထိုတပည့်များအား ထူးထူးခြားခြား မှတ်မိနေပြန်၏။

"ဩော်....အေး...အေး၊ ဆရာမ...ဆရာမ သတိရပြီ၊ မင်းကို 'ပဲပဲ'လို့ ခေါ်ကြတယ်မဟုတ်လား"

"ဟယ်.....ဆရာမ မမေ့ဘူးနော်၊ ရှက်လိုက်တာ"

ခင်အေးဝင်းသည် မပွင့်တပွင့်လေး ရယ်ရှာသည်။ ဟိုတုန်းက ပိန်ကပ်ကပ် တပည့်မလေးမှာ ခုတော့ဖြင့် အသားအရေမှာ စိုပြည်ဝင်းပပြီး ရွှေနှင့်ငွေနှင့် လှပနေသည်ကို ကြည့်၍ ပီတိဖြစ်ရလေသည်။

"ဒါနဲ့....ခင်အေးဝင်းရော ဘယ်ဌာနမှာ အလုပ်ဝင်နေပြီလဲကွယ်"

"ကုမ္ပဏီတစ်ခုမှာ Secretary ပါ ဆရာမ၊ မကြာခင်မှာ နိုင်ငံခြားထွက်ဖို့ ဗီဇာစောင့်နေတာပါ၊ ဟိုမှာ အလုပ်သွားလုပ်မလို့လေ"

ပင့်သက်မောကို ချလိုက်မိပြီး သူ့စကားကို နားထောင်နေမိ၏။

"အခုတောင် မအားပေမယ့်လည်း ကိုယ့်ရဲ့ဆရာ၊ ဆရာမတွေကို ပူဇော်ကန်တော့ချင်လို့ မဖြစ်မနေ ရောက်အောင်လာခဲ့တာပါ၊ နောင်ဆို ကျွန်မက မြန်မာပြည်မှာ ရှိတော့မှာ မဟုတ်ဘူးလေ"

ဝမ်းနည်းမိပေမယ့် သူ့ကိုကျေးဇူးတင်မိပါ၏။ တပည့်တိုင်းတွင် ထိုအတွေးမျိုးရှိတတ်ကြလျှင် မည်မျှကောင်းလိုက်ပါမည်နည်း။ တစ်ချိန်ကလို တပည့်များစွာနှင့် သိုက်သိုက်ဝန်းဝန်း ရှိနေချင်သည့်ဆန္ဒမျိုး ဖြစ်ပေါ်မိ၏။

"ဆရာမလည်း ခုမှပဲ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ တပည့်ဟောင်းတွေနဲ့ ပြန်ဆုံတွေ့ရတာ၊ ဒီလိုပြန်တွေ့ဖို့ အခွင့်အရေးက မလွယ်ဘူးကွယ်"


www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့လေးတွင် လုပ်ဖော်ကိုင်ဖက်အချို့ကို ပြန်တွေ့နေရသည်။ တစ်ဦးနှင့်တစ်ဦး ဝမ်းသာအယ်လဲ နှုတ်ဆက်ကြပေမယ့် အားလုံးသည် ဇရာပိုင်းသို့ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်သည့်အတွက် နုပျိုစဉ်က အလှတရားများ မရှိကြတော့ပေ။

မိမိ၏ နက်မှောင်သော ဆံကေသာတွင် ဖြူလွှသော ဆံပင်များ မည်သည့်အချိန် ကတည်းက ဝင်ရောက်လာကြမှန်းပင် မသိလိုက်ရပေ။ နုပျိုခြင်းမှ အိုမင်းရင့်ရော်ခြင်း တည်းဟူသော သဘာဝတရားကို လူတိုင်း ရင်ဆိုင်နေရလေပြီ။ သည့်ဘဝမှာတော့ မည်သို့မျှ ပြန်မရနိုင်ပြီဖြစ်သော အလှအပများကို တမ်းတမိရုံ မှတစ်ပါး မည်သည့်အရာနှင့်မျှ အစားထိုး၍ရမည်မဟုတ်တော့ချေ။

“ကျော်ကျော်လွင်....ဒီမှာ တို့ရဲ့ဆရာမကို လာနှုတ်ဆက်ပါဦး၊ နင်က အင်ဂျင်နီယာကြီးဖြစ်သွားတော့ ဘဝင်မြင့်သွားပြီလား”


ပြတင်းပေါက်ဝတွင် ရပ်နေသော အရပ်မြင့်မြင့်၊ ဖြူဖြူသွယ်သွယ်နှင့် သပ်ရပ်စွာ ဝတ်စားဆင်ယင်ထားသည့် အမျိုးသားတစ်ဦးသည် မိမိတို့အနီးသို့ရောက်လာ၏။

“လာမလို့ပါ ပဲပဲရာ၊ နင်မလာသေးလို့ စောင့်နေတာပါ”

“အမယ်.....အပိုတွေ ပြောမနေပါနဲ့နော်၊ ဆရာမ.....သူ့ကိုရော မှတ်မိလားဟင်”

ဇဝေဇဝါ ဖြစ်ရပြန်သည်။ သူ့ကိုပေးထားသည့် အပျော်အပြက် အမည်လေးတော့ရှိခဲ့မည်ပင်။ ချက်ချင်း စဉ်းစားမရပြန်ပေ။

“ကျော်ကျော်လွင်ထက် ‘စာကြမ်းပိုး’ဆိုရင် ဆရာမ ပိုမှတ်မိမှာပါ”



“ဟယ်...မင်းက စာကြမ်းပိုးဟုတ်လား၊ ငယ်ငယ်ကပုံနဲ့ တခြားစီပါလား၊ အခုခံ့ညားပြီး ချောနေတော့ ရုတ်တရက် ဘယ်မှတ်မိပါ့မလဲကွယ်၊ ဒါနဲ့ မင်းနဲ့တွဲနေတဲ့ မှန် ကြောင်ရော”

“သူက ဆရာဝန်ဖြစ်သွားပြီ ဆရာမ၊ အခု အမေရိကားမှာပါ၊ မိသားတစ်စုလုံး ပြောင်းသွားတာပါ”

“ဪ...ဪ မှန်ကြောင်လေးတောင် ဆရာဝန်ဖြစ်ခဲ့ပြီကိုး”

ဝမ်းသာဝမ်းနည်း ဖြစ်ရပြန်သည်။ စာတော်သော မှန်ကြောင်၏ ပုံပန်းသဏ္ဌာန်လေးသည် မိမိ၏ မျက်ဝန်းထဲတွင် ပုံရိပ်ထင်လာလေပြီ။ ဆရာတိုင်းသည် မိမိ၏တပည့်များအား အကောင်းဆုံး၊ အမြင့်မားဆုံး ဘဝမျိုးကိုသာ မြင်လိုတတ်ကြသည်။ မိမိ၏တပည့်များတွင် ဆရာဝန်၊ အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ခဲ့ပြီ ဆိုပြန်တော့ ဆရာမများ အလယ်တွင် ဂုဏ်တက် ခဲ့ရ၏။ ဤသည်မှာ မိမိ၏စေတနာ မေတ္တာ၏အကျိုးကို ပြန်လည်ခံစားခဲ့ရခြင်းဟုဆိုက မှားမည်မထင်ပါ။

“ဆရာမ...ကျွန်တော့်ကိုရော သိသေးရဲ့လား”

ပီတိဖြစ်၍မှ မဆုံးသေးခင် ကျောင်းသားဟောင်းတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ရောက် လာပြန်၏။ သူသည် ရှိသမျှသွားများ ပေါ်အောင်ရယ် ပြီးနောက်.....

"ကောင်းမြတ်ပါ ဆရာမ၊ ကျောင်းခဏခဏပြေးလို့ ရုံးခန်းထဲ ရောက်ခဲ့သူလေ"

"သိပ်မှတ်မိတာပေါ့၊ ဆရာမရဲ့ မျက်ရည်တွေကျပြမှ နောင်တရပြီး ကျောင်းတက်မှန်လာခဲ့တာမဟုတ် လား ကိုကျောင်းပြေးရယ်"

ဝါးခနဲ ရယ်ကြတော့သည်။ တပည့်တစ်ဦးချင်းစီတွင်ရှိသော ထင်ရှားသည့် အဖြစ်ကလေးများမှာ မိမိ အဖို့ အမှတ်တရ ဖြစ်ကျန်ခဲ့သည့် အကြောင်းရင်းလေးများပဲ ဖြစ်ကြ၏။ စာတော်သောတပည့်၊ အလွန်ဆိုးသောတပည့်၊ ထူးခြားသည့် ဖြစ်စဉ်လေးများ ရှိထားကြသည့် တပည့်များမှာ ဆရာများ၏ဘဝတွင် မမေ့နိုင်သော မှတ်တမ်းကလေးများ အဖြစ် ဦးနှောက်မှတ်စုထဲတွင် ရာသက်ပန် ရှိနေတတ်ကြပြန်သည်။

"မင်းက ဝလိုက်တာမှ ပုံပျက်ပန်းပျက်ကြီးပါလား၊ ဘွဲ့ရော ရခဲ့ပြီး ပြီလား"

ကောင်းမြတ်ကို တော့ ကျောင်းခဏခဏပြေးတတ် လွန်း၍ တမင်ပင် မေးလိုက်မိ၏။

"ဘွဲ့လား၊ ရပြီးပြီ ဆရာမ၊ ကိုရင်ဝတ်တုန်းကတစ်ခါ၊ ဒုလ္လဘ ရဟန်းဝတ်တုန်းကတစ်ခါ၊ နှစ်ခါ

**ဝါးခနဲ ရယ်ကြတော့သည်။**
**တပည့်တစ်ဦးချင်းစီတွင်ရှိသော**
**ထင်ရှားသည့် အဖြစ်ကလေးများမှာ**
**မိမိ အဖို့ အမှတ်တရ**
**ဖြစ်ကျန်ခဲ့သည့်**
**အကြောင်းရင်းလေးများပဲ**
**ဖြစ်ကြ၏။**
**စာတော်သောတပည့်၊**
**အလွန် ဆိုးသောတပည့်၊**
**ထူးခြားသည့် ဖြစ် စဉ်လေးများ**
**ရှိထားကြသည့်**
**တပည့်များမှာ.....**

တောင် ဘွဲ့ရခဲ့တာပါဗျာ"

ကြဲကြဲဖန်ဖန်ပြောတတ်သည့် ကောင်းမြတ်မှာ ခုချိန်ထိ ရယ်စရာဖန်တီးတတ်သူပင်။

"ကျွန်တော်က ဆယ်တန်း တောင် မအောင်ခဲ့ပါဘူး ဆရာမရာ၊ ဒီတော့ ဘွဲ့နဲ့ဝေးပြီပေါ့၊ ဒါပေမဲ့ အခု တော့ စီးပွားရေးလောကထဲကို ခြေစုံပစ်ဝင်လိုက်ပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်အောင် ကြိုးစားနေပါ တယ်"

သက်ပြင်းငွေ့ငွေ့လေးကို ချလိုက်နိုင်ပြီး သူ့ကိုအားပေးမိသည်။

"အေးကွယ်.....ကြိုးစားစမ်းပါ၊ ပညာရေးမှာ Graduate မဖြစ်ခဲ့ပေမယ့် စီးပွားရေးကို ကြိုးစားခဲ့ကြလို့ ဒီနေ့ အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို တွေ့မြင်နေရမှာပေါ့ကွယ်၊ ဘဝကို ဘယ်တော့မှ အရှုံးမပေးနဲ့၊ စိတ်ဓာတ်မကျနဲ့၊ ဘဝ ရဲ့ အောင်မြင်မှုဟာ ဖွဲ့ပဲကွဲ့"

တပည့်ဟောင်းသုံးယောက်အား ကြုံကြိုက်တုန်း ဆုံးမစကားလေး ခြွေမိပြန်သည်။ ထို့နောက် ကောင်းမြတ်နည်းတူ အဆိုးဆုံးတပည့်တစ်ယောက်ကိုပါ တစ်ဆက်တည်း သတိရသွားပြီး မေးလိုက်မိ၏။

"ဇော်မင်းရော ဘယ်ရောက်နေပြီလဲကွယ်၊ မင်းတို့တွေနဲ့ရော ဆုံ ကြသေးရဲ့လား"

ဇော်မင်းဆို၍ သူတို့၏အတွေးများမှာ ယောက်ယက်ခတ်သွားကြလေပြီ။ ဒေါက်တာနွေသည် မေ့မရသော နာမည်လေးကို ပြောချလိုက်ရ၏။

"ဆိုးပေလေကွယ်"

"မှတ်မိပြီ ဆရာမ၊ ဒီကောင်က စာညံ့တဲ့အပြင် ရန်ဖြစ်တတ်လို့ ဆရာတိုင်းကို ဒုက္ခပေးခဲ့သူမဟုတ်လား"

ကောင်းမြတ်မှ ဦးစွာပြောလာသည်။ ကျော်ကျော်လွင်မှာလည်း

www.burmeseclassic.com



သူထင်သမျှကို အားမနာတမ်း ပြော လာပြန်သည်။

''ဆရာမ တွေ့ချင်နေတဲ့ ဆိုးပေက ဒီကိုလာမှာမဟုတ်ပါဘူး။ ဒီကောင်က စာသင်ချင်စိတ်မှ မရှိတာ၊ ဆရာသမားတွေကို သတိတောင်ရမှာမဟုတ်ပါဘူး''

ဆိုးပေအတွက်ရင်ထဲမကောင်း ဖြစ်ခဲ့ရ၏။ ခင်အေးဝင်းလည်း သူသိ သမျှကို ပြောပြရှာသည်။

''ဖော်မင်းက ဆယ်တန်းအရောက်မှာ ကျောင်းထွက်ပြီး မိန်းမယူသွားတယ် ဆရာမရဲ့၊ ပညာတစ်ပိုင်းတစ်စနဲ့ ဒုက္ခရောက်မှာ အမှန်ပါပဲလေ''

ဒေါ်ကြူမြွေမှာ ဆိုးပေအတွက် စိတ်မကောင်းနိုင်တော့ပေ။ မိမိ၏ တပည့် ဖြစ်ခဲ့သည့်အတွက် သံယောဇဉ် ကြီးမိပြန်သည်။ စာမလိုက်နိုင်သည့်အတွက်ကြောင့်လည်း မိမိမှာ အချိန်ပိုသဘောမျိုး သင်ကြားပေးခဲ့ရာ ဆရာအချို့ကပင် စာနာမှုဖြင့် တားဆီးရာကြ၏။

''ဆရာဆိုတာ ပညာပေးတဲ့နေရာမှာတော့ အတူတူပေးတာပါပဲ၊ ဒါပေမဲ့ ပညာခံယူတဲ့ တပည့်ရဲ့ ဉာဏ်အပေါ်မှာသာ အဓိကပါ ဆရာမရာ၊ လူတွေမှာ စရိုက်စုံ၊ အလွှာစုံရှိကြသလို ဆရာမတပည့်တွေမှာလည်း ဆရာဝန်၊ စစ်ဗိုလ်၊ အင်ဂျင်နီယာနဲ့ ဈေးသည်အပြင် ဆိုက်ကားသမားတို့လည်း ပါဦးမှာပေါ့ဗျာ''

သို့သော်လည်း ဆိုးပေ၏စရိုက်လေးကို တဖြည်းဖြည်း ပြုပြင်ယူပြီး အဆိုးထဲမှ အကောင်းကို ရှာခဲ့နိုင်၏။ ထို့ကြောင့်လည်း ဆိုးပေကို နမူနာယူ၍ တပည့်တိုင်းအား ရည်ရွယ်ချက်ထား၍ ကြိုးစားရန် အမြဲတမ်း ဆုံးမပေးနေသည့် ဥယျာဉ်မှူး တစ်ယောက် ဖြစ်ခဲ့ရသည်။

''ရည်ရွယ်ချက်မရှိသောသူသည် မတိုးတက်နိုင်''

''ရည်မှန်းချက် မရှိသောသူသည် မှန်ကန်သောလမ်းကို မလျှောက်နိုင်''

''မျှော်လင့်ချက် မရှိသောသူသည် ကြိုးစားမှုနည်း၍ မအောင်မြင်နိုင်ပါ''

ဟူသည့်အတွေးအခေါ်နှင့် အသိတရားကိုပါ တပည့်များစွာ၏ ဦးနှောက်ထဲသို့ အလိုလို ထည့်ပေးနိုင်ခဲ့လေသည်။

ထိုနေ့က တပည့်ဟောင်းများ၏ ဆရာကန်တော့ပွဲ အခမ်းအနားကလေးကို ကြည်နူးစရာ၊ လွမ်းစရာ ပီတိများစွာဖြင့် ပြန်လာခဲ့ရလေပြီ။ အထူးသဖြင့် အငြိမ်းစား ဆရာများ၏ ရင်ထဲတွင် ဝမ်းနည်းခြင်း ခံစားမှုအစုစုက ဖြစ်တည်ကိန်းအောင်းနေကြရာ တပည့်ဟောင်းများ၏အပြုံးသည် ဆရာ၏ရင်ထဲတွင် အေးချမ်း မှုပေးစွမ်းနိုင်သည့် အားဆေးတစ်ခွက်ပင် မဟုတ်ပါလား။

**ထိုနေ့က တပည့်ဟောင်းများ ၏ ဆရာကန်တော့ပွဲ အခမ်းအနား ကလေးကို ကြည်နူးစရာ၊ လွမ်းစရာ ပီတိများစွာဖြင့် ပြန်လာခဲ့ရလေပြီ။ အထူးသဖြင့် အငြိမ်းစား ဆရာများ ၏ ရင်ထဲတွင် ဝမ်းနည်းခြင်း ခံစား မှုအစုစုက ဖြစ်တည်ကိန်းအောင်းနေ ကြရာ တပည့်ဟောင်းများ၏ အပြုံးသည် ဆရာ၏ ရင်ထဲတွင်....**

♛♛♛♛♛

အိမ်ပြန်ရောက်ပြီးနောက် နေ့လယ်ခင်း စာဖတ်ချိန်မှပင် တစ်စုံတစ်ယောက်အား ဒေါ်ကြူမြွေသတိရသွားပြန်၏။ မနက်က တပည့်

www.burmeseclassic.com



ဟောင်းများနှင့်တွေ့ချိန်တွင် မမေးခဲ့မိပေ။ နာမည်အား အချိန်ကြာကြာ စဉ်းစားနေရသေး၏။

"သြော်...ငါလည်း မေ့တတ်လိုက်တာနော်၊ သူ့နာမည်လေးက မင်းသမီးတစ်ယောက်ရဲ့ နာမည်လေးနဲ့ ခပ်ဆင်ဆင်ပဲ၊ ဘယ်သူပါလိမ့်"

နောက်ဆုံးတော့ စဉ်းစားမရ၍ ခင်အေးဝင်းကို ဖုန်းဆက်မေးရတော့သည်။

"ဆရာမပြောတာ မေသန်းစုလေ ဆရာမရဲ့"

"ဟယ်..ဟုတ်ပါရဲ့၊ မင်းသမီးနာမည်လေးကို မေ့နေလိုက်တာကွယ်၊ ဆရာမ အကြိုက်ဆုံး မင်းသမီးလေးပဲ၊ ဒါနဲ့ မေသန်းစုက ဘယ်နေရာရောက်နေသလဲ ခင်အေးဝင်း"

"ဆရာမက မေသန်းစုအကြောင်း မသိသေးဘဲကိုး၊ သူက ဆရာမ သိတဲ့အတိုင်း စာကိုမကြိုးစားဘဲ အလှမက်နေတာလေ၊ ဒီတော့ ပညာမစုံခင်မှာ အိမ်ထောင်ကျသွားတော့တာပေါ့၊ ဆယ်တန်းကျပြီး မကြာခင်မှာပဲ လင်နောက်လိုက်သွားပါတယ်"

"သြော်..မိုက်လိုက်တာကွယ်၊ ဒါနဲ့ အဆင်ရောပြေရဲ့လား"

ခင်အေးဝင်းထံမှ သက်ပြင်းချသံလေးပင် ကြားမိ၏။ မေသန်းစု၏ ချစ်စရာကောင်းသော မျက်နှာလေးကို ပြန်မြင်ယောင်မိသည်။



အလှပေါ် အယဉ်ဆင့်ဆိုသလို မေသန်းစုသည် ဆရာမများ၏ ချစ်ခင်သဘောကျခြင်းကို ခံရသူဖြစ်ခဲ့၏။ ကျောင်းအခမ်းအနားပွဲနှင့် ကြိုဆိုပွဲများတွင် မေသန်းစုအား ရှေ့ဆုံးမှ ပါဝင်ခိုင်းကြသည်။ အချိန်မတိုင်ဘဲ အိမ်ထောင်ကျခဲ့သည့်အတွက် အဆင်ပြေမည် မဟုတ်မှန်း ကြိုသိနေ၏။

"ကျွန်မ ကြားရတာတော့ မေသန်းစုကို သူ့အိမ်က အမွေပြတ်စွန့်လွှတ်လိုက်တယ် ဆရာမ၊ နောက်ပြန်မဆုံမိတော့ပါဘူး၊ သူ့သတင်းလည်း မကြားရတော့ဘူး၊ ဆရာမ သိချင်ရင် ကျွန်မ သူ့အိမ်ကို စုံစမ်းပေးပါ့မယ်ရှင်"

"အေးပါကွယ်၊ ဆရာမတို့က ပန်းပျိုးလက်တွေဆိုတော့ ကိုယ်စိုက်ပျိုး ယုယတဲ့ အပင်လေးတွေကို အသီးအပွင့်လေး တွေနဲ့ ဝေဝေဆာဆာဖြစ်နေတာပဲ မြင်ချင်တဲ့သူတွေပါကွယ်၊ ကျေးဇူးတင်တယ်နော် ခင်အေးဝင်း"

"ဟုတ်ကဲ့ပါ ဆရာမ"

ဖုန်းချလိုက်ပြီးနောက် မေသန်းစုအကြောင်းကို စဉ်းစားကြည့်နေ၏။ အပူအပင်ကင်းပြီး ပြည့်စုံသောဘဝလေးအား စွန့်လွှတ်၍ အချစ်နောက်သို့ လိုက်ပါမိသူ မေသန်းစုကို နှမြောနေမိ၏။ သူ့အလှ၊ သူ့ရုပ်ရည်လေးနှင့် အိမ်ထောင်ဖက်ကောင်းတစ်ယောက်အား ရွေးချယ်နိုင်ပါလိမ့်မည်။ ဘာကြောင့်များ အချစ်ကိုကိုးကွယ်ရသလဲဟု မေးလိုက်ချင်၏။

ဒေါ်က္ကန္ဒြေမှာ အပျိုကြီးဘဝသို့ ရောက်ခဲ့ရပေမယ့် အိမ်ထောင်ရေးအကြောင်းကို ပတ်ဝန်းကျင်မှ လုပ်ဖော်ကိုင်ဖက် အိမ်ထောင်သည်များကိုကြည့်ခြင်းဖြင့် သိနေ၏။ သူ



www.burmeseclassic.com

www.burmeseclassic.com

တို့၏ ညည်းညူစကားများကြောင့် အိမ်ထောင်ပြုရမည်ကို ကြောက်မိ၏။ သည်တော့လည်း ဒေါ်ကြွေအဖို့ ချစ်သူထားချင်စိတ် မရှိခဲ့ပေ။

"ပဲကတ္တီပါပြုတ်...ပဲထောပတ်ပြုတ်.....ပူပူလေးနော်၊ စားကြဦးမလား၊ ပဲကတ္တီပါပြုတ်....."

ဈေးသည်လေး၏အော်သံက ဆွဲဆောင်မှုများဖြင့် စားချင်စိတ်ကို နှိုးဆွလာ၏။ နေ့လယ်ခင်းတွင် ပဲထမင်း ဆီရွှဲရွှဲနှင့် စားရသည်ကို ဒေါ်ကြွေက နှစ်သက်တတ်၏။



"လာပါဦးကွယ်.....ပဲကတ္တီပါ ပြုတ်သည်လေးရေ"

"ဟုတ်ကဲ့ရှင့်၊ လာပါပြီ ဒေါ်လေးရယ်"

ဈေးသည်မိန်းကလေးက အားရဝမ်းသာဖြင့် အိမ်ထဲဝင်လာပြီး သူ့ပဲတောင်းလေးအား ကြမ်းပေါ်သို့ ချလိုက်သည်။

"ဒေါ်လေး...ဘယ်လောက်သားလဲဟင်"

"တစ်ဆယ်သားပေးပါကွယ်"

"ဟင်.....ဆရာမ၊ သမီးကိုတောင် မမှတ်မိတော့ဘူးလား၊ သမီး မေသန်းစုလေ"

"ဟယ်...မေသန်းစုနော်၊ ဝမ်းသာလိုက်တာကွယ်၊ အခုလေးတင် သတိရပြီး မင်းအကြောင်းကိုတွေး နေခဲ့သေးတယ်၊ အဆင်ရော ပြေကြရဲ့လား"

မေသန်းစုသည် မျက်လွှာလေးချပြီးနောက် ခေါင်းလေးအား ညိတ်ပြလိုက်၏။ ဆရာတပည့်နှစ်ယောက်၏ တွေ့ဆုံမှုက ခံစားချက်ကိုယ်စီနှင့် ဝမ်းသာဝမ်းနည်းဖြစ်သွားကြသည်။ မေသန်းစုသည် ပဲကတ္တီပါ ပြုတ်များအား ပန်းကန်ပြားထဲသို့ မချိန်တွယ်တော့ဘဲ ထည့်နေပြန်ရာ ဒေါ်ကြွေက တားယူရ၏။

"တော်ပါတော့ မေသန်းစုရယ်၊ ဆရာမတစ်ယောက်တည်း စားတာပါ၊ ဘယ်ကုန်နိုင်ပါ့မလဲကွယ်၊ ပြန်လျှော့လိုက်ဦးနော်"

"စားပါ ဆရာမရယ်၊ ကျွန်မ ဘက်က ဆရာမရဲ့ ကျေးဇူးတရားက ပြန်ဆပ်လို့ မကုန်နိုင်တော့ပါဘူး၊ ဟိုတုန်းကဆိုရင် ဆရာမက ကျွန်မကို ပညာတတ် ဘွဲ့ရတစ်ယောက် ဖြစ်စေချင်တာ မဟုတ်လား၊ ဒီရုပ် ရည်နဲ့ ယောကျ်ားရရင် ကံကောင်းမှာတဲ့၊ ဘွဲ့ရအောင် ကြိုးစားလို့ တိုက်တွန်းခဲ့တာပါ၊ ကျွန်မက ဆရာမ ဖြစ်စေချင်တဲ့ ဘွဲ့ရတစ်ယောက် ဖြစ်မလာဘဲ ပညာတစ်ပိုင်းတစ်စနဲ့ ယောကျ်ားရခဲ့တယ်၊ ရတဲ့ယောကျ်ားက ကိုယ့်ထက်နိမ့်ကျတဲ့သူ၊ ဒီတော့ ကျွန်မမိဘတွေရဲ့ အမွေပြတ်စွန့်ပစ်ခြင်းကို ခံခဲ့ရပြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုအကြောင်းများကို ဒေါ်ကြွေ့ သိထားပြီးဖြစ်သော်လည်း နားထောင်နေမိ၏။

"အခုတော့ အားကိုးစရာဆိုလို့ ယောကျ်ားပဲရှိတော့တာမဟုတ်လား ဆရာမရယ်၊ သူ့ကိုနားလည်အောင်ပြောပြပြီး အလုပ်လုပ်ခိုင်းရတယ်၊ ကျွန်မကိုယ်တိုင်လည်း ဘဝအမျိုးမျိုးကို ကျင်လည်ခဲ့ရပြီးပါပြီ ဆရာမ၊ လမ်းဘေးစာအုပ်ဆိုင်လေးမှာ လင်မယားနှစ်ယောက် စာအုပ်ဟောင်းလေးတွေ ယူရောင်းကြတယ်၊ စာအုပ်အဖုံးတွေ ချုပ်ရတယ်၊ သူကလည်း ထီးပြင်၊ ဖိနပ်ချုပ်သူဘဝနဲ့ သားသမီးနှစ်ယောက်ကို ရှာဖွေကျွေးမွေးရှာပါတယ်"

"သြော်....သြော် မဆိုးပါဘူးကွယ်"

"ဟုတ်ပါတယ် ဆရာမ၊ ကျွန်မဟာ ပြည့်စုံချမ်းသာတဲ့အိမ်ထောင်ဖက်ကို မရပေမယ့်လည်း သူဟာ ကျွန်မကို စိတ်ချမ်းသာမှုပေးတဲ့ အိမ်ထောင်ဖက်ကောင်းတစ်ယောက်ပါရှင်၊ ကျွန်မအပေါ် သံယောဇဉ်ကြီးတဲ့ ယောကျ်ားကောင်းပါ ဆရာမရယ်"

"ဒါနဲ့ ပဲကတ္တီပါပြုတ် ရောင်းတာကရောကွယ်"

"ကလေးတွေကို စိတ်မချလို့ အိမ်မှာနေခိုင်းလို့ပါ၊ ဒါပေမဲ့ကလေးတွေ ကျောင်းသွားချိန် နေ့လယ်ခင်းမှာ ကျွန်မက ဈေးထွက်တယ်၊ ပဲကတ္တီပါပြုတ် ကုန်တာနဲ့ ကလေးတွေကျောင်းဆင်းချိန် တစ်ခါတည်းကြိုလာပြီး အိမ်ပြန်ရတာပါ ဆရာမရယ်"

"ပင်ပန်းမှာပဲကွယ်"

တပည့်မလေးအား ဒေါ်ကြွေ့က သနားသွားမိ၏။ ပင်ပန်းဆင်းရဲခံဘဝနှင့် အိမ်ထောင်တစ်ခုအား အောင်မြင်စွာ တည်ဆောက်နိုင်သူပါ။ မေသန်းစုအပေါ် နားလည်စာနာခြင်းများနှင့်အတူ စိတ်ချမ်းသာစေရန်နှင့် ဘဝပြည့်စုံစေရန် ဆုတောင်းပေးမိ၏။

"ကိုယ့်သားသမီးလေးတွေကိုတော့ ကျွန်မဘဝလို မဖြစ်အောင် ကြိုးစားပါ့မယ် ဆရာမ၊ ကျွန်မက ဆရာမ ဖြစ်စေချင်တဲ့ဘဝကို မရောက်ခဲ့ရပေမယ့် သမီးလေးကိုတော့ ဖြစ်အောင် ထိန်းကျောင်းပေးပါ့မယ်လို့ ဆရာမကို ကတိပေးပါတယ်ရှင်၊ ကျွန်မကို ခွင့်ပြုပါဦးနော်၊ အချိန်လေးရှိတုန်း ဆက်ရောင်းရဦးမှာမို့ပါရှင်"

"အေး.....အေး"

ဒေါ်ကြွေ့သည် ငွေစက္ကူလေးအား မေသန်းစု၏ ဈေးတောင်းလေးရှိ ဗန်းပေါ်သို့ တင်ပေးလိုက်၏။

"မပေးပါနဲ့ ဆရာမရယ်၊ ကျွန်မကိုယ်တိုင် ပြုပြင်ပေးပါ့မယ်



ကိုယ့်သားသမီးလေးတွေကိုတော့
ကျွန်မဘဝလိုမဖြစ်အောင်
ကြိုးစားပါ့မယ်ဆရာမ၊
ကျွန်မက
ဆရာမဖြစ်စေချင်တဲ့ဘဝကို
မရောက်ခဲ့ရပေမယ့်
သမီးလေးကိုတော့ဖြစ်အောင်
ထိန်းကျောင်းပေးပါ့မယ်လို့
ဆရာမကို.....

www.burmeseclassic.com



လေးကို ကျွေးရတာပဲ ကျေနပ်နေပါပြီ၊ ဆရာမအတွက် ဒါ့ထက်ကောင်းတဲ့ အစားအစာမျိုးကိုကျွေးချင်တာပါရှင်၊ သွားပြီနော် ဆရာမ''

''ကောင်းပါပြီကွယ်''

ပဲတောင်းလေးအား ခေါင်းပေါ်တင်ပြီး လမ်းမပေါ်ရောက်သွားသော မေသန်းစု၏ ဈေးရောင်းသံလေးက ဒေါ်ဣန္ဒြေ၏နှလုံးသားထဲတွင် စူးနစ်ကျန်ရစ်ခဲ့သည်။ ဘဝဟူသည် မျှော်လင့်သည့်အတိုင်းဖြစ်မလာတတ်ကြောင်း သဘောပေါက်သွားမိ၏။ ကံတရားကပေးလာသည့် အိမ်ထောင်ရေးအား နိုင်မြဲအောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည့်အတွက် မေသန်းစုကို ကျေးဇူးတင်မိသည်။ ဝမ်းသာ၍ကျလာသော မျက်ရည်များဖြင့် ကျေနပ်စွာ ကြည့်နေမိ၏။

♛♛♛♛♛

ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပပြီး တစ်လခန့် အကြာတွင် ဒေါ်ဣန္ဒြေသည် မိမိ၏ပင်စင်လေးထုတ်ပြီး ဘဏ်မှပြန်အလာ မှတ်တိုင်၌ ကားစီးရန် ရပ်စောင့်နေမိ၏။ သုံးမှတ်တိုင်လောက်သာစီးရမည့်ခရီးအား ခြေကျင်လည်း မလျှောက်နိုင်ပါ။ ထို့ကြောင့် အများနည်းတူ ဘတ်စ်ကားကိုသာ ဖွဲကြီးကြီးနှင့် ရပ်စောင့်နေမိလေသည်။

မကြာမီ ဘတ်စ်ကားတစ်စီး ရပ်လာ၏။ ခရီးသည် တစ်ဦးစ နှစ်ဦးစသာ တင်နိုင်ပြီး ပြန်ထွက်သွားသည်။ သည်တော့ နောက်တစ်စီးအလာကို ဆက်စောင့်ရုံသာရှိတော့လေပြီ။ နေကျဲကျဲပူနေသော ကောင်းကင်ကြီးအား မော့ကြည့်မိ၏။ နေပူပူတွင် ထီးကမပါ။ မူးနောက်နောက် ဖြစ်လာပြန်သည်။

''ကားစောင့်မနေတော့ပါဘူးလေ၊ လမ်းလျှောက်သွားတာပဲ ကောင်းပါတယ်''

ဆရာမဘဝက ကိုယ်နှင့်မကွာကိုင်လာသော တပည့်မကလေးတစ်ဦး ကန်တော့ထားသည့် လက်ကိုင် သားရေအိတ်လေးမှာ နှစ်များကြာလာပြီဖြစ်သဖြင့် ပျော့အိနွမ်းဖပ်နေပေပြီ။ ထိုအိတ်လေးအား လက်တွင် ချိတ်၍ တလှုပ်လှုပ်ဖြင့် လျှောက်လာမိ၏။ အတော်ဝေးဝေးရောက်လာ သည့်နောက် မျက်နှာချင်းဆိုင်မှ နင်းလာသော ဆိုက်ကားတစ်စီးသည် မိမိအနီးသို့ ထိုးရပ်လာ၍ မနည်းရှောင်လိုက်ရသည်။

''ဆရာမကြီး...အိမ်ပြန်မလို့မဟုတ်လား၊ ကျွန်တော် အိမ်အထိ လိုက်ပို့ပေးပါရစေခင်ဗျာ''

ဆိုက်ကားပေါ်မှ အလျင်အမြန်ဆင်းပြီး မိမိအား ဆရာမကြီးဟု ပြောဆိုနှုတ်ဆက်လာသည့် ဆိုက်ကားနင်းသူ၏ မျက်နှာလေးအား မော့ကြည့်မိရာ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထား၍ သူ့

**ဆိုက်ကားပေါ်မှအလျင်အမြန်ဆင်းပြီးမိမိအားဆရာမကြီးဟု ပြောဆိုနှုတ်ဆက်လာသည့်ဆိုက်ကားနင်းသူ၏ မျက်နှာလေးအား မော့ကြည့်မိရာ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထား၍.....**



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသည် မသဲကွဲချေ။ မိမိအား ''ဆရာမ''ဟုသာ ခေါ်ကြသည့် တပည့်ဟောင်းများတွင် ယခုလို ''ဆရာမကြီး''ဟု ခေါ်လာသူသည် ဆရာချင်းများ မှားယွင်းနေသလား ဟု တွေးမိပြန်၏။

''ကျွန်တော့်ကို ဆရာမကြီး မမှတ်မိဘူးနဲ့တူပါတယ်၊ ကျွန်တော် ဆိုးပေလေ ဆရာမကြီး''

''ဟင်.....ဆိုးပေ''

ဝမ်းသာလွန်း၍ မျက်ရည်လေးများပင် ဆို့လာရသည်။ ဤသို့ရုတ်တရက်ကြီး တွေ့ရလိမ့်မည်ဟု မထင်မှတ်မိပေ။ အံ့သြနေမိပြန်၏။

''အင်း.....မင်းကို ဆရာမ အမြဲသတိရနေပါတယ်ကွယ်''

သူ့ထံမှ ကျေနပ်သော အပြုံးတစ်ခုကိုတွေ့လိုက်ရ၏။ ထို့နောက် ဦးထုပ်လေးကိုချွတ်ကာ ဆိုက်ကားပေါ်သို့တက်ရန် ဆိုဖာနောက်မှီလေးအား ထောင်ပြီး ဖင်ထိုင်ခုံ ဆိုဖာလေးပေါ်မှ ဖုန်များအား ဦးထုပ်လေးဖြင့် ရိုက်ခါနေရှာသည်။

သူ့မျက်နှာသည် နေလောင်ဒဏ်ကြောင့် အသားအရေမှာ မွဲခြောက်ခြောက်ဖြစ်နေပြီး ပိန်၍ ရင့်ရော်နေသည်ဟု ထင်မိ၏။ စကားပြောလိုက်တိုင်း ကွမ်းချေးများကပ်နေသော သွားညစ်ညစ်လေးနှင့်အတူ အကျီနွမ်းရိရိလေးတွင် ချေးများက အထပ်ထပ်နှင့် ဘဝကိုခက် ခဲပင်ပန်းစွာ ရုန်းကန်ခဲ့ရပုံမျိုးပင်။

ဤသို့တပည့်လေး၏ နွမ်းပါးပုံကြောင့် ဒေါ်ကုန္တြေမှာ မည်သည့်စကားမျှ မဆိုနိုင်လောက်အောင် ဆိုက်ကားပေါ်တွင် တိတ်ဆိတ်စွာ လိုက်ပါလာလေပြီ။

ဆိုးပေသည် ဆိုက်ကားကို ဂရု တစိုက်နင်းလာပြီး ကားရှင်းသည့် နေရာလေးသို့ ရောက်မှ သူ့ထံမှ စကားသံလေးကို ကြားရ၏။

''ဆရာမကြီးဟာ ကျွန်တော့်ဘဝရဲ့ မေ့မရနိုင်ဆုံး ကျေးဇူးရှင်တစ်ဦးပါ၊ ကျွန်တော့်ကို ငယ်စဉ်က ဆုံးမခဲ့တဲ့ စကားတွေဟာ ကြီးလာတဲ့အခါမှာ မှန်ကန်ပါလားဆိုတဲ့ နောင်တအသိကို ရလာမိပါတယ်၊ ဒါပေမဲ့ ကျွန်တော်ဟာ ဆရာမကြီး မျှော်လင့်တဲ့ ဘဝတစ်ခုကို ရောက်မလာနိုင်ခဲ့တဲ့အတွက် ဝမ်းနည်းမဆုံး ဖြစ်ခဲ့ရပါတယ်လေ''

မိမိ၏နှုတ်ဖျားမှ အမှတ်တမဲ့ ဆုံးမစကားတစ်ခွန်းသည် ဆိုးပေ၏ နှလုံးသားထဲတွင် အမှတ်တရ အမာရွတ်တစ်ခုအဖြစ် စွဲထင်ကျန်စေခဲ့ကြောင်း ဒေါ်ကုန္တြေ တကယ်မသိခဲ့ပါလား။

''ကျွန်တော့်သားသမီးလေးတွေကိုလည်း ကျွန်တော့်လိုဘဝမျိုး မဖြစ်အောင် ပညာရေးကို အလေးထားကြိုးစားဖို့ ဆုံးမနေမိပါတယ်၊ သူတို့ဘဝလေးတွေလှပလာအောင် အရာရာကို ကျွန်တော် ကြိုးစားရှာဖွေနေရဦးမှာပါပဲ''

သူ့ထံမှ သက်ပြင်းချသံကိုပင် ကြားနေရသည်။ သူ၏အဆင်မပြေသော ဘဝလေးကြောင့် ဆရာကန်

www.burmeseclassic.com

တော့ပွဲတွင် စိတ်သာရောက်ပြီး လူကရောက်မလာနိုင် ဖြစ်နေမည်ကို နားလည်မှုဖြင့် ခွင့်လွှတ်စာနာစွာ တွေးမိပြန်၏။

"ကျောင်းသားဟောင်းတွေရဲ့



အာစရိယ ဆရာကန်တော့ပွဲနေ့ကလေးကို ကျွန်တော် အရောက်လာပါသေးတယ် ဆရာမကြီး"

သူ့ထံ အံ့သြစွာ မော့ကြည့်မိသည်။ လာလျှင်တော့ သူ့ကိုတွေ့ကြပါလိမ့်မည်။ မိမိကို မုသားပြောနေခြင်းများလား။

"ဒါပေမဲ့ လမ်းမှာ ကားတိုက်ပြေးသွားလို့ ဒဏ်ရာရသွားတဲ့ လူနာ တစ်ယောက်ကို ဆေးရုံလိုက်ပို့နေရလို့ပါ၊ ပြီးတော့ သူ့ အတွက် လည်း သွေးပါတစ်ခါတည်းလှူခဲ့လို့ လူ့အသက်တစ်ချောင်းကို ကယ်တင်ခွင့် ရလိုက်ပါတယ်ခင်ဗျာ"

သူ့ထံမှ မြင့်မြတ်သော စိတ်ဓာတ်လေးကို တွေ့မြင်ခဲ့ရ၏။ ဆိုးပေသည့် ဘဝတွင် နိမ့်ကျခဲ့သော်လည်း မြင့်မြတ်ဆိုး စိတ်ဓာတ်ရှိသူ ဟုဆိုက မှားအံ့မည်မထင်ပါ။ သူ့စိတ်သည် လှ၏။ တစ်နည်းအားဖြင့် အတ္တထက် ပရကို ဦးစားပေးသူ၊ အများအကျိုးငဲ့ကွက်သူ၊ အနစ်နာခံစိတ်ရှိသူဖြစ်ကြောင်း သိခဲ့ရလေပြီ။

ဆိုးလွန်းသောတပည့်ထံတွင် အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝရှိကြောင်း သိလိုက်ရစဉ်၌ အမေရိကားရောက် တပည့်ဆရာဝန်လေး၏မျက်နှာနှင့် နိုင်ငံခြားကို အထင်ကြီး၍ ကြီးပွားလိုစိတ်ဖြင့် အလုပ်သွားလုပ်ရန် ဗီဇာစောင့်နေသော ခင်အေးဝင်း၏မျက်နှာတို့အား ရုတ်ခြည်း ပြန်လည်မြင်ယောင်လာမိတော့သည်။

လူဟူသည် အမျိုးချစ်မှ အမျိုးမြတ်သူဖြစ်၏။ အမျိုးဂုဏ်ကိုစောင့်ထိန်းသူသည် မျိုးချစ်စိတ်မှ အခြေခံဖြစ်ပေါ်လာ၏။ မျိုးချစ်စိတ်စေတနာ၏ စေ့ဆော်ခြင်းကြောင့် ဒုက္ခရောက်သူကို ကူညီခြင်း၊ ဒါနပြုခြင်း၊ စာနာခြင်းများသည် စိတ်အလှ၏ ရေသောက်မြစ်ဖြစ်ကြောင်း ဒေါ်ကြူခြွေ တွေးမိပြန်သည်။

"အင်း.....ငါဟာ တပည့်တွေ ရဲ့အကျိုးကို မျှော်ကိုးဆုံးမခဲ့လို့ ငါ့ရဲ့မေတ္တာစေတနာတွေဟာ သူတို့ဘဝမှာ တန်ဖိုးမဖြတ်နိုင်အောင် ကြီးမားခဲ့ပေမယ့် တပည့်တိုင်းရဲ့ စိတ်ဓာတ်လေးတွေကို လှပအောင်ပြု ပြင်မပေးနိုင်ခဲ့သူပါလား"

သံဝေဂရမိလေပြီ။ သို့သော် လောကတွင် ဆန့်ကျင်ဘက်မရမတ် သဘောတရားသည် နေရာတိုင်းတွင် ရှိနေတတ်ကြရာ လူတကာ ငေးမောအားကျလောက်သော ဘဝမျိုးကို ပိုင်ဆိုင်ထားသောတပည့်များထက် ဆိုက်ကားသမားလေးဆိုးပေကို ပို၍ဂုဏ်ယူဝလေးစားနေမိ လေသည်။ ထိုအ ချိန်က ဆရာတစ်ဦး နှမိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ခဲ့၍များ ဆိုးပေတစ်ယောက် ဆိုက်ကားသမားဘဝလေးကို ပိုင်ဆိုင်ခဲ့ခြင်းများလား....

စကားတပြောပြောနှင့် မိမိ၏ လမ်းထိပ်သို့ ရောက်လာခဲ့လေပြီ။

"ဒီလမ်းထိပ်မှာပဲ ရပ်ပါတော့ ကွယ်၊ လမ်းထဲကကြမ်းတော့ မင်းဘီးတွေ ပျက်စီးကုန်လိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

"ဆရာမက အငြိမ်းစားယူပြီး ကတည်းက ဒီရပ်ကွက်လေးထဲကို ပြောင်းလာတာ မကြာသေးဘူးလေ၊ ဟိုးက ဇာဒိပင်လေးရှိတဲ့ အိမ်က ဆရာမရဲ့ အိမ်ပဲကွဲ့၊ ကြုံရင်ဝင် လည်ပေါ့မောင် ဖော်မင်း"



သူ့ကို ဆိုးပေဟု မခေါ်ချင်တော့ပေ။ အတိတ်က ဆိုးခဲ့ပေမယ့်ပစ္စုပ္ပန်တွင် လိမ္မာနေပေပြီ။ နောင်အနာဂတ်ထိတိုင် သူ့တွင် ထိုအသိ တရားကို လက်ကိုင်ထား ရှိပေလိမ့်မည်။

ဒေါ်ကြူငြွေသည် ဆိုက်ကားပေါ်မှ ဆင်းလိုက်ပြီးသည်နှင့် မိမိ၏ ရှေ့ ကတ္တရာလမ်းပေါ်တွင်ထိုင်ကာ လက်အုပ်ကလေးချီ၍ ကန်တော့နေရှာသော တပည့်လေးအား မမိုက်မသုန်ကြည့်ပြီး တိုးတိတ်စွာ ဆုပေးနေမိသည်။

"ဆရာကန်တော့ပွဲနေ့မှာ ဆရာမကြီးကို ကန်တော့ခွင့်မကြုံလိုက်ရပေမယ့် ခုလို လမ်းမှာ အမှတ် မထင်ကြုံဆုံပြီး ကန်တော့ခွင့်ရခဲ့တဲ့အတွက် အတိုင်းထက် အလွန် ဝမ်းသာမိပါတယ် ဆရာမကြီးရယ်၊ ဆရာမကြီး ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦးခင်ဗျာ"

သူ့မျက်လုံးအိမ်တွင် မျက်ရည်လေးများ ကြည်လဲ့ နေကြ၏။ သူ့ထံမှ ဝမ်းနည်းသံ ရောပြွမ်းနေသော စကားသံလေး ကိုကြား၍ မိမိရင် တစ်ပြင်လုံးမှာ မွန်းကျပ်သွားသလို ထိထိခိုက်ခိုက် ခံစားသွားရလေပြီ။

မိမိ၏ တပည့်တိုင်းတွင် လောကပါလတရား လက်ကိုင်ထားနိုင်ကြလျှင် ကိုယ်အမူအရာနှင့် စိတ်သဘောထားတို့သည် ယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်း၊ သိတတ်ခြင်းတရားများရှိကြမည်မှာ အမှန်ပင်။

ဒေါ်ကြူငြွေမှာ စကားပင် ပြန်မပြောနိုင်တော့ပေ။ ခေါင်းလေးကို အသာ ညိတ်ပြပြီး ဝေ့ဝဲတက်လာသော မျက်ရည်စများကို မျက်တောင်နှင့် တဖျတ်ဖျတ်ထိန်းချုပ်ရင်းက ဆိုက်ကားနင်း၍ ထွက်သွားရှာသော တပည့်အား ကျေနပ်စွာ ကြည့်နေ မိတော့သည်။

**လေးစားစွာဖြင့်**

**နွေအလွမ်း**



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်ဖြိုး

# ဆင်ကန်းတောတိုး ဆိုးဝါးတဲ့လူသား



www.burmeseclassic.com

www.burmeseclassic.com



## ဆင်ကန်းတောတိုး ဆိုးဝါးတဲ့လူ သား

**အောင်ကျော်မြိုး**

လူဆိုတာ ဤကမ္ဘာလောကကြီးမှာဖြင့် အဆင့်အမြင့်ဆုံးနဲ့ အကြီးမြတ်ဆုံး သတ္တဝါဖြစ်တယ်ဆိုတာကိုတော့ အားလုံးသိကြပြီးသားပါ။ အဆင့်အမြင့်ဆုံးနဲ့ အကြီးမြတ်ဆုံးလို့ ကိုယ့်ကိုယ်ကိုယ် ခံယူထားခဲ့ရင်တော့ အရာရာကို သတိထားပြီး ဆက်ဆံရတော့မယ်လေ။

စဉ်းစားတွေးခေါ်ခြင်းဟာ လူတွေရဲ့ အခက်ခဲဆုံးအလုပ်ပါပဲ။ သည်အလုပ်ကို လုပ်တဲ့သူကလည်းအလွန်မှ နည်းပါးတတ်တာမဟုတ်လား။ စဉ်းစားတွေးခေါ်ခြင်းတွေသာ ရှိမယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်ပါ့မလဲလို့။

ဘယ်ကိစ္စ၊ ဘယ်အမှုမျိုးမဆို စဉ်းစားတွေးခေါ်ခြင်းတွေနဲ့အတူ အကောင်းမြင်တဲ့ အပြုစိတ်ကလေးကလည်း ရှိဖို့လိုအပ်ပါတယ်။ သည် လိုရှိခဲ့ရင် ကံကြမ္မာက ဘယ်လောက်ပဲ နှိပ်စက်နှိပ်စက်၊ လောကဓံမုန်တိုင်းက ဘယ်လောက် ပဲ တိုက်ခတ်တိုက်ခတ် မိမိရဲ့ခန္ဓာကိုယ်တွင်းမှာရှိတဲ့ မျှော်လင့်ချက်ရောင်ခြည်တွေကတော့ ပျောက်ကွယ်လို့မသွားဘဲ တောက်ပမြဲတောက်ပလို့နေမှာအမှန်ပါ။

ဒါဆိုရင်ဖြင့် အဆင့်အမြင့်ဆုံးနဲ့ အကြီးအမြတ်ဆုံးဖြစ်တဲ့ လူ့ဂုဏ်ပုဒ်ကို ရပြီပဲ။ အခုတော့.....အခုတော့ပေါ့.....

ကျွန်တော်တို့ မြို့မဈေးကြီး တစ်ခုလုံးကလူတွေက သူ့ကိုပွားလို့ပဲ အသိအမှတ်ပြု ခေါ်ကြတာများပါတယ်။ ပွားက လူသားငယ်ပေမယ့် အတော့်ကို ပေါ့ပါးသွက်လက်တဲ့သူ။ သူ့ကိုဘာပဲခိုင်းခိုင်း မညည်းမညူဘဲနဲ့ လုပ်ပေးတတ်တယ်။ ခေတ်စကားနဲ့ ပြောရရင်တော့ ဖင်ပေါ့တယ်ပေါ့။





www.burmeseclassic.com

www.burmeseclassic.com

မနက်အစော မြို့မဈေးကြီး ဖွင့်ပြီဆိုရင် ပွေးလည်း ရောက်ချလာပါပြီ။ တစ်ဈေးလုံးက လူတွေကလည်း ပွေးမှပွေးဖြစ်နေလေတော့ ပွေးအဖို့ ဘယ်ဆိုင်ကိုပဲသွားသွား အရှုံးမရှိဘဲကများတယ်။

အလုပ်ကတော့ ကြုံရာကျပန်းပါပဲ။ ဟိုလူခိုင်းလုပ်လိုက်၊ သည်လူခိုင်းလုပ်လိုက်နဲ့ အခိုင်းသံသရာထဲမှာ နေလာခဲ့တာ နှစ်အတော်ကြာပေါ့။ ခိုင်းတဲ့လူတွေကလည်း ပွေးကို အလကားမခိုင်းကြပါဘူး။ သူတို့ခိုင်းတဲ့အလုပ်တွေ ပြီးလာခဲ့လို့ရှိရင် စားစရာရှိ စားစရာပေး၊ ဒါမှမဟုတ်ခဲ့ရင် ခိုင်းလိုက်တဲ့အလုပ်ပေါ်မှာကြည့်ပြီး တန်ရာတန်ဖိုးအနေနဲ့ လုပ်အားခတွေ ပေးတာများပါတယ်။

ဟိုအရင်တစ်ခါ ဆရာမ ထက်ထက်ဦးဝေရဲ့ မျက်နှာဖုံး ပုံရိပ် ပါလာတဲ့ တကယ့်ဖြစ်ရပ်မှုခင်း မဂ္ဂဇင်းကို ဈေးထဲက စာအုပ် လာ ငှားတဲ့ ဝင်းလှိုင်ဆိုတဲ့ ကောင်လေး နဲ့ လုရင်းကနေ စကားများရန် ဖြစ်ပြီး ဈေးခေါင်းရုံးခန်းကို ရောက်သွားခဲ့ရတဲ့သူပါ။ သည် လောက်ဆိုရင် ပွေးကိုမှတ် မိ လောက်ပါရဲ့။

သည်အလုပ်တွေနဲ့ ပွေး ကြီးပွားနေတာ ကြာပါပြီ ပွေးကို မသိခဲ့ရင် ကျွန်တော်ကပဲ ဦးစွာ ပထမ မိတ်ဆက်ပေးပါရစေ။

ဟိုအရင်တစ်ခါ ဆရာမ ထက်ထက်ဦးဝေရဲ့ မျက်နှာဖုံးပုံရိပ်ပါလာတဲ့ တကယ့်ဖြစ်ရပ်မှုခင်း မဂ္ဂဇင်းကို ဈေးထဲက စာအုပ် လာငှားတဲ့ ဝင်းလှိုင်ဆိုတဲ့ ကောင်လေးနဲ့ လုရင်းကနေ စကားများရန်ဖြစ်ပြီး ဈေးခေါင်းရုံးခန်းကို ရောက်သွားခဲ့ရတဲ့သူပါ။ သည်လောက်ဆိုရင် ပွေးကိုမှတ် မိလောက်ပါရဲ့။

ကျွန်တော့်မှာ စာအုပ်မျက်နှာဖုံးလည်း စုတ်သွားသေး၊ သူတို့ကိစ္စကိုလည်း လိုက်ဖြေရှင်းပေးရတာပဲ အဖတ်တင်ပါတယ်။ ဘာမှလည်း ကိုယ့်အတွက် အမြတ်ကျန်တာမဟုတ်ပါဘူး။

သည်အကြောင်းတွေကို ဇာတ်လမ်းတစ်ပုဒ်အနေနဲ့ တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းမှာ ရေးခဲ့ပြီးပါပြီ။ အခုလည်း ပွေးအကြောင်းကိုရေးရပြန်ပါပြီ။ ဒါကလည်း အားလုံးကို ဆင်ခြင်သင့်တဲ့အရာတွေကို ဆင်ခြင်မိစေဖို့ ရေးရတာပါ။ စေတနာနဲ့ပေါ့လေ။

ပွေးကလည်း တစ်ဈေးလုံးမှာရှိတဲ့လူတွေအနက် ကျွန်တော့်ကိုမှရွေးပြီး ခင်တတ်တယ်။ သူ့မှာပြောရမယ့် အမူအကျင့်လေးကတော့ အနည်းငယ်ရှိတယ်။ ဒါကဘာလဲဆိုတော့ သည်ကောင်က လူ ပျော်သမား၊ တစ်ဖက်လူ ကြိုက် မှန်းမသိ၊ မကြိုက်မှန်းမသိ သူစ နေရရင် ပျော်နေတတ်တဲ့သူ။ ဒါ လေးတစ်ခုပါပဲ။ ကျန်တာတွေကတော့ ကောင်းပါတယ်။

ကျွန်တော် ဘာပဲခိုင်းခိုင်း သိပ်ကိုဖင်ပေါ့တဲ့အကောင်။ ကျွန်တော့်အိမ်မှာ ထမင်းချိုင့်သွားယူခိုင်းမလား၊ မညည်းမညူဘဲ သွားယူပေးတယ်။ နေ့လယ်နေ့ခင်းဆိုရင် ကျွန်တော်က စားတတ်သောက်တတ်လေတော့ သူကပဲ အလိုက်တသိနဲ့ ကျွန်တော့်အတွက် စီမံပေးထားတတ်ပါတယ်။

စားတတ်တယ်၊ သောက်တတ်တယ်ဆိုတာက လက်ဖက်ရည်နဲ့မုန့်ကိုပြောတာပါ။ ဟိုဟာတွေမဟုတ်ပါဘူး။ အဲဒါမျိုးတွေကတော့ ကျွန်တော်ရှောင်ပါတယ်။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာလို့ ဆိုထားတာမဟုတ်လား။ ဈေးထဲက လက်ဖက်ရည်ဆိုင်တွေကလည်း ကျွန်တော်ဆိုရင် အကြွေးပဲယူယူ၊ လက်ငင်းပဲပေးပေး ကြည်ဖြူတာ

www.burmeseclassic.com

များပါတယ်။

ကြည့်ဖြူကြမှာပေါ့။ ဈေးစည်းကမ်းထိန်းသိမ်းရေးထဲမှာ ကျွန်တော်ကလည်း အမှုဆောင်တစ်ယောက်အဖြစ်ပါနေတာကိုး။ သည်တော့.. သည်တော့ပေါ့.....

ကျွန်တော့်ဆိုင်မှာက ကျွန်တော်ခိုင်းထားတဲ့ မိဝေဆိုတဲ့ကောင်မလေးတစ်ယောက်ရှိပါတယ်။ မိဝေက ကျွန်တော့်သူငယ်ချင်း စာရေးဖော်စာရေးဖက် မောင်ဖုန်းနွယ်ရဲ့ ညီမဖြစ်လေတော့ သူငယ်ချင်းမျက်နှာနဲ့ ဆိုင်မှာခန့်ထားရခြင်းပဲဖြစ်တယ်။

ပွားကတော့ ကျွန်တော့်ရဲ့ဆိုင်အလုပ်သမားမဟုတ်ပါဘူး။ သူ့ရဲ့ကွန်းခိုရာ နေရာတစ်ခုပေါ့။ အလုပ်ရှိခဲ့ရင် ကျွန်တော့်ဆိုင်ကနေထွက်သွား၊ အလုပ်ပြီးရင် ဆိုင်ကိုပြန်လာ၊ ပြီးတော့ ကျွန်တော်တို့နဲ့အတူ ရောက်တတ်ရာရာစကားတွေပြော၊ ဒါက သူ့ရဲ့နိစ္စဓူဝအလုပ်ပါ။

ကျွန်တော်နဲ့ခင်မင်သလို မဝေနဲ့လည်း ခင်မင်ပါတယ်။ မဝေခိုင်းတာကိုလည်း တစ်ခုမကျန် လုပ်ပေးရှာပါတယ်။ ဆိုင်ကိုစာအုပ်လာငှားတဲ့ ကောင်လေးတွေက မဝေကိုရိသဲ့သဲ့လုပ်ရင် ပွားက ခံနိုင်တာမဟုတ်ဘူး။ အဲသည်ကောင်လေးတွေကိုပဲ မျက်စောင်းတခဲခဲနဲ့လုပ်တော့တာပါပဲ။

ကျွန်တော်က အမြင်မတော်လို့ တိုးတိုး သက်သာနဲ့.....

"ပွား၊ စိတ်ကိုထိန်းစမ်း၊ ဖောက်သည်ပျက်အောင် မလုပ်နဲ့၊ မိဝေလည်း အနေအထိုင်ဆင်ခြင်"



အဲဒီလို ပွားလည်းပြော၊ မိဝေကိုလည်းပြော၊ ကြားထဲက မောရတဲ့သူက ကျွန်တော်ပါ။

သည်လိုဆိုတော့လည်း ဟုတ်သားလား။ နှစ်ယောက်စလုံး ငြိမ်သွားကြပါတယ်။ ဒါပေမဲ့လို့ ပွား မျက်လုံးတွေကတော့ နဂါးမျက်စောင်း အကြောင်းမရှေ့ဘူးလို့ ဆိုရလေမလားပဲမသိ။

လူငယ်ဆိုတော့လည်း သည်လောက်တော့ ရှိမှာပေါ့လေ။

♛♛♛♛♛

တော်ပါသေးရဲ့၊ ကြားထဲက ကျွန်တော်ရှိနေလို့သာပေါ့။ အေးပေါ့လေ၊ ကျွန်တော်တို့က လူကြီးတွေမဟုတ်လား။

အကြင်သူဟာ လူတို့ရှိအပ်တဲ့ အရည်အသွေးတွေ ကင်းမဲ့ခဲ့ရင် တံစဉ်ကဲ့သို့ ဘယ်လောက်ပင်ထက်ထက် လူမဟုတ်တော့ဘဲ သစ်ပင်တစ်ပင်မျှဖြစ်ရတာ မဆန်းပါဘူး။ ဒါကြောင့်မို့လည်း ကျွန်တော့်ကိုယ်ကျွန်တော် သစ်ပင်မဖြစ်ရအောင် ကြိုးစားခဲ့ရတာကတော့ အမှန်ပါ။

မလွယ်တဲ့သူတွေနဲ့ တွေ့မှတော့ ကျွန်တော်စောင်မှ တစ်ခါတစ်ရံမှာ မလွယ်ချင်သလိုလို ဖြစ်လာတယ်။ ဘယ်လိုပဲဖြစ်နေပါစေ ကိုယ်က လူကြီးဆိုတော့ လူကြီး

www.burmeseclassic.com



လုပ်ရပ်တွေနဲ့အတူ နေရမှာပေါ့။ အစစအရာရာ ငပွားတို့နဲ့ လိုက် ယှဉ်လို့ ဘယ်ဖြစ်ပါ့မလဲ။

လူကြီးဆိုတာ လူကြီးသိက္ခာ တော့ ရှိရမှာပေါ့။

ပြောခဲ့သလို ငပွားဆိုတဲ့ ကောင်ကလည်း တစ်ဖက်သားကို အစအနောက်သန်တဲ့သူမဟုတ်လား။ သည်လိုလုပ်ရပ်တွေကြောင့် ကျွန်တော်တောင်မှ ဒုက္ခရောက်ခဲ့ရသေး တယ်။ နောက်ဆုံးမှာတော့ ကျွန်



တော့်ကိုပဲ တရားခံလို့ တစ်ဈေးလုံး က စွပ်စွဲကြတယ်။

မပြေးသော်လည်း ကန်ရာက ရှိနေတော့ ဘယ်သူ့ကိုမှလည်း အပြစ်မပြောတော့ပါဘူး။ ကိုယ့် အကြောင်းနဲ့ကိုယ်၊ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပေပဲပေါ့။

အဲသည်နေ့က ကျွန်တော့်ဆိုင် က မဝေက ဈေးအိမ်သာသွားချင် တယ်ဆိုလို့ ခွင့်ပန်လာတာနဲ့ ကျွန်တော်ကလည်း ကြည်ကြည်ဖြူဖြူ နဲ့ ခွင့်ပြုလိုက်ပါတယ်။ မဝေအိမ် သာသွားခိုက်မှာပဲ ၆ ရှံထဲက ချစ်စု ရဲ့တပည့်မလေး ရောက်ချလာပြီး...

"ကိုဇော်ကြီး အစ်မချစ်စုက ဒီလထုတ် မှုခင်းအမြင်ရောက်ခဲ့ရင် သူ့ကိုလာပေးဦးတဲ့၊ သမီးကိုမှာ လိုက်တယ်၊ အဲဒါ ဦးသွားပေးလိုက် ဦးနော်၊ သမီး အိမ်သာသွားဦး မယ်"

မဝေမရှိတော့ ဆိုင်မှာက လည်း ငပွားကလွဲပြီး ဘယ်သူမှရှိ တာမဟုတ်။ မှုခင်းအမြင်ကလည်း သည်နေ့မှ နေစေးစာပေကနေ ဝယ် လာခဲ့တာမဟုတ်လား။ မှုခင်းအမြင် ကိုကြိုက်တဲ့ ချစ်စုကိုပဲ အရင်ဦးစား ပေးပြီး ငှားရတော့မှာ ပါပဲ။

ဒါကြောင့်မို့ ငပွားကို စုံစမ်း လိုက်ရတယ်။ ၆ ရှံထဲက ချစ်စုတို့ ဆိုင်ကို သိရဲ့လားဆိုတာ။ ငပွားက

အဲသည်နေ့က
ကျွန်တော့်ဆိုင် က မဝေက
ဈေးအိမ်သာသွားချင် တယ်ဆိုလို့
ခွင့်ပန်လာတာနဲ့
ကျွန် တော်ကလည်း
ကြည်ကြည်ဖြူဖြူနဲ့
ခွင့်ပြုလိုက်ပါတယ်။
မဝေအိမ်
သာသွားခိုက်မှာပဲ ၆ ရှံထဲက
ချစ်စု ရဲ့တပည့်မလေး...

တော့ သူ့မာနကို ထိခိုက်သွားလို့ လားတော့ မပြောတတ်။

"ဒီဈေးကြီးထဲမှာ အပ်ကျတာ ကအစ ငပွားသိတယ်၊ ကိုဇော်ကြီး ဘာခိုင်းချင်သလဲ၊ မရခဲ့ရင် ငပွား ကို ပြောချင်သလိုပြော"

ကျွန်တော်ကပဲ ကိုယ့်ကိုယ် ကိုယ် လျှော့ပြီး ချစ်စုတို့ဆိုင်ကို မှုခင်းအမြင်သွားပို့ဖို့အတွက် ငပွား ကိုပဲ စိတ်ချယုံကြည်စွာနဲ့ ခိုင်းလိုက် ပါတယ်။

ခိုင်းသာခိုင်းရတယ်။ စိတ်ထဲ ကတော့ တထင့်ထင့်နဲ့ပေါ့။ ဘာမှ ဖြစ်မလာပါစေနဲ့ဆိုတာကိုပဲ စိတ်ထဲ ကကျိတ်ပြီး ဆုတောင်းနေလိုက်ရ တယ်။ ဆုတောင်းမှားခဲ့ရင်တော့ သူ့အကြောင်းတရားနဲ့သူပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

မဝေ အိမ်သာက ပြန်ရောက်လာတဲ့အချိန်မှာပဲ ချစ်စုဆိုင်မှာခိုင်းထားတဲ့ တပည့်မလေးတစ်ယောက်က ရေးကြီးသုတ်ပျာနဲ့ ရောက်ချလာတယ်။

''ဦးရေ ဒုက္ခတော့ဖြစ်ပြီနဲ့တူတယ်''

သူ့စကား က ဘာလိုလိုကြီးမို့ ကျွန်တော် တောင်မှကြောင်သွားတယ်။

အဓိပ္ပာယ် ရှင်းလင်းအောင်လို့ မေးကြည့် လိုက်တော့မှ ကောင်မလေးက ဖွင့်ဟလာတယ်။

''ပွှားလေ ပွှား၊ အစ်မချစ်စုကို စာအုပ်လာပေးရင်းနဲ့ စာအုပ်ထဲမှာ ပလတ်စတစ်မြွေရုပ် ထည့်ပေးလိုက်တယ်၊ အဲဒါကို အစ်မက အဟုတ်မှတ်ပြီး လန့်သွားလို့ ခုဆေးခန်းပို့ရတော့မယ်၊ အစ်မမှာ နဂိုကမှ နှလုံးရောဂါရှိရတဲ့အထဲ၊ ပွှားလည်း ဈေးခေါင်းရုံးခန်းမှာ ရောက်နေတယ်၊ ဦးလိုက်သွားလိုက်ဦး''

ပွှားတစ်ယောက်နဲ့ဖြင့် ကျွန်တော် သေချင်ပါတယ်။ နှလုံးရောဂါသည်ကိုမှ သွားပြီးနောက်ရတယ်လို့။ ဈေးခေါင်းရုံးခန်းကိုရောက်တော့ ပွှားက မျက်နှာငယ်လေးနဲ့ ကျွန်တော့်ကို ကြည့်နေရှာတယ်။

ဖြစ်ပြီးမှတော့ ဘာလုပ်လို့ရမှာတဲ့လဲ။ လုပ်စရာရှိတာတွေကိုပဲ ဆက်လုပ်ရတော့မှာပေါ့။ ပျော်လွန်းအားကြီးရင် ပျက်သတဲ့။ အကျီစား သန်ရင် ရန်ဖြစ်ရသတဲ့။ ဒါတွေကိုလည်း ပွှား နားလည်မှာမဟုတ်ပါဘူး။



လူနှင့်တူအောင်ကျင့်ခဲ့ရင် တရားဥပဒေနှင့်မဆိုင်။ လူနှင့်တူအောင် မကျင့်ခဲ့ရင် တရားဥပဒေနှင့်သာဆိုင်သည်တဲ့။ ဆိုထားခဲ့တဲ့ စကားတွေ။

ပွှားစလိုက်တဲ့ ပြဿနာကြောင့် ချစ်စုတို့မိဘတွေက ရဲစခန်းကို အကြောင်းကြားလိုက်တာနဲ့ ပွှားလည်း လက်ထိတ်လေးတန်းလန်းနဲ့ ဆိုင်ရာကလာခေါ်တဲ့ လူကြီးတွေရဲ့နောက်ကို ပါသွားပါတယ်။

အများ အကျိုး မသယ် ပိုးဘဲ အမြဲကိုယ် ကျိုးကြည့်ခဲ့တဲ့ ပွှား။

အခုတော့ဖြင့် သူလျှောက် ရမယ့် လမ်းတောင်ဆူးတွေ လွှမ်းပြီး ဆင်ကန်းတောတိုး ဘဝ ရောက်နေရတာကတော့ ပြောရတာ စိတ်မကောင်းလိုက်တာဗျာ။ တကယ့်ကိုမှ စိတ်မကောင်းလိုက်တာ။

ပွှားလက်ချက်ကြောင့် ကျွန်တော်လည်း အမြတ်ထွက်သွားပါတယ်။ ဈေးခေါင်းအမိန့်နဲ့ ကျွန်တော့်ရဲ့ ရွှေအုန်းပင်စာအုပ်အငှားဆိုင်ကိုတောင်မှ တစ်ပတ်တိတိ အပိတ်ခံလိုက်ရတယ်ဆိုတာကိုပါပဲ။

**(တကယ့်ဖြစ်ရပ်မှန်တစ်ခုကို ခံစားရေးဖွဲ့ပါသည်။)**

**အောင်ကျော်ဖြိုး**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## မိုးကြွေသည့်ဆောင်း

ထက်ထက်ဦးဝေ

“မိုး”တစ်ယောက် ရင်တွေ ခုန်နေမိသည်။ အထူးသဖြင့် ရန်ကုန်မြေကို ခြေချမိသည်နှင့် ရင်မှာ အလိုလို ဝမ်းနည်းလှိုက်ဖို ငိုချင်လာမိပြန်သည်။ သြော်..နောင်းအတိတ်၏အရိပ်သည် သူ့အတွက် မေ့ပျောက်မရနိုင်သည့် ဖြစ်ရပ်တစ်ခုကို အစပြန်ဖော်ပေးသည့်နယ်။ သတိမရချင်သော်လည်း မျက်ဝန်းထဲ အလိုလိုပေါ်လာရပြန်သည်။ မျက်ဝန်းများကိုမှိတ်ကာ အတွေးများကို မောင်းထုတ်ပစ်မိသည်အထိ နာကြည်းမုန်းတီးစိတ်ဖြစ်ရလေပြီ။

“မိန်းမတွေဟာ ခါးသီးဆိုးရွားလွန်းတဲ့ အတိတ်ဆိုးတစ်ခုကို အမြဲတမ်း မှတ်မှတ်ရရ ဖြစ်ကျန်နေခဲ့ပြီး ပျောက်ဖျက်မရအောင် စွဲမှတ်နာကျင်စေတာ ဘဝကပေးခဲ့တဲ့ သင်ခန်းစာကြောင့်ပါပဲလေ”

ဝမ်းနည်းစိတ်ဖြင့် ဝဲတက်လာသော မျက်ရည်ကြည်များမှာ ချက်ချင်းပင် မျက်ရည်စက်များအဖြစ်သို့ ပါးပြင်တစ်လျှောက် ပြောင်းလဲစီး ကျလာကြပြီး မြေပေါ်သို့ ခုန်ဆင်းသွားကြ၏။ လက်ကိုင်အိတ်ထဲမှ ဓာတ်ပုံလေးတစ်ပုံကို ထုတ်ကြည့်မိပြန်သည်။ ထိုဓာတ်ပုံလေးကိုမြင် ရလျှင်ရင်ထဲမှ ဝေဒနာတစ်ခုသည် မိုး၏နှလုံးသားထဲသို့ တံခါးမခေါက် ဘဲ ဝင်ရောက်လာလေရာ မျက်စိစုံမှိတ်ပြီး နှုတ်ခမ်းကို ဖိကိုက်ထားမိ၏။ ထိုအတွေးဆိုးများသည် မိုးနှင့်ဝေးရာသို့ ရောက်ရှိသွားကြပေပြီ။ သို့ပေမယ့် မုန်းတီးရွံရှာစရာ မျက်နှာဆိုးကြီးတစ်ခုကပါ မိုး၏မျက်ဝန်းထဲတွင် နာကြည်းစွာ ပျောက်ဖျက်မရခဲ့ပေ။ ဖြစ်နိုင်လျှင် ရင်ထဲမှ အပြီးအပိုင် ထုတ်ပစ်လိုက်ချင်နေသည်။



♛♛♛♛♛

“မေမေရေ....အန်တီမိုးလာတယ်”

တက္ကစီလေးရပ်သွားသည်နှင့် အိမ်ထဲမှ အမျိုးသမီးနှစ်ယောက် ပြေးထွက်လာကြသည်။ အမျိုးသမီး ငယ်လေးမှာ တံခါးကို အတင်းဆွဲဖွင့်ပြီး ကားပေါ်မှ ခရီးဆောင်သေတ္တာကို သယ်နေ၏။ မိုးက သူတို့ထံ ပြုံးပြလိုက်သည်။

“မိုးရောက်လာလိမ့်မယ်လို့ မမစိုး ထင်သားပဲ၊ မနက်က အိပ်

www.burmeseclassic.com

ရှေ့မှာ ကျီးသာနေတယ်လေ၊ လာမယ်ဆိုလည်း ဖုန်းဆက်လိုက်တာမဟုတ်ဘူး''

''ဟုတ်တယ် အန်တီမိုးရဲ့၊ မေမေက အန်တီမိုးကို မျှော်နေတာပါ၊ သင်္ကြန်မှာ လာမယ်ဆိုပြီး မလာဘူးနော်''

သွက်လက်ချက်ချာစွာ ပြောနေသည့် တူမချောအား ငေးကြည့်မိ၏။ တူမပင် အရွယ်ရောက်နေပေပြီ။ သို့ပေမယ့် ကလေးဆန်သော အမူအရာလေးမှာ ပျောက်ကွယ်မသွားသေးပေ။ ချစ်စရာကောင်းနေ၏။

''ခရီးထွက်သွားလို့ပါ ဖြူဖွေးလေးရယ်''

''ဟင်း.. အန်တီမိုးက ဖြူဖွေးတို့ကို မေ့ထားနိုင်တယ်ပေါ့''

နှုတ်ခမ်းစူကာ မူနွဲ့ပုံလေးကြောင့် သဘောကျစွာ ပီတိဖြစ်မိရပြန်၏။ အိမ်ထဲမှ ဖြူဖွေးအဖေလည်း ရောက်လာသည်။

''ကဲပါ သမီးရယ် အိမ်ထဲကိုရောက်မှ ဆက်ပြောကြ၊ အန်တီမိုးက ခရီးပန်းလာတယ်လေ''

ဖခင်ဖြစ်သူ သတိပေးမှပင် ဖြူဖွေးသည် မိုး၏လက်ကိုဆွဲကာ ခရီးဆောင်သေတ္တာအား မနိုင်မနင်း သယ်ဆောင်သွားသည်ကို မိဘနှစ်ပါးက ကျေနပ်စွာကြည့်နေကြ၏။ သူတို့ထံတွင် သမီးလေး



သည်တစ် ယောက်တည်းသာရှိပြီး ဖြူဖွေးမှာ အဖော်မဲ့သူပီပီ အဒေါ်ဖြစ်သူကို ခင်တွယ်တတ်၏။

''ထိုင်နော် အန်တီမိုး၊ ဖြူဖွေး အအေးသွားယူလိုက်ဦးမယ်နော်''

သည့်လို အလိုက်တသိရှိနေ၍လည်း သူတို့နှစ်ဦးမှာ သံယောဇဉ်တွယ်တာမိကြသည်လားမသိပေ။ မိုးပြန်မည့်ရက်တိုင်း ဖြူဖွေးက အခန်းထဲတွင် ကျိတ်ငိုတတ်စမြဲပါ။ အအေးခွက်လေးကို မိုးရှေ့ တွင်ချပြီးနောက် ဆက်တီလက် တန်းပေါ်တွင် ဖြူဖွေးက ထိုင်လိုက်၏။

''အန်တီမိုးက ဒီမှာ ဘယ်လောက်နေမှာလဲဟင်၊ ဖြူဖွေးနဲ့ အကြာကြီးနေရမှာနော်''

ယူသောက်လိုက်သည့်အအေးသည် မိုး၏နှလုံးသားထိတိုင် စိမ့်ခနဲဝင်သွားသည့်အလား စူးနစ်စွာ ခံစားသွားရသည်။ တစ်ပတ်ခန့် ရက်ကလေးအား အချိန်လု၍ လာခဲ့ရသည့် မိုးအဖြစ်ကို ဖြူဖွေးက နားလည်နိုင်မည်မဟုတ်ပေ။

''တစ်ပတ်ပေါ့ကွယ်''

''ဟင်း.....နည်းလိုက်တာ၊ ခွင့်ပိုတင်ပါလား အန်တီမိုးရာ''

သူလေးဖြစ်စေချင်သည့်ဆန္ဒအတိုင်း ကလေးဆိုးကြီးတစ်ဦးပမာ စိတ်ကောက်သွားပြန်၏။

''သမီး...အဲဒီလို မပြောရဘူး



www.burmeseclassic.com

www.burmeseclassic.com

လို့ မေမေ မှာထားတယ်လေကွယ်၊ အန်တီမိုးကို စိတ်ညစ်အောင်မလုပ်ရဘူးနော်''

သည်တော့မှ မိုး၏ရင်ခွင်ထဲသို့ ခေါင်းလေးတိုးဝင်လာပြီး တင်းတင်းလေး ဖက်တွယ်ထားလိုက်တော့သည်။ မိုး၏အကြည့်များသည် အစ်မလင်မယားထံသို့ ရောက်သွားပေမယ့် သူတို့နှစ်ဦးက မိုးထံသို့ တူညီသောအပြုံးကိုယ်စီဖြင့် တုံ့ပြန်လာကြရာ မိုး၏စိတ်မှာ အနေခက်ခဲ့သည်ကိုတော့ မငြင်းနိုင်ပေ။ မိုးရင်မှာ နက်ရှိုင်းစွာ ခံစားသွားရတော့၏။

''ဖြူဖွေးက အန်တီမိုးကို ချစ်လို့ပါ မေမေရယ်''

မိုး၏နှလုံးသားထဲတွင် ကျင်စက်နှင့် အတို့ခံလိုက်ရသည့်ပမာ တုန်လှုပ်သွားမိ၏။ ဖြူဖွေးက မိုး၏ပါးပြင်ကို နမ်းရှိုက်လိုက်ပြန်သည်။

''ဒီကလေးတော့ ခက်နေပြီနော်''

လင်မယားနှစ်ယောက်ထံ အရက်ပြေ ပြုံးပြလိုက်မိတော့၏။

♛♛♛♛♛

''ဟယ်...ဖြူဖွေးရဲ့အန်တီက ချောတယ်နော်''

''အေးဟ၊ ဖြူဖွေးနဲ့ ခပ်ဆင်ဆင်တူတယ်နော်''

ဧည့်ခန်းထဲမှ ဖြူဖွေးသူငယ်ချင်းနှစ်ယောက်၏ မှတ်ချက်ချသံကို ကြားရစဉ် မိုးက မလုံမလဲဖြစ်မိရပြန်သည်။ စာဖတ်ရင်း လှမ်းကြည့်မိ၏။

''မင်းတို့ပြောတာနဲ့ အန်တီမိုးရှက်သွားပြီကွာ''

''ဟိတ်...ဖြူဖွေး၊ အန်တီမိုးက အပျိုကြီးလားဟင်''

''ဘာလဲ မင်းလေးလေးနဲ့ အောင်သွယ်ဦးမလို့လား၊ သွားစမ်းပါ ချောစုရာ၊ မင်းရဲ့ မစွံတဲ့လေးလေးက ဒီတစ်သက် ဘယ်တော့မှ မိန်းမ မရပါဘူး၊ ဇိဇာကြောင်နေတာကိုး၊ ပြီးတော့ ရုပ်ကလည်း မလှဘူး''

ချောစုလည်း သူ့လေးလေးအား ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်၍ မျက်နှာလေးပျက်သွား၏။ သို့သော် အနိုင်ယူလိုစိတ်ဖြင့်.....

''အမယ် .....မချောတဲ့ယောကျ်ားမျိုးဟာ နှလုံးသားလှတတ်တယ် ဖြူဖွေးရဲ့၊ သူတို့မှာ ကြင်နာတဲ့ နှလုံးသားမျိုး ပိုင်ဆိုင်ထားကြတာနော်၊ မယုံမရှိနဲ့''

''ဒါဆိုလည်း ဆုလိုင်အစ်မနဲ့

သည်တော့မှ
မိုး၏ရင်ခွင်ထဲသို့
ခေါင်းလေးတိုးဝင်လာပြီး
တင်းတင်းလေး
ဖက်တွယ်ထားလိုက်တော့သည်။
မိုး၏အကြည့်များသည်
အစ်မလင်မယားထံသို့
ရောက်သွားပေမယ့်
သူတို့နှစ်ဦးက မိုးထံသို့
တူညီသောအပြုံးကိုယ်စီဖြင့်
တုံ့ပြန်လာကြရာ
မိုး၏စိတ်မှာ
အနေခက်ခဲ့သည်ကိုတော့. . .

www.burmeseclassic.com

အောင်သွယ်လိုက်လေ''

ဆုလှိုင်ဘက်လှည့်လာ၍ ဆုလှိုင်က အလျင်အမြန် ငြင်းလိုက်တော့သည်။

''မလုပ်ပါနဲ့ ဖြူဖွေးရာ၊ အေးအေးနေပါရစေနော်''

လက်ကလေးကာ၍ ငြင်းဆန်လိုက်ပုံကြောင့် သုံးယောက်လုံး သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောနေကြတော့၏။ မိုးလည်း သူတို့အနားတွင် မနေချင်၍ မယောင်မလည် ထလာခဲ့မိ၏။ ဧည့်ခန်းထဲမှ အပျိုမလေးများ၏ ရယ်သံသည် ထမင်းစားခန်းထိတိုင် ပျံ့လွင့်လာ၍ မနှစ်သက်မိသည်က အမှန်ပါ။

လက်ကလေးကာ၍ ငြင်းဆန် လိုက်ပုံကြောင့် သုံးယောက်လုံး သဘောကျစွာဖြင့် ဟက်ဟက်ပက် ပက် ရယ်မောနေကြတော့၏။ မိုးလည်း သူတို့အနားတွင် မနေချင် ၍ မယောင်မလည် ထလာခဲ့မိ၏။ ဧည့်ခန်းထဲမှ အပျိုမလေးများ၏ ရယ်သံသည် ထမင်းစားခန်းထိတိုင် ပျံ့လွင့်လာ၍ မနှစ်သက်မိသည်က

''မစိုး ဖြူဖွေးက အဲဒီလိုရယ်တတ်တာပဲလား''

''ရယ်ကြပါစေကွယ်၊ သူတို့ကို စည်းကမ်းတွေနဲ့ ဘောင်ခတ်ချုပ်ချယ်ထားရင် နှစ်သက်ကြမှာမဟုတ်ဘူးကွဲ့၊ နားလည်ပေးလိုက်ပါကွယ်''

မိုးလည်း ပင့်သက်မောကို ရှိုက်လိုက်မိ၏။ ဖြူဖွေးအား ဗိုင်းကောင်းကျောက်ဖိ ဖြစ်စေချင်နေသည်။ ရောက်သည့်နေ့မှစ၍ ဖြူဖွေး၏အပြုအမူကို ကြည့်မိ၏။

''သမီးက လိမ္မာပါတယ်ကွယ်၊ တစ်ခါတလေ တစ်ဖွတ်ထိုးစိတ်လေးရှိတာကလွဲလို့ မိဘစကားကို နားထောင်ရှာပါတယ်''

''မစိုးတို့က ဖြူဖွေးကို အလိုလိုက်သလိုပဲနော်၊ ဒါကြောင့်မို့ကလေးက ဆိုးချင်သလို ဖြစ်နေတာပဲ၊ အခုလည်းကြည့်လေ၊ သူ့သူငယ်ချင်းတွေပုံစံက ဝတ်စားထား တာများ၊ မိုးတော့ သူတို့မိဘတွေကို အံ့ဩပါရဲ့''

''ခေတ်လူငယ်တွေပဲကွယ်၊ ဒီလောက်တော့ရှိမှာပေါ့''

''တိုင်းတစ်ပါးက ဝတ်စားတာတွေကို လိုက်အတုခိုးပြီး ကိုယ့်ယဉ်ကျေးမှုကို ဆန့်ကျင်တာတော့ မကောင်းဘူးပေါ့ မစိုးရယ်၊ ကလေးကို ဆုံးမဖို့က မစိုးတာဝန်ပဲနော်''

''သမီးက မိုးထင်သလောက်လည်း မဟုတ်သေးပါဘူး၊ သူ့ကိုယ်သူ ထိန်းသိမ်းတတ်ပါတယ်၊ စာလည်း ကြိုးစားပါတယ် မိုးရယ်''

ဖြူဖွေးတွင် ကြိုးစားချင်စိတ်ရှိသည်မှာ မိုးမျက်မြင်ပါ။ ညဉ့်နက်ချိန်အထိ စာကြည့်နေတတ်ပြီး မနက်စောစောတွင် စာထကျက်၏။

''တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ချင်းပေါက်အောင်မှာ သေချာပါတယ်ကွယ်၊ သူက အော်လ်ဒီမပါမှာပဲ စိုးရိမ်နေတာပါ''

ဉာဏ်ကောင်းသော ဖြူဖွေးကြောင့် မိဘများက ပညာရေးတွင် မျှော်လင့်နေကြသည်။ မိုးလည်း ထို့အတူပင်။ ဖြူဖွေးအား အရာဝန်ဖြစ်

www.burmeseclassic.com





စေချင်နေ၏။

"ရန်ကုန်ကို ရောက်တုန်း ရောက်ခိုက် ဘုရားတွေစုံအောင် ဖူးသွားဦးနော်၊ မိုးကတော့ ဘယ်လိုနေမလဲမသိဘူး၊ ဖြူဖွေးကတော့ White Board ပေါ်မှာ 'အန်တီမိုးနဲ့ ခွဲရန် ငါးရက်သာလိုတော့သည်' တဲ့၊ စိတ်မကောင်းစရာပဲကွယ်"

မစိုးထံမှ တိတ်ဆိတ်သွား၏။ ပြောပြီးမှ မိုး၏မျက်နှာလေးကိုလှမ်း ကြည့်ကာ တခြားစကားဖြင့် လွှဲလိုက်သည်။

"ဟိုမှာ ပုစွန်ခြောက် ရှားတယ်မဟုတ်လား၊ မိုးပြန်ရင်ထည့် ပေးဖို့ မစိုးဝယ်ထားတယ်၊ မိုးက ပုစွန်ခြောက်နဲ့ အဆာပြေထမင်း စားတတ်တယ်မဟုတ်လား"

မစိုးမှာ ပြောသာပြောနေရသည်။ ဖြူဖွေးလည်း ပုစွန်ခြောက်နှင့် ထမင်းအဆာပြေစားတတ်ကြောင်း မိုးသိရန် ပြောမပြလိုတော့ပါ။ စကားပြောတိုင်း ဖြူဖွေးနှင့် မလွတ်ကင်းမှန်း သူသိနေ၏။ မိုး၏ မှိုင်တွေညှိုးရော်သွားသော မျက်နှာလေးကြောင့် သက်ပြင်းလေးအား ခိုးချလိုက်မိသည်။

♛♛♛♛♛

ညဥ့်နက်ခံပြီး စာကျက်တတ်သော ဖြူဖွေးမှာ အိပ်ရေးပျက်သည့်အတွက် နေ့လယ်ခင်းတွင် အိပ်စက်တတ်၏။ ထိုသို့စာကျက်သည်ကို မိုးကမကြိုက်ပေ။ နေ့ခင်းဘက်အိပ်ခြင်းအား အကျင့်ပါမည်ကို စိုးရိမ်နေသည်။ အိပ်ချိန်ရလျှင် အကြောင်းမဟုတ်ပေ။ အိပ်ချိန်မရှိလျှင် ကျန်းမာရေး ထိခိုက်တတ်၏။

"မိုးရေ ဖြူဖွေးကို သွားနှိုး လိုက်ပါဦးကွယ်၊ တော်ကြာ Guide ဆရာမ ရောက်လာတော့မှာ၊ ရေချိုးဖို့ အချိန်ရောက်နေပြီ"

ထိုးလက်စ သိုးမွှေးဆွယ်တာလေးအား စားပွဲပေါ်ချလိုက်ပြီးနောက် ဖြူဖွေးကိုနှိုးရန် ထလိုက်၏။ အခန်းတံခါးအား နှစ်ချက်ဖွဖွ ခေါက်လိုက်ရာ အထဲမှ တုံ့ပြန်သံကို မကြားရ၍ တံခါးကို အသာဟ ကြည့်လိုက်မိ၏။ အမှောင်ချထားသောကြောင့် အိပ်ခန်းမီးကို ဖွင့်ကြည့်လိုက်ရာ လွတ်လပ်စွာအိပ်ပျော်နေရှာသော ဖြူဖွေးကို တွေ့ရတော့သည်။

"ဟင်....."

မိုးတစ်ယောက် အံ့သြသွားရ၏။ အခန်းတံခါးချက်ကို ချမထားဘဲ လုံခြုံမှုမရှိခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်နေမှန်း ဖြူဖွေးက မသိပေ။ ပြီးတော့လည်း ကြိုးနှစ်ချောင်းပါ ဇာအင်္ကျီပါး လက်ပြတ်လေးမှာ အမြင်မတော်ပေ။ အောက်ခံဇာနားကွပ် ဘောင်းဘီပါးလေးဖြင့် အိပ်စက်နေသည်က နှစ်နှစ်ခြိုက်ခြိုက်ပင်။

ထိုမြင်ကွင်းသည် မိုး၏နှလုံးသားတည့်တည့်အား ဓားဦးချွန်ဖြင့် ထိုးလိုက်သည့်ပမာ စူးရှနာကျင်သွားရ၏။ တစက်စက်ကျလာ

www.burmeseclassic.com



သော သွေးစက်များက မျက်ရည်များအဖြစ်သို့ ပြောင်းလဲခံစားသွားရတော့သည်။ အတိတ်တစ္ဆေသည် အရိပ်ပမာ မိုး၏နောက်တွင် ကပ်ငြိ ခြောက်လှန့်နေ၍ စိတ်မကျန်းမာသူပမာ ငြင်းဆန် နောက်ဆုတ်မိသည်။



"ဟင့်အင်း....ဟင့်အင်း၊ မိုးကြောက်တယ်၊ မိုး ကြောက်လို့ပါ၊ မလာကြပါနဲ့"

နှုတ်က ယောင်ယမ်းပြောနေမိ၏။ ကြောက်စိတ်ကြောင့် ချောက်ချားလာရပြီး နံရံတွင်ကပ်၍ တောင်းပန်လိုက်သည်။ မရသည့်နောက် မိုး၏စိတ်က ချုပ်ထိန်းမရတော့ဘဲ နံရံပေါ်မှ ဖုန်သုတ်သည့်ကြက်မွေးကို ဆွဲယူကာ ဖြူဖွေး၏ကိုယ်ပေါ်သို့ အဆက်မပြတ် ရိုက်ချလိုက်၏။

"ကဲဟယ်.....ကဲဟယ်"

တရွှမ်းရွှမ်းရိုက်သံနှင့်အတူ နာကျင်မှုကြောင့် ဖြူဖွေးမှာ လန့်ဖျပ်သွားကာ ခုတင်ပေါ်မှ ထပြေးလေတော့သည်။ မိုးကိုတွေ့၍ ဖြူဖွေးလည်း အံ့သြပြီး မေးလိုက်၏။

"အန်တီမိုး ဖြူဖွေးကို ဘာကြောင့် အဲဒီလောက်ရိုက်ရတာလဲ၊ အီး.....ဟီး၊ ဖြူဖွေးမှာ ဘာအပြစ်ရှိလို့လဲ၊ အီး.....ဟီး.....ဟီး"

ဖြူဖွေး၏ အော်ငိုသံကြောင့် အရိုက်ရပ်သွားပြီး ကြက်မွေးကြိမ်လုံးလေးအား လွှတ်ချလိုက်မိ၏။ မိုး၏စိတ်သည် မည်သို့ဖြစ်သွားခဲ့ပြီမသိပေ။ သတိကင်းလွတ်ခဲ့မိ၏။ ဖြူဖွေးငိုနေပုံကို ငေးကြောင်၍ ကြည့်နေဆဲတွင်.....

"ဘာဖြစ်တာလဲ သမီး၊ ဘာဖြစ်တာလဲ၊ မေမေ ရင်ထိတ်လိုက်တာကွယ်"

မစိုးမှာ အပြေးလေးဝင်ရောက်လာ၍ မိခင်၏ရင်ခွင်ထဲသို့ ပြေးဝင်ကာ ဖြူဖွေးသည် ကြောက်လန့်စိတ်ဖြင့် ငိုနေတော့သည်။ ဖြူဖွေးတစ်ကိုယ်လုံး တုန်ယင်နေ၏။

"ဖြူဖွေးအိပ်နေတာကို အန်တီမိုးက ဟိုကြက်မွေးနဲ့ ရိုက်တယ် မေမေ၊ အီး....ဟီး.....ဟီး၊ နာတယ်.....နာတယ်"

"ပြစမ်း သမီးလေး"

ထိတ်လန့်တုန်လှုပ်စွာဖြင့် သမီး၏ကျောနှင့်တင်ပါးအား လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည့်အခါတွင် အဝတ်အောက်မှ အရိုးရာအထပ်ထပ်ကို တွေ့ရတော့၏။ လက်မောင်းနှင့် ပေါင်တွင်ပါ အရိုးရာများ ရှိနေကြရာ မစိုးမှာ ရင်ဆို့သွားရတော့၏။ မျက်ရည်များပါ ကျလာပြီး.....

"လုပ်ရက်လိုက်တာ မိုးရာ၊ သမီးမှာ ဘာအပြစ်ရှိလို့ဒီလောက်တောင် ရိုက်ခဲ့ရတာလဲ၊ ငါ့ကိုပြောပြစမ်းပါဦးအေ၊ မိုး နင်သိပ်ရက်စက်တယ်၊ ဒီကလေးကို ပိုးမွေးသလို မွေးခဲ့ရတာ ငါတို့ပါ၊ ရိုက်ဖို့ နေနေသာသာ လက်နဲ့တောင် ရွယ် ခဲ့တာမဟုတ်ဘူး"

အစ်မထံမှ ဒေါသစကားများကြောင့် မိုးလည်း မိမိလုပ်မိခြင်းမှာ မှားသွားမှန်း သိခဲ့ရ၏။ သူ့စိတ်ကိုလည်း ပြန်တွေးမရပေ။ ရိုက်မိခြင်းမှာလည်း စေတနာဖြင့် ဆုံးမခြင်းသာဟု ထင်မိ၏။ သူမ၏စေတနာအမှားသည် အားလုံးအတွက် ဝေဒနာဖြစ်ခဲ့ရပြီလားဟု တွေးမိရင်း ဝမ်းနည်းသွားရသည်။

"သူ့အဖေမေးရင် ငါဘယ်လိုပြောရမလဲ၊ ဒီကလေးဟာ လူပါ မိုးရယ်၊ တိရစ္ဆာန်တစ်ကောင်လို ရိုက်ရလောက်အောင် ငါ့သမီးမှာ ဘာအပြစ်ရှိလို့လဲအေ၊ အကြောင်းမဲ့သက်သက် ရိုက်တာမျိုးတော့ ငါ လက်မခံနိုင်ဘူး"

တအီးအီးဖြင့် ငိုရှိုက်နေသည့် ဖြူဖွေးကြောင့် မစိုးမှာ မခံမရပ်နိုင် ဖြစ်နေ၏။ မိုးအနေနှင့်ဖြေရှင်းချက် မပေးလိုတော့ပါ။ ခိုင်လုံသောဖြေရှင်းချက်မျိုးမဟုတ်၍ မစိုးက လက်ခံမည်မဟုတ်ပေ။ သို့သော်လည်း ဖြူဖွေးအား မိုးက ဆုံးမပိုင်ခွင့်မရှိတော့ဘူးလားဟု မေးလိုက်ချင်၏။

"သမီးလေး သိပ်နာသွားလားဟင်၊ မေမေ ဆေးထည့်ပေးမယ်နော်"

**အစ်မထံမှ
ဒေါသစကားများကြောင့်
မိုးလည်းမိမိလုပ်မိခြင်းမှာ
မှားသွားမှန်းသိခဲ့ရ၏။
သူ့စိတ်ကို လည်း
ပြန်တွေးမရပေ။
ရိုက်မိခြင်းမှာလည်း
စေတနာဖြင့်
ဆုံးမခြင်းသာဟုထင်မိ၏။
သူမ၏စေတနာ အမှားသည်
အားလုံးအတွက်
ဝေဒနာဖြစ်ခဲ့ရပြီလားဟု...**

သမီးဖြစ်သူကို ကြင်နာစွာ ထွေးဖက်၍ ခေါ်ဆောင်သွားခြင်းကြောင့် မိုးမှာ အရုပ်ကြိုးပြတ်ဖြစ်ကျန်ခဲ့ရတော့၏။ မျက်ရည်များမှာလည်း ဒလဟော စီးကျလာပြီး အစ်မဖြစ်သူ၏စကားများ ကြားနေရပြန်သည်။ အခန်းဝတွင်ရပ်၍ နားထောင်မိ၏။

"ကလေးကို သွားနှိုးခိုင်းလိုက်တာ မထတော့ စိတ်ဆိုးပြီး ရိုက်တာနေမှာပေါ့၊ ကိုယ်ချင်းကို မစာဘူး၊ ကိုယ့်အသားနာရင် ဘယ်လိုခံစားရမလဲလို့ စဉ်းစားကြည့်ဖို့ကောင်းတယ်၊ မငိုနဲ့နော် သမီးလေး၊ တိတ်တော့နော်၊ သူ့သားသမီးမဟုတ်တော့ မတရားလုပ်တာပေါ့"

မိုးလည်း လာရာလမ်းသို့ပြန်ရန် ဆုံးဖြတ်လိုက်တော့သည်။ မိုးကြောက်မိသည်က ဖြူဖွေး၏အမုန်းပါ။

"တို့ကိုမမုန်းလိုက်ပါနဲ့ ဖြူဖွေးရယ်၊ တို့လေ ဖြူဖွေးရဲ့အမုန်းကို မခံပါရစေနဲ့ကွယ်၊ မိုးကိုခွင့်လွှတ်ပါနော်"

မိုး၏တောင်းပန်စကားလေးအား ဖြူဖွေးတစ်ယောက် ကြားနိုင်မည်မဟုတ်ပေ။ သို့ပေမယ့် အထပ်ထပ်အခါခါ တောင်းပန်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖွေးကိုနှုတ်ဆက်ရန်အခန်း ဝတွင် ရပ်နေပြီးမှ တံခါးအား အသာအယာ ခေါက်လိုက်သည်။ သည်အချိန်တွင် စာကျက်နေမည် ကို သိနေသော်လည်း နေ့လယ်က ဒဏ်ရာများကြောင့် စာကိုဖြောင့် ဖြောင့်ကျက်နိုင်ပါ့မလားဟု စိုးရိမ် စိတ်ဝင်မိ၏။

ဒုတိယအကြိမ် တံခါးခေါက် သံလေးကြောင့် အခန်းထဲမှ လှုပ် ရှားသံကြားရသည်။ စောစောက မကြားမိခြင်းသာဖြစ်ပေမည်။

"မေမေလား၊ ဝင်ခဲ့လေ၊ သမီး စာကျက်နေပါတယ်"

အေးမြချိုစိမ့်သွားရလောက် အောင် မိုး၏ရင်ထဲတွင် အတိုင်း မသိ ဝမ်းသာပီတိဖြစ်သွားစေရ၏။ ဖြူဖွေးက သူ့အမေအထင်ဖြင့် ခွင့် ပြုနေသော်လည်း မိုး၏မျက်နှာကို တွေ့ရသည့်နောက် တစ်ဖက်သို့ လှည့်သွား၏။ ဖြူဖွေးသည် မိုးအား စိတ်ပြေပုံမရသေးပေ။ သည်တော့ စာကြည့်စားပွဲအနီးတွင်ရှိသော ခုံ လွတ်ပေါ်တွင် ဝင်ထိုင်လိုက်ပြီး သက်ပြင်းချလိုက်မိ၏။

"အန်တီမိုး မနက်ဖြန်ပြန် တော့မယ် ဖြူဖွေး၊ ဒါကြောင့် ဖြူ ဖွေးဆီ လာနှုတ်ဆက်တာပါ ကွယ်"

အံ့သြသွားသည့်အကြည့်က ဖျတ်ခနဲရောက်လာ၏။ သို့သော် ဖြူဖွေးထံမှ တားဆီးသည့် စကား သံမျိုးကို မကြားရပေ။

"နေ့လယ်က ဖြစ်ခဲ့တာကို အန်တီမိုး တောင်းပန်ပါတယ်၊ ကိုယ့်ရဲ့စေတနာအမှားက ဖြူဖွေး ကို ဝေဒနာပေးသလို ဖြစ်ခဲ့ရလို့ပါ၊ အဲဒီကိစ္စကိုလည်း အန်တီမိုး ရှင်း ပြပေးမှာပါကွယ်၊ ဖြူဖွေးဘက်က ခွင့်မလွှတ်နိုင်ရင်တော့ အန်တီမိုး တစ်သက်လုံး ယူကျုံးမရဖြစ်နေမှာ အမှန်ပဲလေ"

သူ့စကားအား ခေါင်းလေးငုံ့ ကာ ငြိမ်သက်စွာ နားထောင်နေပုံ ကြောင့် ဝမ်းသာစိတ်ဖြင့် စကား တစ်ခွန်းကို စတင်ပြောပြလိုက်ရ တော့သည်။

"အခု အန်တီမိုး ပြောပြချင် တာက အန်တီမိုးသူငယ်ချင်း မိန်း ကလေးတစ်ယောက်ရဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းလေးတစ်ပုဒ်ပါပဲကွယ်၊ သူ့အကြောင်းကို ဘာကြောင့်ပြော ပြချင်ရသလဲဆိုတော့ သူဟာ အအိပ်မက်တဲ့အပြင် အိပ်တိုင်း လည်း မလုံမခြုံအဝတ်အစားမျိုးကို ဝတ်ဆင်ပြီး အိပ်တတ်တယ်၊ သူ့ သဘောကတော့ လွတ်လပ်တဲ့အိပ် စက်မှုကို နှစ်သက်လို့ပဲလို့ ဆိုရမှာ ပေါ့လေ၊ သူ့အမေဟာ ငယ်ငယ် ကတည်းက အဲဒီအကျင့်ကိုပျောက် အောင် ရိုက်နှက်ဆုံးမခဲ့ပေမယ့် သူ့ရဲ့ တစ်ဖွတ်ထိုးအကျင့်က ဘယ်

> သူ့အကြောင်းကို
> ဘာကြောင့်
> ပြော ပြချင်ရသလဲဆိုတော့
> သူဟာ
> အအိပ်မက်တဲ့အပြင်
> အိပ်တိုင်းလည်း
> မလုံမခြုံအဝတ်အစားမျိုးကို
> ဝတ်ဆင်ပြီး
> အိပ်တတ်တယ်၊
> သူ့သဘောကတော့
> လွတ်လပ်တဲ့အိပ် စက်မှုကို
> နှစ်သက်လို့ပဲလို့
> ဆိုရမှာ ပေါ့လေ၊
> သူ့အမေဟာ
> ငယ်ငယ် ကတည်းက
> အဲဒီအကျင့်ကို
> ပျောက် အောင်....



www.burmeseclassic.com

www.burmeseclassic.com

သို့မှ ဖျောက်မရခဲ့ဘူးပေါ့ကွယ်''

ဖြူဖွေးသည် ဖတ်လက်စ စာအုပ်လေးကိုပိတ်ပြီး မိုးဘက်သို့ လှည့်လာ၍ အခြေအနေကောင်းလာမှန်း သိလိုက်၍ ဆက်လက်ပြောပြမိ၏။ မိုး၏ စိတ်ဆိုးရခြင်း အကြောင်းကိုလည်း ဖြူဖွေး ရိပ်မိသွားပုံရလေသည်။ တဖြည်းဖြည်းနှင့် စိတ်ဝင်စားလာ၏။



''ဒီလိုနဲ့ သူဟာ အပျိုပေါက်အရွယ်ကို ရောက်လာတယ်၊ ဒီ အရွယ်ကို ရောက်တဲ့အထိ မသင့်တော်မှန်းသိပေမယ့် ကိုယ့်အိပ်ခန်း နဲ့ကိုယ်ဆိုတော့ စိတ်ချလက်ချအိပ်နိုင်လို့ သူ့ရဲ့အမူအကျင့်က ဖျောက်မရခဲ့ပြန်ဘူးပေါ့''

မိုးက ဖြူဖွေးကို အကဲခတ်လိုက်ပြန်သည်။ မိုးပြောနေသော စကားကို သေသေချာချာ နားထောင်နေသည့်အတွက် ကျေနပ်သွားရသည်။

''တိုတိုပြောကြပါစို့ကွယ်၊ အခုလို တက္ကသိုလ်ဝင်စာမေးပွဲကြီး မဖြေခင် ဆောင်းတစ်ညမှာပဲ မိဘတွေ အပြင်ထွက်သွားချိန်မှာ အအိပ်မက်ပြီး သူက ထုံးစံအတိုင်း ကျန်ခဲ့တယ်၊ သူ့ကိုစိတ်ချရအောင် အပြင်ကနေ အိမ်တံခါးကို သော့ခတ်ထားခဲ့ရတာပေါ့၊ ဘာကြောင့်လဲဆိုရင် သူတို့ပြန်လာချိန်အထိ အိပ်နေမှာဖြစ်လို့လေ''

မိုးက စကားကို ခဏနားပြီးမှ ပြန်ဆက်ပြောလိုက်ပြန်၏။

''ကံဆိုးချင်တော့ ပြတင်းပေါက်တံခါးတစ်ချပ်ဖွင့်ပြီး အိပ်နေတာ မိဘတွေက မသိခဲ့ကြဘူးပေါ့၊ အခန်းတံခါးကို ချက်ချထားတော့လည်း မမြင်ရှာကြဘူးလေ၊ ဒီတော့ သူ့အခန်းရဲ့ ပြတင်းပေါက်ကနေတစ်ဆင့် သူခိုးတက်လာတာသူ လုံးဝမသိခဲ့ဘူး၊ ဒီသူခိုးဟာ ဖွင့်ထားတဲ့ ပြတင်းပေါက်ကိုတွေ့ပြီး လာခိုးတာလည်း ဖြစ်နိုင်သလို လူတွေမရှိမှန်းသိလို့ အပေါ်ကို တွယ်တက်လာတာလည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ သူခိုးပြန်သွားချိန်မှာ သူ့အခန်းထဲက အဖိုးတန်ဘာပစ္စည်းမှ ပါမသွားတာဟာ အချိန်မရလို့ ယူမသွားတာပဲဖြစ်မှာပါကွယ်''

မိုး၏အသံလေးများ တုန်ယင် လာသည်ကို သတိထားမိသည့်အတွက် စကားကို ခဏရပ်လိုက်ရသည်။ ပြီးမှ အသံကိုထိန်းကာ ဆက်ပြောလိုက်၏။

''သူ့ရဲ့ မလုံမခြုံအဝတ်အစားနဲ့ အအိပ်မက်ခဲ့တဲ့အတွက် အမွှေပြုကျင့်ခြင်းကို ခံခဲ့ရတယ်၊ ကယ်သူမဲ့ခဲ့တဲ့ အဖြစ်ဆိုးကို ကြုံတွေ့ခဲ့ရတော့ သွေးပျက်လုမတတ် ထိုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခံစားသွားခဲ့ရပြီး ပန်းဦးကြွေခဲ့တဲ့ ညလေးပါပဲလေ၊ မိန်းကလေးတစ်ယောက်ဟာ ကိုယ်ချစ်ရသူအတွက် မင်္ဂလာဦးညမှာပဲ ပေးအပ်ချင်တဲ့ ပန်းဦးဟာ လူမဆန်သူကြောင့် အချိန်မတိုင်ဘဲ ကြွေလွင့်သွားခဲ့ရပြီပေါ့၊ ဒီတော့ သူ့ဘဝကို ပိုပြီးယူကျုံးမရ ဝမ်းနည်းနေရတာပေါ့ကွယ်၊ ဖြူဖွေး စဉ်းစားကြည့်လေ''

''သူ့မှာ ချစ်သူရှိနေလို့လား အန်တီမိုး''

''လုံးဝမရှိသေးတဲ့ အပျိုစင်လေးပါကွယ်၊ အပျိုဂုဏ်ကိုစောင့်ထိန်းခြင်းဟာ ကိုယ့်အိမ်ထောင်ဖက်အတွက် တန်ဖိုးအထားဆုံးနိုင်ဆုံးကို ပေးအပ်ရတဲ့ အချစ်ပန်းဦးတစ်ပွင့်ပါပဲ''

ဖြူဖွေးသည် မိုး၏စကားကို အလေးအနက်ထောက်ခံပုံဖြင့် ခေါင်းလေးကို ညိတ်ပြလိုက်သည်။

''ဒါကြောင့်မို့ နေ့လယ်က ဖြူဖွေးအိပ်မောကျနေတဲ့ ပုံစံကို မြင်ပြီး သူငယ်ချင်းရဲ့ အဖြစ်လေးကို သတိရသွားမိတယ်၊ အခန်းတံခါးချက် မချထားလို့ လုံခြုံမှုမရှိတာရယ်၊ မိန်းကလေးဖြစ်ပြီး အနေအထိုင် ပက်စက်တာရယ်၊ မလုံခြုံတဲ့ အဝတ်အစားမျိုး ဝတ်ဆင်တတ်တာတွေက အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပဲ သမီး၊ မလုံခြုံတာကစပြီး ဖြစ်ပျက်လာမှုတွေက ဆက်တိုက်ဖြစ်သွားတတ်ကြတာမဟုတ်လား၊ မုဒိမ်းမှုတွေမှာ အများဆုံးတွေ့ရတာက အဲဒါတွေကြောင့်ပဲလေ၊ မှုခင်းဂျာနယ်တွေထဲမှာ ဖတ်ရတာဘယ်လောက် ရင်နာစရာကောင်းသလဲသမီး၊ မလုံခြုံတဲ့အိမ်ထဲမှာ မိသားစုလိုက် အိပ်နေတာတောင် အုပ်ထိန်းမှု မကင်းသေးတဲ့ အရွယ်လေးကိုခေါ်ပြီး မုဒိမ်းကျင့်တာတွေ၊ လူသူကင်းမဲ့တဲ့အချိန်နဲ့ နေရာမျိုးမှာ သွားလာမိတဲ့ မိန်းကလေးတွေကို မုဒိမ်းကျင့်ရုံတင်မကဘူး၊ သတ်ဖြတ်ခဲ့တာတွေ၊ အဖော်ကင်းမဲ့ချိန် အိမ်ထဲကိုဝင်လာပြီး အဓမ္မပြုကျင့်ခဲ့၊ ပစ္စည်းယူ၊ လူသတ်ခဲ့တာတွေဟာ ပညာပေးဗဟုသုတတွေပါပဲ သမီးရယ်၊ မိန်းကလေးတိုင်း ဖတ်သင့်တာပဲပေါ့''

ဖြူဖွေးက ကျောင်းစာတစ်ဖက်နှင့်ဖြစ်၍ အိမ်တွင်ဝယ်သော ဂျာနယ်များအား အကုန်မဖတ်ဖြစ်သည်က အမှန်ပါ။ သတင်းစာနှင့် သူစိတ်ဝင်စားသော စာစောင်များသာ ဖတ်ဖြစ်၏။ မှုခင်းဂျာနယ်နှင့် မှုခင်းမဂ္ဂဇင်းဆိုလျှင် ကြောက်၍ မဖတ်ဖြစ်သည်ကများသည်။

''ပြည်သူတွေကို သင်ခန်းစာရစေတဲ့ မှုခင်းဂျာနယ်မျိုးကို ဖတ်သင့်တာပေါ့ သမီးရယ်၊ ဗဟုသုတကြောင့် အသိအမြင်မှန်တွေရလာမယ်၊ ရှောင်ရှားနိုင်မယ်၊ အကောင်းနဲ့အဆိုးကို ခွဲခြားနိုင်တော့ အစော်ကားမခံရဘူးပေါ့၊ အန်တီမိုးတို့ငယ် စဉ်က အခုလို မှုခင်းစာစောင်တွေ မဖတ်ခဲ့ရဘူး၊ သမီးတို့ခေတ်မှာ ဖတ်စရာတွေမှ အများကြီးပဲ၊ ဗဟုသုတ အစုံအလင်နဲ့ နည်းပညာတွေလည်း တိုးတက်လာပြီမဟုတ်လား၊ ကဲ.....အန်တီမိုးပြောပြတာကို သဘောပေါက်ရင် နောင်ကို ဒီလို မနေရ၊ မဝတ်ရဘူးနော်၊ ကိုယ့်အခန်းကို လုံခြုံစိတ်ချရအောင် တံခါးပိတ်ထား၊ မထား စစ်ဆေးပြီးမှ အိပ်ရမယ်''

''ဟုတ်ကဲ့''

ဖြူဖွေးသည် ဆုံးမရလွယ်ကူသည့် မိန်းကလေးဖြစ်မှန်း မိုးက သိပြီးသားပါ။ ဖြူဖွေး၏မျက်နှာလေးအား ဆွဲမော့ပြီးနောက် တစိမ့်စိမ့်ကြည့်နေမိ၏။ ဖြူဖွေးသည် မိုး၏ရင်ခွင်ထဲကို တိုးဝင်လိုက်ပြန်သည်။ ပြီးမှ ခေါင်းလေးကို မော့ကြည့်၍.....

''ဖြူဖွေး နားလည်သွားပါပြီ အန်တီမိုး၊ နောင်ကိုဆင်ခြင်ပါ့မယ်နော်၊ ဒါပေမဲ့ မနက်ဖြန် မပြန်ပါနဲ့ဦး အန်တီမိုးရယ်''

''လက်မှတ်ကြိုမှာလိုက်ပြီးပြီကွယ်၊ အန်တီမိုးကို မေ့ထားပါနဲ့

www.burmeseclassic.com



တော့၊ အန်တီမိုး ပြန်သွားပေမယ့် မှာထားခဲ့တဲ့ စကားလေးတွေကို တစ်သက်လုံး လိုက်နာမယ်ဆိုရင် ကျေနပ်ပါပြီ၊ ကဲ...သမီးလည်း စာဆက်ကျက်တော့နော်၊ ကိုယ့်ရည်မှန်းချက်အောင်မြင်ဖို့ ကြိုးစားပါကွယ်''

ဖြူဖွေးမှာ ထိုစကားလေးကြောင့် ဝမ်းနည်းသွားရ၏။ အန်တီမိုးသည် သူ့အတွက် တကယ်ပဲ စိတ်မကောင်းဖြစ်သွားရပေမည်။ ချက်ချင်းပြန်ရန်ဆုံးဖြတ်လိုက်ခြင်းက သံယောဇဉ်ပြတ်သည့်သဘောမျိုးလားဟု မေးလိုက်ချင်၏။

''အန်တီမိုး နောက်ဆုံးထပ်မှာချင်တာက ဘဝမှာ ဘယ်လိုပဲ အားငယ်မှုတွေ တွေ့ကြုံလာရပါစေ ပန်းတိုင်ရောက်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးသာ မွေးပါ၊ စိတ်ပျက်တာ၊ တွေဝေတာ၊ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချက်မရှိခြင်းတွေဟာ ဆုံးရှုံးခြင်းရဲ့ လမ်းစပဲကွယ်၊ မှတ်ထားနော် သမီး၊ အန်တီမိုးလည်း သမီးရဲ့ဖေဖေနဲ့မေမေကို သွားနှုတ်ဆက်လိုက်ဦးမယ်နော်''

''အန်တီမိုးရယ်.....''

ဖြူဖွေးမှာ မျက်နှာငယ်လေးနှင့် ကျန်ရစ်ခဲ့ရှာသည်။ သူတွယ်တာ ချစ်ခင်ရသော အန်တီမိုးနှင့် ခွဲခွာရမည့်အတွက် စိတ်တွင်မရွှင်မပျဖြစ်မိ၏။ စာကျက်ချင်စိတ်ပင် မရှိတော့ပေ။ အန်တီမိုးအား ကတိအထပ်ထပ်ပြုခဲ့ပေမယ့် ထိုကတိအား ဖြူဖွေးကိုယ်တိုင် ချိုးဖောက်ချင်နေ၏။

''ဖေဖေနဲ့မေမေကရော အန်တီမိုးကို ခွင့်လွှတ်ပေးကြပါ့မလား''

သိလိုစိတ်ဖြင့် စာကြည့်မီးလေးကိုပိတ်ကာ မိဘများ၏ အိပ်ခန်းဝတွင် ရပ်လျက် နားထောင်မိတော့သည်။

♛♛♛♛♛

''စိုး.....ထလေကွာ၊ မိုးက မနက်ဖြန်ပြန်တော့မယ့်အကြောင်း လာပြောပဟာပါ၊ တို့တွေကို လာနှုတ်ဆက်တာတဲ့''

ဒေါ်စိုးမမဖော်မှာ ကြာရှည်ဟန်မဆောင်နိုင်တော့ပေ။ အိပ်ရာထက်မှ ဝေါက်ခနဲထကာ ဓာခြင်ထောင်လေးကို အသာမ,ကြည့်လာ၏။ ခင်ပွန်းဖြစ်သူက ခြင်ထောင်လေးကို အပေါ်သို့ မ,တင်လိုက်ပြီး ခုတင်ပေါ်တွင်ထိုင်ကာ မိုးအား စိတ်မကောင်းစွာ ကြည့်နေကြသည်။ ဒေါ်စိုးမမဖော်၏ မျက်လုံးအိမ်တွင် မျက်ရည်များစိုစွတ်ကျလာကာ ညီမ၏ ရီဝေဝေ မျက်ဝန်းလေးအား စူးစူးစိုက်စိုက် ကြည့်နေ၏။

သမီးအတွက် ဒေါသအရှိန်က မပြေသေးသော်လည်း အဝေးတစ်နေရာသို့ ပြန်ရမည့် ညီမဖြစ်သူအား ရုတ်တရက် မခွဲရက်ပြန်ပေ။ မိုးသည် ထိုပြဿနာကြောင့် တစ်ပတ်ပင် ပြည့်အောင်မနေ၍ ပိုပြီးစိတ်မကောင်းဖြစ်ကြရသည်။ လောကအလယ်တွင် စိုးမမဖော်နှင့် မိုးမမမော်ဆိုသော သည်ညီအစ်မနှစ်ယောက်သာ ရှိခဲ့၍ ဖြစ်နိုင်လျှင် မိုးအား မိမိနှင့်အတူ နေစေချင်ပါ၏။ ပြီးတော့လည်း မိုးသည် ဒေါ်စိုးမမဖော်ထက် ၁၀ နှစ် ခန့်ငယ်၍ သမီးတစ်ယောက်နှင့် မခြားပေ။

''မစိုး...မိုးကို နားလည်ခွင့်လွှတ်ပေးပါနော်၊ နေ့လယ်က သမီးကို ရိုက်မိကာကလည်း..... ဟင့်.....ဟင့် တစ်ချိန်က မိုးခံစားခဲ့ရတဲ့အဖြစ်ဆိုးမျိုး မတွေ့ကြုံစေချင်လို့ပါပဲ၊ ဖြူဖွေးဟာ မိုးလုပ်ရပ်အတိုင်း ပြုမူနေတာ ဘာကြောင့်လဲဟင်၊ သမီးကို မိုးလို ဘဝမျိုး မခံစားစေချင်လို့ပါ မစိုးရယ်၊ ပြီးတော့ မိုးရဲ့စိတ်က လွတ်ထွက်သွားတယ်၊ မိုးလေ နာကြည်းခဲ့တဲ့ နှလုံးသားဒဏ်ရာဟောင်းက ပြန်ပေါ်လာမိလို့ပါရှင်၊ ဟင့်.....ဟင့်''

မစိုးလည်း ခုတော့မှ မိုး၏ ရိုက်ခဲ့မိသည့် အကြောင်းရင်းကို သိလာရတော့သည်။ နှစ်ပေါင်းများစွာ မေ့လျော့ထားခဲ့မိသည့်



www.burmeseclassic.com

ဖြစ်ရပ်ဆိုးကို မိုးတစ်ယောက်မမေ့နိုင်သေးပါလား။ စာနာစိတ် ဖြစ်သွားမိ၏။ မစိုးက မိုးအား တလွဲတွေးပြီး စိတ်ဆိုးနေခဲ့၏။ မှားသွားမှန်းသိသည့်နောက် ညီမအား နှစ်သိမ့်ပေးလိုက်ရသည်။

"ဒီအကြောင်းတွေကို မစဉ်းစားလေကောင်းလေပါ ညီမရယ်၊ သမီးလေးဟာ မစိုးရဲ့ အမွေစား



အမွေခံသမီးဖြစ်ခဲ့ပေမယ့် မိုးရဲ့ သမီးရင်းလေးပါပဲ၊ ကိုယ့်သားသမီးကို မိဘတိုင်းက ဆုံးမပိုင်ခွင့်ရှိတာပဲလေ၊ ဒီအတွက် မိုးဘက်က စိတ်မကောင်းမဖြစ်နဲ့တော့နော်၊ မစိုးလည်း မိုးကို နားလည်သွားပါပြီ၊ သမီးကို မကောင်းတဲ့အကျင့်မျိုးပျောက်အောင် မစိုးက သွန်သင်ဆုံးမပေးသွားမှာပါကွယ်"

တစ်ချိန်လုံးတွင် ငြိမ်လျက် နားထောင်နေသည့် ခဲအိုဖြစ်သူကလည်း မိုးကို နှစ်သိမ့်ပြောလာ၏။

"သမီးအတွက် ငါ့နှမ စိတ်ချပါကွယ်၊ ဘယ်တော့မှ သမီးလေးဘဝ အချိန်မတန်ဘဲ မကြွေလွင့်စေရဘူး၊ ပန်းကောင်းပန်းမြတ်လေးဖြစ်အောင် စောင့်ကြပ်ဂရုစိုက်သွားမှာပါ မိုးရယ်"

မိုး၏ဘဝလေးကို သူတို့လင်မယားက ကယ်တင်ပေးခဲ့၏။ တိုက်ဆိုင်ချင်တော့ ဒေါ်စိုးမမဖော်နှင့် မိုးမှာ တစ်ပတ်သာခြား၍ မီးဖွားခဲ့ကြသည်။ မစိုး၏ကလေးမှာ မွေးရာပါရောဂါဖြင့် သေဆုံးသွားချိန်တွင် မိုး၏ကလေးကို အစားထိုး၍ မွေးစားလိုက်ကြ၏။ မိုးမှာ သူ့ဘဝကိုရှက်၍ မွေးရပ်မြေမှ စွန့်ခွာပြီး အစ်မရှိရာ ပုသိမ်သို့ ရောက်လာခဲ့၏။ ပုသိမ်တွင် ပညာဆက်လက်သင်ယူ၍ ဘွဲ့တစ်ခုကို ပိုင်ဆိုင်ပြီးနောက် အလုပ်ဝင်လုပ်ခဲ့သည်။ မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်ပြီးချိန်ရောက်မှ ဒေါ်စိုးမမဖော်တို့ မိသားစုက ရန်ကုန်မြေသို့ ပြန်ပြောင်းလာခဲ့ခြင်းဖြစ်သည်။ မိုးက ထိုအချိန်မှစ၍ ရန်ကုန်မြေနှင့်ဝေးရာသို့ပင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေမိ၏။

"မစိုးနဲ့ အစ်ကိုကြီးတို့ကျေးဇူးက မိုးဆီမှာ များနေပါပြီ၊ ဒီကျေးဇူးကို တစ်နေ့နေ့ မိုးပြန်ဆပ်ပါ့မယ်"

"အိုကွယ် ဒါတွေမလိုအပ်ဘူး ညီမရယ်၊ ကံတရားမကောင်းခဲ့လို့ ဒီဖြစ်ရပ်ဆိုးကို ခံစားခဲ့ရတယ်လို့ပဲ သဘောထားပြီး အတိတ်ကို ပြန်လှည့်မကြည့်နဲ့တော့နော်၊ ကိုယ့်လမ်းကိုသာ ရဲရဲဝံ့ဝံ့ ဆက်လျှောက်စမ်းပါ၊ ကိုယ့်ဘဝကို ပျော်အောင်နေ၊ မစိုးတို့လင်မယားနဲ့ ဖြူဖွေးအတွက် ပူပန်မနေနဲ့"

"ဟုတ်ကဲ့ပါ၊ အစ်ကိုကြီးနဲ့ မစိုးကို မိုး ကန်တော့ခဲ့ပါတယ်ရှင်"

"ငါ့နှမ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ရှေ့ဆက်ဘဝခရီး လှပပါစေ၊ သူတော်ကောင်းတွေနဲ့တွေ့ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အစ်ကိုကြီးရယ်"

ဒေါ်စိုးမမဖော်က တိုးတိတ်

www.burmeseclassic.com

ရှာ ဆုပေးနေ၏။ မစိုး၏ ဆုပေးသံသည် တုန်ယင်လှိုက်မောနေရှာပြီး ညီမဖြစ်သူကိုတွေတွေလေးငေးကြည့်နေသည့်တိုင် ငိုချင်စိတ်ကို ထိန်းထားပုံမျိုးပါ။ အားလုံးကိုနှုတ်ဆက်ပြီးချိန်တွင် မိုးတစ်ယောက်မှာဖြင့် နွေးထွေးသောခြေလှမ်းများနှင့် ပြန်ထွက်လာမိတော့သည်။

ကိုယ့်အခန်းထဲပြန်ရောက်မှ မိုးမှာ အားပါးတရ ငိုချပစ်လိုက်တော့၏။ တစ်ညလုံးလည်း အိပ်မပျော်ခဲ့ပေ။ ရန်ကုန်မြေတွင် သူရှိနေခြင်းက သည်ညသည် သူ့အတွက် နောက်ဆုံးညလေးတစ်ညပါ။ မနက်ဖြန်တွင် အားလုံးနှင့်ဝေးရာသို့ ထွက်ခွာသွားရမည်ဆိုသောအသိဖြင့် သူ့စိတ်သည် နှောင့်နှေးနေရပြန်၏။

♛♛♛♛♛

အိမ်မှအထွက်တွင် မည်သူ့ကိုမျှ လိုက်မပို့နိုင်းဘဲ အငှားကားလေးနှင့်ပင် အဝေးပြေးဂိတ်သို့ရောက်လာခဲ့သည်။ သို့သော် မစိုး၏စကားကို ပြန်လည်ကြားနေမိပြန်၏။

"သမီးကတော့ ထုံးစံအတိုင်း မိုးနဲ့ခွဲခွာရမှာ မခံစားနိုင်လို့ အခန်းအောင်းပြီးငိုနေရှာမှာပါ၊ ဒီကလေးက တစ်ခါတစ်ခါ မိုးရဲ့စိတ်နဲ့ ထပ်တူထပ်မျှပဲ၊ မိုးလည်း ငယ်ငယ်က မစိုးတို့လင်မယား မိဘအိမ်ကိုလာလည်ရင် ပြန်ချိန်တိုင်း မိုးက အခန်းအောင်းပြီး ဝမ်းနည်းနေတာပဲမဟုတ်လား၊ အခုလည်း မိုးသမီးက မိုးစိတ်အတိုင်းပါပဲနော်"

သမီး၏မျက်နှာနုနုလေးကို မတွေ့လိုက်ရသည့်အတွက် အပြန်တွင် မျက်နှာမကြည်မလင်ဘဲဖြစ်ရပြန်၏။ အဝေးပြေးယာဉ်ရပ်နားစခန်းထဲရှိ မှန်လုံအဲယားကွန်းယာဉ်ပေါ်သို့အတက်တွင် မိမိ၏ညာလက်တစ်ဖက်ကို ဆွဲကိုင်လာ၍ အလန့်တကြား လှည့်ကြည့်မိရာ.....

"ဟင်...ဖြူဖွေး၊ သမီးလိုက်လာတယ်"

အံ့သြသွားသော မိုးအား ဖြူဖွေးက မှို့အစ်ဖောင်းအိနေသောအငိုမျက်နှာလေးဖြင့် မမိုတ်မသုန်ငေးကြည့်နေရှာသည်။ သမီး၏မျက်ဝန်းထဲမှ ခံစားမှုအရိပ်အယောင်လေးကြောင့် ရသမျှအချိန်တွင် သမီးလေးနှင့်အတူ ရှိနေချင်သည်။

"အန်တီမိုးမှာတာတွေ မမေ့နဲ့နော်၊ ဖေဖေနဲ့မေမေကိုလည်း ဂရုစိုက်ပါကွယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း 'ဂရုစိုက်နော်"

ယာဉ်ပေါ်သို့ မတက်သေးဘဲ ယာဉ်ဘေးတွင်ရပ်၍ မှာကြားနေပြန်ရာ ဖြူဖွေးက အငိုမျက်ဝန်းလေးဖြင့် ခေါင်းညိတ်ပြ၏။ သမီး၏ကိုယ်လေးအား ရင်ခွင်တွင်ထွေးဖက်ထားပြီးနောက် ခဏအကြာတွင် မျက်နှာအနှံ့အား အားရကျေနပ်အောင် ရှိုက်နမ်းလိုက်၏။

"အန်တီမိုး သွားတော့မယ် သမီးရယ်.....နော်"

"ခဏလေးနေပါဦး အန်တီမိုးရယ်"

မိုး၏နဖူးလေးအား ခြေဖျားထောက်၍ မော့နမ်းနေသည့် ဖြူဖွေးမှာ တုန်ယင်ဝမ်းနည်း ကြေကွဲသွား၏။ သမီးမှာ မည်သည်ကို ကြေကွဲလာမှန်းမသိပေ။ မျက်လုံးအိမ်နှစ်ဖက်ပေါ်မှ မျက်ရည်မိုးများက မနားတမ်း သဲသဲမဲမဲ ရွာချနေသည့်အလားပင်။ ပြီးနောက် မိုး၏ခါးလေးကို တိုးဖက်ကာ

"မေမေ....မေမေ ဖြူဖွေးရဲ့မေမေရယ်"

ဖြူဖွေး၏နှုတ်မှ ထွက်ပေါ်လာသော စကားလေးကြောင့် မိုးမှာ အံ့သြတုန်လှုပ်သွားတော့၏။ နားမလည်နိုင်သော မျက်ဝန်းဖြင့် ဖြူဖွေးထံ စူးစိုက်ကြည့်မိ၏။ ဖြူဖွေးကို မစိုးတို့လင်မယားမှ ဖွင့်ပြောပြလိုက်ပြီလား၊ ဒါမှမဟုတ်ရင် ဖြူဖွေး မည်သို့သိလာသလဲဆိုသည်ကို သိချင်နေမိသည်။ သို့ပေမယ့် မိုးက စတင်မမေးဘဲ ဖြူဖွေးပြော



www.burmeseclassic.com

www.burmeseclassic.com

လာမည့်စကားကို နားစွင့်နေလိုက်၏။

"သမီးကို သမီးလို့ တစ်ခွန်းလောက် ပြန်ခေါ်ပါလားဟင်၊ မေမေ့ကို သမီး သိပ်ချစ်တယ်"

မျက်နှာပျက်သွားပေမယ့် အဖြစ်မှန်ကို သမီးသိ၍ မဖြစ်ပေ။ မစိုးနှင့် အစ်ကိုကြီးတို့လင်မယားမှာ ဖြူဖွေးအား ယခုအချိန်ထိ ဒုက္ခခံ ကျွေးမွေးပြုစုခဲ့သည့် သံယောဇဉ်ကြောင့် မိမိနောက်သို့ အပြီးအပိုင် ထည့်နိုင်မည်မဟုတ်ပေ။ ကိုယ့်ဝမ်းနှင့်လွယ်၍ မွေးခဲ့ရသည့် သမီးလေးအား သံယောဇဉ်ရှိပါ၏။ သို့သော်.....

"သြော်.....ဖြူဖွေးက ဖေဖေနဲ့မေမေကို စိတ်ကောက်လာတာလားကွယ်၊ မိဘအပေါ် မဆိုးရဘူးလို့ အန်တီမိုး ပြောထားပြီးပြီနော်"

ဖြူဖွေးက မျက်ရည်များဖြင့် ခေါင်းခါပြသည်။ ဖြူဖွေး၏ခံစားချက်ကို မိုးနားလည်၏။ သမီးလေးကို မိုးလည်း မခွဲရက်ပါ။ သမီးလေးမျက်နှာအား တစိမ့်စိမ့်နှင့် မျက်တောင်မခတ်ဘဲ ကြည့်နေမိ၏။

သို့သော် မိုးမျက်ဝန်းထဲတွင် အရိပ်ပမာ ပြန်လည်ထင်ဟပ်နေသည့် မုဒိမ်းကောင်၏ မျက်နှာကြီးက အလိုလိုပြန်ပေါ်လာ၍ သမီးမျက်နှာအား စိုက်ကြည့်နေရင်းက တွန်းထုတ်လိုက်၏။ မိုးထံမှ မထင်မှတ်သော လုပ်ရပ်ကြောင့် ဖြူဖွေးတစ်ယောက် အံ့သြမှင်တက်သွားတော့သည်။ မိုးကိုလည်း အလျင်အမြန် ရှင်းပြနေပြန်၏။

"ညက မေမေတို့အခန်းရှေ့မှာ ချောင်းနားထောင်ခဲ့လို့ သမီးသိခဲ့ရတာပါ၊ ဒါကြောင့်မို့ မေမေက သမီးရဲ့ အနေအထိုင်မတတ်မှုကို ဒေါသစိတ်နဲ့ ဆုံးမခဲ့တာပေါ့နော်၊ မေမေ့ကို သမီး နားလည်ပေးတတ်ပါပြီ မေမေရယ်"

"ဟဲ့.....ဘာတွေလာပြောနေတာလဲ၊ ငါ ဘာမှမသိချင်ဘူး၊ ညည်း အိမ်ပြန်တော့"

တင်းမာသောမျက်နှာထားဖြင့် နှင်ထုတ်မိ၏။ မှန်လုံယာဉ်ပေါ်မှ ခရီးသည်များမှာ သူတို့စကားများအား မကြားရသော်လည်း သူတို့ရှိရာသို့ စိတ်ဝင်တစား ကြည့်နေကြသည့်အတွက် ဖြူဖွေးအားပြောဆို၍ ကားပေါ်သို့ ပြေးတက်လိုက်သည်။

"မေမေ.....မေမေ၊ သမီးကို မထားခဲ့ပါနဲ့၊ မေမေနဲ့ နေပါရစေ၊ ဖြူဖွေးဆီ ပြန်လာခဲ့ပါနော်၊ အီး....ဟီး.....ဟီး"

သမီး၏ငိုသံသည် မိုးနှလုံးသားထဲသို့ ဆို့နစ်သွားစေရ၏။ လှည့်မကြည့်ပါဘဲနှင့် သမီးအသံကို ကြားနေရ၍ မျက်ရည်တစ်စက်က အောက်သို့ လျှောကျသွားလေတော့သည်။ မိုး၏မျက်ဝန်းတွင်လည်း မိုးစက်များ တွဲခိုလာပြီး ခဏချင်းပင် မိုးရွာချနေ၏။

မှန်လုံယာဉ်ကြီးသည် မိုးအားစောင့်နေပုံရ၏။ မိုးတစ်ယောက် ယာဉ်ပေါ်သို့တက်လိုက်သည်နှင့် ထွက်ခွာရန်ဟွန်းသံပေးပြီး တရွေ့ရွေ့မောင်းထွက်သွားသည်။ မိုး၏ထိုင်ခုံသည် ပြတင်းပေါက်နံဘေးတွင်ရှိနေ၍ မှန်ပိတ်ထားသောကြောင့်သာ သမီး၏စကားပြောသံကို မကြားရပေမယ့် သမီးပြောနေသော စကားများကို အလိုလိုသိနေမိသည်။ အူလှိုက်သည်းလှိုက်ငိုနေရှာသော သမီး၏ သနားစဖွယ် ကျန်ရစ်ခဲ့သော မြင်ကွင်းလေးအား မြင်ခဲ့ရ၏။

မိခင်ရင်းတစ်ယောက်၏ ရင်ထဲတွင် မည်မျှခံစားနေရကြောင်း မိုးကိုယ်တိုင် သိလိုက်စဉ် သမီးအပေါ်တွင် ထားရှိသော သံယောဇဉ်မှာ မည်မျှအမြစ်တွယ်နေခဲ့ကြောင်း ထုတ်ဖော်ပြောပြရလိုမည်မထင်တော့ပေ။ မကြာမီတွင် မှန်လုံယာဉ်ကြီးမှာ အဝေးပြေးကားဝင်းထဲမှ ထွက်ခွာသွားတော့၏။

♛♛♛♛♛

အဝေးပြေးလမ်းမကြီးတွင် ခရီးသည်များကို တင်ဆောင်သော



www.burmeseclassic.com

www.burmeseclassic.com



သော မှန်လုံယာဉ်ကြီးက တရိပ်ရိပ် မောင်းနှင်ဖြတ်ကျော်သွား၏။ မိုးလည်း မျက်လုံးလေးကိုမှိတ်၍ တသိမ့်သိမ့် ငိုရှိုက်မိသည်။ သမီး၏အငိုနှင့် ဝမ်းနည်းခြင်းစကားများက မိုးရင်ထဲတွင် ထာဝရ မေ့ပျောက်နိုင်တော့မည်မဟုတ်ပါ။ လောကကြီးသည် ဖြစ်ချင်တိုင်း မဖြစ်တတ်ကြပေ။ အမှန်တရားကို ဖုံးကွယ်မှုသည် တစ်ချိန်တွင် ရင်နာနာဖြင့် ခံစားရတတ်ကြောင်း မိုးကိုယ်တွေ့ သိခဲ့ရပေပြီ။



''မေမေ့ကို ခွင့်လွှတ်ပါတော့ သမီးလေးရယ်''

မဖြစ်နိုင်သည့် ဘဝတစ်ခုအား နာကြည်းမှုနှင့်သာ အဆုံးသတ်ပါရစေတော့။ ထိုဘဝကို စတင်ခဲ့သည့် မိမိသည်သာ တရားခံအစစ်ဖြစ်ပေသည်။ တစ်ချိန်ကသာ အသိတရားဖြင့် ဝတ်စားဆင်ယင် နေထိုင်မှုကို သတိပြုခဲ့မည်ဆိုပါလျှင် မိန်းကလေးတစ်ယောက်၏ဘဝတွင် အမည်းစက်တစ်ခု စွန်းထင်းကျန်ရစ်ခဲ့မည်မဟုတ်ပေ။ အနာဂတ်တွင် သောက၊ ဒုက္ခ ကင်းဝေး၍ လုပသော ဘဝတစ်ခုအား ပိုင်စိုးနေမည်မှာ သေချာ၏။

မိုးသည်လည်း ပြည့်စုံသော မိသားစုဘဝလေးကို ပိုင်ဆိုင်၍ မိမိအား ချစ်မြတ်နိုးသော ခင်ပွန်း၊ ချစ်စရာကောင်းသော သားသမီးလေးများနှင့် ပျော်ရွှင်စရာ ကမ္ဘာငယ်လေးတစ်ခုကို ဖန်တီးနိုင်ပေမည်။ ယခုတော့ 'မိုးကြွေသည့်ဆောင်း' ဘဝကို မိုးတစ်ယောက် သက်ဆုံးတိုင် ခံစားသွားရပေမည်။

ထိုဘဝကြောင့်လည်း အိမ်ထောင်ရေးကို မစဉ်းစားချင်သလို မိုး၏နှလုံးသားတံခါးအား အပြီးအပိုင် သော့ခတ်ပိတ်ထားလိုက်၏။ အချစ်မပါသည့်ဘဝအား မတည်ဆောက်ချင်သလို အချစ်ရှိသည့်ဘဝကိုလည်း မဖန်တီးချင်ပါ။

အတိတ်ဆိုး၏ ထိုးနှက်ချက်က သူ့နှလုံးသားတွင် ဒဏ်ရာအဖြစ် အမာရွတ်ကျန်ရှိနေခဲ့၏။ မိုးနှင့်ပတ်သက်၍မည်သည့်ယောကျ်ားကိုမျှ နောင်တရမည့်အဖြစ်မျိုးမဖြစ် စေလိုပေ။ အိမ်ထောင်ရေးတွင် သတ္တိမရှိသူဟု ဆိုပါစေ မိုးကနား လည်ခွင့်လွှတ်သူရှိသည့်တိုင် လက်ခံမည် မဟုတ်တော့ပါ။ အဘယ် ကြောင့်ဆိုသော် သွေးပျက်ကြောက်လန့်ခဲ့ရသည့် အဖြစ်တစ်ခုက အချိန်တိုင်း ချောက်ချားနေစေ၍ဖြစ်၏။ စိတ်ကို တည်ငြိမ်စေရန် နေ့တိုင်း သောက်နေရသည့် ဆေးများအား မိုး မုန်းမိ၏။ ဝေဒနာတစ်ခုအား မြန်မြန်ပျောက်စေချင်သော်လည်း ထိုဝေဒနာမှာ မိုးနှင့်အတူ နောက်ဆုံးထွက်သက်အထိ မှန်းတီးစွာရှိနေပါလိမ့်မည်။ ထိုဘဝဆိုးမှ ကင်းဝေးချင်၏။

သည်တော့ မိန်းကလေးတိုင်း မိုးလိုဘဝဆိုးမျိုးမှ ကင်းဝေးကြစေချင်သောကြောင့် ထိုဖြစ်ရပ်လေးအား သင်ခန်းစာယူစေချင်သည်။

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






## လောကပြစ်ဒဏ်

**ရေနဂါး**

"ကျွီ.....ဒုန်း....."

"ဟာ.....ဟိုမှာ ကုန်ကားက လူကိုတိုက်ပြီး ထွက်ပြေးပြီ"

လက်ဖက်ရည်ဆိုင်အတွင်းမှ လူများ၏ မျက်စိအစုံက ကားတိုက်ခံရသောသူထံသို့ ရောက်သွားကြ၏။

"ဟာ.....ရွာထဲက ပဲပြုတ်သည် မလှရီပဲ၊ သနားပါတယ်၊ သားလေးကို ဆယ်တန်းအထိ မုဆိုးမဘဝနဲ့ လုပ်ကိုင်ကျွေးမွေးခဲ့တာ၊ ဒီနေ့ဆို သူ့သားက ဆယ်တန်း အောင်စာရင်း သွားကြည့်နေတာ၊ ပြန်လာရင်တော့ ရင်ကျိုးရချည်ရဲ့"

ကုန်ကားမှာ လူကိုတိုက်ပြီးနောက် ယာဉ်မောင်းက ကားအား စက်ကုန်ဖွင့်လျက် မောင်းပြေးလေ၏။

ရွာသားများက ကုန်ကား မောင်းသူအား တစ်ယောက်တစ်ပေါက်ဖြင့် ပြောဆိုနေကြ၏။

ကားတိုက်ခံရသူ ပဲပြုတ်သည် မလှရီအား ဆေးရုံသို့ပို့ခဲ့ကြသည်။



မလှရီခမျာ သားဇောဖြင့် ပဲပြုတ်ရောင်းပြီး အိမ်သို့အပြန် ကားလမ်းအား အမှုမဲ့အမှတ်မဲ့ဖြင့် လမ်းဖြတ်ကူးခဲ့သဖြင့် မဆင်မခြင် မောင်းလာသော ယာဉ်မောင်းထံ သူ့အသက်ကို အပ်လိုက်ရသည်။

အောင်စာရင်းကြည့်ပြီး ပြန်လာသော သားဖြစ်သူ မောင်အေးငြိမ်းမှာ သတင်းဆိုးကို ကြားသိရသဖြင့် ဆေးရုံသို့ အပြေးအလွှား သွားရောက်ခဲ့ရ၏။

"ဆရာမကြီး၊ ကျွန်တော့် အမေ ဒေါ်လှရီ ကားတိုက်ခံရလို့ပါ၊ အဲဒါ ဘယ်အခန်းမှာလဲဟင်"

တာဝန်ကျ သူနာပြု ဆရာမကြီးက မေးလေးငေါ့ပြရင်း ရှောင်ထွက်သွားလေသည်။

"အမေ.....အမေ"

အခန်းထဲသို့ဝင်ကြည့်သော



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ၏အလောင်းကိုသာတွေ့လိုက်ရသည်။

"သားလေ အမေဖြစ်စေချင်တဲ့ ဒေါက်တာကြီးဖြစ်တော့မှာဗျ၊ သား ဘာသာစုံဂုဏ်ထူးနဲ့ စာမေးပွဲအောင်ပြီ အမေ၊ အမေ ထကြည့်ပြီး မေးပါဦး"

သားဖြစ်သူ မောင်အေးငြိမ်းက အမေကိုဖက်ပြီး ငိုသည်။ အမေ့အလောင်းကိုကိုင်လှုပ်ရင်း ပြောပြန်သည်။

"အမေရယ် သားအတွက် အမေ့ရဲ့ဝတ္တရားတွေကျေလို့ သားကိုထားသွားတာလား အမေရယ် သား အမေ့အပေါ်မှာ ဝတ္တရား မကျေသေးဘူးလေ"

သားဖြစ်သူက ငိုရင်း အမေ့အကြောင်းကို အော်ပြောရင်း ငိုပြန်သည်။

"မိဘတွေကချမ်းသာပြီး သမီးကျမှ မွေးလာတဲ့သားကို ပဲပြုတ်ရောင်းပြီး ကျောင်းထားခဲ့တာဆို အမေ၊ ပြောပြပါဦး အမေရယ်"

သားဖြစ်သူက အော်ငိုရင်း မိခင်ဖြစ်သူ ပြောပြခဲ့သောအတိတ်ကို ပြန်တွေးနေခဲ့မိ၏။

♛♛♛♛♛

"လုံးဝ သဘောမတူနိုင်ဘူး သမီး၊ သမီးကို အမေ ဘယ်လောက်အထိ ချစ်တယ်ဆိုတာ သမီးသိပါတယ်၊ သမီးရဲ့ဒက်ဒီသာ သိရင် အကုန်ရှုပ်ကုန်မှာ"

"ဒါဆို မေမေရယ် သမီးကို ခွင့်လွှတ်ပါ"

"ညည်းအေ ခြံစောင့်ကိုမှ သွားချစ်ရတယ်လို့၊ ဒီကောင်မျိုးနဲ့ ပေးစားမယ့်အစား ခွေးအမြီးဖြတ်ပြီး ညည်းကို ကျုပ် ပေးစားမယ်၊ ညည်းရဲ့ကောင်ကို ဒီနေ့ကစပြီး အလုပ်ဖြုတ်မယ်၊ ညည်းလည်း သူ့ဘက်ကနာရင် တစ်ခါတည်းလိုက်သွား၊ ဒါပဲ"

မိခင်ဖြစ်သူ ဒေါ်အေးသွယ်က သမီးဖြစ်သူ မလှရီအား ဆူပူပြောဆို ဆုံးမပြီး အိပ်ခန်းအတွင်းသို့ဝင် သွားခဲ့သည်။ မလှရီမှာ ငူငူကြီးထိုင်ပြီး စဉ်းစားနေလေ၏။

ညနေပိုင်းတွင် မလှရီက သူ့ချစ်သူထံ တိတ်တခိုးသွားတွေ့၏။

"ကိုအောင် ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုမှမလုပ်ပါနဲ့ မလှရီရယ်၊ မလှရီတို့က ချမ်းသာတဲ့ အသိုင်းအဝိုင်း၊ နောက်ပြီး မလှရီက ပညာတတ်ဆိုတော့....."

"ဒါတွေ ကျွန်မ နားမလည်ဘူး၊ ကျွန်မသိတာ အချစ်ပဲ၊ ကိုအောင့်ကိုပဲ လက်ထပ်ချင်တယ်၊ မေမေတို့၊ ဖေဖေတို့ သဘောမတူရင်လည်းနေပါစေ၊ ကိုအောင်ရှောင်ပြန်ရင် ကျွန်မလည်းလိုက်ခဲ့မယ်"

♛♛♛♛♛



သားလေ အမေဖြစ်စေချင်တဲ့
ဒေါက်တာကြီးဖြစ်တော့မှာဗျ၊
သား ဘာသာစုံဂုဏ်ထူးနဲ့
စာမေးပွဲအောင်ပြီ အမေ၊
အမေ ထကြည့်ပြီး
မေးပါဦး

www.burmeseclassic.com

မလှရီ အိမ်မှထွက်ပြေးသွားမှန်းသိ၍ မိခင်ဖြစ်သူ ဒေါ်အေးသွယ်မှာ အကြီးအကျယ် ဒေါသပေါက်ကွဲတော့သည်။

"ကြည့်စမ်း.....ကြည့်စမ်း၊ ဗီဒီယို၊ ရုပ်ရှင်တွေထဲကအတိုင်းပဲ စာရေးပြီးထားခဲ့တယ်၊ သူ့ကိုယ်သူ သမီးမိုက်တဲ့၊ တော်တော်မိုက်လုံးကြီးတဲ့ သမီးမိုက်၊ အမေကတော့ ရွှေပေါ်မြတင် မြူမှုန်တစ်စက်၊ နေတစ်ပေါက်တောင် အထိုးမခံရအောင် ဗိုင်းကောင်းကျောက်ဖိ ထားခဲ့တာ၊ အခုတော့....."

ဒေါ်အေးသွယ်မှာ ဒေါသဖြစ်လွန်း၍ ရင်တွင်ဆို့ကျပ်ပြီး မူးလဲသွားခဲ့၏။

"အမယ်လေး ကိုကျော်ထွန်းရေ လာပါဦး၊ ဒေါ်လေးကို လုပ်ပါဦး"

"ဟာ.....ငါလည်း ဘာလုပ်တတ်မှာလဲ၊ ဆရာဝန်ခေါ်ရမှာပေါ့"

ဤသို့ဖြင့် ဆရာဝန်ကို အိမ်သို့ပင့်ပြီး ဆေးကုခဲ့ရသည်။

ဒေါ်အေးသွယ်မှာ သမီးဖော ကြောင့် ရူးမတတ်ဖြစ်ခဲ့ရ၏။ ဒေါသကြောင့်မူးလဲကာ အိပ်ရာပေါ်တွင် အနားယူနေရသည်အထိ ဖြစ်ခဲ့၏။ သို့သော် ဒေါ်အေးသွယ်၏ဒေါသက ဖွဲမီးပမာ တငွေ့ငွေ့လောင်နေဆဲဖြစ်သည်။



"မောင်ကျော်ထွန်း ဒီနေ့ သတင်းစာမှာ အမွေပြတ်ကြော်ငြာသွား ထည့်၊ လိုအပ်တာ မနုရီဆီမှာ ယူသွား"

ဒေါ်အေးသွယ်က ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး စေခိုင်းခဲ့၏။

"မလုပ်ပါနဲ့ဦး ဒေါ်လေးရယ်၊ မလှရီက သူ့သူငယ်ချင်းတွေဆီမှာ ရောက်ချင်ရောက်နေမှာ"

"တော်...တိတ်၊ ငါခိုင်းတဲ့အတိုင်းလုပ်၊ ဒါပဲ"

ဒေါ်အေးသွယ်အိမ်၌ မောင်ကျော်ထွန်းအနေဖြင့် ကားမောင်းလာသည်မှာ နှစ်ပေါင်း ၂၀ နီးပါးရှိပြီဖြစ်သည်။ မိသားစုလို ဖြစ်နေသည်။ ထို့ကြောင့် ဒေါ်အေးသွယ်ကို ဖျောင်းဖျကြည့်သေးသည်။ မရသည့်အဆုံး မောင်ကျော်ထွန်းမှာ ညည်းညူရင်း ခေါင်းကိုခါလိုက်မိ၏။

"ဩော်...လူတွေ...လူတွေ"

♛♛♛♛♛

"ဘာပြောတယ် မလှရီ၊ မင်း ဆီမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား၊ ဒါ လုံးဝမဖြစ်နိုင်ဘူး၊ ဒီကိုရောက် တာ တစ်ပတ်ကျော်ကျော်ပဲ ရှိသေးတာ၊ ဒါ သက်သက်မဲ့ ငါ့ကို အမိဖမ်းလိုက်တာ၊ ငါ့ကို နဖားကြိုးထိုးလိုက်တာပဲ၊ တော်ပြီ၊ နင့်ကို ငါ မပေါင်းနိုင်တော့ဘူး"

"အဲဒီလို မရက်စက်ပါနဲ့ကို

www.burmeseclassic.com

ကျော်အောင်ရယ်၊ ကျွန်မနဲ့ရှင်နဲ့ရတဲ့ ရင်သွေးလေးပါ၊ ကျွန်မဘဝက ဆုပ်လည်းစူး၊ စားလည်းရူးပါ ကိုကျော်အောင်ရယ်''

လင်ယောက်ျားဖြစ်သူ ကျော်အောင်က မယုံသင်္ကာစိတ်ကြောင့် သူ၏အချစ်များသည် အမုန်းဖြစ်သွားရတော့၏။

''အို.....ဒါတွေ ငါနားမလည်ဘူး၊ နင့်ကို အပျိုဆိုပြီး ယူခဲ့တာ၊ အခုတော့..... တော်ပြီကွာ၊ ဒီအိမ်မှာလည်း ငါမနေတော့ဘူး၊ နင်နေချင်နေခဲ့၊ ငါသွားတော့မယ်''

''ကိုကျော်အောင်... ကိုကျော်အောင်''

မလုရီခမျာ လင့်တစ်မျက်နှာ တစ်ရွာထင်ပြီး အားကိုးတကြီးဖြင့် လိုက်လာပါသော်လည်း ယောကျ်ား၏ ပစ်ပယ်ခြင်းကို ခံလိုက်ရ၏။

ယောက္ခမများ၏ မသိကျိုးကျွန်ပြုခြင်းကိုလည်း ခံခဲ့ရ၍ ဒူးနှင့်မျက်ရည် အမြဲသုတ်ခဲ့ရ၏။

သောကဒဏ်ကို မခံနိုင်၍ နောက်ဆုံးတွင် မိဘအိမ်သို့ ခြေဦးလှည့်ခဲ့ရတော့သည်။ အိမ်သို့ပြန်ရောက်လာသော သမီးဖြစ်သူကို မိခင်က စကားနာထိုးတော့၏။

''ဒီမှာ လုရီ ညည်း မှတ်ပြီလား၊ ဒါ သင်ခန်းစာပဲ၊ ညည်း အနေနဲ့ ငါ့အိမ်မှာ နေမယ်ဆိုရင် နေလို့တော့ရတယ်၊ ဟိုခွေးအိပ်တဲ့ တဲထဲမှာပဲ နေရမယ်၊ အိမ်အလုပ်



ကိုလည်း အိမ်ဖော်တစ်ယောက်လိုပဲ လုပ်ရမယ်၊ သမီးလို့ မသတ်မှတ်နိုင်တော့ဘူး၊ ကျေနပ်တယ်ဆိုရင်နေ၊ မကျေနပ်ရင်တော့ ညည်းရဲ့လင်ရှိတဲ့ရွာကို ပြန်ပေတော့''

♛♛♛♛♛

မလုရီမှာ မိဘရင်းအိမ်သို့ အားကိုးတကြီး သွားခဲ့သော်လည်း မိဘများ၏ ပစ်ပယ်မှုကို ခံစားရပြန်သဖြင့် ရွာရိုးအိမ်လေးသို့သာ ပြန်ခဲ့ရ၏။ ရွာတွင် ဖြစ်သလို နေရင်း ကိုယ်ဝန်ကို ထိန်းသိမ်းခဲ့၏၊ ဂရုစိုက်ခဲ့၏။

''အူဝဲ.....အူဝဲ''

''ဟဲ့...မလုရီ၊ ညည်းအိမ်က ကလေးငိုသံ ကြားတယ်၊ ဘယ်က ကလေးလဲ''

ခေါင်းရင်းအိမ်မှ မဌေးသန်း က ညဥ့်သန်းခေါင်ကျော် အချိန်ဖြစ်၍ လှမ်းမေးခဲ့၏။

''ကျွန်မ ကလေးမွေးတာပါ''

မဌေးသန်းမှာ မျက်လုံးပြူးသွား၏။ ဝမ်းဆွဲလက်သည်မပါဘဲ မွေးခဲ့ခြင်းဖြစ်၏။ မဌေးသန်း မနေနိုင်တော့။ မလုရီထံသို့ အပြေးအလွှား လာခဲ့ရတော့၏။

''ညည်းနှယ်အေ...ဗိုက်နာကတည်းက ပြောရောပေါ့''

''ကျွန်မ အားနာလို့ပါ၊ ကျွန်မလည်း ဆေးကျောင်းတက်ခဲ့ဖူးတော့.....''



www.burmeseclassic.com

www.burmeseclassic.com

မလှရီက အပြုံးဖြင့် အားနာပါးနာ ပြန်ပြောခဲ့သည်။

“ဘယ်ဟုတ်မလဲ၊ မတော်လို့ တစ်ခုခုဖြစ်သွားရင်ဒုက္ခ၊ ပေး..ပေး ကလေးကို ငါ့ကိုပေး၊ ဒုက္ခပါပဲတော်၊ ကလေးကို ကိုယ်တိုင်မွေးရတယ်လို့၊ ရှာမှရှားပဲ”

မလှရီလည်း သားလေးမွေးဖွားပြီးနောက် မောင်အေးငြိမ်းဟု အမည်ပေးခဲ့၏။ ခင်ပွန်းဖြစ်သူမှာ သားဖြစ်သူကိုယ်ဝန် ငါးလအရ တွင် သေဆုံးသွားသည်ဟု ကြားသိခဲ့ရ၏။ မလှရီမှာ သားလေးကို ပညာတတ်ဖြစ်စေလို၍ ပဲပြုတ်ရောင်းပြီး မုဆိုးမဘဝဖြင့် ဘဝခရီးကြမ်းကို ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့သည်။

အစားအသောက် ချွေတာပြီး သား၏ပညာရေးကို ပံ့ပိုးခဲ့သည်။

သားဖြစ်သူ ဆယ်တန်းအောင်သောနေ့တွင် အပျော်ကြီးပျော်ရမည့်အစား မိခင်ဖြစ်သူ ကားတိုက်ခံရ၍ သေဆုံးခဲ့သဖြင့် မောင်အေးငြိမ်း၏ဘဝမှာ မအေးငြိမ်းနိုင်အောင် ဖြစ်ခဲ့ရတော့၏။

♛♛♛♛♛

မိခင်ဖြစ်သူသေဆုံးပြီးနောက် အေးငြိမ်းမှာ အလုပ်တစ်ဖက်ဖြင့် ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူခဲ့သည်။ ဘွဲ့ရချိန်တွင် ရဲတပ်ဖွဲ့ထဲသို့ ခြေစုံပစ်၍ဝင်ခဲ့သည်။ နောင်ကြိုးမရှိသော သူ့အတွက် အလုပ်တာဝန်သည်သာအဖော်ဖြစ်လာခဲ့ရသည်။



“တို့ရဲ့မြို့မှာ အခုလို လူသတ်မှုဖြစ်တာ ထူးဆန်းတယ်၊ ဒီလူက လူအေးဗျ”

ဝိုင်းအုံကြည့်နေသော လူများကို ရဲတပ်ဖွဲ့ဝင်များက ဖယ်ခိုင်းပြီး ရဲလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။ အနီးရှိ သက်သေများထံမှ ထွက်ချက်ယူခဲ့ကြသည်။ အချင်းဖြစ်အရပ်တွင် ရဲလုပ်ငန်းပြီးဆုံးသောအခါ အလောင်းအား ရဲဆေးစာနှင့်အတူ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြသည်။

“ကဲ...စခန်းမှူး အေးငြိမ်း၊ ဒီအမှုကို အမြန်ဖော်ထုတ်ပါ”

မြို့နယ်ရဲတပ်ဖွဲ့မှူး၏အမိန့်က တိုလွန်းလှသည်။ စခန်းမှူး ရဲအုပ်အေးငြိမ်းပေါ်သို့ တာဝန်ထုပ်ကြီးကို ပစ်ချလိုက်သလိုခံစားလိုက်ရသည်။

ထိုအချိန်၌ပင် လူတစ်ဦး ရောက်ရှိလာပြီး မဝံ့မရဲဖြင့် ပြောခဲ့၏။

“စခန်းမှူးကြီး ကျွန်တော် သတင်းပေးချင်လို့ပါ”

“လာပါ၊ ကျွန်တော်တို့က ပြည်သူကို အမြဲကြိုဆိုနေသလို ပြည်သူကို အကူအညီပေးဖို့ အမြဲအသင့်ရှိနေပါတယ်”

သတင်းပေးရန် ရောက်လာသူက တီးတိုးစကားဖြင့် ပြောပြခဲ့သည်။

“ဒီလို ဆရာရဲ့၊ အခုသေသွားတဲ့ ကိုကျော်ခဲဟာ အရမ်းအေးတာဗျ၊ သူ့အရင်တုန်းက ရန်ကုန်မြို့ ---မှာနေတဲ့ အဘွားအိုတစ်ယောက်အိမ်က ဒရိုင်ဘာတဲ့၊ အဲဒီအိမ်ကိုလည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ရောက်ခဲ့ဖူးတယ်၊ အသတ်ခံရမယ့်ညက အဲဒီအိမ်က လူတစ်ယောက်နဲ့ ကိုကျောက်ခဲတို့ စကားအချေအတင်ပြောနေတယ်၊ အဲဒါပဲ ဆရာ''

''ဟုတ်လား၊ အဲဒီအိမ်ကို မှတ်မိလား''

''မှတ်မိပါတယ်''

''ဒါဆို အဲဒီအိမ်ကို လိုက်ပြပေးနိုင်မလား''

''ဟာ.....လိုက်ပြပေးမှာပေါ့ ဆရာရယ်''

''ကဲ...ဒါဆိုရင် ဒီညပဲ ရန်ကုန်ကိုသွားမယ်''

စခန်းမှူး ရဲအုပ် အေးငြိမ်းက ရရှိသတင်းကို အဆင့်ဆင့်တင်ပြပြီး ညွှန်ကြားချက်ရယူခဲ့သည်။

♛♛♛♛♛

စခန်းမှူး ရဲအုပ် အေးငြိမ်းနှင့်အဖွဲ့သည် သက်ဆိုင်ရာ အပိုင်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၏အကူအညီဖြင့် သတင်းပေးသူ ညွှန်ပြသောအိမ်သို့ ရောက်သွားခဲ့သည်။

စခန်းမှူး ရဲအုပ် အေးငြိမ်းက ခြံရှေ့သို့ ရောက်သောအခါ လူခေါ်ဘဲလ်လေးအား နှိပ်လိုက်၏။

ခြံစောင့်တစ်ဦး ထွက်လာ၍ မိတ်ဆက်စကားပြောရင်း လာရသည့်ကိစ္စကို ပြောပြလိုက်၏။

''ကျွန်တော်က စခန်းမှူး ရဲအုပ် အေးငြိမ်းပါ၊ ကိုကျောက်ခဲအသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး သိချင်တာလေးတွေ မေးချင်လို့ပါ''

''ဟုတ်ကဲ့၊ အိမ်ထဲကြွပါ''

ခွင့်ပြုသည်နှင့် သူတို့အားလုံး အိမ်ထဲသို့ ဝင်နိုင်ခဲ့ကြသည်။ အိမ်ထဲသို့ ရောက်သောအခါ၊ အခန်းအတွင်းမှ ဝိုးချဲလ်ပေါ်တွင်ထိုင်ပြီး နောက်မှ လူတစ်ဦးကတွန်းပြီး ထွက်လာသော အသက် ၈၀ ကျော် အဘွားကြီးတစ်ယောက်အား တွေ့လိုက်ရသည်။ စခန်းမှူး ရဲအုပ် အေးငြိမ်းမှာ အဘွားကြီးကို မြင်လိုက်ရသည်နှင့် အံ့အားသင့်သွားခဲ့ရတော့၏။ အခန်းတွင်းသို့ရောက်သည်နှင့် အဘွားအိုက စတင်ပြီး လှမ်းပြောခဲ့၏။

''မင်းတို့လာမယ်ဆိုတာကို အဘွား ကြိုသိပါတယ်''

''ဗျာ.....''

''ဘာလဲ စခန်းမှူးက အံ့သြသွားလို့လား''

''ဟုတ်ပါတယ်၊ အဘွားက ဘယ်လိုသိတာလဲခင်ဗျ''


စခန်းမှူး ရဲအုပ် အေးငြိမ်းက သိချင်ဇောဖြင့် မေးလိုက်၏။

အဘွားကြီးက စကားကိုခဏနားပြီး အိမ်ဖော်များကို မျက်ရိပ်ပြလိုက်၏။ အိမ်ဖော်များ ထွက်သွားမှ အဘွားကြီးက ဆက်ပြောလေ၏။

''အခု သေသွားတဲ့သူက မောင်ကျောက်ခဲမဟုတ်လား''

''ဟုတ်ကဲ့''

''အေး.....အဲဒီကျောက်ခဲက အဘွားတို့အိမ်မှာ အိမ်ကားမောင်းတဲ့ ဒရိုင်ဘာလေ''





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

"အဘွားတို့မိသားစုက သုံးယောက်ပါ"

"ဟုတ်ကဲ့"

စခန်းမှူး ရဲအုပ် အေးငြိမ်းက အဘွားကြီး ပြောပြသမျှကို နားထောင်ရင်း မှတ်စုစာအုပ်၌ လိုက်ရေးမှတ်နေလေ၏။ စခန်းမှူး ရဲအုပ် အေးငြိမ်းက တောင်းပန်သောလေသံမျိုးဖြင့် ပြောလိုက်၏။

"အိမ်ထောင်စုစာရင်းများ ကြည့်ခွင့်ရမလားမသိဘူး"

"ရပါတယ်"

အဘွားကြီးက အိမ်ဖော်ကောင်မလေးအား လှမ်းခေါ်ပြီး အိမ်ထောင်စုစာရင်းစာရွက် ယူခိုင်းလိုက်၏။ အိမ်ဖော်ကောင်မလေးက သန်းခေါင်စာရင်းအား စခန်းမှူးလက်ထဲသို့ ထည့်လိုက်၏။

စခန်းမှူး၏လက်များက တဖြည်းဖြည်းဖြင့် တုန်ယင်လာလေ၏။ မျက်ရည်စက်များက သန်းခေါင်စာရင်းပေါ်သို့ တစ်စက်ချင်း ကျသွားခဲ့လေ၏။

စာရွက်ကို ကြည့်နေရင်း သေဆုံးသွားသော မိခင်ဖြစ်သူ ဒေါ်လှရီ၏ စကားများကို ပြန်လည်ကြားယောင်နေခဲ့၏။ မိခင်ဖြစ်သူ၏ ဘဝရဲခန်းမှ ပုံရိပ်များကို စာရွက်ပေါ်တွင် မြင်နေရသလို ရှိနေခဲ့သည်။

စခန်းမှူး၏လက်များက
တဖြည်းဖြည်းဖြင့်
တုန်ယင်လာလေ၏။
မျက်ရည်စက်များက
သန်းခေါင်စာရင်းပေါ်သို့
တစ်စက်ချင်း ကျသွားခဲ့လေ၏။
စာရွက်ကို ကြည့်နေရင်း
သေဆုံးသွားသော
မိခင်ဖြစ်သူ ဒေါ်လှရီ၏စကားများကို
ပြန်လည်ကြားယောင်နေခဲ့၏။
မိခင်ဖြစ်သူ၏
ဘဝရဲခန်းမှပုံရိပ်များကို
စာရွက်ပေါ်တွင်မြင်နေရသလို

အဘွားအိုက ပြတ်ပြတ်သားသားဖြင့် ပြောပြလိုက်၏။

"မောင်ကျောက်ခဲကို အဘွားကိုယ်တိုင် သတ်ခဲ့တာပါ၊ အဲဒီ သန်းခေါင်စာရင်းမှာပါတဲ့ မလှရီဆိုတာ အဘွားရဲ့သမီးပါ၊ အဲဒီ သမီးလေးဟာ လင်ယောကျ်ားရဲ့ ပစ်ပယ်ခံရပြီး သားတစ်ယောက်ကို ပဲပြုတ်ရောင်းကျွေးပြီး ဘဝရပ်တည်နေရတယ်ဆိုတာ ကြားမိခဲ့တယ်၊ ဒါနဲ့ အဘွားက မောင်ကျောက်ခဲကို သွားခေါ်ခိုင်းတယ်၊ သမီးလေးက ပါမလာဘူး၊ ဘယ်ပြောင်းသွားမှန်း မသိဘူးလို့ပြောတယ်၊ ဒါနဲ့ လေးငါးရက်လောက်ကြာတော့ မောင်ကျောက်ခဲကိုချော့မေးပြီး သမီးနေခဲ့တဲ့ရွာကိုလိုက်သွားခဲ့တယ်၊ ရွာကိုရောက်တော့ သမီးသေဆုံးတဲ့ ရက်လည်နဲ့တိုးခဲ့တယ်၊ အဲဒီရွာကလူတွေရဲ့ ပြောပြချက်အရ သမီးကိုတိုက်ပြီးထွက်ပြေးသွားတဲ့ ကားနံပါတ်ကို သိခဲ့ရတယ်၊ စခန်းမှူးကြီးရယ် စဉ်းစားကြည့်ပါဦး၊ ကားနဲ့တိုက်မိခဲ့တယ်ဆိုရင်လည်း တိုက်မိခဲ့တယ်ပြောပေါ့၊ အခုတော့ သမီးလည်းဆုံး၊ မြေးလေးလည်း ဘယ်ရောက်သွားမှန်း မသိဘူး၊ အဘွား အိမ်ပြန်ရောက်တော့ ကျောက်ခဲကို မတွေ့ရတော့ဘူး"

"ဟုတ်လား၊ ကျောက်ခဲကို ရှာခဲ့သေးလား"

"ရှာခဲ့ပါတယ်၊ ကျောက်ခဲကို အဘွားလိုက်ရှာတယ်၊ မတွေ့ခဲ့ပါဘူး"

"တွေ့ရင်ကော အသက်အရွယ်အရ အဘွားအနေနဲ့ ဘာလုပ်နိုင်မှာလဲ"

"ဥပဒေအရ အရေးယူဖို့လုပ်မှာပေါ့၊ အခုဟာက မိဘမရှိတဲ့ သမီးဆိုပြီး ရွာက ဆွမ်းသွတ်လိုက်တယ်တဲ့၊ အဘွားဖြင့် ရင်နာလို့

www.burmeseclassic.com

မဆုံးဘူး၊ ဒါနဲ့ စခန်းမှူးကြီးတို့ တာဝန်ကျတဲ့မြို့ကို ဘုရားဖူးလာရင်း မောင်ကျောက်ခဲနဲ့ မထင်မှတ်ဘဲတွေ့ခဲ့တယ်၊ သူကတောင်းပန်တယ်၊ ပြီးတော့ သူ့ရဲ့အနိုင်အထက်ပြုလုပ်ခဲ့မှုကြောင့် မလှရီဆီမှာ သူ့ရဲ့ရင်သွေးပါသွားတယ်တဲ့၊ သမီးလေးဘဝကို အဘွားအနေနဲ့ စဉ်းစားလို့ကိုမရဘူး စခန်းမှူးကြီးရယ်၊ သမီးခမျာ လက်ရှိလင်ကလည်း မယုံသင်္ကာလို့ ပစ်ပယ်ထားခဲ့တယ်၊ လင်ရဲ့မိဘတွေကလည်း ပစ်ထားခဲ့တယ်၊ မိခင်ရင်းဖြစ်တဲ့ အဘွားကိုယ်တိုင်ကလည်း ပစ်ပယ်ထားခဲ့တယ်၊ သမီးဟာ ဘဝကို ကြွေကြွေခံခဲ့တယ်၊ သား ဖြစ်သူ ၁၀ တန်းအောင်တာတောင် မသိသွားခဲ့ဘူးလို့ ရွာသား တချို့က ကြင်နာစိတ်နဲ့ ပြောပြခဲ့တယ်၊ အဲဒါနဲ့ အဘွားလည်း ယူကျုံးမရဖြစ်ပြီး အဲဒီကျောက်ခဲကို အမုန်းချေချင်စိတ်တွေ ဖြစ်နေချိန်မှာ သူက အဘွားကို စကားမာထန်ထန်ပြောခဲ့ပြန်တယ်၊ အဘွားအနားကို ကပ်လာတဲ့ကျောက်ခဲကို အဘွားမှာပါလာတဲ့ဓားနဲ့ လည်ပင်းကို လက်နဲ့ယမ်းလိုက်တာပါ စခန်းမှူးကြီးရယ်၊ အဘွားကို ဥပဒေအရ အရေးယူနိုင်ပါတယ်''

စခန်းမှူး ရဲအုပ် အေးငြိမ်းမှာ မည်သို့မျှ ဟန်မဆောင်နိုင်တော့။ အဖြစ်မှန်ကိုသိရှိရန် ပွင့်ပွင့်လင်းလင်းပင် ပြောပြလိုက်တော့သည်။

''အဘွား ဒီမှာလေ၊ အဘွားရဲ့သမီး မလှရီဆိုတာ၊ အဲဒါဟာ ကျွန်တော့်ရဲ့အမေအရင်းပါ''

''ဟေ.....မင်းက ငါ့ရဲ့မြေးပေါ့၊ ဟုတ်လား''



ဓာတ်ပုံကိုကြည့်ရင်း အဘွားအိုက အံ့အားသင့်စွာ လှမ်းမေးလိုက်၏။

''ဟုတ်ပါတယ် အဘွား''

''အေး၊ ငါက လူသတ်မှုကျူးလွန်မိတယ်၊ သမီးအတွက် ဒေါသအလျောက်သတ်မိတာ၊ မင်းက ငါ့မြေးဖြစ်နေတော့ မင်းရဲ့အမေကိုယ်စား ငါ့ကိုဒဏ်ခတ်တာလို့ ယုံကြည်တယ်၊ မြေးလေးရယ် အဘွားကို ဖမ်းပါ''

ရဲအုပ် အေးငြိမ်းကို အတူပါလာသူများက အံ့အားသင့်စွာ ဝိုင်းကြည့်ကြသည်။ ရဲအုပ် အေးငြိမ်းမှာ တာဝန်အရ ဖမ်းရတော့မည်ဖြစ်၏။

ထိုင်နေရာမှ ကြမ်းပြင်ပေါ်သို့ ဆင်း၍ ဒူးတုပ်ထိုင်ပြီး အဘွားဖြစ်သူကို လက်အုပ်ချီ၍ ကန်တော့လိုက်သည်။ မဖမ်းမီ ကန်တော့ခြင်းဖြစ်၏။

ကန်တော့ပြီး ခေါင်းပြန်မော့ ချိန်ဝယ် အဘွားအိုမှာ ကုလားထိုင်ပေါ်၌ပင် မလှုပ်မယှက်ဖြင့် သေဆုံးနေသည်ကို တွေ့လိုက်ရ၏။

နှလုံးရောဂါအခံရှိနေသော အဘွားအိုမှာ သောကဗျာပါရ၏ ဒဏ်ကို မခံနိုင်၍ သေဆုံးသွားခဲ့ရရှာ၏။

မိခင်ဖြစ်သူ ဒေါ်လှရီကိုပြုခဲ့သော ရက်စက်မှုများက သူ့အဘွားကို ဒဏ်ခတ်လိုက်လေပြီလားဟု ရဲအုပ်အေးငြိမ်းက တွေးကြည့်နေမိ၏။

**ရေနဂါး**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




"ဟော့....."

လမ်းအချိုး အမှောင်အောက်မှခေါ်သံကြောင့် ဖြူစင်သန့်၏ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားရသည်။ ရင်ထဲ၌လည်း အထိတ်တလန့်ကြောင့် တလုပ်လုပ် တုန်ခါသွားရ၏။

ကြောက်ရွံ့စိုးထိတ်မှုကြောင့် နှလုံးအခုန်မြန်သွားခဲ့သည်။ နားထင်ကြောများ တင်းသွားပြီး တစ်ကိုယ်လုံး ကျင်စက်နှင့်အတို့ခံရသလို ခံစားလိုက်ရ၏။

"ဟဲ.....ဟဲ၊ လန့်သွားသလား"

"နင်...နင် ဘာလုပ်တာလဲ ကျော်ဖြိုး"

ဖြူစင်သန့်က ရင်ကို လက်နှင့်ဖိထားလိုက်ရင်း ဒေါသဖြင့်မေးလိုက်၏။ ကျော်ဖြိုးက အမှောင်ထဲမှ လှမ်းထွက်လာသည်။

"နင့်ကို တမင်လှန့်လိုက်တာ"

"ငါလန့်တတ်တာ နင်သိလျက်နဲ့ ဒီလိုလုပ်ရသလား၊ ငါ့ကို လန့်ပြီးသေသွားအောင် သေကြောင်းကြံစည်တာလား"

"မဟုတ်ပါဘူးဟာ၊ စတာပါ"

"ငါက စ,စရာလား"

"ချစ်လို့စတာပါဟာ"

ကျော်ဖြိုး၏မျက်နှာက မချိမချဉ်။

မျက်နှာက ထန်းလျက်တစ်ဝက်၊ မန်ကျည်းသီးတစ်ဝက်။ မျက်နှာကလည်း အဆီပြန်နေသေးသည်။



ဖြူစင်သန့်က နှုတ်ခမ်းစူထားရင်း မျက်စောင်းထိုးလိုက်သည်။ ဒါကိုပင် ကျော်ဖြိုးက အသေအချာကြည့်ရင်း စကားတစ်လုံး လှမ်းပစ်လိုက်၏။

"အဲဒီလိုလုပ်ပြတာကိုက ချစ်စရာပဲ"

"ကျော်ဖြိုး နင်တော်တော့ဟာ"

"ငါက တော်ချင်ပါတယ်၊ နှလုံးသားကို ငါက မထိန်းချုပ်နိုင်ဘူးဖြစ်နေတယ်"

"နင်လေ ပြောလေကဲလေပါလား"

"ပြောမှ စကားလမ်းစပေါ်လာတာလေ၊ အဲဒီလမ်းအတိုင်း လျှောက်ဖို့ ငါ့နှလုံးသားက ငါ့ကို တိုက်တွန်းနေတယ်"

"တော်တော့ဟာ၊ ငါသွေး စရာရှိတယ်"

www.burmeseclassic.com


ဖြူစင်သန့်က ရပ်နေရာမှ ခြေလှမ်းကိုစတင်သည်။

"နေပါဦးဟာ"

ကျော်ဖြိုးက ရှေ့မှပိတ်ရပ်သည်။

ဖြူစင်သန့်က အတင်းဝင်တိုးပြီး ရှေ့ကိုလှမ်းသည်။

မထင်မှတ်ဘဲ ဖြူစင်သန့်မှာ ကျော်ဖြိုး၏ရင်ခွင်ထဲသို့ အလိုလိုတိုးဝင်သလိုဖြစ်သွားသည်။ ကျော်ဖြိုးက အခွင့်အရေးကို လက်လွှတ်မခံ။ သူ့ရင်ခွင်ထဲသို့ တိုးဝင်သလိုဖြစ်လာသော ဖြူစင်သန့်ကို သိုင်းဖက်ထားလိုက်သည်။



သူတို့နှစ်ဦးရှိနေသည့်နေရာက လမ်းချိုးထောင့် ပိတောက်ပင်အောက်တွင်ဖြစ်သည်။ ပိတောက်ပင်က သက်ကြီးအပင်ဖြစ်၍ အကိုင်းအခက် ဝေဖြာသည်။ အကိုင်းအခက်အချို့က ပင်စည်ဝန်းကျင်အထိ တွဲလဲကျနေ၍ ပတ်ဝန်းကျင်နှင့် မျက်ကွယ်နေရာလိုဖြစ်နေသည်။

ပြီးတော့ လမ်းမီးလျှပ်စစ်တိုင်နှင့်လည်း အလှမ်းဝေးသည်။

မိုးတွင်းကာလဖြစ်၍ သစ်ပင်တွေက တစ်လမ်းလုံးတွင် လွှမ်းမိုးထားသည်။ အိမ်တိုင်းလိုလို အိမ်ရှေ့တွင် အရိပ်ရအပင်များ စိုက်ထားကြသည်။ ထို့ကြောင့် ကျော်ဖြိုးနှင့် ဖြူစင်သန့်တို့ ရှိရာနေရာမှာ လူအများ၏မြင်ကွင်းမှ မျက်ကွယ်ဖြစ်နေခဲ့သည်။

"လွှတ်စမ်းပါ ကျော်ဖြိုးရယ်"

"မလွှတ်ချင်သေးဘူး၊ ချစ်တယ်ပြောမှ လွှတ်ပေးမယ်"

"နင့်မှာရည်းစားတွေ အများကြီးပဲ၊ နင့်ကိုငါ မစဉ်းစားဘူး"

"မိန်းကလေးတွေမှာ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့၊ ယောကျ်ားလေးတွေမှာလည်း အဲဒီအခွင့်အရေးရှိတယ်"

ကျော်ဖြိုးက အလေးအနက်မထားဟန်ဖြင့်ပြောသည်။

ဖြူစင်သန့်က နှုတ်ခမ်းမဲ့ရင်း မျက်စောင်းထိုးကြည့်သည်။

"တို့မြန်မာတိုင်းရင်းသားတွေက တစ်လင်တစ်မယားစနစ်ပဲ အားပေးတယ်၊ ဘာသာရေးကလည်း အဲဒီလိုပဲ ဆုံးမတယ်၊ တို့မိန်းကလေးတွေ လိုလားတာကလည်း မယားအပြိုင်မရှိတဲ့ ခင်ပွန်းမျိုးပဲ"

"ဟာ.....နင်ကလည်း၊ ငါက လူပျိုပါဟာ၊ မယားပြိုင်ဆိုတာ ဘာမှန်းတောင်မသိဘူး။ ငါသိတာက နင်တစ်ယောက်တည်းပဲ"

"နင့်လျှာမှာ အရိုးရှိရင် ကွေ့ရှောင်လိမ်တွန့်လို့ ရမှာမဟုတ်ဘူးနော်၊ လျှာမှာအရိုးမရှိတော့ လိမ်ပြောချင်သလို ပြောလို့ရတာပေါ့"

"ငါ့ကို အဲဒီလောက်အထိ မနှိမ့်ချနဲ့ဟာ၊ ငါနင့်ကို တကယ်ချစ်တာပါ"

"ချစ်ရင် နှလုံးသားထဲကချစ်၊ အခုလိုသိုင်းဖက်ထားတာက မရိုးသားတဲ့စိတ်ဓာတ်ပဲ၊ အဲဒီစိတ်ဓာတ်ကို ငါအမုန်းဆုံးပဲ"

ဖြူစင်သန့်၏စကားက ထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်ဟု ဆိုရမည်။

ကျော်ဖြိုးက ဖြူစင်သန့်ကို သိုင်းဖက်ထားသော သူ၏လက်များကို ချက်ချင်းဖြေလိုက်သည်။

ဖြူစင်သန့်က ကျော်ဖြိုးကို စူးစူးစိုက်စိုက်ကြည့်ရင်း ကျေနပ်စွာ ပြုံးမိသည်။

ကျော်ဖြိုးက ဖြူစင်သန့်စကားကို နားထောင်ခဲ့၍ ဖြူစင်သန့်မှာ ကျော်ဖြိုးကို စိတ်ဆိုးရခက်သွားသည်။ ဒေါသဖြင့် ရန်တွေ့လိုက်မည်ဆိုသည့် အတွေးများလည်း ပျောက်သွားတော့၏။

"ကျေးဇူးတင်ပါတယ် ကျော်ဖြိုးရယ်၊ နင်နဲ့ငါဟာ ငယ်သူငယ်ချင်းတွေပါ၊ ငါ့ကို နစ်နာအောင် နင်မလုပ်ဘူးလို့ ယုံကြည်ထားတယ်"

"စိတ်ချပါ၊ နင့်အတွက် ငါ့ဘဝကို ပေးဆပ်ဖို့အသင့်ပဲ"

"အဲဒီလို မတောင်းဆိုရသေးပါဘူးဟာ"

"မတောင်းဆိုသေးတာ ငါသိပါတယ်၊ နင့်ကို သိထားစေချင်တာ ငါ့ရဲ့အမျှော်လင့်ဆုံးဆန္ဒပါ"

"စိတ်ချ။ နင့်စိတ်ဓာတ်ကို ငါ့ဘဝရဲ့ စဉ်းစားစရာအဖြစ် အရေးထားပါ့မယ်"

ဖြူစင်သန့်က လွတ်လပ်စွာ သွားလာခွင့်ရခဲ့၍ ကျေနပ်စွာပြုံးသည်။ ကျော်ဖြိုးက သူ့အပေါ် ညှာတာစိတ်ရှိသည်ဟု ထင်မိလိုက်၏။

"နင် အခု ဘယ်သွားမှာလဲ"

"စာအုပ်အငှားဆိုင်မှာ စာ အုပ်သွားအပ်မလို့"

"ငါလည်းလိုက်ခဲ့မယ်"

"မလိုက်ပါနဲ့ဟာ၊ လူတွေ တွေ့သွားရင် ငါ့အပေါ် သံသယမျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြလိမ့်မယ်"

"အေးပါ၊ ငါမလိုက်တော့ဘူး"



ကျော်ဖြိုးက အ...ရိပ်တွင် ရပ်ရင်း ကျန်နေခဲ့သည်။

ဖြူစင်သန့်က ထွက်သွားခဲ့၏။

ရှေ့သို့လျှောက်သွားနေသော ဖြူစင်သန့်မှာ သူမ၏နောက်သို့ မလုံမလဲဖြင့် နောက်ပြန်လှည့် ကြည့်ရင်း ရှေ့သို့ဆက်လျှောက် သွားခဲ့သည်။

ရှေ့သို့ဆက်လျှောက်နေသော ဖြူစင်သန့်၏ရင်များမှာ အဆက်မပြတ်ခုန်နေ၍ သူမကိုယ်သူမ ဘာဖြစ်သွားမှန်းမသိအောင် ဖြစ်သွားခဲ့၏။

♛♛♛♛♛

"ဟဲ့...ဖြူစင်၊ နင်ဘာဖြစ်နေတာလဲ"

"အမယ်လေး...နင်ကလည်း ဟယ် လန့်လိုက်တာ"

နအိမ်အတွင်းရှိ မှန်တင်ခုံရှေ့တွင် ဒေးဝိုင်ပြီး ထိုင်နေသော ဖြူစင်သန့်မှာ လန့်ဖျပ်ရင်း တုန်ယင်သွားသောရင်ကို လက်နှစ်ဖက်ဖြင့် ဖိထားလိုက်ရ၏။

မှန်တင်ခုံရှေ့တွင် ထိုင်နေသော ဖြူစင်သန့်မှာ သူမအနီး... ခြေဖော့နင်း၍ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



နှင်းယုဆွေကို သတိမထားမိနိုင်အောင် ဖြစ်နေခဲ့၏။

နှင်းယုဆွေက အခန်းထဲသို့ မဝင်မီ ဖြူစင်သန့်ကို ချောင်းကြည့်ခဲ့သည်။ ဖြူစင်သန့်မှာ သူမကိုယ်ကို ရှေ့ပိုင်းမှာ လက်နှစ်ဖက်ဖြင့် ယှက်သိုင်းထားရင်း ပြုံးလိုက်ရယ်လိုက်ဖြစ်နေ၏။

တစ်ကိုယ်တည်း အတွေးထဲ၌ နစ်မြုပ်နေသော ဖြူစင်သန့်က နှင်းယုဆွေကို သတိမထားမိခဲ့ပေ။ မှန်တင်ခုံရှေ့တွင် ထိုင်နေသော်လည်း နှင်းယုဆွေ အခန်းထဲဝင်လာသည်ကို သတိမထားမိခဲ့။

ဖြူစင်သန့်က မျက်လုံးမှိတ်ထားရင်း အတွေးထဲ၌ ပြေးလွှားနေခဲ့သည်။ အတွေးဖြင့် အပျော်လွန်နေသော ဖြူစင်သန့်၏ ပခုံးနှစ်ဖက်ကို နှင်းယုဆွေက ဆတ်ခနဲ ညှပ်ကိုင်လိုက်၍ ဖြူစင်သန့်မှာ သူခိုးလူမိဖြစ်သွားသည်။

"ဟဲ့..ဖြူစင် နင်ဘာတွေဖြစ်နေတာလဲ"

"ငါ ဘာဖြစ်လို့လဲ"

"နင့်အခန်းထဲ ငါဝင်လာတာတောင် သတိမထားနိုင်လောက်အောင် ဘာတွေဖီလင်တက်နေတာလဲ"

နှင်းယုဆွေက ထိုင်ခုံတစ်လုံးကို ဆွဲယူထိုင်ရင်းမေးသည်။

ဖြူစင်သန့်က ရှက်ကိုးရှက်ကန်းဖြင့် အဖြေပြန်ပေးခဲ့သည်။

"ငါ့မှာ ဘာဖီလင်မှမရှိဘူး"

"နင်မညာနဲ့၊ ငါအားလုံးကြားပြီးပြီ"

"ဘာကိုကြားတာလဲ"

ဖြူစင်သန့်က မလုံမလဲဖြင့် ပြန်မေးသည်။

"မနေ့က ညှို့ဦးပိုင်းမှာ နင်နဲ့ကျော်ဖြိုးတို့ လမ်းထိပ်က သစ်ပင်အမှောင်အောက်မှာ အနီးကပ်ရပ်နေခဲ့ကြတယ်ဆို"

"ဟဲ့.....ညည်းကို ဘယ်သူပြောတာလဲ"

"တို့လမ်းထဲမှာနေတဲ့ကလေးတစ်ယောက်က တွေ့တာတဲ့"

"ဟယ်...သူများတွေသိကုန်ပြီလား"

"ဟဲ့..ပါးစပ်ပေါက်တစ်ပေါက်က ပိတ်ရခက်တယ်၊ တစ်ယောက်သိရင် လူတစ်ရာ သိသွားတော့တာပဲ"

"ဒုက္ခပါပဲဟယ်"

BURMESE CLASSIC .com

"ဘာဒုက္ခလဲ၊ နင်နဲ့ကျော်ဖြိုးက ဘယ်အချိန်က ရည်းစားဖြစ်သွားတာလဲ"

"မဖြစ်ပါဘူးဟယ်"

"မဖြစ်ဘဲနဲ့ နင့်ကိုသူက မွှေ့ဖက်ထားတာ ဘာသဘောလဲ"

ဖြူစင်သန့်က ကျော်ဖြိုးရောက်လာပြီး ရည်းစားစကားပြောပုံနှင့် မထင်မှတ်ဘဲ ဖက်ထားသလို ဖြစ်သွားချိန်ဝယ် မလွှတ်စတမ်း ဖက်ထားပုံများကို ပြန်လည်ပြောပြလိုက်သည်။

နှင်းယုဆွေက အသေအချာနားထောင်ရင်း ဖြူစင်သန့်ကိုအကဲခတ်နေခဲ့သည်။

ဖြူစင်သန့်က အမျိုးမျိုးကျိန်တွယ်ပြောပြခဲ့၍ ဖြူစင်သန့်၏ အပြောကို လက်ခံရင်း သတိပေးစကားပြောခဲ့သည်။

"ကျော်ဖြိုးနဲ့နင်နဲ့က ငယ်သူငယ်ချင်းပဲ၊ သူ့အကြောင်း နင်မသိဘူးလား"

"တရင်းတနှီးမနေတော့ မသိဘူး"

"နင်က သိပ်ရိုးတာပဲ၊ ပတ်ဝန်းကျင်စကားကိုလည်း နားထောင်ဦးမှပေါ့"

"သူ့အကြောင်း ပြောပြတဲ့သူမှမရှိဘဲ"

"ထားပါတော့၊ နင့်အတွက် ငါ စိုးရိမ်တယ်"

"ဘာကိုစိုးရိမ်တာလဲ"

"နင်က ဂနေ့အထိ ရည်းစားမရှိဘူး၊ အတွေ့အကြုံလည်းမရှိဘူး၊ အတွေ့ကိုမလွန်ဆန်နိုင်ရင် နင်ပဲဒုက္ခရောက်မှာ"

"ဟဲ့...သူနဲ့ငါနဲ့က ရည်းစားမှမဟုတ်တာ"

ဖြူစင်သန့်က ဖြေရှင်းချက်ပေးသည်။ နှင်းယုဆွေက



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းခါပြ ရင်း ရှင်းပြလိုက်သည်။

"အတွေ့အကြုံမရှိလို့ အရိုင်းလို့ပြောတာ၊ အရိုင်းဆိုတော့ အတွေ့အထိကို သဘောကျပြီး မှားသွားနိုင်လို့ သတိပေးနေရတာ"

"ငါ့ကိုယ်ငါ ထိန်းပါတယ်ဟာ"

"ဟဲ့.....ရပ်နေတဲ့အိုးကို လှုပ်နေတဲ့အိုးက လာထိရင် အိုးချင်းတိုက်မိပြီး ကွဲတတ်တယ်"

"နင်ဘာကိုပြောတာလဲ"

ဖြူစင်သန့်ကိုကြည့်ရင်း နှင်းယုဆွေမှာ စိတ်ပျက်သွားခဲ့ရသည်။ ရည်းစားထားဖူးသူမဟုတ်၍ နားလည်စေရန် ပြောရမှာကို ခက်ခဲနေခဲ့သည်။

"ကျော်ဖြိုးက ရည်းစားထည်လဲတွဲတာ၊ သူ့မှာ အတွေ့အကြုံများတယ်၊ သူ့ကြောင့် ဘဝပျက်ခဲ့ရသူတွေ၊ အသည်းကွဲပြီး မျက်ရည်လည်ရွှဲဖြစ်ရသူတွေ အများကြီးပဲ"

"ဟုတ်ရဲ့လားဟယ်"

"ငါပြောတာကို မယုံကြည်နိုင်တာကိုက နင့်စိတ်မှာ သလွှာဖုံးနေပြီလို့ ငါမှတ်ယူတယ်"

ဖြူစင်သန့်က အတွေးဖြင့် ခေတ္တငိုင်သွားသည်။

သက်ပြင်းများကို မကြာခဏ မှုတ်ထုတ်ရင်း နှင်းယုဆွေဘက် ခိုးကြည့်ခဲ့သည်။

"နင့်စိတ်ထဲမှာ သာယာသလို ဖြစ်နေပြီမဟုတ်လား"

"ဘာကိုဆိုလိုတာလဲ"

"အတွေ့လေ၊ အတွေ့မှာတက ဆွဲငင်အားကောင်းတယ်"

"မဟုတ်ပါဘူးဟယ်၊ မတော်တဆ တွေ့ဆုံမှုကို သတင်းမျှသွားတယ်ဆိုတော့ ပတ်ဝန်းကျင်မှာ ဘယ်လောက်များ ဝေဖန်နေကြမလဲမသိဘူး"

"အဲဒါပဲလေ၊ ငါတို့လို မိန်းကလေးတွေအတွက် အနေအထိုင်တစ်ချက်မှားတာနဲ့ ဖြစ်တင်ကဲ့ရဲ့မှုကို ကာလရှည် ခံစားရတော့တာပဲ"

ဖြူစင်သန့်က သက်ပြင်းရှည်ကိုချပြန်သည်။

နှင်းယုဆွေက အားပေးစကားနှင့်အတူ သတိပေးစကားပြောခဲ့၏။

"နင့်ကိုပြောချင်တယ်"

"ပြောလေ"

"နင်က အပျိုရိုင်း၊ အရိုင်း၊ ခံစားချက်ကို တုံ့ပြန်ချေဖျက်နိုင်တဲ့ ခုခံအားနည်းတယ်၊ အားနာလို့ဖြစ်စေ၊ ရှက်လို့ဖြစ်စေ မထူးတော့ဘူးဆိုတဲ့အမြင်နဲ့ဖြစ်စေ ဘဝတည်ဆောက်မှု မမှားစေနဲ့"

"အေးပါ၊ နင်အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်"

"တစ်ခုပြောမယ်၊ ကျော်ဖြိုးက မိန်းမကျမ်းကျေတယ်၊ အထာနဲ့အညှာကိုသိတယ်၊ သူ့ညွှတ်ကွင်းထဲ မဝင်မိဖို့ သတိထား"

"အေးပါဟာ၊ သူနဲ့ငါကငယ်သူငယ်ချင်းတွေပါ၊ ငါ့အပေါ် ယုတ်မာတဲ့စိတ်မျိုး ထားမယ်မထင်ပါဘူး"

ဖြူစင်သန့်ဘက်က သန့်စင်သောအမြင်မျိုးဖြစ်မှန်း နှင်းယုဆွေက သိသည်။ ထိုစိတ်ထားကိုပင် အားနည်းချက်အဖြစ် သဘောထား၍ ကျော်ဖြိုးဘက်မှ အမြတ်ထုတ်မည်ကို စိုးရိမ်နေမိ၏။

"အခုလိုပြန်ပြောတာကိုက နင်ဟာ ကျော်ဖြိုးနဲ့ပတ်သက်ရင် လျှော့တွက်နေပြီဆိုတာ သိသာတယ်၊ အဲဒါဟာ အားနည်းချက်ပဲ"

"အေးပါဟယ်၊ ငါသူ့ကို ရှောင်ပါ့မယ်"

"နင့်ဆီက ကြားရတဲ့ကတိစကားဟာ မင်္ဂလာနဲ့ ပြည့်စုံပါတယ်"

သူငယ်ချင်းနှစ်ယောက် တီးတိုးပြောဆိုရင်း ဆက်လက်ဆွေးနွေးနေခဲ့ကြသည်။ ဖြူစင်သန့်၏ မိဘနှစ်ပါးမှာ ဈေးထဲတွင် ကုန်စုံဆိုင်ကြီးနှစ်ဆိုင်ဖွင့်ထား၍ အချိန်ပြည့် ဈေး၌ပင် ရှိနေကြသည်။

♛♛♛♛♛

ဖြူစင်သန့် သူမကိုယ်တို



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩနေမိသည်။

"ငါဘယ်လိုကြောင့် ဒီအခန်းထဲ ရောက်နေရတာလဲ"

ဖြူစင်သန့်မှာ ကျော်ဖြိုးနှင့် ပတ်သက်၍ အမြဲသတိထားပြီး ရှောင်ရှားနေခဲ့၏။ ကျော်ဖြိုးနှင့် မတွေ့မိစေရန် ကြိုးစားနေစဉ် ပတ်ဝန်းကျင်၏ ကောလာဟလများက ဖြူစင်သန့်ထံ ရောက်လာကြသည်။

ဖြူစင်သန့်နှင့် အရင်းနှီးဆုံး မိန်းကလေးသူငယ်ချင်းတစ်ဦး ဖြူစင်သန့်ထံ ရောက်လာခဲ့သည်။

ဖြူစင်သန့်နှင့် ကျော်ဖြိုးတို့ နေ့နေ့ညည တွဲနေသည်ဟု ပြောကြသည်။

အချို့က ဖြူစင်သန့်သည် သူမကိုယ်ကိုသူမ မထိန်းနိုင်လောက်အောင် စိတ်လေလွင့်နေပြီဟု ဝေဖန်ကြသည်ဆို၏။

အချို့က တန်ဖိုးမဲ့နေပြီဟု ကိုယ်ချင်းစာစိတ်မရှိဘဲ ပြောကြသည်။

ကျော်ဖြိုးကိုယ်တိုင်ကလည်း ဖြူစင်သန့်သည် သူ့အတွက်ကစားစရာအရုပ်လေးတစ်ရုပ်ဟု ပြောနေသည်ဟုဆိုသည်။



ယောကျ်ားသားတစ်ဦးနှင့် မတော်တဆ တရင်းတနှီးဖြစ်ခဲ့ဖူးသည့် မြင်ကွင်းကြောင့် ဖြူစင်သန့်မှာ ယောကျ်ားသားများ၏အကြည့်မျက်လုံးများထဲ၌ အထင်သေးခံနေရသူ ဖြစ်ခဲ့သည်။

ကျော်ဖြိုး၏ နှုတ်သရမ်းမှု၊ အပိုစကားဖြင့် ဝါကြွားမှုကြောင့် ဖြူစင်သန့်မှာ အပျိုမဟုတ်သောအပျိုဟုပင် အပြောခံခဲ့ရသည်။

ဖြူစင်သန့်မှာ အကြီးအကျယ် ဒေါသဖြစ်ခဲ့ရသည်။

ကျော်ဖြိုးကိုတွေ့ဆုံပြီး ရင်ဆိုင်ဖြေရှင်းရန် ကြိုးစားခဲ့၏။

ကျော်ဖြိုးကို ဆက်သွယ်ရသည်မှာမခက်။

ကျော်ဖြိုးကို အများသူငါရှေ့တွင် အရှက်ခွဲကာ ကလဲ့စားချေပြလိုက်မည်ဟု ကြုံးဝါးမိခဲ့သည်။

ကျော်ဖြိုးနှင့်တွေ့မည့်ဆိုသည့်အကြောင်းအား နှင်းယုဆွေကိုပင် အသိမပေးခဲ့။

အသိပေးပါက နှင်းယုဆွေက တားမြစ်လိမ့်မည်။

သို့ဖြစ်၍ ဖြူစင်သန့်က ကျော်ဖြိုးအား နေထိုင်ရာရပ်ကွက်နှင့် အလှမ်းဝေးသည့် မင်္ဂလာဒုံ၊ ကျိုက္ကလို့ဘုရားဘက်သွားရန် ချိန်းဆိုလိုက်သည်။

ကျော်ဖြိုးဘက်က မည်သို့တွေးသည်မသိ။

ချိန်းဆိုရာသို့ နာရီဝက်ခန့်ကြိုပြီး ရောက်နေခဲ့သည်။

ဖြူစင်သန့်က မိဘများ ဈေးထွက် သွားကြသည်နှင့် တက္ကစီငှားပြီး ကျိုက္ကလို့ဘုရားဘက်သို့ထွက်ခဲ့သည်။

ကျိုက္ကလို့ဘုရားကုန်းတော်အဝင်ဝတွင် စားသောက်ဆိုင်များက အစီအရီရှိနေသည်။

ကျော်ဖြိုးက လက်ဖက်ရည်ဆိုင်ထဲမှ ထိုင်စောင့်နေ၏။

ဖြူစင်သန့်စီးလာသောတက္ကစီကား ရောက်လာသည်နှင့် သူက အပြင်ထွက်ကြိုသည်။ လက်ကက်



www.burmeseclassic.com

www.burmeseclassic.com

ရည် အပိုတစ်ခွက် လှမ်းမှာသည်။

ဖြူစင်သန့်က မသောက်။ ရင် ထဲမှဒေါသကြောင့် သောက်ချင်စိတ် မရှိခဲ့။

ကျော်ဖြိုးက လူကြားသူကြား ထဲတွင် အတင်းတိုက်သည်။

လူတွေက ဝိုင်းကြည့်နေကြ၏။

ဖြူစင်သန့်က သူမနှင့် ကျော်ဖြိုး တွေ့ဆုံပြီးသည်နှင့် ကျော်ဖြိုး၏အမှားများကို ဝန်ချတောင်းပန်နိုင်းမည်။

ပြီးတော့ နေထိုင်ရာရပ်ကွက်ထဲ ပြန်မည်။

သူငယ်ချင်းများကို လက်ကိုင်ဖုန်းဖြင့် ကြိုတင်အကြောင်းကြားကာ အသင့်စောင့်နိုင်းမည်။ သူငယ်ချင်းများ၏ရှေ့မှောက်၌ ဝန်ချတောင်းပန်နိုင်းမည်။

ထိုသတင်း ရပ်ကွက်ထဲ ပျံ့သွားပါက သူမအပေါ် ဝေဖန်နေသော ကောလာဟလများ အလိုလို ပျောက်ကွယ်သွားလိမ့်မည်ဟု ယူဆခဲ့၏။

ဒါက ဖြူစင်သန့်ဘက်က အတွေး။

လူချင်းတွေ့ဆုံချိန်၌ ငယ်သူငယ်ချင်းဖြစ်သူ ကျော်ဖြိုးက အတင်းအဓမ္မတိုက်နေသော လက်ဖက်ရည်ကို အားနာပါးနာဖြင့် သောက်လိုက်မိသည်။

လက်ဖက်ရည်သောက်နေစဉ် သူမဘက်မှ မကျေနပ်ချက်များကို ဆက်တိုက်ပြောနေခဲ့သည်။

ကျော်ဖြိုးက ဘာမှအတိုက်အခံမလုပ်။

မည်သည့်အပြစ်ဆိုစကားမှ မပြော။

ခေါင်းငုံ့ပြီး ငြိမ်၍နားထောင်နေခဲ့သည်။

လက်ဖက်ရည်တစ်ခွက်လုံးကုန်တော့ ဖြူစင်သန့်၏စိတ်များလေးလံလာသည်။ ခေါင်းမူးပြီး မြင်ကွင်းများက ဝေဝါးလာသည်။

မူးမေ့သလို ဖြစ်သွားခဲ့၏။

ကျော်ဖြိုး၏ပခုံးကို မှီထားလိုက်မိသည်။

အဲဒီနောက် ဘာမှမသိတော့။

သူမ သတိရချိန်ဝယ် မြောက်ဥက္ကလာပမြို့နယ်ရှိ တည်းခိုခန်းတစ်ခု၏ အခန်းထဲရောက်နေသည်ကို သတိထားမိခဲ့သည်။

အမူးပြေစပြုချိန်၌ ပတ်ဝန်းကျင်ကို ကြည့်မိသည်။

"ငါ ဒီနေရာကို ဘယ်လိုရောက်လာပါလိမ့်"

သူမကိုယ်ကိုသူမ ပြန်မေးမိသည်။

ပြန်မေးရင်း အိပ်ရာပေါ်လှဲနေသည့် အနေအထားဖြင့် သူမကိုယ်ကို ပြန်ကြည့်သည်။

"သွားပြီ.....ငါ့ဘဝ သွားပြီ"

ဖြူစင်သန့် ချုံးပွဲချ ငိုမိတော့သည်။

အိပ်ရာထက်မှ သူမနံဘေးတွင် ကျော်ဖြိုးက ရှိနေသည်။

ဖြူစင်သန့်က ရှန်းကန်ပြီးထသည်။

"နင်.....နင် လူယုတ်မာပဲ"

"နင့်ကိုချစ်တဲ့စိတ်နဲ့ ဖူးစာကိုဦးရာအဖြစ်နဲ့ ဖန်တီးလိုက်တာပဲ"

"နင် ရက်စက်လိုက်တာဟာ"

"ဟုတ်တယ်၊ နင့်ကိုချစ်လို့ အမှားလုပ်မိတာပါ"

"နင့်ကို ရဲစခန်းသွားပြီးတိုင်မယ်"

ဖြူစင်သန့်က အိပ်ရာပေါ်မှ ခုန်ဆင်းသည်။ ပိတ်ထားသော တံခါးပေါက်သို့ ပြေးသွားသည်။

ကျော်ဖြိုးက လိုက်ဆွဲရင်း တောင်းပန်သည်။

"ဒီကိစ္စက တောင်းပန်ရုံနဲ့ ကျေနပ်ရမှာလား"

"မဟုတ်ဘူး၊ ငါနင့်ကိုတရားဝင် လက်ထပ်မယ်၊ နင့်ဘဝအတွက် ငါတာဝန်ယူတယ်"

"တာဝန်ယူရအောင် ငါ့ဘဝရဲ့တာဝန်တွေကို ငါကနင့်ကို ပေးမိလို့လား"

"ဟုတ်ပါတယ်၊ စဉ်းစားပါဦးဟယ်"

"မရဘူး၊ ရဲစခန်းကိုတိုင်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်သန့်၏ဒေါသက အစွမ်းကုန် ပေါက်ကွဲခဲ့သည်။

ကျော်ဖြိုးက ခေတ္တစိုက်ကြည့်ရင်း ပြောပြခဲ့၏။

"အခုအချိန်မှာ နင့်ဘဝကိုပြုပြင်လို့ မရတော့ဘူး"

"တရားရုံးကတစ်ဆင့် အများသိအောင် ဖြေရှင်းမယ်"

"နင်အမှုဖွင့်ချင်ဖွင့်လေ၊ နင်ငါနဲ့အတူ တည်းခိုခန်းထဲအထိ လိုက်လာတယ်ဆိုတော့ ဘာဖြေခကြမလဲ"

"နင်ငါ့ကို မူးမေ့အောင်လုပ်ပြီး ခေါ်လာတာလေ"

"မှန်တယ်၊ တည်းခိုခန်းက ဝန်ထမ်းတွေက နင်ဘာမှမပြောဘဲ ငါနဲ့အတူ တည်းခိုခန်းထဲ ရောက်လာတာပါလို့ သက်သေခံကြလိမ့်မယ်၊ သဘောတူလို့ဖြစ်တဲ့ကိစ္စလို့ ပြောမှာပေါ့"

ကျော်ဖြိုးက အမျိုးမျိုး ဆင်ခြေပေးသည်။ မိန်းကလေးက သဘောတူပြီး တည်းခိုခန်းထဲသို့ ရောက်ခဲ့ကြောင်း ချေပပြမည်ဟုဆိုခဲ့၏။

အချိန်တစ်နာရီခန့်ကြာသည်အထိ အငြင်းအခုံဖြစ်ခဲ့သည်။

နောက်ဆုံးတော့ ဖြူစင်သန့်ဘက်က လက်လျှော့လိုက်ရသည်။

သူမကို တရားဝင်လက်ထပ်ရန် တောင်းပန်ရသည်အထိ အခြေအနေက ပြောင်းလဲသွားခဲ့တော့၏။ အတွေ့ထူးကြောင့် ဖြူစင်သန့်မှာ မထူးတော့ပြီဟု ဆုံးဖြတ်ခဲ့ရတော့သည်။

♛♛♛♛♛

"ကျော်ဖြိုး နင် အခု ဘယ်မှာလဲ"

ဖြူစင်သန့်က လက်ကိုင်ဖုန်းဖြင့် ဆက်သွယ်သည်။ အိမ်တွင် မည်သူမှမရှိ။ ဖြူစင်သန့်တစ်ဦးတည်း။

နံနက်ပိုင်းကတည်းက လက်ကိုင်ဖုန်းဖြင့် ဆက်သွယ်နေသော ဖြူစင်သန့်မှာ ကျော်ဖြိုးကို လုံးဝဆက်သွယ်၍မရ။

ဖုန်းပိတ်ထားသည်ဟု ပြန်ဖြေသလို ဆက်သွယ်ရေးပြင်ပသို့ ရောက်နေသည်ဟုလည်း ပြန်ဖြေသည်။

နံနက် (၁၁)နာရီခန့်ကျမှ ဆက် သွယ်၍ရခဲ့သည်။

"ကျော်ဖြိုး နင်အခု ဘယ်မှာလဲ"

"ငါ့သူငယ်ချင်းအိမ်မှာ"

"ဘယ်ကသူငယ်ချင်းလဲ၊ ဘယ်သူလဲ"

ဖြူစင်သန့်က ကျော်ဖြိုး၏ အဖြေကြောင့် စိုးရိမ်စိတ်ပိုကာမေးခဲ့၏။ သူမ၏ဘဝကို ကျော်ဖြိုးထံ အပ်နှံခဲ့ပြီးဖြစ်၍ ကျော်ဖြိုးကို စိုးရိမ်စိတ်ဖြင့် အမြဲစောင့်ကြည့်နေရသူအဖြစ်သို့ ရောက်နေခဲ့ရ၏။

"နင်ကလည်းဟာ ငါ့ကိုမယုံသလိုပဲ၊ ရတနာပစ္စည်းအရောင်းအဝယ်ကိစ္စနဲ့ သူငယ်ချင်းအိမ်ကို ရောက်နေတာပါ"

"ဟဲ့.....အဲဒီသူငယ်ချင်းက ယောက်ျားလား၊ မိန်းမလား"

"ပွဲစားအမျိုးသမီးပါ"

"နင်...နင် ငါ့ကိုမေ့ပစ်ဖို့ကြိုးစားနေတာလား"

"ဘာဆိုင်လို့လဲ၊ အရောင်းအဝယ်လုပ်တာပဲဟာ"

"အရောင်းအဝယ်လုပ်တာပဲ၊ ယောက်ျားချင်း ဆက်သွယ်ပါလား"

"နင် ငါ့ကို အဲဒီလိုမပြောနဲ့၊ လောကကြီးမှာ ယောက်ျား၊ မိန်းမ ပေါင်းစပ်ဆက်ဆံနေရတာပဲ၊ အလုပ်အတွက် ခွဲခြားဆက်ဆံရင် ငါ့စီးပွားရေးကအောင်မြင်မှာမဟုတ်ဘူး"

"နင်ပဲပြောခဲ့တယ်လေ၊ ငါကလွဲရင် ဘယ်မိန်းမနဲ့မှ မဆက်ဆံဘူးဆိုတာလေ"

"အဲဒါခက်တာပေါ့၊ ငါအခု လုပ်နေတာ နင်နဲ့ငါ့ဘဝရေ့ရေးလေ"

"သွားစမ်းပါ၊ နင့်စကားကို ယုံရမှာလား၊ နင်နဲ့ ပထမဆုံးတွေ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေ့က ချက်ချင်းလက်ထပ်မယ်ဆိုပြီး ကတိပေးခဲ့တယ်လေ၊ အဲဒီနောက်ပိုင်း ဟိုရှောင်ဒီရှောင်လုပ်နေခဲ့တာ တစ်လကျော်ပြီ''

ဖြူစင်သန့်က ငိုသံပါဖြင့် ရင်ဖွင့်လိုက်သည်။

ကျော်ဖြိုးဘက်မှ မည်သို့မျှ မခံစားရသလို ရယ်သံကထွက်လာခဲ့၏။

''နင်နဲ့ငါ အတူနေဖို့ ငွေရှာနေတာနဲ့ အချိန်ကြာသွားတာပါဟာ''

''မလိုဘူး၊ မိန်းကလေးဘဝမှာ အရှက်လုံခြုံဖို့ တရားဝင်လက်ထပ်ရေးက အဓိကပဲ၊ နင့်ဘက်က ရိုးသားရင် အမြန်ဆုံး အကောင်အထည်ဖော်ရမှာပေါ့''

''ခက်လိုက်တာဟာ၊ နင် ငါ့မေတ္တာကို စော်ကားတာပဲ၊ ငါအခု အရောင်းအဝယ်လုပ်နေတာက နင့်အတွက်ပဲ၊ ဒီနေ့အောင်မြင်ရင် နက်ဖြန် နင့်စိတ်ကြိုက် ဖြစ်စေရမယ်''

ကျော်ဖြိုး၏အဖြေက ဖြူစင်သန့်အတွက် ရောင်စဉ်တစ်ခုဖြစ်ခဲ့သည်။

အရှုံးခံဘဝဖြင့်အောက်ကျို့ခံ ဆက်ဆံနေရသည်ကို ဖြူစင်သန့်က စိတ်မရှည်ချင်တော့။

''ကျော်ဖြိုးက မိန်းမကျမ်းကျေတယ်ဟဲ့၊ နင်ကအရူးရိုင်း၊ အပျိုရိုင်း''

ဖြူစင်သန့်မှာ သူငယ်ချင်းဖြစ်သူ နှင်းယုဆွေ၏ သတိပေးစကားကို နားထဲ၌ ပြန်လည်ကြားယောင်နေခဲ့မိသည်။

သူမသည် အပျိုရိုင်း၊ အရူးရိုင်းဖြစ်၍ ကျော်ဖြိုး၏လှည့်ကွက်အတွင်း ရုန်းမထွက်နိုင်အောင် ဖြစ်နေခဲ့ရသည်။

ကျော်ဖြိုးကို ယုံကြည်စိတ်မရှိသော်လည်း ကျော်ဖြိုးနှင့်ပတ်သက်၍ အတွေ့အထိကို မလွန်ဆန်နိုင်၍ မီးနှင့်နီးသောဖယောင်း ဖြစ်နေခဲ့ရသည်။

မာကျောသော သံထည်ပစ္စည်းပင်လျှင် မီးဖုတ်ခံရသည့်အခါ လိုသလို ပုံသွင်းခံရသည်။ ပုံသွင်းရန်အတွက် တူနှင့်ထုရိုက်ခြင်းကိုလည်း ကြိမ်ဖန်များစွာ ခံရသေးသည်။

ကျော်ဖြိုးဟူသောမီးက ဖြူစင်သန့်ဆိုသော စိတ်ဓာတ်သံမဏိကို မီးဖုတ်ပုံသွင်းရန် အကြိမ်ကြိမ်ထုရိုက်ခြင်း ခံခဲ့ရ၏။

ဖြူစင်သန့်မှာ အတွေ့ထူးကို အချစ်ဟု ထင်နေခဲ့မိသည်။

အတွေ့ထူးအချစ်ကြောင့် ကျော်ဖြိုး၏ လှည့်ပတ်သမျှ ခံနေရသည်။ မီးဖုတ်ခံရသော သံချောင်းကဲ့သို့ မီးဖုတ်ခံရပြီး ဓားဖြစ်လိုက်၊ သံချွန်ဖြစ်လိုက်၊ သံတိုသံစဖြစ်လိုက်ဖြင့် ပုံစံအမျိုးမျိုးအသွင်းခံနေရသည်။

ယခုလည်း ကျော်ဖြိုးက ရုပ်သေးကြိုးဆွဲဆရာဖြစ်၍ ဖြူစင်သန့်က ကြိုးဆွဲဆရာ၏ လိုရာစေအရုပ်တစ်ရုပ်ဖြစ်နေခဲ့ရသည်။

ဖြူစင်သန့်က သူမကိုယ်ကို သူမ ပြန်တွေးကြည့်ရင်း ဖုန်းထဲမှပင် ကျော်ဖြိုးကို နှစ်ဦးချင်းတွေ့ဆုံ စကားပြောရန် တောင်းဆိုလိုက်သည်။

''ကျော်ဖြိုး နင့်ကိုငါ အရေးတကြီးတွေ့ချင်တယ်''

''ဟဲ့.....ဟဲ၊ ရပါတယ်''

''ဘယ်မှာတွေ့ရမှာလဲ''

''တည်းခိုခန်းပေါ့ဟယ်၊ အဲဒီမှာက လွတ်လပ်တယ်''

''တည်းခိုခန်းကိုလိုက်တဲ့မိန်းကလေးတိုင်း ဘာဖြစ်နိုင်သလဲဆိုတာ နင်သိပါတယ်နော်၊ ငါအခု တွေ့ချင်တာက စကားပြောရုံသက်သက်ပဲ''

''နင့်စကားအရ တည်းခိုခန်းထဲလိုက်တဲ့ မိန်းကလေးတွေကလည်း တွေ့ကြုံရမှာကို မကြောက်လို့ပေါ့၊ ယောကျ်ားလေးတွေမှာ အပြစ်မရှိဘူး၊ အသားတုံးပစ်ချပေးရင် ကျားကတော့စားမှာပဲ၊ အဲဒါကို နင်လည်းသိပါတယ်''

''အေး...အဲဒီလိုမှားခဲ့တာ အကြိမ်မနည်းတော့ဘူး၊ အခုဆိုရင် လူတော်တော်များများကလည်း သိကုန်ကြပြီ၊ ဒီနေ့တွေ့ချင်တာက

www.burmeseclassic.com



စကားပြောရုံသက်သက်ပဲ၊ ငါ့ဘဝ ရှေ့ရေး အာမခံချက်အတွက်ဆိုရင် ပိုမှန်တယ်''

ဖြူစင်သန့်၏အသံက မာသည်၊ ပြတ်သည်၊ ဒေါသသံတွေပါသည်။

ကျော်ဖြိုးက ဖြူစင်သန့် စိတ်ဆိုးနေသည်ကိုသိသည်။ လက်ထပ်ပါမည်ဟု ကတိအကြိမ်ကြိမ်ပေးပြီး တည်းခိုခန်း၌ တွေ့ခဲ့ကြသည့် အကြိမ်ပေါင်းကလည်း ခပ်စိပ်စိပ်ဖြစ်သည်။

အပျိုရိုင်း ဖြူစင်သန့်ကို ကျော်ဖြိုးက မည်သို့ဖျောင်းဖျရမည်၊ မည်သို့လှည့်စားရမည်ကို သိထားသည်။ သူက မိန်းမကျမ်းကျေသူဖြစ်၍ အလွယ်တကူရှောင်တိမ်းပြီး အစာဝလျှင် ဌာနပျံနိုင်မည့် ငှက်တစ်ကောင်ကဲ့သို့ သူ့ကိုယ်သူယုံကြည်ခဲ့သူဖြစ်သည်။

''ကဲပါ.....နင် ဘယ်အချိန်အားသလဲ''

''ညဦးပိုင်းဆိုရင် ပိုကောင်းမယ်''

''နင့်အဖေအမေတွေ အိမ်ရောက်ချိန်ပဲ''

''ကိစ္စမရှိဘူး၊ အဖေနဲ့အမေ ထမင်းစားပြီး တရားထိုင်ကြလေ့ရှိတယ်၊ တရားထိုင်ရင် နှစ်နာရီလောက်ကြာတတ်တယ်''

''ဪ..သိပြီ၊ အဲဒီအချိန်မှာ တွေ့ချင်တာလား''

''ဟုတ်တယ်''

''ဘယ်မှာတွေ့မလဲ''

''နှင်းယုဆွေတို့နေတဲ့အိမ်နောက်ဖေးဘက်က ရပ်ကွက်ရေကန်ပေါင်ပေါ်မှာ၊ အဲဒီမှာက သစ်ပင်နဲ့ ချုံတောတွေရှိတယ်၊ ပြီးတော့ အတွဲတွေထိုင်ပြီး စကားပြောလေ့ရှိတဲ့နေရာပဲ''

တွေ့ဆုံရမည့်နေရာကို နှင်းယုဆွေနေထိုင်ရာအိမ်၏ နောက်ဖေးဘက်ရေကန်ပေါင်ဟု ဖြူစင်သန့်က ရွေးပေးသည်။

ထိုနေရာကို ကျော်ဖြိုးက ကောင်းစွာသိသည်။

အခြားချစ်သူမိန်းကလေးများနှင့်လည်း ရောက်ဖူးသည်။ ထိုနေရာတွင် ဆံမြိတ်လည်းပြေ၊ ပန်းလည်းကြွေခဲ့ရသော မိန်းကလေးပေါင်းများစွာတို့ ရှိခဲ့ဖူးသည်။

''ကောင်းပြီ၊ ငါကြိုစောင့်နေမယ်''

''နှင်းယုဆွေတို့ မသိစေချင်ဘူး၊ ကန်ရဲ့တောင်ဘက်လမ်းက ဝင်မယ်၊ နင် အဲဒီကစောင့်နေ''

''အိုကေ၊ နင်ပျော်သွားစေရမယ်''

''နင်ဘာပြောတာလဲ၊ မဟုတ်တာမတွေးနဲ့''

''နင်ကလည်း ဒေါသကြီးပဲ၊ ဒီနေ့ အရောင်းအဝယ်ဖြစ်ရင် ငါ့အရင်းအနှီးလည်းပါတာမို့ အမြတ်တွေအများကြီးရမယ်၊ အိမ်မဝယ်နိုင်ရင်တောင် အိမ်ကြီးအိမ်ကောင်းငှားပြီး နင်နဲ့ငါ အတူနေမယ်၊ ချက်ချင်းလက်ထပ်မယ်၊ ငါ့အလုပ်အောင်မြင်ရင် သတင်းကောင်းကြားရမှာမို့ နင်ပျော်စေရမယ်လို့ပြောတာ''

''အဲဒီအတိုင်းဖြစ်ပါစေလို့ ဆုတောင်းတယ်၊ လိမ်ညာရင်တော့ နင့်ဘဝအတွက် နောင်တရမဆုံးဖြစ်သွားနိုင်တယ်''

''နင်ကငါ့ကို ခြိမ်းခြောက်တာလား''

ကျော်ဖြိုးက လေသံမာမာဖြင့် မေးသည်။ ချစ်ခွင့်ပန်စဉ်က အောက်ကျို့ခံစကားပြောခဲ့သော ကျော်ဖြိုး ၏လေသံမှာ ဖြူစင်သန့်ကို လိုသလို ပုံသွင်းနိုင်သည့်အဆင့်ရောက်ချိန်၌ မောက်မာသည့်လေသံဖြင့် ဆက်ဆံခဲ့သည်။

ဖြူစင်သန့်က ကြေကွဲစိတ်ကို မျိုသိပ်ရင်း အရှုံးခံလေသံဖြင့် တောင်းပန်သလို ပြောခဲ့ရပြန်၏။

''နင့်ကို ငါ ခြိမ်းခြောက်နေတာမဟုတ်ဘူး၊ နင်ပြောသလိုဖြစ်မလာရင် နင်နဲ့ငါ ဒါ နောက်ဆုံးတွေ့ခြင်းပဲလို့ သတိပေးတာ''

''အဲဒီလိုတော့ မရက်စက်ပါနဲ့ဟာ၊ ကဲ.....လူချင်းတွေ့မှပြော ကြတာပေါ့၊ ကြိုတင်ပြီး စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com

မယ်''

ကျော်ဖြိုးက မြင်း၏ဇက်ကြိုးကို အလျှော့အတင်းလုပ်သလို သူ့ဆန္ဒစက်ကွင်းထဲသို့ ဆွဲယူနေခဲ့၏။

ဖြူစင်သန့်က ကျော်ဖြိုးနှင့် ကြုံခဲ့ပေါင်းများပြီး စကားပေါင်းများစွာကို နားထောင်ခဲ့ရပြီးဖြစ်၍ ကျော်ဖြိုးအကြောင်း ကောင်းကောင်းသိသည်။

သူမဘက်မှ တင့်တယ်သော ဘဝရိပ်မြုံ တည်ဆောက်နိုင်ရေးကိုသာ ကြိုးစားမည်ဟု ဆုံးဖြတ်ခဲ့မိလေသည်။

♛♛♛♛♛

''ဖြူစင်သန့်ရေ.....ဖြူစင်သန့်''

နောက်တစ်နေ့နံနက် (၇) နာရီပင်မထိုးသေး။

ဖြူစင်သန့်၏မိဘနှစ်ပါးမှာ ဈေးသို့ထွက်သွားကြလေပြီ။

ဖြူစင်သန့်တစ်ဦးတည်း အိမ် ထဲ၌ ရှိနေချိန်ဖြစ်သည်။

ဖြူစင်သန့်၏နာမည်ကိုအော်ခေါ်ရင်း နှင်းယုဆွေ အပြေးအလွှားရောက်လာသည်။

''ဖြူစင်သန့်..ဖြူစင်သန့်ရေ''

''ဟဲ့.....နင်ဘာဖြစ်လာတာလဲ၊ အထိတ်တလန့်နဲ့''

အိမ်ထဲသို့ လှမ်းဝင်လာသော နှင်းယုဆွေကို လှမ်းကြည့်ရင်း ဖြူစင်သန့်ကမေးသည်။

ဖြူစင်သန့်အနီးသို့ နှင်းယုဆွေက မောပန်းတကြီး ဝင်ထိုင်သည်။ ဖြူစင်သန့်ကို သနားစရာသတ္တဝါအဖြစ် လှမ်းကြည့်ရင်း အမောဖြေသည်။

''ဟဲ့.....နင်ဘာဖြစ်လို့ ငါ့ကိုစိုက်ကြည့်နေရတာလဲ''

''နင့်ကိုသနားလို့''

''ဘာ...ငါ့ကိုသနားလို့၊ ဘာကြောင့်သနားတာလဲ''

''နင့်ကို ကျော်ဖြိုးနဲ့ပတ်သက်ပြီး ...ဘြိမ်ကြိမ် ငါသတိပေးခဲ့ဖူးတယ်နော်''

''အေးပါ၊ အခု ဘာဖြစ်လို့လဲ''



''နင်က အပျိုရိုင်း၊ အရိုင်းလေ၊ ကျော်ဖြိုးရဲ့လှည့်ကွက်ကို နင်မသိတော့ နင့်ဘဝကို သူ့ကို အပ်လိုက်ရတယ်''

''နေပါဦး၊ ငါ့ဘဝကို အပ်လိုက်ရတယ်လို့ ဘယ်သူကပြောတာလဲ''

ဖြူစင်သန့်က တစ်ခါဘူးမျှ မကြားမိသေးသောစကားမို့ ကပျာကသီဖြင့် ပြန်မေးလိုက်ရ၏။

နှင်းယုဆွေက သက်ပြင်းရှည်ကို မှုတ်ထုတ်ရင်း ပြန်ဖြေသည်။

''နင်နဲ့ကျော်ဖြိုး အတိုင်းအတာလွန်တဲ့ ချစ်သူတွေဖြစ်နေပြီဆိုတဲ့သတင်း တစ်ရပ်ကွက်လုံးသိနေတယ်၊ အထူးသဖြင့် ရပ်ကွက်ထဲက ယောက်ျားလေးတွေက ပိုပြီးသိတယ်၊ ပိုပြီးဝေဖန်နေကြတယ်''

ဖြူစင်သန့် မျက်လုံးပြူးသွားခဲ့ရသည်။

သူမအကြောင်းကို ပတ်ဝန်းကျင်က မသိခဲ့ဟု ထင်ခဲ့၏။

လူငယ်များ၏ ပတ်ဝန်းကျင်၌ ရေပန်းအစားဆုံးသတင်းဖြစ်နေကြောင်း ယခုမှ နှင်းယုဆွေပြောပြခဲ့၍ သိရတော့သည်။

''နင်က ငါ့ကို''

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ မပြောပြခဲ့တာလဲ''

"နင်က အချစ်ဆိပ်တက်နေပြီလေ၊ အနာက ရင့်မှည့်နေပြီ၊ ငါ့စကားကို နင်နားထောင်မှာ မဟုတ်လို့ မပြောပြမိတာပါ''

"နင်ဟယ်.....''

ဖြူစင်သန့်က သူမစကားကို ရှေ့မဆက်နိုင်တော့။ ကြေကွဲစွာ ခံစားရသည့် နာကျင်မှုက သူမ၏ရင်ဝယ် ပြည့်နှက်နေလေပြီဖြစ်၏။

"နင်တို့ချိန်းတွေ့တိုင်း ကျော်ဖြိုးရဲ့ သူငယ်ချင်းတွေက သိ တယ်''

"ဘယ်လိုသိတာလဲ''

"ကျော်ဖြိုးက ပြောပြလို့ပေါ့''

"ဟင်.....ဒီလိုဆို ငါဟာ တန်ဖိုးမဲ့မိန်းကလေးလို့ သူ့အသိုင်းအဝိုင်းက သတ်မှတ်မှာပေါ့''

"သတ်မှတ်ရုံတင်မကဘူး၊ နင်နဲ့သူနဲ့တွေ့တဲ့ တည်းခိုခန်းထဲက ဓာတ်ပုံမှတ်တမ်းတွေက လူငယ်တိုင်းရဲ့လက်ထဲမှာ ရှိနေကြပြီ''

"ဘယ်လို ဘုရား..ဘုရား''

ဖြူစင်သန့်မှာ အနေအထိုင်မှားခဲ့မှု၏ နောက်ဆက်တွဲဆိုးကျိုး သတင်းစကားကြောင့် ခေါင်းထဲတွင် မူးမိုက်သလို ဖြစ်သွားခဲ့ရ၏။ မျက်လုံးများ ပြာဝေသွားခဲ့ရသည်။ ဦးခေါင်းတစ်ခုလုံး တူနှင့်ထုရိုက်ခံရသလို တဆစ်ဆစ် နာကျင်ကိုက်ခဲနေတော့၏။

"အဲဒီဓာတ်ပုံတွေကို ဘယ်သူကရိုက်တာလဲ''

"ကျော်ဖြိုးကစီစဉ်လို့ နင်တို့ချင်းတွေ့ဆုံချိန်မှာ သူ့သူငယ်ချင်းက တစ်ဖက်ခန်းက အပေါက်ဖောက်ပြီး ရိုက်ထားတာတဲ့''

"ဘာရည်ရွယ်ချက်နဲ့ ယုတ်မာရတာလဲဟင်၊ နင် အဲဒါကို သိသလား''

"သိတယ်၊ အဲဒီဓာတ်ပုံပြပြီး ခြိမ်းခြောက်ငွေညှစ်ဖို့ပဲ၊ မရရင် ဘလော်ကာတွေကတစ်ဆင့် အင်တာနက်တင်ပြီး အရှက်ခွဲမှာတဲ့''

"သူ အဲဒီလောက်အထိယုတ်မာမယ်လို့ ငါမထင်ဘူး''

ဖြူစင်သန့်က ချုံးပွဲချ၍ငိုတော့သည်။

"ငါ့မိဘနစ်ပါးသိရင်တော့ ငါ့ကို အိမ်ကမောင်းထုတ်တော့မယ်၊ အဖေနဲ့အမေလည်း အဲဒီစိတ်နဲ့ ဖုန်းဖုန်းလဲပြီး စီးပွားရေးပျက်ရတော့မယ်''

"ဟုတ်တယ်၊ သူ့အကြံက အခွေထုတ်ပြီး စီးပွားဖြစ်ကြဲဖို့ပါ စဉ်းစားနေတာ၊ အဲဒီလိုဖြစ်ရင် နင့်ကို သူက ယူစရာမလိုဘူး၊ နင့်ကို လူအများက ကြေးစားလို့ သတ်မှတ်တော့မှာပေါ့''

ဖြူစင်သန့်မှာ ကျောချမ်းစားပြမှန်း သိရတော့၏။

သူမဘဝသည် အနေအထိုင် တစ်ချက်မှားရုံဖြင့် ချေဖျက်မရသော အမည်းစက်ကြီး၏ စိုးမိုးမှုကို ခံနေရ၏။

"ဒီကောင် သေသင့်တယ်''

ဖြူစင်သန့်က တောက်ခေါက်ရင်း ဒေါသဖြင့်ပြောလိုက်၏။

"ဟုတ်တယ်၊ သေသင့်တယ်၊ လောကပြစ်ဒဏ်ကို သူခံစားထိုက်တယ်''

နှင်းယုဆွေကပါ ဒေါသဖြင့် ရေရွတ်သည်။ ဖြူစင်သန့်က နှင်းယုဆွေဘက်လှည့်အကြည့်တွင် နှင်းယုဆွေက ပြုံးပြလိုက်သည်။

"နင်ဘာပြုံးတာလဲ သူငယ်ချင်း''

"နင့်ဆုတောင်းပြည့်ပြီ''

"ဘာကိုပြောချင်တာလဲ''

"ကျော်ဖြိုးသေပြီ၊ အဲဒီသတင်းပြောပြချင်လို့ နင့်ဆီငါလာခဲ့တာပါ''

နှင်းယုဆွေစကားကြောင့် ဖြူစင်သန့်မှာ အထိတ်တလန့် ဖြစ်သွားခဲ့ရ၏။ ဖြူစင်သန့်က သူမ၏ မစ္ဆရိယစိတ် မပေါ်လွင်စေရန် ချက်ချင်းထိန်းလိုက်ရ၏။

"နင့်ကို ဘယ်သူပြောတာလဲ နှင်းယုဆွေ''

"ဟဲ့...ဘယ်သူပြောရမှာလဲ၊ တစ်ရပ်ကွက်လုံးသိလို့ အုန်းအုန်းကျွက်ကျွက်ဖြစ်နေကြပြီ၊ အဲဒီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ရဲတွေရောက်လာပြီး စစ်နေကြပြီ"

"ဟုတ်လား၊ နင်ဘာတွေကြားခဲ့သလဲ၊ ပြောပြပါဦးဟယ်"

"ကျော်ဖြိုးသေတဲ့နေရာက ငါတို့နေတဲ့အိမ်ရဲ့ နောက်ဖေးမှာရှိတဲ့ ရေကန်ပေါင်ပေါ်မှာ၊ အောက်မှာ ဂျာနယ်စာရွက်တွေ ခင်းထားတာဆိုတော့ မဟုတ်တာလုပ်ရင်း အသတ်ခံရတာလို့ ယူဆနေကြတယ်"

"လူမြင်ကွင်းလား"

"မဟုတ်ဘူး၊ ညောင်ပင်အောက်က ချုံတောထဲမှာ၊ နေရာကတော့ နေရာကောင်းပဲ၊ အတွဲတွေ တွေ့နေကျနေရာလို့ ပြောကြတယ်"

"အဲဒီနေရာကို နင်သိလို့လား"

"သိတာပေါ့၊ ငါ့အိမ်နဲ့ နီးတဲ့နေရာပဲ၊ မြင်ဖူးတဲ့နေရာပဲလေ"

"နောက်ထပ် ဘာတွေသိသေးလဲ"

"ရဲတွေက ကျော်ဖြိုးအလောင်းကို စစ်တော့ ပြင်ပဒဏ်ရာ မတွေ့ရဘူးတဲ့၊ ဒါပေမဲ့ နှုတ်ခမ်းပြာတယ်၊ မျက်လုံးပြူးနေတယ်တဲ့၊ ပြီးတော့ အနားမှာ ဘီယာပုလင်းတစ်လုံးနဲ့ ရမ်အရက်ပုလင်းပြားတစ်ပြားကို တွေ့ရတယ်တဲ့"

"အခု စစ်ဆေးနေတုန်းပဲလား"

"ပြီးသွားပြီ၊ ရဲတွေက ဆေးရုံပို့လိုက်တယ်၊ စုံစမ်းမှုတော့ စတင်နေပြီ"

"သူ့ကို အဲဒီနေရာလာတာ မြင်တဲ့လူရှိသလား"

"အဲဒီနေရာကိုလာတာ အတွဲတွေချည်းပဲဆိုတော့ ဘယ်သူမှ သက်သေအဖြစ် မထွက်ဆိုဝံ့ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ခိုးတွေ့တာကို သိမှာကြောက်လို့တဲ့"

နှင်းယုဆွေက ရှင်းပြသည်။

ဖြူစင်သန့်မှာ နှင်းယုဆွေပြောသမျှကို နားထောင်ရင်း မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာသည်။

"ဝမ်းမနည်းပါနဲ့ သူငယ်ချင်း၊ နင့်ရုပ်ရည်၊ နင့်မိဘဂုဏ်အရ အိမ်ထောင်ဖက်ကောင်းနဲ့ တွေ့မှာပါ၊ တစ်ခုတော့ ငါအကြံပြုချင်တယ်"

"ဘာများလဲ"

"နင့်မိဘကို နင်ပြောရတော့မယ်"

"ဟဲ့.....ပြောရင် ငါပဲအရှက်ကွဲမှာ၊ ပြီးတော့ အပျိုရည်ပျက်တဲ့ ငါ့ကို ပတ်ဝန်းကျင်ကကော တန်ဖိုးထားပါ့မလား"

"ငါပြောတာက ဒီအိမ်ကို ရောင်းပြီး တစ်နေရာကိုပြောင်းဖို့ပြောတာ၊ အဲဒီလိုဆိုရင် အတိတ်ကို နင်မေ့နိုင်မှာပါ"

"ဒါပေမဲ့ အရိပ်မည်းက အုပ်မိုးသွားပြီလေ"

"နင်ကလည်းဟာ နင့်လို မဟုတ်တဲ့ တစ်ခုလပ်တွေ၊ မုဆိုးမတွေလည်း လင်ကောင်းသားကောင်း ရကြတာပဲ၊ တကယ်ချစ်တတ်တဲ့ ယောကျ်ားက အပျိုအအိုမခွဲဘူး၊ ကလေးအမေဆိုပြီး နောက်မတွန့်ဘူး၊ အဲဒီလို အိမ်ထောင်သည်တွေ အများကြီးပါ၊ နင်က နင့်စိတ်မပါဘဲ အနိုင်ကျင့်ခံရတာကစပြီး အရိပ်မည်းဖြစ်လာခဲ့ရတာ"

ဖြူစင်သန့်က သက်ပြင်းရှည်ကို အကြိမ်ကြိမ်မှုတ်ထုတ်သည်။ ဟန်ဆောင်နေရသော အပူရုပ်က သူမ၏မျက်နှာပေါ်တွင် အထင်းသား ပေါ်လွင်နေခဲ့သည်။

"နင်ကံဆိုးပါတယ် သူငယ်ချင်းရာ၊ အပျိုမုဆိုးမဘဝဆိုတာ နင်ဖြစ်နေရပြီ၊ အဲဒါဟာ ဝဋ်ကြွေးပဲ"

"ဝဋ်ကြွေးဆိုတာကို ငါမယုံဘူး၊ လူ့ပယောဂကြောင့် ပြုလုပ်ကျူးလွန်ခံရတာ၊ ဒါဟာ ဝဋ်ကြွေးမဟုတ်ဘူး၊ နစ်နာမှုပဲ"

"အေးလေ ထားပါတော့၊ ငါတို့က ကံတရားကိုယုံမိလို့ ပြောမိတာပါ"

"ကံကိုဖန်တီးတာက လူပဲ၊ ပြုလုပ်သူက ဖန်တီးတယ်၊ ပြုလုပ်ခြင်းခံရသူဘက်က ကံတရားဆို



www.burmeseclassic.com

www.burmeseclassic.com



စေတဲ့ အမှားလုပ်မိတယ်၊ အဲဒါဟာ အဖြေပဲ”

ဖြူစင်သန့်က အလေးအနက်ထားပြီး ပြောပြသည်။

နှင်းယုဆွေက သူငယ်ချင်း၏ ပခုံးကို သိုင်းဖက်ထားရင်း အားပေးစကား ပြောနေခဲ့မိသည်။

ဖြူစင်သန့်ဘက်က ဖြေရှင်း စရာတွေက များလှသည်။

အမှားကို မည်သို့ ကျူးလွန်မိ ကြောင်း အားလုံးနားလည်စေရန် ရှင်းပြရပေဦးမည်။ ထို အမှားကိုဆုပ် ကိုင်၍ ငွေ ညှစ်ရန် ကြိုးစားခံရမှုကို လည်း ရှင်းပြရပေဦးမည်။

ပြုပြင်၍မရသော ဘဝမျိုးသို့ ရောက်ရှိစေရန် လိမ်ညာလှည့်ဖြား ခံရသည့် မိန်းကလေးများ၏ဘဝကို သင်ခန်းစာရရှိစေချင်သည်။

ပြီးတော့ ပုရိသ မနုဿမဆိုးများကြောင့် အမျိုးကောင်းသမီးများ၏ဘဝ ကြေမွပျက်စီးမှု ကြုံရသည်ကိုလည်း အများသူငါအား သိစေချင်သည်။

သိစေချင်သည်များက များနေသည်။

သူမ ဘာလုပ်ရမည်နည်း။

တစ်ခုခုလုပ်လိုလျှင် ဘဝနှင့် ရင်းရမည်ကို ကောင်းစွာသဘော ပေါက်သည်။ သတ္တိရှိရမည်၊ အများ အကျိုးအတွက် သတ္တိမွေးရမည်ဟု ဆုံးဖြတ်သည်။

ဆုံးဖြတ်သည့်အတိုင်း ဖြူစင်သန့်က အရင်းနှီးဆုံးသူငယ်ချင်း



ဖြစ်သော နှင်းယုဆွေကို ရင်ဖွင့် ပြောပြသည်။

နှင်းယုဆွေက ကန့်ကွက်၏။

မစွန့်စားသင့်သော ဆုံးဖြတ်ချက်ဟု ရှင်းပြသည်။

မသိလိုက်မသိဘာသာဖြင့် နေ လိုက်လျှင် အချိန်ကြာလာသည်နှင့် အမှုဝေဖန်ပြောဆိုသံများ ပျောက်သွားလိမ့်မည်ဟု ရှင်းပြခဲ့၏။

ဖြူစင်သန့်က လက်မခံပေ။

ကန့်ကွက်သည်၊ တားဆီးသည်။

ဖြူစင်သန့်က အကြံပြုချက်ကို လက်မခံ။ အများအကျိုးဆောင်ရွက်လျှင် တစ်ကြိမ်တစ်ခါ နစ်နာမည်ဟု ပြောပြသည်။ ထိုသို့ဆုံးဖြတ်လုပ် ကိုင်ခြင်းသည် အများအကျိုးကို ဆောင်ရွက်ခြင်းဖြစ်၍ သူ့ရဲကောင်းအဖြစ် သတ်မှတ်ခံရမည်။

အများသူငါ၏ စာနာသော စိတ်နှင့် မေတ္တာကို ရရှိနိုင်မည်ဖြစ်၍ ဆုံးဖြတ်ချက် အတိုင်း လုပ်ဆောင်မည်ဟု ယတိပြတ်ပြော ပြခဲ့တော့၏။

♛♛♛♛♛

သတင်းဂျာနယ်တိုက်တစ်ခုသို့ ဖြူစင်သန့်နှင့် နှင်းယုဆွေတို့ရောက်သွားတော့ လူပေါင်းများစွာကိုတွေ့ လိုက်ရသည်။

သတင်းဂျာနယ်တိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဩဇာကြီးမားသော ဂျာနယ်တိုက်ဖြစ်သည်။ ဂျာနယ်တိုက်၏ အယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာတို့၏ ကူညီမှုကြောင့် အခြားသော သတင်းဂျာနယ်များနှင့် မှုခင်းဂျာနယ်တိုက်များမှ သတင်းရေးသားမည့် သတင်းထောက်နှင့် ဓာတ်ပုံသတင်းထောက်များလည်း ရောက်ရှိနေကြသည်။

နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာများမှ သတင်းထောက်များလည်း ရောက်ရှိလာနေကြသည်။

သတင်းစာရှင်းလင်းပွဲလို ဖြစ်နေသည်။

ဖြူစင်သန့်နှင့် နှင်းယုဆွေတို့ ရောက်သွားတော့ ဂျာနယ်တိုက်၏ တာဝန်ခံအယ်ဒီတာက ကြိုဆိုခဲ့သည်။

"ညီမလေးရဲ့ပြောစကားကို နားထောင်ပြီး အကူအညီပေးမယ့် ရှေ့နေတစ်ယောက်ကိုလည်း စီစဉ်ခေါ်ယူထားတယ်"

"လိုအပ်လို့လားရှင့်"

"လိုတယ် ညီမလေး၊ လူတိုင်းမှာ ဥပဒေအကာအကွယ်ရရှိထိုက်တယ်၊ ပြုလုပ်ကျူးလွန်မှုကဥပဒေပြဿနာပေါ့၊ အကြောင်းခြင်းရာပြဿနာကိုသိရင် ဥပဒေကပေးတဲ့ ပြစ်ဒဏ်အတိုင်းအတာရဲ့ သက်သာခွင့်ကို ခံစားနိုင်ဖို့ အစ်ကိုတို့ဘက်က စီစဉ်ထားတာပါ"

"ကျေးဇူးပါပဲ အစ်ကို၊ ကျွန်မဘက်ကတော့ အမှန်ကို အမှန်အတိုင်း ရင်ဖွင့်ချင်တာပါ"

"ဟုတ်ပါပြီ၊ ဒီနေ့ကိစ္စမှာ ညီမလေးရဲ့ဆန္ဒအတိုင်း သက်ဆိုင်ရာ အပိုင်ရဲစခန်းက စခန်းမှူးနဲ့ အဖွဲ့ကိုလည်း ဖိတ်ကြားထားတယ်၊ ပြီးတော့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးနဲ့ အပိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက တာဝန်ရှိတဲ့ ရဲအရာရှိတွေကိုလည်း ဖိတ်ကြားထားပါတယ်"

"ကျေးဇူးပါပဲရှင်"

ဖြူစင်သန့်က ကျေးဇူးတင်စကားပြောပြီး ဂျာနယ်တိုက်ထဲသို့ ရောက်နေသော ဧည့်သည်များကို လှမ်းကြည့်သည်။

သတင်းထောက်များက ကြိုတင်ပြောပြမထား၍ ဘာမှမသိကြ။ မည်သည့်အကြောင်းကြောင့် ဖိတ်ကြားထားသည်ကိုလည်းမသိ။

အထူးကြေညာချက် ထုတ်ပြန်ရန်ဟုသာ ကြိုတင်ပြောပြထားသည်။

မကြာမီ ရဲအရာရှိများရောက်လာကြသည်။

ဖိတ်ကြားထားသူများကို ဂျာနယ်တိုက်က အကုန်အကျခံ၍ ကျွေးမွေးဧည့်ခံသည်။

အခမ်းအနားစတင်သည်နှင့် ဂျာနယ်တိုက်တာဝန်ခံအယ်ဒီတာက ပရိသတ်နှင့် ဖြူစင်သန့်အား မိတ်ဆက်ပေးသည်။

"ယနေ့ပြုလုပ်မယ့် သတင်းစာရှင်းလင်းပွဲကတော့ မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ခုလုံးမှာမရှိတဲ့ သတင်းစာရှင်းလင်းပွဲလို့ ကြိုတင်အသိပေးချင်ပါတယ်"

တက်ရောက်လာသူများက အထူးစိတ်ဝင်စားစွာ လှမ်းကြည့်ကြသည်။ အထူးသတင်းစာရှင်းလင်းပွဲဆို၍ ပိုပြီးစိတ်ဝင်စားကြ၏။

"ကျွန်တော် ဆက်လက်ပြီးတင်ပြချင်တာကတော့ ဖြူစင်သန့်ဆိုတဲ့ မိန်းကလေးရဲ့ ဘဝပါပဲ၊ သူမဟာ ရိုးသားတယ်၊ ဖြူစင်တယ်၊ ဘဝမှာ ရည်းစားတစ်ခါမှ မထားခဲ့ ဖူးဘူးတဲ့ အပျိုရိုင်း၊ အပျိုစင်စစ်စစ်ပါပဲ"

ဓာတ်ပုံသတင်းထောက်အချို့က အကြောင်းရင်းကို မသိသေးသော်လည်း မိတ်ဆက်စကားအရ ထူးခြားနေမှန်းသိ၍ ဖြူစင်သန့်ကို ဓာတ်ပုံဝိုင်းရိုက်ကြသည်။

အချို့က အသံဖမ်းစက်ဖွင့်၍ အသံဖမ်းယူကြသည်။

"မဖြူစင်သန့်ဟာ လွန်ခဲ့တဲ့ နှစ်ရက်က သေဆုံးသွားတဲ့ ကိုကျော်ဖြိုးနဲ့ ငယ်သူငယ်ချင်းကျောင်း နေဖက်ဖြစ်ပါတယ်၊ အဲဒီအကြောင်းတွေကို ရှင်းပြချင်တာကြောင့် အထူးသတင်းစာရှင်းလင်းပွဲအဖြစ် ဖိတ်ကြားရတာပါ။ အထူး



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ ရှင်းလင်းပွဲက ဘာ့ကြောင့်လဲလို့ မေးရင် အမျိုးသမီးထုတစ်ရပ်လုံးအတွက် ပညာပေးချင်လို့၊ သင်ခန်းစာပေးချင်လို့ဆိုတာ ကြိုတင်ရှင်းပြပါရစေ၊ ကျန်တာကိုတော့ မဖြူစင်သန့်က ရှင်းပြပါလိမ့်မယ်''

ဖြူစင်သန့်က ထိုင်ရာမှထသည်။

ပရိသတ်ဘက် မျက်နှာမူ၍ လက်အုပ် ချီကာ ဦးခေါင်းညွတ်ပြီး ဂါရဝပြုသည်။ ပြီးမှ သူမနှင့် ပတ် သက် သော ကိုယ်ရေး အတ္ထုပ္ပတ္တိကို ဦးစွာရှင်း ပြသည်။

သူမ၏ကိုယ်ရေး အကျဉ်း၊ စာရိတ္တနှင့် မိန်းမသားဘဝအား မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာနှင့် အညီ ရှင်းပြပြီး ဆက်လက်၍ သတင်းစာရှင်း လင်းပွဲပြုလုပ်ရသည့် အကြောင်းရင်းကို ရှင်းပြခဲ့တော့၏။

ဦးစွာပထမ တစ်ညနေတွင် ကျော်ဖြိုးနှင့် သစ်ပင်အောက် အမှောင်ရိပ်အောက်တွင် တွေ့ဆုံခဲ့ပုံ၊ ရှေ့မှ တားဆီးခံရ၍ တိုးထွက်စဉ် မထင်မှတ်ဘဲ သိုင်းဖက်ခံရပုံ၊ ရည်းစားစကား အပြောခံရပုံ၊ အတွေ့အထိကြောင့် စိတ်ညွတ်တိမ်းမှု ခံစားချက်ဖြစ်ပုံများကိုရှင်းပြခဲ့သည်။

''အဲဒီလို လှုပ်ရှားနေတဲ့စိတ် ဖြစ်ပေါ်နေချိန်မှာ နောက်ထပ် အတင့်မရဲဖို့ ချိန်းတွေ့ပြောဆိုတဲ့အချိန် လက်ဖက်ရည်ထဲမှာ မူးမေ့စေတဲ့ ဆေးတစ်မျိုးခတ်ပြီး တည်းခိုခန်းထဲကို ခေါ်သွားခဲ့တယ်၊ အဲဒီမှာ ကျွန်မဘဝ နွမ်းကြွေခဲ့ရတယ်''

ပရိသတ်က ပို၍စိတ်ဝင်စားလာကြသည်။

''နောက်တော့ ကျွန်မ ရှောင်ပါတယ်၊ မရဘူး၊ အမျိုးမျိုး လိမ်ညာပြီး တည်းခိုခန်းကိုခေါ်တယ်၊ အကြိမ်ကြိမ် အမြတ်ထုတ်တာခံရတယ်၊ မထူးတော့ဘူးဆိုပြီး ဟောဒီက ကျွန်မရဲ့သူငယ်ချင်း မနှင်းယုဆွေက တားတဲ့ကြားထဲက အတည်တကျ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်''

ရဲအရာရှိများက မှတ်တမ်းလိုက်ရေးသလို အသံဖမ်းစက်ဖြင့် ရှင်းပြသမျှကို အသံဖမ်းယူခဲ့ကြသည်။

''ဒါပေမဲ့ ကျော်ဖြိုးက ကျွန်မနဲ့တွေ့ဆုံခဲ့တဲ့အချိန် တိုင်းသူ့သူငယ်ချင်းတွေရဲ့ အကူအညီနဲ့ ဓာတ်ပုံခိုးရိုက် ယူတယ်၊ ပြီးတော့ အဲဒီ ဓာတ်ပုံတွေကိုဖြန့်တယ်၊ အဲဒီ ဓာတ် ပုံကိုပြပြီး ကျွန်မ မိဘဆီက ငွေညှစ်ဖို့ကြံ တယ်၊ ဓာတ်ပုံတွေကို အင် တာနက်ပေါ်တင်တယ်''

အားလုံးက ယောကျ်ား တစ်ဦးကြောင့် မိန်းမကောင်းတစ်ဦး၏ဘဝ နစ်နာဆုံးရှုံးခံရမှုကို စာနာစိတ်ဖြင့် စုတ်တသပ်သပ်ဖြစ်နေခဲ့ကြ၏။

''ကျွန်မ ဒီအကြောင်းတွေကို နောက်မှသိတာပါ၊ သူနဲ့လက်ထပ်ပြီး တည်တည်တံ့တံ့နေဖို့ပဲ ကြိုးစားခဲ့တယ်၊ သူက လက်ထပ်ဖို့ကိစ္စကို အမျိုးမျိုးရှောင်တယ်၊ ဒါနဲ့ သူ့အကြိုက်ဖြစ်မယ့် နေရာနဲ့အချိန်ကို ရွေးပြီး ကျွန်မကပဲ ရွေးချယ်ချိန်းဆိုလိုက်တယ်၊ သူက မျှော်လင့်ချက်နဲ့ ရောက်လာခဲ့ပါတယ်''

ဖြူစင်သန့် ရှင်းပြချိန်ဝယ် နှင်း ယုဆွေက ဝမ်းပန်းတနည်းဖြင့် မျက်ရည်ကျပြီး လှမ်းကြည့်နေခဲ့၏။

''ကျွန်မရဲ့ အဓိကလိုလားချက်က လက်ထပ်ဖို့ပဲ၊ သူကလက်ခံရင် အဲဒီညမှာပဲ ရပ်ကွက်ရုံးသွားပြီး ဦးစွာပထမ လက်ထပ်မယ်ပေါ့၊ ဒါကလည်း ကျွန်မတို့ မိန်းမသားတွေက လိုလားမှုအတိုင်းပါပဲ''

အားလုံးက ငြိမ်၍နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ထောက်ခံသည့်အမူအရာကို ဖော်ပြခဲ့ကြသည်။

''ဒါပေမဲ့ သူက သူ့ဆန္ဒကို အရင်ဦးစားပေးတယ်၊ ကျွန်မရဲ့ တောင်းဆိုမှုကို အချိန်ဆွဲတယ်၊ ကျွန်မက လက်မခံရင် ဘာလုပ်ရမလဲ ဆိုတဲ့ ရည်ရွယ်ချက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

သူကြိုက်တဲ့အရက်ကို ဆောင်လာတယ်၊ သူ့ကို ချော့ပြီးတိုက်တယ်၊ သူက အရက်နဲ့မိန်းမအတွက်ဆို အသက် အသေခံမယ့်လူစားမျိုးဖြစ်လို့ သောက်တယ်၊ သူမူးတဲ့အချိန် သူ့ရဲ့ယေပ်ပါကို အတင်းဆွဲညှစ်ပြီး ကလဲ့စားချေ သတ်ပစ်ခဲ့ပါတယ်၊ အဲဒါဟာ ကျွန်မလို မိန်းမသားတိုင်းအတွက် ယောက်ျားဆိုးကို သင်ခန်းစာပေး လိုက်တာပဲ''



ဖြူစင်သန့်က လူသတ်မှုကို ရှင်းပြဝန်ခံ၍ ထိုင်လိုက်၏။

သူငယ်ချင်းဖြစ်သူ နှင်းယုဆွေ က သူမ၏ သူငယ်ချင်းသည် မြန်မာမိန်းကလေးများအတွက် သင်ခန်းစာရယူစေလို၍ ယခုလို သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရကြောင်းနှင့် ယောက်ျားဆိုးများ၏ အန္တရာယ်ကို အမျိုးသမီးတိုင်း သတိပြုမိစေရန် သင်ခန်းစာပေးလို၍ ဘဝနှင့်ရင်းသော စွန့်စားမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အကျယ်တဝင့်ရှင်းပြသည်။

တက်ရောက်နားထောင်သူအားလုံးက လူမှုရေးအရ သတ်သင့်သည်ဟု ယူဆကြောင်း၊ ဥပဒေအရ ဥပဒေမဲ့ မလုပ်သင့်ကြောင်း အပြန်အလှန်ဆွေးနွေးရင်း အသိဖလှယ်ခဲ့သည်။

ဥပဒေပညာရှင် ရှေ့နေကလည်း ဖြူစင်သန့်၏ဘဝ နစ်နာဆုံးရှုံးမှုကို တရားရုံးက ထောက်ထားညှာတာနိုင်ပါကြောင်း၊ အကြောင်းခြင်းရာနှင့် ဥပဒေရေးရာ ပြဿနာကို ပေါင်းစပ်အဖြေရှာ၍ အဆုံးအဖြတ်ပေးနိုင်ကြောင်း ရှင်းပြခဲ့သည်။

သတင်းစာရှင်းလင်းပွဲ ပြီးဆုံးသည်နှင့် ဖြူစင်သန့်မှာ ရဲအရာရှိများ၏ တာဝန်အရ ဆောင်ရွက်မှုအတိုင်း လိုက်နာခဲ့သည်။

လူတိုင်းက **ဖြူစင်သန့်** အတွက် စိတ်မကောင်းခဲ့ကြ၏။ စုတ်တသပ်သပ်နှင့် စာနာမှုကို ထုတ်ဖော် ပြသခဲ့သည်။

နောက်တစ်နေ့ထုတ် သတင်းစာများတွင် ဖြူစင်သန့်၏သတင်းမှာ ခေါင်းကြီးပိုင်း သတင်းအဖြစ် ဖော်ပြခံခဲ့ရသည်။ ကြားသိရသူတိုင်းက ဖြူစင်သန့်ကို သနားပြီး သူရဲကောင်းအဖြစ် သတ်မှတ်ခဲ့ကြသည်။

လူမှုရေးအသင်းနှင့်ဥပဒေ ပညာရှင်များအဖွဲ့က ဖြူစင်သန့်အတွက် အခမဲ့ကူညီမည်ဟု လူသိရှင်ကြားကြေညာချက်ထုတ်ခဲ့ကြသည်။

အမျိုးသမီးထုတစ်ရပ်လုံးအတွက် ဘဝနှင့်ရင်းပြီး သင်ခန်းစာပေးခဲ့သော ဖြူစင်သန့်၏ လုပ်ရပ်ကို လူတိုင်းက ချီးကျူးထောပနာ ပြုကြသည်။

ကျော်ဖြိုးလို ယောက်ျားဆိုးများ ပျောက်ကွယ်ပါစေဟု ဆုတောင်းခဲ့ကြသည်။

**ချောယဉ်ချစ်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## သံသယမီးစရဲ့နောက်းနောက်တ

ရှင်လွန်းမယ်

ကောင်းကင်ပေါ်တွင် တိမ်ညိုတိမ်မည်းများ လျင်မြန်စွာရွေ့လျားရင်း မိုးတွေက အငြိုးကြီးစွာ တဝုန်းဝုန်းနှင့် ရွာနေလေသည်။ လျှပ်ပန်းလျှပ်နွယ်များကလည်း တဖျပ်ဖျပ်နှင့်။ သစ်ပင်သစ်ရွက်တို့သည် ဟူးဟူးရားရားမြည်သံများဖြင့် ကာရန်မဲ့စွာ ရွေ့လျားလျက်။

ပြတင်းပေါက်မှန်များဆီသို့ မိုးစက်များ အရှိန်အဟုန်ပြင်းစွာလာ ရောက်ထိမှန်နေသည်။

တစ်လောကလုံး မိုးသံ၊ လေသံများဖြင့် သောသောညံလျက်။ မည်းမှောင်နေသော ပြင်ပလောကၡ အရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသည်။

"ဘုရားရေ...မောင်၊ အို... မဟုတ်ဘူး"

ကယောင်ကတမ်း ရေရွတ်လိုက်သံသည် အဆီအငေါ်မတည့်စွာ ထွက်ပေါ်လာသည်။

သူမ မြင်နေရသောအရိပ်သည် မောင်မှမောင်အစစ်။ သူ အလုပ်သွားလျှင် ဝတ်နေကျ အဖြူရောင် ရှပ်အင်္ကျီလက်ရှည် နှင့် အနက်ရောင်ဘောင်းဘီကို ဝတ်ဆင်ထားသည်။ နောက်ပြီး သူ့လက်ထဲတွင် ရုံးသွားလျှင် ကိုင်နေကျ လက်ဆွဲအိတ်နှင့်။

"မောင်ရေ....."

မြတ်နိုးဝေသည် အားရပါးရ ထိုသို့အော်လိုက်ရင်း ပြတင်းပေါက်အနီး၌ ခွေခွေကလေး လဲကျသွားလေသည်။ သူမ သတိရလာသောအခါ သူမ၏သမီး ဒေါက်တာ မြတ်ဖုန်းဝေနှင့် မြေးလေး စည်သူစိုးက သူမကို စိုးရိမ်စွာ စောင့်ကြည့်နေသည်။



"မေမေ သတိရလာပြီလား"

"သမီး...သမီးဖေဖေကိုတွေ့တယ်မဟုတ်လား၊ သူဟိုပိတောက်ပင်ထောင့်ကနေ မေမေ့ကိုကြည့်နေတာလေ၊ သူ မေမေ့ကို သတိ ရလို့....."

"တော်ပါတော့ မေမေရယ်"

မြတ်ဖုန်းဝေသည် ကတုန် ကယင်ဖြစ်နေသော မိခင်ကို ခပ်တင်းတင်း

www.burmeseclassic.com



ဖက်၍ တားမြစ်ရင်း သူမပါ ငိုကြွေးလိုက်မိသည်။

သိပ်အချစ်ကြီးတဲ့ မေမေ။ ဤအချစ်ကြီးမှုကပင် မေမေ့ကို ဒုက္ခပေးနေခဲ့သည်။ မေမေ့၏ သံသယကြောင့် ဖေဖေသေခဲ့ရသည်။ နောက် အမှန်တရားကို သိသောအခါ အမှားကြောင့် နောင်တ,တရားကို ရင်မှာပိုက်ရင်း စိတ်မကျန်းမာသူတစ်ပိုင်းဖြစ်ခဲ့ရသည်။ အဲဒီအရာ အားလုံး၏ တရားခံသည် ဘာမဟုတ်သည့် သံသယမျိုးမှုန်လေးကြောင့်ဟု ဆိုလျှင်.....

♛♛♛♛♛

ဆင်းရဲသူအချို့သည် ဘဝနာ၍ ပိုကြိုးစားကြသည်။ မြေနိမ့်ရာ လှံစိုက်တတ်တဲ့လူ၊ မရှိခိုးနိုး၊ မလှစုန်းယိုးဆိုသည့်လူတန်းစားများကြောင့် သူတို့၏ဆင်းရဲသားမာနက ပို၍တောက်ပြောင်ခဲ့သည်။

လောကဓံတရား (၈)ပါးကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားကြရ သည်။ ဘဝသည် လှုပ်လေမြုပ်လေဖြစ်သည်။ ဖောင်စီးရင်း ရေငတ်ဟုပင် ပြောနိုင်သည်။ အိမ်တိုင်းတွင် လူတိုင်းအလုပ်လုပ်ကြသော်လည်း လူတန်းစေ့နေနိုင်၊ စားနိုင်ဖို့ ရှားလှသည်။

နောက်ဆုံးတော့ ကျပန်းလုပ် စားသူတို့၏ ခနိုးခနဲ့ ကဲ့ရဲ့သံများကို ကြားရတတ်သည်။ ဘွဲ့ရပညာတတ်လည်း ကားမောင်းနေရတာ ပဲ၊ ကွမ်းယာရောင်းနေရတာပဲဟု ပြစ်တင်ရှုတ်ချကြသည်။

ဘွဲ့ရများ ရိုက်သတ်၍မကုန် လောက်အောင်များပြီး ထိုက်တန်သောအလုပ်က နည်းလှသည်။ ကုမ္ပဏီများတွင် အရောင်းမြှင့်တင်ရေးအမည်ခံ ဘွဲ့ရပညာတတ်များသည် နေပူစပ်ခါး သွားလာနေရသည်။ ဆိုင်ထဲတွင် အေးအေးဆေးဆေးနေရသူကရှားသည်။

ဤကဲ့သို့ ကျပ်တည်းမှုများစွာကို ရင်ဆိုင်အန်တုရင်း ရိုးသားကြိုးစားကြသည့် လူငယ်များလည်းရှိသည်။ သူတို့ထဲတွင် ဖုန်းသက်မော်နှင့် မြတ်နိုးဝေလည်း အပါအဝင်ပင်ဖြစ်သည်။

ဖုန်းသက်မော်က မောင်နှမသုံးယောက်တွင် အကြီးဆုံးဖြစ်ပြီး သူ့မိဘတွေက နေနိုင်စားနိုင်ရုံ။ မြတ်နိုးဝေတို့ကလည်း မိသားစုငါးယောက်ဖြစ်ပြီး အလုပ်ကိုယ်စီလုပ်နေကြသော်လည်း အကြွေးက ချာလပတ်ယမ်းနေသည်။ ဒီကဝင်လျှင် ဟိုကိုဆပ်လိုက်၊ ဟိုကဝင်လျှင် ဒီကိုဆပ်လိုက်နှင့် အပိုဝင်ငွေနည်းပါးသည်။ ထို့ကြောင့် မြတ်နိုးဝေက လုပ်နေလို့သာတော်တော့သည်ဟု အမြဲတမ်း ညည်းညူနေတတ်သည်။

ဘဝသည် ညည်းညူနေရုံနှင့်တော့မရမှန်း သူမအလိုလိုသော

ဆင်းရဲသူအချို့သည် ဘဝနာ၍ ပိုကြိုးစားကြသည်။
မြေနိမ့်ရာ လှံစိုက်တတ်တဲ့လူ၊ မရှိခိုးနိုး၊
မလှစုန်းယိုးဆိုသည့်လူတန်းစားများကြောင့်
သူတို့၏ဆင်းရဲသားမာနက ပို၍တောက်ပြောင်ခဲ့သည်။
လောကဓံတရား (၈) ပါးကို ကြံ့ကြံ့ခံနိုင်အောင်
ကြိုးစားကြရ သည်။
ဘဝသည် လှုပ်လေမြုပ်လေဖြစ်သည်။
ဖောင်စီးရင်း ရေငတ်ဟုပင်

www.burmeseclassic.com





ပေါက်သည်။ တစ်ခါတစ်ရံ မမျှတသော ကံကြမ္မာကို အပြစ်တင်မိသော်လည်း ကိုယ့်နောက်ဘဝက လုပ်ခဲ့သည့်အတိုင်း ခံစားနေရတာမို့ သူမတို့တွေ အရင်ဘဝက အလှူအတန်း နည်းခြင်းဖြစ်မည်၊ ထို့ကြောင့် ဒီဘဝ ဘယ်လောက်ရှာရှာ ဆင်းရဲနေရခြင်းဖြစ်မည်။

ဖုန်းသက်မော်နှင့် မြတ်နိုးဝေသည် ငယ်သူငယ်ချင်းများဖြစ်ကြသည်။ အရွယ်ရောက်လာသောအခါ အစကရိုးရိုး၊ နောက်တော့ တစ်မျိုးတိုးဆိုသကဲ့သို့ သမီးရည်းစားဘဝ ရောက်ရှိသွားကြသည်။

အတူနေဖို့အရေးဆိုသည်မှာ မိဘတွေဆီ လက်ဖြန့်၊ မင်္ဂလာဆောင်နိုင်သည့်အခြေအနေမဟုတ်သဖြင့် နှစ်ယောက်စလုံး ကြိုးစားကြရသည်။

ဖုန်းသက်မော်က ကုမ္ပဏီတစ်ခုတွင် မန်နေဂျာဖြစ်သည်။ လုပ်ခဲ့ရသည့် လုပ်သက်ကလည်း (၁၀)တန်းအောင်ခါစကတည်းကဆိုတော့ (၁၀)နှစ်နီးပါးပင် ရှိတော့မည်။

သူငယ်ချင်းတစ်ယောက်ရဲ့ လက်ဖက်ရည်ဆိုင်တွင် ငွေတိုးပွားအောင် စပ်တူလုပ်သည်။

အိမ်တွင် မိခင်က စက်ချုပ်ဆိုင်ဖွင့်သဖြင့် ကူရသည်။ မနက် ၇ နာရီလောက်ကတည်းက တဂျောက်ဂျောက် နှင့် နှင်းနေရသည်မှာ တစ်ခါတစ်ရံ ည ၈ နာရီ လောက်ထိ ရောက်သွားလို့တောင် နှင်း၍ မပြီးနိုင်ပေ။

မိဘတွေနှင့် အတူတကွနေရတာမို့ အရမ်းကြီးတော့ မစုမိကြ။ တတ်နိုင်သမျှတော့ ချွေတာ၊ ပုဆောင်းကြသည်။

အသက် ၂၅နှစ်ကျော်လာသောအခါ မိဘတွေကလည်း လိုအပ် သလောက် စိုက်ထုတ်ပေးကာ မင်္ဂလာဆောင်ပေးသည်။

ပကာသနနည်းသော်လည်း လူတိုင်းချီးမွမ်းကြသည့် မင်္ဂလာပွဲတော့ ဖြစ်လာခဲ့သည်။

မိဘတွေကို ကန်တော့သောအခါ မြတ်နိုးဝေမိခင်က သူမကို တိုးတိုးကျိတ်ကျိတ်မှာသည်။

"သမီးအခု အိမ်ထောင်သည်ဖြစ်သွားပြီနော်၊ အရင်လို ထစ်ခနဲရှိ စိတ်တို၊ ဒေါသကြီးမလုပ်နဲ့၊ ကိုယ့်ဘဝကို ဦးဆောင်ရမှာ၊ ဘယ်အရာပဲဖြစ်ဖြစ် အကြားစကားနဲ့ ဒေါသဖြစ်မနေနဲ့၊ ကိုယ်တိုင် လေ့လာဆန်းစစ်ပြီးမှယုံ"

ဟု ဆုံးမသည်။

မြတ်နိုးဝေသည် လူကသာ ဖြူဖြူသေးသေးရယ်။ ဒေါသကတော့ ဘာကြီးသလဲမမေးနဲ့။ ရည်းစားသက်တမ်းတစ်လျှောက်လုံး ဖုန်းသက်မော်က စိတ်တိုရသည်မရှိ။ သူကပဲ စိတ်ဆိုးဒေါသဖြစ်၊ မတွေ့ဘဲ ရှောင်နေချင် ရှောင်နေသည်။

ဖုန်းသက်မော်ကတော့ [illegible] သူငယ်ချင်းလည်းဖြစ်နေတော့ မြတ်

www.burmeseclassic.com

နိုးဝေ၏စိတ်ခါတ်ကိုသိသည်။ ထို့ကြောင့် သူ့ဘက်က အမြဲတမ်း အလျှော့ပေးသည်။ ပြီးတော့ မြတ်နိုးဝေဆိုးတာကလည်း တချို့သော မိန်းကလေးများကဲ့သို့ မောက်မာရိုင်းစိုင်းခြင်းမျိုး မဟုတ်ချေ။

"တစ်ခုပဲ မြတ်နိုးပြောချင်တယ်၊ မြတ်နိုးက စိတ်ဆိုးတယ်၊ ဒေါသဖြစ်တယ်၊ ပြီးရင် ပြေလွယ်တာမှန်တယ်၊ ဒါပေမဲ့ တစ်ခုကိုတော့ ပြင်းပြင်းထန်ထန် ပြောထားမယ်၊ အိမ်ထောင်ရေး ဖောက်ပြန်လို့ကတော့ လှည့်တောင်မကြည့်ဘူးမှတ်၊ မိန်းမတိုင်းက မုန့်သာဝေစား ချင်စားမယ်၊ အချစ်တော့ အဝေမခံနိုင်ဘူး၊ မယားကြီး ဆိုတဲ့ နေရာကိုလည်း အရောက်မခံနိုင်ဘူး၊ မယားပြိုင်လည်း အဖြစ်မခံနိုင်ဘူး"

ထိုအချိန်တုန်းက ဖုန်းသက်မော်က မြတ်နိုးဝေစကားကိုသဘောကျပြီးရယ်တော့ မြတ်နိုးဝေက မျက်စောင်းထိုးကာ ပြောခဲ့၏။

"စတယ်ထင်မနေနဲ့၊ အတည်ပြောနေတာ"

♛♛♛♛♛

အိမ်ထောင်ကျသောအခါ မြတ်နိုးဝေသည် ပို၍ကြိုးစားသည်။ အိမ်တွင်စက်ချုပ်သည်။ မနက် ဖုန်းသက်မော်အတွက် ထမင်းချိုင့်ပြင်



ပေးရင်း တစ်ခါတည်း ထမင်းကို ညမနက် ပေါင်းချက်ထားကာ ဖုန်းသက်မော် အလုပ်သွားသည်နှင့် တစ်ပြိုင်နက် စက်ကို မနားတမ်း ချုပ်တော့သည်။

"မြတ်နိုးရယ် ဒီလောက်ထိ အပင်ပန်းမခံပါနဲ့၊ ပုံမှန်လေးပဲလုပ်ပါ"

ဖုန်းသက်မော်က ကိုယ့်ကိုယ်ကိုယ်တောင် မပြင်နိုင်မဆင်နိုင်လောက်အောင် အလုပ်များသဖြင့် မကြည့်ရက်၍ ပြောသောအခါ.....

"လုပ်နိုင်တုန်းအရွယ် လုပ်မှ မောင်ရဲ့၊ လုပ်နိုင်တုန်း မနားတမ်း လုပ်မှ မလုပ်နိုင်တဲ့အခါ ထိုင်စားလို့ ရမှာမဟုတ်လား၊ နောက်ပြီး ရင်သွေးတွေ ရလာရင်လည်း ကလေးတွေကို ချို့ချို့ငဲ့ငဲ့ ပညာမသင်ရစေချင်ဘူး၊ ပညာသင်တဲ့အခါ ချို့ငဲ့တဲ့ဒဏ်ကို မြတ်နိုးတို့လည်း ခံစားဖူးသားပဲ၊ ရွယ်တူတွေကြားမှာ မျက်နှာငယ်ရတယ်၊ ကျူရှင်မယူနိုင်ရင် မျက်နှာငယ်ရတယ်၊ အဲဒီလိုမျိုး မြတ်နိုးရဲ့သားသမီးတွေ မခံစားရ စေချင်ဘူး"

အချို့က မြတ်နိုးဝေအား အပြောကြီးလှချည်လားဟု ဆိုချင်ဆိုမည်။ မြတ်နိုးဝေက အပြောနှင့်အညီ လက်တွေ့လုပ်နိုင်တဲ့သူဖြစ်သည်။ ဖုန်းသက်မော်ကလည်း အလုပ်ကပြန်လာရင် ခဏနားပြီး ညစာအတွက် သူချက်သည်။ တစ်

www.burmeseclassic.com

ဖက်တစ်လမ်းမှ ကူညီခြင်းဖြစ်၏။ လင်က မယားအပေါ်ညွှာပြီး မယားက လင့်အပေါ်ညွှာသဖြင့် အိမ်ထောင်ရေးက အဆင်ပြေသည်။

သမီးလေးမြတ်ဖုန်းဝေကိုမွေးပြီး သိပ်မကြာခင် အိုးပိုင်အိမ်ပိုင်နှင့် နေနိုင်လာသည်။ ဖုန်းသက်မော်ကလည်း လာခြင်းကောင်းသောသမီးလေးမို့ ဖူးဖူးမှုတ်အောင်ချစ်သည်။ သမီးမိန်းကလေးတွေက တီတီတာတာ ပြောတတ်ခြင်းကြောင့်လည်းဖြစ်မည်။

"မောင်ရေ.....သမီးကိုပဲ ချီမနေနဲ့၊ ကလေးက လက်ကြိုက်တတ်နေပြီ၊ ဒီကအလုပ်ရှုပ်လို့ စက်ခုံက မထနိုင်ဘူးဆို သူက ချီမယ့်သူမရှိရင် အော်တော့တာပဲ၊ မနားတမ်းကိုအော်လို့ နောက်ဆုံး ကိုယ်ပဲထရတော့တယ်"

"သမီးစိတ်ကြီးတာ မြတ်နိုးကို တူတာပဲနေရမယ်"

ဖုန်းသက်မော်က သမီးကိုပွေ့ထားရင်းက သမီးရဲ့ဒေါသကို သဘောကျစွာ မှတ်ချက်ပေးတော့ မြတ်နိုးဝေက.....

"ဟုတ်မှာပေါ့၊ မြတ်နိုးလည်း သမီးနဲ့ကျမှပဲ ဝဋ်လည်တော့မယ်ထင်တယ်၊ မနေ့ကတောင် ဟိုဘက်အိမ်က သားငယ်က သမီးနဲ့အဖော်လုပ်ပြီး လာကစားတာ၊ သားငယ်လက်ထဲက အရုပ်မပေးလို့တဲ့၊ သားငယ်ဆံပင်တွေကို အတင်းဆွဲထားတာ၊ လွှတ်ကိုမလွှတ်တော့ဘူး၊ မောင့်သမီးကတော့ နောက်က လိုက်လျှော်နေရမယ့်ကလေးပဲ"

♛♛♛♛♛

> **ဟုတ်မှာပေါ့၊ မြတ်နိုးလည်း သမီးနဲ့ကျမှပဲ ဝဋ်လည်တော့မယ်ထင်တယ်၊ မနေ့ကတောင် ဟိုဘက်အိမ်က သားငယ်က သမီးနဲ့ အဖော်လုပ်ပြီး လာကစားတာ၊ သားငယ်လက်ထဲက အရုပ်မပေးလို့ တဲ့၊ သားငယ်ဆံပင်တွေကို အတင်းဆွဲထားတာ၊ လွှတ်ကိုမလွှတ်တော့ဘူး၊ မောင့်သမီးကတော့ နောက်က**

"ဒေါင်.....ဒေါင်"

မြတ်နိုးဝေသည် တံခါးမကြီးနား၌ ရပ်နေရာမှ နာရီမြည်သံတဒေါင်ဒေါင်ကြောင့် မော့ကြည့်မိတော့ ၇ နာရီပင် ထိုးနေပြီ။

ဖုန်းသက်မော်၏အလုပ်ဆင်းချိန်မှာ ညနေ ၅ နာရီဖြစ်ပြီး ပြန်ချိန်နောက်ကျလျှင်တောင် ၆ နာရီတော့ရောက်သည်။ ဒီလောက်တစ်ခါမှ နောက်မကျတတ်သဖြင့် စိတ်ပူသွားသည်။

ပြတင်းပေါက်ဆီ တစ်ချက်ပြန်လှည့်ကြည့်မိတော့ ခင်ပွန်းသည်၏အရိပ်အယောင်ကို ခုထက်ထိ မမြင်ရသေးချေ။ သမီးလေးကိုလှည့်ကြည့်မိတော့ သမီးက စာကျက်နေသည်။ ဘာလိုလို နှင့် သမီးတောင် (၈)တန်းကျောင်းသူကြီးဖြစ်လို့ပါလား။

"မေမေ မညောင်းသေးဘူးလား၊ ညနေကတည်းက တမတ်တတ်နဲ့၊ လာ.....ထိုင်ပါဦး၊ ဖေဖေ အလုပ်ကိစ္စရှိလို့နေမှာပေါ့"

သမီးစကားကြောင့် ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရပေမယ့် မျက်လုံးများကတော့ သူလာမည့်လမ်းဆီသို့ကြည့်လျက်။ လက်ချုပ်လိုက်စရာများကိုပင် မလိုက်နိုင်ပေ။

"အေးလေ၊ ဘာကိစ္စအရေးကြီးနေလို့ ဒီလောက်တောင်[illegible] ကျနေရသလဲမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com

ညည်းညည်းညူညူနှင့် ဆိုလိုက်မိသည်။

အချိန်တို့သည် တရွေ့ရွေ့နှင့် ကုန်ဆုံးသွားခဲ့ပေမယ့် ဖုန်းသက်မော်သည် ရောက်မလာသေးချေ။ သမီးလေး မြတ်ဖုန်းဝေပင် အိပ်ပျော်သွားပြီ။ နာရီ၏ လက်တံတို့သည် သူလိုရာခရီးသို့ တရွေ့ရွေ့နှင့် နှင်နေလေသည်။

''မောင်ကတော့ နောက်ကျမယ်၊ အရေးကြီးတယ်ဆိုရင် ဖုန်းဆက်တာမဟုတ်ဘူး''

နှုတ်ကအပြစ်တင်နေပေမယ့် စိတ်ထဲ၌ အတော်လေး စိတ်ပူနေရသည်။ ထိုညက ဖုန်းသက်မော် ရောက်လာချေ။ မနက်ဝေလီဝေလင်း (၃)နာရီလောက်တွင်.....

''ဒေါက်.....ဒေါက်''

''မြတ်နိုး.....မြတ်နိုး''

တံခါးခေါက်သံနှင့် ခေါ်သံတို့ကြောင့် မြတ်နိုးဝေ အိပ်မှုန်စုံမွှားဖြင့်ထ၍ တံခါးဖွင့်လိုက်တော့ ဖုန်းသက်မော်ကို တွေ့ရလေသည်။

''မောင်...ဝင်...ဝင်၊ ဘယ်အချိန်ရှိနေပြီလဲ မောင်ရယ်၊ ဒီမှာ တစ်နေကုန် စိတ်ပူနေရတယ်၊ အခု ဘယ်ကပြန်လာတာလဲ''


''နောက်မှမေးပါ မြတ်နိုးရာ၊ မောင် အရမ်းအိပ်ချင်နေပြီ''

သူက မြတ်နိုးရှေ့မှဖြတ်ကာ အိမ်နောက်သို့ဝင်သွားစဉ် မြတ်နိုးဝေက အရက်နံ့ရလိုက်သဖြင့် ဖုန်းသက်မော်ကို စူးစူးစိုက်စိုက် လှမ်းကြည့်သည်။ သူက သူမကိုလုံးဝ မကြည့်ချေ။ ခြေလက်ဆေးပြီး သမီးလေးကို ဖွဖွနမ်းကာ အိပ်ခန်းထဲဝင်သွားသည်။ မြတ်နိုးဝေ အိပ်မပျော်တော့ဘဲ ရင်ထဲ၌ မေးခွန်းများမေးလျက်။

သို့သော်.....

ထိုကိစ္စနှင့်ပတ်သက်၍ မြတ်နိုးဝေ ဘာမေးမေး ဖုန်းသက်မော်

သူက
မြတ်နိုးရှေ့မှဖြတ်ကာ
အိမ်နောက်သို့ဝင်သွားစဉ်
မြတ်နိုးဝေက အရက်နံ့ရလိုက်သဖြင့်
ဖုန်းသက်မော်ကို
စူးစူးစိုက်စိုက် လှမ်းကြည့်သည်။
သူက သူမကိုလုံးဝ မကြည့်ချေ။
ခြေလက်ဆေးပြီး
သမီးလေးကို
ဖွဖွနမ်းကာ
အိပ်ခန်းထဲဝင်သွားသည်။
မြတ်နိုးဝေ
အိပ်မပျော်တော့ဘဲ
ရင်ထဲ၌.....





www.burmeseclassic.com

မဖြေချေ။ နဂိုကမှ ဒေါသကြီး
သော မြတ်နိုးဝေ။

"အိမ်ကစိတ်ပူလို့ မအိပ်နိုင်
တာကို ရှင်အားနာဦး ကိုဖုန်းသက်
မော်၊ ကိုယ့်မိန်းမကိုတောင် ဘာ
ကိစ္စရှိလို့ နောက်ကျတယ်မပြော
နိုင်အောင် ရှင်ဘာတွေ မဟုတ်တာ
လုပ်ထားသလဲ"

ဖုန်းသက်မော် မျက်စိမျက်
နှာပျက်သွားကာ ပျာပျာသလဲဖြင့်
ပြန်ပြောခဲ့သည်။

"ဘာမဟုတ်တာလုပ်ထားရ
မလဲ မြတ်နိုးရာ၊ သိဖို့မလိုအပ်လို့
မောင်မပြောတာပေါ့၊ လိုအပ်ရင်
မောင်ပြောမှာပေါ့"

ထိုစကားနဲ့တင် ပိတ်သွား
သည်။ သို့သော်လည်း မိန်းမဆို
သည်မှာ မိန်းမသဘာဝရှိသည်
မဟုတ်လား။ မသိချင်နဲ့ဟုပြောလျှင်
ပို၍သိချင်သည်၊ မပြောနဲ့ဟုဆိုလျှင်
ပို၍ပြောချင်သည်။

"အန်တီမြတ်နိုး ဖုန်းလာ
တယ်"

တစ်ဖက်အိမ်က ဖုန်းလာ
သဖြင့် လာခေါ်သည်။ မြတ်နိုးဝေ
က ထမင်းအိုးငှဲ့နေရင်းမို့.....

"လာမယ်၊ ခဏလေးနော်"

ထမင်းအိုးနှပ်ထားပြီး တစ်
ဖက်အိမ်သို့ လျှောက်လာခဲ့သည်။

"ဟယ်လို....."

တစ်ဖက်က သူမ မသိသော



အမျိုးသမီးတစ်ယောက်၏အသံပင်
ဖြစ်သည်။ နောက် ထိုမိန်းမ ပြော
သည့်စကားများမှာ သူမ မယုံနိုင်
သည့်စကားများ၊ မမျှော်လင့်ထား
သော စကားများဖြစ်လေသည်။
သူစိမ်းတွေကြားမှာမို့ မျက်ရည်
မကျအောင် ကြိုးစားထားရသော်
လည်း.....

"မဟုတ်ဘူး မြတ်နိုး၊ မောင်
ရှင်းပြပါရစေဦး"

"ဘာမှမရှင်းပြနဲ့တော့ ကို
ဖုန်းသက်မော်၊ ကျွန်တော့်ကိစ္စ ဘာ
ပဲဖြစ်ဖြစ် ကျွန်မ ခွင့်လွှတ်နိုင်[illegible]

သူမ မသိသော
အမျိုးသမီးတစ်ယောက်၏
အသံပင်ဖြစ်သည်။
နောက်
ထိုမိန်းမပြောသည့်
စကားများမှာသူမမယုံနိုင်
သည့်စကားများ၊
မမျှော်လင့်ထားသော
စကားများဖြစ်လေသည်။
သူစိမ်းတွေကြားမှာမို့
မျက်ရည်မကျအောင်

www.burmeseclassic.com

www.burmeseclassic.com


အိမ်ထောင်ရေးဖောက်ပြန်မှုတော့ လုံးဝခွင့်မလွှတ်နိုင်ဘူး၊ ကျွန်မရဲ့ယုံကြည်ချက်ကို ရှင်အလွဲသုံးစားလုပ်တယ်၊ ရှင့်ကိုကျွန်မ မပေါင်းနိုင်ဘူး၊ ဒါပေမဲ့ သမီးလေးရဲ့ရှေ့ရေးကြောင့် ရှင့်ကို မကွာရှင်းပါဘူး၊ တစ်အိမ်တည်းနေတယ်ဆိုပေမယ့် ရှင် ကျွန်မနဲ့ပတ်သက်ဖို့ မကြိုးစားပါနဲ့''

''အဲဒီလိုမလုပ်ပါနဲ့ မြတ်နိုး''

သူဘယ်လိုပဲ တောင်းပန်တောင်းပန် သူမသည် ဆုံးဖြတ်ပြီးလျှင် ပြင်တတ်သူတစ်ယောက်မှမဟုတ်ဘဲ။ ရန်ဖြစ် စကားများကြသော်လည်း ဟိုအမျိုးသမီးနှင့်ပတ်သက်သောကိစ္စကို သူလုံးဝမရှင်းချေ။ ထို့ကြောင့် သူမ၏စိတ်သည် ပို၍ပြတ်သားလာခဲ့သည်။

♛♛♛♛♛

ဟိုယခင်က သာယာချမ်းမြေ့ခဲ့သောအိမ်သည် သာယာချမ်းမြေ့မှုများ ပျောက်ဆုံးခဲ့သည်။ တိတ်ဆိတ်ခြောက်ကပ်မှုများဖြင့် မိသားစု၏ အနှစ်သာရကို မည်သူမှမခံစားရတော့ချေ။ စိတ်ကြီးသော မြတ်နိုးဝေကြောင့် တောင်းပန်၍မရဘဲ ဖုန်းသက်မော် အရက်သမားလုံးလုံးဖြစ်တော့သည်။

သမီးလေး မြတ်ဖုန်းဝေပင် ဆေးတက္ကသိုလ်ကျောင်းသူဖြစ်နေပြီ။ လူကိုအရက်ကနိုင်သွားပြီမို့ လူမှန်းမသိအောင် မူးနေတော့၏။

''မေမေရယ်...ဖေဖေအရက်တွေသောက်ပြီး သေသွားလိမ့်မယ်၊ ဖေဖေ့ကိုခွင့်လွှတ်လိုက်ပါ၊ ဖေဖေ တစ်ခုခုဖြစ်ရင် မေမေပဲ တစ်သက်လုံး ခံစားနေရလိမ့်မယ်''

''တော်စမ်း မြတ်ဖုန်းဝေ၊ သစ္စာမရှိတဲ့ ယောကျ်ားအတွက် ငါ ဘယ်တော့မှ မခံစားဘူး၊ နောက်တစ်ခါ ငါတို့ကိစ္စမှာ ဘာမှဝင်မပါနဲ့''

ယောကျ်ားတွေဘက်က မဆိုစလောက်အမှားပါဆိုပေမယ့် ခံစားရသည့် မိန်းမသားဘက်ကိုတော့ ထည့်မတွက်ကြချေ။ မိန်းမတိုင်းက သူတို့ယောကျ်ား မူးမူးရူးရူး၊ ဆိုးဆိုးမိုက်မိုက် အလုပ်မလုပ်ရင်တောင် အိမ်ဦးခန်းမှာ တင်ကျွေးထားဦးမည်။

ဤကဲ့သို့ အိမ်ထောင်ရေးဖောက်ပြန်မှုကိုတော့ အသံတောင်မကြားချင်ပေ။ အကယ်၍ သူ့ဘက်ကမှန်လျှင် ထိုမိန်းမ ပြောသမျှစကား (လိမ်ညာသည်ဟုဆိုလျှင်)ပြန်ဖြေရှင်းပါလား။ ဘာဖြေရှင်းချက်မှမထုတ်ဘဲ ''ငါနဲ့ဘာမှမဆိုင်ဘူး''ဟု ပြောရုံနဲ့ မပြီးချေ။

မိန်းမတွေ အမျက်ကြီးသည်ဆိုသည်မှာ အချစ်ကြီး၍ဖြစ်သည်။ ထိုအချစ်ကြီးခြင်းကြောင့်ပင် မဖြစ်သင့်တာတွေ ဖြစ်ရသည်။ မလုပ်သင့်တာတွေ လုပ်ရသည်။ ဝေးနေလျှင်တောင် အမုန်းလျော့သွားကောင်း လျော့သွားနိုင်သော်လည်း တစ်အိမ်တည်းအတူနေ ထိုလူကိုမြင်နေသမျှ အမုန်းထုက ပို၍ပို၍ကြီးလာတတ်သည်။ ထို့ကြောင့် အရက်နှင့်လူ နှစ်ပါးသွားကာ အလုပ်ပင်မလုပ်နိုင်တော့သော ဖုန်းသက်မော်ကို ပို၍ပင် မုန်းနေမိသည်။

သူတို့တွေက စိတ်ဆင်းရဲခြင်း၊ စိတ်ပျော်ရွှင်ခြင်းကို အကြောင်းပြ၍ အရက်ကလေး တမြမြ ဖြစ်နေတတ်ကြသည်။

မိန်းမတွေကတော့ စိတ်ဆင်းရဲခြင်းကို ရင်နှင့်ခါးစည်းခံရသည်။ ယောကျ်ားတွေမူးပြီး လူမှန်းသူမှန်း မသိကြ။ သူမတို့က သောကအပူမီးကြောင့် မစားနိုင်၊ မအိပ်နိုင် စိတ်ဆင်းရဲခြင်းအပူမီးက ကြီးလှသည်။

နောက်ဆုံးတော့ ဖုန်းသက်မော်သည် အသည်းကင်ဆာနှင့် ဆုံးသွားသည်။ သူ့နောက်ဆုံးအချိန်ထိ မြတ်နိုးဝေအား တောင်းပန်တိုးလျှိုးခဲ့ပေမယ့် သူမ၏ခွင့်လွှတ်ခြင်းကို မရသွားခဲ့ချေ။ လင်ယောကျ်ား၏ အသုဘ၌ မျက်ရည်မကျသော သူမကို အားလုံးက


www.burmeseclassic.com

www.burmeseclassic.com

ရဲ့ကြသည်။ ဝေဖန်ကြသည်။

သူမ ဂရုမစိုက်ပေ။ သစ္စာမရှိသည့်ယောကျ်ားတစ်ယောက်အတွက်နဲ့ မျက်ရည်မကျရဘူးဟု ခံယူထားခဲ့သည်။ သို့သော်လည်း တစ်သက်လုံး ဖြေမဆည်ဖြစ်စေမည့် နောင်တ တရားများသည် သူ့ဆုံးပြီး (၆)လအကြာတွင်.....

''ကျွန်တော် ဖုန်းသက်မော်ရဲ့ သူငယ်ချင်းပါ မမြတ်နိုးဝေ၊ ကျွန်တော့်ကြောင့် ဒီအိမ်မှာ သူ သေဆုံးတဲ့အထိ ပဋိပက္ခတွေဖြစ်သွားရတဲ့ အတွက် ကျွန်တော် တောင်းပန်ပါတယ်''

''ရှင်ဘာကိုဆိုလိုတာလဲ''

မြတ်နိုးဝေ မျက်မှောင်ကုတ်၍ မေးလိုက်သည်။ ထိုလူကမျက် လွှာချကာ.....

''စောစောကသိခဲ့ရင် ကျွန်တော် စောစောတောင်းပန်ပါတယ်၊ နောက်ကျမှသိတော့ အားလုံးအလွဲလွဲအချော်ချော် ဖြစ်ကုန်ရတယ်၊ ဒီလိုပါ မမြတ်နိုးဝေ၊ လွန်ခဲ့တဲ့ ငါးနှစ်ကပါ၊ ကျွန်တော် နိုင်ငံခြားကပြန်လာတော့ ဖုန်းသက်မော်ကို ပြုစုမယ်ဆိုပြီး စားသောက်ဆိုင် ခေါ်သွားခဲ့ပါတယ်၊ ဖုန်းသက်မော်ကိုလည်း အရက်တွေအတင်းတိုက်၊ ကျွန်တော်လည်းသောက်နဲ့ ဖုန်းသက်မော်ကတော့ စားပွဲပေါ်မှောက်နေပြီ၊ ဒါနဲ့ မရှိမသေစကားပြောရရင် အဲဒီဆိုင်က ကောင်မ



လေးတစ်ယောက်နဲ့ ကျွန်တော် တည်းခိုခန်း ရောက်သွားပါတယ်၊ ဖုန်းသက်မော်က ဆိုင်မှာကျန်ခဲ့တယ်''

''အင်း...ဆက်ပြောပါဦး''

''သူ့ကို ကျွန်တော့်နာမည် ဖုန်းသက်မော်လို့ လိမ်ပြောခဲ့မိတယ်၊ အဲဒီအမျိုးသမီး မမြတ်နိုးဝေဆီ ဖုန်းလှမ်းဆက်ပြီးပြောတော့ ကျွန်တော် သဘောပြန်ထွက်ရတယ်၊ အဲဒါတွေ ဘာမှမသိရဘူး နောက် ဖုန်းသက်မော် မဆုံးခင် စာရေးတော့မှ အကြောင်းစုံသိရတယ်၊ သူကတော့ အရက်တွေမူးနေတော့ အဲဒီအမျိုးသမီးနဲ့ ဖြစ်ခဲ့သလား၊ မဖြစ်ခဲ့သလား ဘာမှ သေချာမသိလို့ဆိုပြီး စာရေးတော့ ကျွန်တော် ခွင့်ရအောင်ယူပြီးလာ ခဲ့တာ၊ ဒါပေမဲ့ နှောင်းသွားပြီဗျာ''

''တော်ပါတော့..... တော်ပါ တော့ရှင်''

ကိုယ့်နှလုံးသားကိုသတ်သူက ကိုယ်တိုင်ပါပဲလား။

''မောင်ရေ မောင့်ကိုသတ်ခဲ့သူက အရက်မဟုတ်ဘူး၊ ကျွန်မရဲ့အတ္တက မောင့်ကိုသတ်ခဲ့တာ၊ ကျွန်မကြောင့် မောင်သေရတာ၊ ကျွန်မကို ဘယ်တော့မှ ခွင့်မလွှတ် ပါနဲ့မောင်''

ဖုန်းသက်မော် သေဆုံးခဲ့ရမှုတွင် အဓိကတရားခံသည် အရက်ပင်ဖြစ်သည်။ အရက်မူးနေသဖြင့် သူ့ကိုယ်သူ ဘာဖြစ်၍ ဖြစ်မှန်းမသိ။ သေချာမရှင်းပြနိုင်။ ဟုတ်များဟုတ်ခဲ့ရင်ဆိုသောအတွေးရှိနေသဖြင့် မြတ်နိုးဝေအား ရှင်းမပြရဲခြင်းပင်ဖြစ်သည်။

**ရှင်လွန်းမယ်**

www.burmeseclassic.com



www.burmeseclassic.com



# မစ္ဆရိယအမှောင်

ရေမှုန်ဦး (ဟင်္သာတ)

○

ဖိုးကံ၊ သာလှ၊ မြတ်ဆွေတို့သည် တစ်ရွာတည်းကြီးပြင်းခဲ့ကြသလို တစ်ကျောင်းတည်းထွက်ခဲ့ကြသည့် သူငယ်ချင်းသုံးယောက်ဖြစ်လေ၏။ ကျောင်းမှထွက်ခဲ့သည့်တိုင် သူငယ်ချင်းသုံးယောက်က အတွဲမပျက် တတွဲတွဲသာ ရှိခဲ့ကြသည်။

ချစ်သူရည်းစားများ ထားကြပြန်တော့လည်း ဖိုးကံသည် တခြားရွာမှ ရွာသူတစ်ယောက်ကို ချစ်သူအဖြစ် ထားခဲ့သော်လည်း သာလှနှင့်မြတ်ဆွေတို့က ကျောင်းတုန်းက တစ်တန်းတည်းတက်ခဲ့ရဖူးသူ မေသူချိုကို ပြိုင်တူချစ်ရေးဆိုခဲ့ကြသည်။

မေသူ၏တုံ့ပြန်ချက်ကလည်း ရှင်းသည်။ နှစ်ယောက်လုံးကို သူငယ်ချင်းတွေလိုပဲ ခင်သည်တဲ့။ ဒါပေမဲ့ မေသူ့တွင် လျှို့ဝှက်ချက်တစ်ခုကျန်လေသည်။ ထိုလျှို့ဝှက်ချက်မှာ သာလှနှင့်မြတ်ဆွေအနက် မေသူသည် မြတ်ဆွေအပေါ် သံယောဇဉ်ပိုလေသည်။ ထိုသို့သော အခြေခံအကြောင်းများကြောင့် မေသူ၏မျက်လုံး၊ မေသူ့အကြည့်များက သက်သေတစ်ရပ်အဖြစ် ပြဆိုနေလေသည်။

"ဟဲ့.....မေသူ၊ ငါ့ကိုအဖြေပေးဦးလေဟာ"

သာလှအမေးစကားကိုတော့ အလေးဂရုမပြုဘဲ တုံ့ပြန်ခဲ့သည်။

"ဘာအဖြေပေးရမှာလဲ၊ ငါပြောပြီးသားပဲ သာလှရယ်၊ နင့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ ခင်နိုင်မယ်လို့"

"အေးပါ၊ ငါသိပါတယ်၊ နင်က ဘာလဲ မြတ်ဆွေရှိလို့မဟုတ်လား၊ နင့်ဆက်ဆံမှုတွေက မြတ်ဆွေကို ငါ့ထက်ပိုတယ်ဆိုတာ ငါသိပါတယ်"

"ဟဲ့...သာလှ၊ နင်ထင်သလို မဟုတ်ဘူး၊ ငါမြတ်ဆွေကိုလည်း နင့်လိုခင်တာပဲ၊ နင်ပြောချင်ရာတွေ ပြောမနေနဲ့"



♛♛♛♛♛

ဒီလိုနဲ့ ကာလတစ်ခုမှာတော့ မြတ်ဆွေနှင့် မေသူချိုတို့ ချစ်သူရည်းစားတွေ ဖြစ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ငါ့ကို တကယ်ရောချစ်ရဲ့လား မြတ်ဆွေရယ်"

"မေသူရယ် မေးမှမေးရက်ပလေ၊ ငါလေ နင့်ကို ကျောင်းကတည်းက တိတ်တခိုးချစ်ခဲ့ရတာ၊ နင်ကျောင်းမတက်တဲ့ နေ့တွေဆိုရင် ရင်ထဲမှာ အပျော်မဲ့သလို ခံစားနေရတယ်"

"တော်ပါ၊ ခုမှ အတိတ် အလွမ်းဓာတ်ပြားကို ပြန်ဖွင့်ပြ မနေပါနဲ့၊ ဟွန်း.....သနားလို့ နင့်ကို ချစ်လိုက်တာ"

"ဘာကြောင့်ပဲဖြစ်ဖြစ်ပါဟာ၊ နင့်အချစ်ကို ငါရတာဟာ သိန်း ဆုတစ်ခုပေါက်သလို ပျော်ပါတယ်"

"ပျော်နေရုံနဲ့ မပြီးသေးဘူး မြတ်ဆွေ၊ တို့နှစ်ယောက် ဘဝတစ် ခုကို တည်ဆောက်ဖို့ ငွေလေးဘာလေး စုဦးနော်၊ တို့မိဘတွေကိုအပူ မကပ်ချင်ဘူး"

"အေးပါ မေသူရယ်၊ ငါက ယောကျ်ားတစ်ယောက်ပါ၊ ကိုယ့် ချစ်သူကို တင့်တောင့်တင့်တယ် ထားနိုင်ဖို့ ငါကြိုးစားပါ့မယ်"

♛♛♛♛♛

ဒီနေ့ ဖိုးကံ ဖားကန့်ဘက်သို့ အလုပ်လုပ်ရန် သွားမည်ဖြစ်သည်။ ထို့ကြောင့် သူငယ်ချင်းများဖြစ်သည့် သာလုနှင့် မြတ်ဆွေကိုခေါ်သည်။ မြတ်ဆွေကလည်း မေသူနှင့် အနာဂတ်ရေးရေး မျှော်တွေးကာ ဘဝအတွက် စွန့်စားချင်သည်။



နောက်ရက်များတွင် သူငယ်ချင်းသုံးယောက် ဖားကန့်ဘက်သို့ ခရီးဆက်ခဲ့ကြသည်။ သို့သော် အလုပ်က အဆင်မပြေ။ ကိုယ်စီကိုယ်စီ ပါလာသမျှ ငွေစကြေးစ အချို့ ကုန်တော့သည်။ ထို့အပြင် မြတ်ဆွေမှာ ငှက်ဖျားမိလာသည်။

တစ်လခန့်ရှိလေသောအခါ မြတ်ဆွေက အားလျော့စကားဆိုသည်။

"ငါတော့ ရွာပြန်ချင်ပြီကွာ"

မြတ်ဆွေက ဆိုလာသည်။

"အေး.....ဒီအတိုင်း ဆက်နေလို့ ဘာမှအကျိုးထူးမှာမဟုတ်ဘူး၊ ရွာပြန်ပြီး အလုပ်တစ်ခုခုလုပ်တာပဲ ကောင်းမယ်"

ဒီလိုနှင့် သူငယ်ချင်းသုံးဦးတို့ ရွာသို့ပြန်ခဲ့ကြသည်။

လမ်းခုလတ်ရွာလေးတစ်ရွာတွင် တည်းခိုခဲ့ကြ၏။

နံနက်အိပ်ရာထလျှင် ပြဿနာက တက်တော့၏။

"ဟင်.....ငါ့လည်ပင်းက ဆွဲကြိုး မရှိတော့ဘူးကွ၊ မနေ့ညနေက ရေချိုးတုန်းကတောင် ရှိသေးတယ်"

"ဟင်.....ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ကွာ၊



www.burmeseclassic.com

www.burmeseclassic.com

ငါသေ သေချာချာ သတိထားမိတာ''

''ငါတို့သုံးယောက်ပဲရှိတာ၊ ညကလည်း တို့သုံးယောက်ပဲအတူတူ အိပ်ခဲ့ကြတာ၊ ခုလို ပျောက်တယ်ဆိုတော့ တို့လည်းမကောင်းဘူးကွာ''

မြတ်ဆွေက ညည်းညည်းညူညူဖြင့်ဆိုသည်။

''အေးကွာ၊ မြတ်ဆွေပြောသလို ငါလည်း စိတ်မကောင်းဘူး''

''ရပါတယ်ကွာ၊ တို့သုံးယောက်တည်းရှိတာ၊ ခုလို ငါ့လည်ပင်းက ဆွဲကြိုးဖြုတ်ယူတယ်ဆိုတော့ ငါစိတ်မကောင်းဘူး၊ မင်းတို့လည်း စိတ်မကောင်းမဖြစ်ကြနဲ့''

♛♛♛♛♛

ထိုကာလလေးများက ငါးနှစ်ခန့်ကြာသွားသည်။

သူငယ်ချင်းသုံးယောက် ဖားကန့်ဘက် အလုပ်လုပ်ရန်သွားစဉ် ဖိုးကံလည်ပင်းမှ ဆွဲကြိုးပျောက်သည့်ကိစ္စလည်း မေ့သလိုလို ဖြစ်၍သွားသည်။

မေသူနှင့် မြတ်ဆွေပင်လျှင် တစ်အိုးတစ်အိမ် ထူထောင်တော့မည်ဆိုသော သတင်းများ ကြားလာရသည်။ မြတ်ဆွေပင် အလုပ်တစ်ခုတွင် နေရာတကျဖြင့် အဆင်ပြေနေသည်။ တစ်နေ့ သာလုတစ်ယောက် မြတ်ဆွေထံ ရောက်လာသည်။

''သူငယ်ချင်း အကူအညီတစ်ခုတောင်းချင်လို့''

''ဘာလဲ ပြောလေကွာ''

''အမေက ကျန်းမာရေးတော်တော်မကောင်းဘူးကွာ၊ ဒါကြောင့် သူ့ရဲ့ပစ္စည်းလေး ထားခိုင်းလို့''

''ဩော်.....မလိုပါဘူးကွာ၊ မင်းပစ္စည်း ပြန်ယူထားပါ၊ မင်းက ဘယ်လောက်လိုတာလဲ''

''ကျပ်ငါးသောင်းတည်းပါ''

''ငါပေးလိုက်မယ်လေ''

''ယူထားပါ မြတ်ဆွေရာ၊ ငါပြန်ရွေးမှ ဒီပစ္စည်းကို ပြန်ပေး''

မြတ်ဆွေက ရိုးရိုးသားသား ထင်၍ ယူထားလိုက်သည်။

'''ငါ့အလှည့်ကျပြီ မြတ်ဆွေ၊ မေသူ့အချစ်ကို ရခဲ့တဲ့မင်းအတွက် ငါ့ရဲ့ လက်ဖွဲ့လေးတစ်ခုပေါ့၊ မင်းကံကောင်းပါစေ မြတ်ဆွေရယ်၊ ဟား.....ဟား.....ဟား''

အသံမဲ့ ကြုံးဝါးမှုဖြင့် သာလုက ပြုံးလိုက်သည်။

သာလု ဖိုးကံအိမ်ဘက်သို့ ထွက်လာသည်။ ဖိုးကံကို တိုက်တိုက်ဆိုင်ဆိုင်ပင် အိမ်တွင်တွေ့ရသည်။

''ဟာ.....ဖိုးကံ၊ အတော်ပဲ



**မေသူနှင့် မြတ်ဆွေပင်လျှင် တစ်အိုးတစ်အိမ် ထူထောင်တော့မည်ဆိုသော သတင်းများ ကြားလာရသည်။ မြတ်ဆွေပင် အလုပ်တစ်ခုတွင် နေရာတကျဖြင့် အဆင်ပြေနေသည်။ တစ်နေ့ သာလုတစ်ယောက် မြတ်ဆွေထံ ....**



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှန်ရင်တော့ မကောင်းဘူးကွာ၊ ဒါသစ္စာမဲ့တဲ့လုပ်ရပ်ပဲ၊ ကိုယ့်ချစ်သူကို ပေးချင်ရင်လည်း ကိုယ့်အစွမ်းအစနဲ့ကိုယ် ကြိုးစားပြီးပေးပေါ့၊ ခုတော့မလုပ်သင့်တဲ့ အရာကိုလုပ်ပြီးပေးခဲ့တာ၊ ငါ့အပေါ်သူငယ်ချင်းတစ်ယောက် အနေနဲ့မလုပ်သင့်တာ လုပ်တာ....



ကွာ၊ တွေ့ပါ့မလားလို့၊ လာကွာ၊ လက်ဖက်ရည်ဆိုင် သွားရအောင်''

''မင်းရော ပျောက်လုချည် လား သာလှ''

''အေး...မင်းဆီသာမရောက်တာ၊ မြတ်ဆွေနဲ့တော့ ဆုံပါတယ်ကွာ၊ ဩော်...မြတ်ဆွေလည်း မေသူနဲ့ လက်ထပ်ေ တ့မယ်တဲ့''

''အေးပေါ့ကွာ၊ လက်ဖွဲ့ပြင်ထားရမှာပေါ့''

''ဩော်....ဒါနဲ့ ဖိုးကံ မင်းကို ပြောရဦးမယ်၊ တို့သူငယ်ချင်းသုံးယောက် ဖားကန့်ကို အလုပ်သွားလုပ်တုန်းက အပြန်မှာ ရွာတစ်ရွာမှာတည်းရင်း မင်းပျောက်ခဲ့တဲ့ ဆွဲကြိုးကို အခု ငါ မေသူဆွဲထားတာ တွေ့တယ်''

''ဟင်.....ဟုတ်လား''

''အဲဒီတုန်းက မြတ်ဆွေဖြုတ်ယူတာ သေချာတယ်၊ ဒီကောင် မေသူ့ကို မျက်နှာလုပ်ချင်လို့ မင်းဆွဲကြိုးကို ခိုးခဲ့တာ သေချာတယ်''

''ခုမင်းပြောတာ သေချာလား သာလှ''

''ဩော်..သေချာလို့ပြောတာပေါ့ကွာ၊ မယုံရင် မင်း မေသူတို့အိမ်လိုက်ခဲ့''

''ဒီလိုမှန်ရင်တော့ မကောင်းဘူးကွာ၊ ဒါ သစ္စာမဲ့တဲ့လုပ်ရပ်ပဲ၊ ကိုယ့်ချစ်သူကို ပေးချင်ရင်လည်း ကိုယ့်အစွမ်းအစနဲ့ကိုယ် ကြိုးစားပြီး ပေးပေါ့၊ ခုတော့ မလုပ်သင့်တဲ့ အရာကိုလုပ်ပြီး ပေးခဲ့တာ၊ ငါ့အပေါ် သူငယ်ချင်းတစ်ယောက် အနေနဲ့ မလုပ်သင့်တာလုပ်တာ မကောင်း ဘူးပေါ့''

♛♛♛♛♛

ဖိုးကံနှင့်သာလှတို့နှစ်ယောက် မေသူချို့အိမ်သို့ ရောက်သွားကြ၏။

မေသူ ထမင်းဟင်းများ ချက်နေ၏။

''ဟဲ့.....မေသူ.....မေသူ''

ခေါ်သံကြောင့် မေသူ အိမ်ရှေ့သို့ ပြေးထွက်လာ၏။

''ဩော်.....ဘယ်သူတွေများလဲလို့၊ ပေါ်တော်မူတွေပဲ၊ လာ...လာကြ''

သူတို့နှစ်ယောက် အိမ်ပေါ်သို့ ရောက်သည်နှင့် စုံစမ်းမှုစတင်၏။

''ဟဲ့...မေသူ၊ ဒါနဲ့ မြတ်ဆွေရော မလာဘူးလား''

''မနေ့ကလာတယ်၊ သူဒီနေ့ အလုပ်ဆင်းရမှာမို့ ဒီနေ့တော့ လာမှာမဟုတ်ဘူး၊ ဒါနဲ့ ဘာဖြစ်လို့လဲ''

''ဘာမှ မဖြစ်ပါဘူးဟာ၊ ဩော်..ဒါနဲ့ မေသူ့ကို စကားမစပ်မေးရဦးမယ်၊ နင်တို့ လက်ထပ်ကြတော့မယ်ဆို''

''အေး''

''ဩော်....ဒါနဲ့ နင့်လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



က ဆွဲကြိုးလေးက လှလိုက်တာ၊ ဘယ်သူဆင်ထားတာလဲ''

''ဟဲ့.....ဘယ်သူဆင်ရမလဲ၊ မြတ်ဆွေဝယ်ပေးတာပေါ့''

''မြတ်ဆွေဝယ်ပေးတာ ဟုတ်လား''

''ဟုတ်တယ်၊ မြတ်ဆွေက နားဖောက်တဲ့နေ့ကျရင် လူမြင်သူမြင် တင့်တယ်အောင် ဝတ်ထားဆိုပြီး ပေးထားတာ''

''အေး...ဒါဆို ငါပြောမယ်၊ မြတ်ဆွေ နင့်ကိုပေးတဲ့ဆွဲကြိုးဟာ ဟိုလွန်ခဲ့တဲ့ ငါးနှစ်လောက်က တို့သူငယ်ချင်းသုံးယောက် ဖားကန့်ဘက်ကို အလုပ်သွားလုပ်တော့ အဆင်မပြေလို့ ပြန်လာရင်း ရွာတစ်ရွာမှာ ညအိပ်တည်းခိုတယ်၊ အဲဒီမှာ ငါ့ဆွဲကြိုး ဖြုတ်ယူခံရပြီး ပျောက်သွားတယ်၊ အဲဒါ ငါ့ရဲ့ဆွဲကြိုးအစစ်ပဲ၊ ဟောဒီမှာကြည့်၊ (K) ဆိုတဲ့ စာလုံးလေးတောင် ထိုးထားတယ်''

ဆွဲကြိုးကို ခေတ္တတောင်းယူပြီး အမှတ်အသားကို ထုတ်ပြလိုက်သည်။

''ဟင်.....ဟင်...ဒါ...ဒါတော့ ငါမသိဘူး၊ မြတ်ဆွေက ဆွဲထားဆိုလို့ ဆွဲထားတာ''

''အေး ဒီကောင် ဒီလိုယုတ်မာတာတော့ မကောင်းဘူး၊ ကိုယ့်ရည်းစားကို မျက်နှာလုပ်ချင်လို့ ပေးချင်လည်း ကိုယ့်အစွမ်းအစနဲ့ လုပ်ပြီး ပေးပေါ့ဟာ၊ ခုတော့ ရည်းစားကို ပေးချင်လို့ သူငယ်ချင်း ဆွဲကြိုး ခိုးရတယ်လို့''

''တော်.....တော် ဖိုးကံ၊ ဒီကိစ္စတွေ ငါဘာမှမသိဘူး၊ ငါမြတ်ဆွေကိုတွေ့ပြီး မေးကြည့်မယ်၊ နင်တို့လည်း သူနဲ့ဆုံပြီး ရှင်းကြပေါ့ဟာ''

ထိုသို့ မေသူကပြောလိုက်တော့ သူတို့နှစ်ဦး မေသူ့အိမ်မှပြန်ခဲ့ကြတော့သည်။

♛♛♛♛♛

ဒီနေ့ သာလှက မြတ်ဆွေအိမ်သို့ သွားခဲ့သည်။

မြတ်ဆွေအား ဖိုးကံက တွေ့လိုကြောင်းပြောပြီး ဖိုးကံအိမ်သို့ ခေါ်လာခဲ့၏။ အချိန်မှာ ည ၇ နာရီခန့်ရှိလေပြီ။ ညသည် မှောင်မှောင်မည်းမည်း။ သာလှက မြတ်ဆွေအား အကြံနှင့်ခေါ်ခဲ့ခြင်းဖြစ်၏။

ရွာပြင်လမ်းမှ ခေါ်ခဲ့ခြင်းဖြစ်သည်။ ရွာပြင်လမ်း၊ သစ်တောကြီးအနီးတွင် ရေတွင်းပျက်တစ်ခုရှိ၏။ မနေ့ကပင် သာလှ သေသေချာချာ လေ့လာထားသည်။

ထိုရေတွင်းပျက်နားကို ခေါ်သွားကာ မတော်တဆဟန်ဖြင့် တွန်းချမည်။ မြတ်ဆွေမရှိလျှင် မေသူ့အချစ်ကို သာလှရမည်။ မြတ်ဆွေမရှိသည့်အချိန်ကျမှ သာလှတစ်ယောက် မေသူနှင့် ချစ်ပွဲဝင်ရမည်ကိုတွေး၍ ပျော်လာသည်။

ရွာကိုပတ်၍ လာခဲ့ကြသည်။ လက်နှိပ်ဓာတ်မီး မပါခဲ့ကြ။

တဖြည်းဖြည်းနှင့် ရေတွင်းပျက်နား ရောက်သွားသည်။ အတွေးလျှောက်၍လာသော သာလှက နေ



www.burmeseclassic.com

www.burmeseclassic.com

ရာချင်းလဲလိုက်သည်။ ရှေ့တစ်လံခန့်တွင် ရေတွင်းပျက်ရှိနေသည်ဖြစ်၏။

ရေတွင်းပျက်ကြီးသည် တွင်းဝ၌ မြက်များပေါက်နေ၍ တွင်းကို မမြင်ရ။ လူသွားလမ်းနံဘေး တစ်လံအကွာတွင် ရှိနေသည်။ ထိုနားရောက်တော့ သာလုက တစ်ဖက်နေရာသို့ ပြောင်းလိုက်သည်။ အတွေးဖြင့်လည်း ပြုံးလိုက်သည်။

ရှေ့သို့ ခြေအလှမ်းတွင် အထိတ်တလန့် အော်သံ ထွက်လာခဲ့သည်။

"ဟာ....."

"ဝုန်း....."

"အမယ်လေး... လုပ်... လုပ်ပါဦးဗျ"

စူးစူးဝါးဝါး အော်ဟစ်လိုက်သော အသံကြီးတစ်သံက အလင်းမဲ့သော ညတစ်ညကို ဝါးမျိုဖုံးအုပ် လိုက်တော့သည်။

သို့သော် ထိုအော်သံကြီးမှာ မြတ်ဆွေ၏အော်သံမဟုတ်။ သာလု၏ စူးစူးဝါးဝါး အော်ဟစ်သံသာ ဖြစ်လေတော့သည်။

သာလုသည် မြတ်ဆွေအား မစ္ဆရိယအမှောင် စိတ်ဆိုးစိတ်ညစ်တစ်ခုဖြင့် အကောက်ကြံကာ ရေတွင်းထဲတွန်းချရန် စိတ်ကူး၍ ရေတွင်းပျက်နေရာအား မှတ်သားထားခဲ့၏။ သို့သော် သာလုမှတ်သားခဲ့သောနေရာသည် မှားနေသည်။ လူချင်းလဲလိုက်သော နေရာသည် ရေတွင်းပျက်ရှိသည့်နေရာဖြစ်၏။ သူ၏မစ္ဆရိယစိတ်က သူ့အား ဒဏ်ခတ်လိုက်ခြင်းသာ ဖြစ်လေ၏။

"ဟာ...သာ.....သာလု ရေတွင်းပျက်ထဲကျသွားပြီ"



ရွာအမြန်ပြန်၍ လူများခေါ်ကာ ဆယ်ပါသော်လည်း သာလုမှာ အသက်ဝိညာဉ် မရှိပါလေတော့။

ထို့ပြင် မေသူဟူသော အချစ်တစ်ခု၏စေစားရာမှ ပေါက်ဖွားလာခဲ့သော မစ္ဆရိယအမှောင်စိတ်တစ်ခုက သူ့အား ပြန်လည်၍ ဒဏ်ခတ်ခဲ့ခြင်းဖြစ်၏။

သေဆုံးပြီးနောက်ပိုင်းတွင် ဆွဲကြိုးကို ဖြုတ်ခဲ့သူသည် သာလုဖြစ်ကြောင်းနှင့် မေသူ၊ မြတ်ဆွေတို့အား အထင်လွဲစေရန် ကြံစည် ရည်ရွယ်မှုများကိုလည်း အားလုံး သိသွားကြတော့၏။ မစ္ဆရိယစိတ်ဟူသည်မကောင်း။ မစ္ဆရိယ ထူပြောသော လောကကြီးသည်လည်း သာယာငြိမ်းချမ်းမည်မဟုတ်။


အရာရာတွင် မေတ္တာတရားသည်သာ အောင်နိုင်၍ အောင်မြင်ခြင်းတရားတို့ကိုလည်း ရစေနိုင်ကြောင်း သာလုတစ်ယောက်၏ အဖြစ်တို့က သင်ခန်းစာပေးသွားခဲ့လေတော့သည်။

**ဆုမွန်ဦး** (ဟသ်ာတ)



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## မပြေးသော်ကန်ရာရှိ

**သန်းမြင့်ဦး**

"ဟော့ကောင် ကျော်ကြီး၊ မင်း ရဲ့ကိစ္စဝိစ္စတွေပြီးရင် ငါတို့နောက်ကို လိုက်ခဲ့ဖို့လည်း မမေ့လိုက်နဲ့ဦးနော်"

ဖော်နောင်က ပခုံးပေါ်မှဆန် အိတ်ကို ပစ်ချရင်း လှမ်းပြော သည်။ ကျော်ကြီးသည် စက်ဘီး ကို လမ်းမပေါ်သို့ တွန်းရွှေ့ ခဲ့ရင်း ဖော်နောင့်ကို လှမ်း ပြောသည်။

"အေးပါကွာ၊ ငါ့ကိစ္စ ပြီးတာနဲ့ မင်းတို့နောက်ကို လိုက်လာခဲ့မယ်၊ စိတ်သာ ချနေ"

"အေး...အေး၊ မင်းက သတိ မေ့တတ်လွန်းလို့ လှမ်းပြီးသတိပေး ရတာပဲ၊ မင်းလာမယ်ဆိုရင်လည်း ပြီးတာပါပဲ"

ကျော်ကြီး ဘာမှထပ် ပြောမနေတော့ပါ။ စက်ဘီးပေါ် တက်ပြီး ရှေ့ဆီသို့ နင်းခဲ့သည်။

သူဦးတည်ရာက အပေါင်ဆိုင်ဆီ သို့။

အမှန်ပင်။

သည်ကနေ့ သည်စက်ဘီးကို အပေါင်ဆိုင်ဆီသို့ ပို့ဆောင်ရပေ မည်။ အိမ်တွင်ကျန်ခဲ့သည့်အမေ က သိပ်ပြီးနေမကောင်း။ အမေ့ကို ဆေးခန်းပြမှဖြစ်မည်။ ဆေးခန်းပြ ဖို့ဆိုသည်က ငွေလိုသည်။




သူ့အလုပ်ရှင်ဖြစ်သူ ဦးမျိုး မြင့်ထံမှ အကူအညီတောင်းခံဖို့ဆို သည်ကလည်း သူ နှုတ်မရဲတော့။ သူ မကြာခဏ အကူအညီတောင်း ခံခဲ့သောကြောင့် သူ့အပေါ် မှာတင် ရှိနေသည့်အကြွေး က သောင်းနှင့်ချီပြီး ရှိနေပြီဖြစ်သည်။

ထို့ထက် မှ ၁ မူ လဆန်းပိုင်း ကျော်သွား လို့လားမသိ။ ဆန်ဆိုင် အရောင်းအဝယ်က သိပ် ပြီးမလိုက်။ ဘာပဲဖြစ်ဖြစ် သူ့အနေဖြင့် အလိုက်ကန်း ဆိုး သိရပေမည်။ ကိုယ့်မှာရှိ နေသည့် စက်ဘီးလေးကို အရေး ပေါ် အသုံးချဖို့သာ စိတ်ဆုံးဖြတ် ချက်ချလိုက်မိသည်။

အပေါင်ဆိုင်သို့ရောက်သည် နှင့် စက်ဘီးကိုပြ၍ [illegible]

www.burmeseclassic.com

အား ငွေရေးကြေးရေး ဆုံးဖြတ်နိုင်သည်။

စာရေးဖြစ်သူသည် စက်ဘီးအား လှည့်ပတ်ကြည့်ပြီးနောက် ချက်ချင်းပင် ဈေးဆုံးဖြတ်သည်။

"တစ်သောင်းတော့ရမယ်၊ ဘယ့်နှယ်လဲ၊ ဖြစ်မလား"

လောလောဆယ်မှာ ငွေကျပ်တစ်သောင်းဆိုသည်ကလည်း မနည်းပါ။ သူသည်စက်ဘီးကို ဝယ်စဉ်က နှစ်သောင်းခွဲသာပေးခဲ့ရသည်။ ယခုပေါင်တော့ ငွေတစ်သောင်းရသည်ဆိုတော့ မဆိုးလှပါ။

သည့်နောက်တော့
စာရေးဖြစ်သူသည်
အပေါင်ဆိုင်မှဘောက်ချာတွင်
ဖြည့်စွက်စရာရှိသည်တို့ကို
ဖြည့်စွက်သည်။
ပြီးမှငွေတစ်သောင်းနှင့်အတူ
ကျော်ကြီးအားလှမ်း၍ပေးသည်။
ကျော်ကြီးသည် ငွေစက္ကူနှင့်
ဘောက်ချာစာရွက်ကို
အင်္ကျီအိတ်ထဲထည့်ပြီး
အပေါင်ဆိုင်ထဲမှထွက်ခဲ့သည်။
သူ့ခြေလှမ်းဦးတည်ရာကား....

"ရပါတယ်၊ ဒီစက်ဘီးကို ကျွန်တော် အကြာကြီးထားမှာတော့ မဟုတ်ဘူးနော်၊ ငွေပြေလည်တာနဲ့ ချက်ချင်းပြန်လာယူမှာ"

"အေးပါ၊ မောင်ရင်အချိန်မရွေး လာယူလို့ရတယ်၊ မောင်ရင်တို့ဘက်က မြန်မြန်လာရွေးလေ ကျုပ်တို့ဘက်က အတိုးမြန်မြန်ရလေပဲပေါ့၊ အရေးကြီးတာက ကျုပ်တို့အတွက် အတိုးရဖို့ပဲ"

"ဟုတ်ကဲ့၊ စိတ်ချပါ၊ ကျွန်တော် အမြန်ဆုံးလာယူမှာပါ၊ မလွှဲသာလို့သာ ဒီမှာခဏလာထားတာပါ"

"အေး.....အေး၊ ဒီလိုဆိုရင်လည်း မောင်ရင့်နာမည်ရယ်၊ မှတ်ပုံတင်နံပါတ်နဲ့ လိပ်စာလေး တစ်ဆိတ်ပြောပြပေတော့၊ မောင်ရင့်စက်ဘီးအတွက် ဘောက်ချာဖွင့်လိုက်တာပေါ့"

သည့်နောက်တော့ စာရေးဖြစ်သူသည် အပေါင်ဆိုင်မှဘောက်ချာတွင် ဖြည့်စွက်စရာရှိသည်တို့ကို ဖြည့်စွက်သည်။ ပြီးမှ ငွေတစ်သောင်းနှင့်အတူ ကျော်ကြီးအား လှမ်း၍ပေးသည်။

ကျော်ကြီးသည် ငွေစက္ကူနှင့် ဘောက်ချာစာရွက်ကို အင်္ကျီအိတ်ထဲထည့်ပြီး အပေါင်ဆိုင်ထဲမှထွက်ခဲ့သည်။ သူ့ခြေလှမ်းဦးတည်ရာကား ဇော်နောင်နှင့် အေးမြင့်တို့ ထိုင်စောင့်နေကြမည့် မိတ်ဆုံစားသောက်ဆိုင်ဆီသို့ဖြစ်သည်။

♛♛♛♛♛

"ငါ အကြာကြီးတော့ ထိုင်သောက်လို့မရဘူးနော်၊ ငါ့အမေကို ဆေးခန်းလိုက်ပြစရာရှိသေးတယ်"

ဇော်နောင်နှင့် အေးမြင့်တို့၏ ရှေ့ရှိ ထိုင်ခုံလွတ်တွင် ဝင်ထိုင်ရင်း ကျော်ကြီးက ပြောလိုက်၏။

"မင်းစက်ဘီး ဘယ်လောက်ရသလဲ"

အေးမြင့်ကမေးသည်။

"တစ်သောင်းတည်းရပါတယ်ကွာ၊ ကောင်းပါတယ်၊ နည်းနည်းပဲရတော့ မြန်မြန်စုပြီး ပြန်ရွေးလို့ရတာပေါ့၊ ကဲ.....မှာလေကွာ၊ စားစရာတွေ၊ သောက်စရာတွေ"

"မှာထားပြီးပြီ၊ အဖြူသုံးလုံးနဲ့ ကန်စွန်းရွက်ကြော်ရယ်၊ လက်ဖက်သုပ်ရယ်၊ ဒီလောက်ဆိုရင် လုံလောက်ပါပြီ"

ဇော်နောင်၏စကားမဆုံးမီမှာပင် စားသောက်စရာတွေက သူတို့၏ရှေ့မှောက်သို့ ရောက်လာ၏။

"ငါကတော့ ၅ နာရီခွဲ



www.burmeseclassic.com

www.burmeseclassic.com





လောက်အထိပဲ နေ မှာနော်၊ ဆေးခန်းက ၆နာရီထိုးရင် ဖွင့်ပြီ လေ၊ ပြောမယ်ဆိုရင် ငါ့အနေနဲ့ နောက် ထပ် တစ်နာရီ လောက်ပဲ မင်းတို့နဲ့ အချိန်ဖြုန်းနိုင်မယ်''

ကျော်ကြီးက ပြောလိုက်သည်။ ဇော်နောင်က ဦးခေါင်းကို ညိတ်ပြ လျက်.....

''အေးပါကွာ၊ မင်းပြန်ချင်တဲ့ အချိန် ပြန်ပေါ့ကွာ၊ ဒါပေမဲ့ ဒီ ဟာလေးတွေကိုတော့ ကုန်အောင် ကူညီပေးသွားပေါ့ကွာ၊ ဟင်း... ဟင်း''

အေးမြင့်ကပြောရင်း အဖြူ ရည်များကို ဖန်ခွက်များထဲသို့ ငှဲ့ ထည့်ပေးသည်။

သို့နှင့်.....

သူတို့သုံးယောက်သည် စား သောက်ရင်း ပုလင်းထဲမှ အဖြူ ရည်များက တစ်ခဏချင်းပင်ကုန် သွားသလို ကန်စွန်းရွက်ကြော်နှင့် လက်ဖက်သုပ်တို့မှာလည်း ပြောင် တလင်းခါသွားပြီဖြစ်သည်။

ကျော်ကြီးသည် မှေးစင်းရီ ဝေသော မျက်လုံးဖြင့် စားသောက် ဆိုင်နံရံထက်တွင် ချိတ်ဆွဲထား သော တိုင်ကပ်နာရီဆီသို့ လှမ်း ကြည့်လိုက်တော့ ၅ နာရီခွဲရန် ငါး မိနစ်သာလိုတော့သည့်အဖြစ်ကို မြင်တွေ့လိုက်ရသည်။

''ကဲ.....ဒီလောက်ဆို တော် လောက်ပြီ၊ အခုလောက်ဆို ငါ့ အမေလည်း ငါ့ကိုတမျှော်မျှော်ဖြစ် နေလောက်ပြီ၊ ကဲ...ဒီဟာဖိုးတွေ ငါရှင်းလိုက်တော့မယ်၊ မင်းတို့ ဆက်ပြီးသောက်ချင်သေးတယ်ဆို

www.burmeseclassic.com



ရင်တော့ ဒီမှာပဲ နေရစ်ခဲ့ကြပေတော့''

ကျော်ကြီးသည် ပြောရင်းဆိုရင်း အင်္ကျီအိတ်ထဲမှ ငွေစက္ကူအထပ်လိုက်ထဲမှ တစ်ထောင်တန် နှစ်ရွက်ကိုထုတ်၍ စားပွဲထိုးအား ခေါ်ပြီးပေးလိုက်၏။

ပြန်အမ်းငွေကိုတော့ သူတို့နှစ်ယောက်ရှေ့သို့ ချပေးလိုက်ရင်း စားပွဲပေါ်တွင်တွေ့ရ သည့်စာရွက်ဖြင့် မျက်နှာပေါ်မှ ချွေး စေးတို့ကို ပွတ်သုတ်သည်။

ထို့နောက် ထိုင်ရာမှထ၍ စားသောက်ဆိုင်အပြင် ဘက် ထွက်ခဲ့ သည်။ ဆိုင်ရှေ့တွင် ရပ်ထားသည့် စက်ဘီးဒေါက်ကို ဖြုတ်၍ တက်စီးကာ ရှေ့ဆီသို့ ခရီးဆက်ဖို့ ပြင်ဆင်လိုက်စဉ်မှာပင်.....

“သူခိုး...သူခိုး၊ ဟိုမှာ ကျုပ်ရဲ့စက်ဘီးကို ခိုးဖို့လုပ်နေပြီ''

နားထဲကို သံရည်ပူဖြင့် လောင်းချခံလိုက်ရသလို ခံစားလိုက်ရမှ စက်ဘီးအောက်သို့ ချက်ချင်းဆင်းဖို့ ပြင်လိုက်မိသည်။ သို့သော် သူစက်ဘီးအောက်သို့ ပြန်ဆင်းရန် အခွင့်အရေးမရလိုက်တော့ပါ။ စားသောက်ဆိုင်ထဲမှ လူသုံးလေးယောက် ပြေးထွက်လာသည်ကို မြင်တွေ့လိုက်ရမှ ဦးခေါင်းနောက်စေ့တစ်ခုလုံး ပူခနဲဖြစ်သွားသည့်အဖြစ်ကို နောက်ဆုံးသိရှိလိုက်ရတော့၏။

**နားထဲကို သံရည်ပူဖြင့်**
**လောင်းချခံလိုက်ရသလို**
**ခံစားလိုက်ရမှ စက်ဘီးအောက်သို့**
**ချက်ချင်းဆင်းဖို့ပြင်လိုက်မိသည်။**
**သို့သော် သူစက်ဘီးအောက်သို့**
**ပြန်ဆင်းရန်**
**အခွင့်အရေးမရလိုက်တော့ပါ။**
**စားသောက်ဆိုင်ထဲမှ**
**လူသုံးလေးယောက်....**



မည်မျှကြာအောင် သတိလစ်သွားသည်မသိ။ သူပြန်ပြီး သတိရလာတော့ မနက်မိုးလင်းနေပြီဖြစ်သည်။ ပြီးတော့ သူသည် အချုပ်ခန်းတစ်ခု၏ သံတိုင်နောက်ကွယ်သို့ ရောက်ရှိနေသည့်အဖြစ်ကို မြင်တွေ့လိုက်ရသည်။

“ဟေ့ကောင်ကြီး ကျော်ကြီး၊ မင်း အမူးပြေသွားပြီလား''

ဇော်နောင်ဖြစ်သည်။ အေးမြင့်ကိုလည်း တွေ့ရသည်။ သူတို့၏လက်ထဲတွင် ထမင်းကြော်သုပ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်ဖက်ရည်ထုပ်ကို တွေ့ရသည်။ ကျော်ကြီးက သံတိုင်နားသို့ တိုးကပ်လာခဲ့သည်။



"မင်းဘယ်လိုဖြစ်တာလဲကွာ၊ ကိုယ့်စက်ဘီးမှန်းမသိ၊ သူများ စက်ဘီးမှန်းမသိနဲ့ စွတ်ပြီးတက်စီးရတယ်လို့ကွာ"

ဇော်နောင်က အပြစ်တင်သလိုဆိုသည်။

"ဒါကတော့ကွာ ငါက ငါ့စက်ဘီးပေါင်ထားတာကို မေ့သွားတာကိုးကွ၊ နောက်ပြီး စက်ဘီးကလည်း သော့မခတ်မထားဘဲကိုးကွ၊ အဲဒီတော့ အလွယ်တကူ တက်စီးမိတာပေါ့"

"ဟိုလူက အရက်လာဝယ်တာဆိုတော့ သူ့စက်ဘီးကို သော့မခတ်မိတော့ဘူးပေါ့၊ ဘာပဲဖြစ်ဖြစ် မင်းရဲ့ပြဿနာကတော့ တော်တော်ဖြေရှင်းရဦးမှာပဲ၊ တစ်ခုတော့ရှိတယ်၊ မင်းဆီမှာ စက်ဘီးပေါင်ထားတဲ့ ဘောက်ချာရှိတယ်မဟုတ်လား"

"ဟိုက်.....သွားပြီ"

ဇော်နောင်မေးတော့မှပင် သူစားသောက်ဆိုင်ထဲမှ ထွက်လာခါနီးတွင် စားပွဲပေါ်မှ စာရွက်ခေါက်လေးနှင့် သူ့မျက်နှာကို ချွေးသုတ်မိသည့်အဖြစ်ကို ပြန်ပြီးသတိရလိုက်မိသည်။ သို့နှင့်အမျှ မျက်စိမျက်နှာလည်း အကြီးအကျယ်ပျက်သွားမိတော့သည်။

"ဘာလဲ၊ အဲဒီဘောက်ချာစာရွက်ကော မရှိတော့ဘူးလား"

သူ့မျက်နှာအရိပ်အကဲကို အကဲခတ်နေသည့် အေးမြင့်က လှမ်းမေးသည်။ ကျော်ကြီးသည် ပင့်သက်တစ်ချက်ရှိုက်ကာ ဦးခေါင်းကိုသာ လေးလေးပင်ပင်ကြီး ညိတ်ပြလိုက်သည်။

"အေး ဟုတ်တယ်၊ အဲဒီဘောက်ချာစာရွက်နဲ့ မျက်နှာကို ချွေးသုတ်ပြီး မေ့ပြီးလွှင့်ပစ်လိုက်မိတယ်"

ကျော်ကြီးထံမှ ထိုအဖြေစကားကို ကြားရသည်နှင့် ဇော်နောင်မှာ ကိုယ့်နဖူးကိုကိုယ် လက်ဝါးဖြင့် အသာရိုက်လိုက်ရာမှ မျက်နှာရှုံ့ရှုံ့မဲ့မဲ့ဖြင့်.....

"ဟား.....သေလိုက်ပါတော့ ကျော်ကြီးရာ၊ မင်းမေ့တတ်လိုက်ပုံကလည်း ကိုယ့်ကိုယ်ကိုယ်ထောင်ထဲတွန်းပို့သလို ဖြစ်နေပါရောလားကွ"

အမှန်ပင်။

သူသတိမေ့တတ်လိုက်ပုံက လွန်လွန်းအားကြီးသည်။ ယခုတော့ သူ့အနေဖြင့် မည်သို့မျှ မတတ်နိုင်တော့သည့် အခြေအနေထဲသို့ သက်ဆင်းခဲ့ရပြီဖြစ်သည်။

ကျော်ကြီးသည် နှုတ်မှ ဘာမျှမပြောတော့ဘဲ စိတ်ဓာတ်ကျသလို ဦးခေါင်းကိုသာ ငိုက်စိုက်ချထားမိတော့သည်။

တကယ်တော့ ကျော်ကြီး၏ အဖြစ်က မပြေးသော်လည်း ကန်ရာကရှိခဲ့ပြီပဲမဟုတ်ပါလား။

**သန်းမြင့်ဦး**



www.burmeseclassic.com

www.burmeseclassic.com

မောင်သာမြင့်

(ဗြိကျွန်း)

# တနာတတ်သော နှလုံးသား





www.burmeseclassic.com

www.burmeseclassic.com



## စာနာတတ်သောနှလုံးသား

**မောင်သာမန် (ဒီးကုန်း)**

ထွန်းနိုင်တို့ သူငယ်ချင်းတစ်စုသည် ကျောင်းနေဖက်ဖြစ်သော ဘတင့်၏အိမ်သို့ အလည်အပတ်ရောက်ရှိလျက် ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုနေကြသည်။ ဘတင့်တို့ သူငယ်ချင်းတစ်စုမှာ အသက်ငယ်တော့သည့် အရွယ်များမဟုတ်ကြ။ ငါးဆယ့်ငါး၊ ငါးဆယ့်ခြောက်ဝန်းကျင်တွင် ရှိနေကြပေပြီ။ ၎င်းတို့ ပြောဆိုနေကြသည်မှာ ဘတင့်၏သား ဖိုးချမ်းနှင့် ခင်ထား၏သမီး နွဲ့နှောင်းတို့၏ သားသမီးရေးကိစ္စပင်ဖြစ်သည်။

"ဘတင့် မင်းလုပ်တာတွေ မဟုတ်ဘူးနော်၊ ဘယ်အရာမဆို စဉ်းစဉ်းစားစား လုပ်စမ်းပါကွာ၊ နစ်နာစရာရှိရင် မင်းရဲ့သားမနစ်နာပေမယ့် တစ်ဖက်ကမိန်းကလေးက နစ်နာမှာ"

ဒေါသရောင်လွှမ်းခြုံလာသည့် ဘတင့်၏မျက်နှာသည် နီရဲလာ၏။ သူ၏သားနှင့်ပတ်သက်၍ ပြောလာသောသူငယ်ချင်းများအား စိတ်မဆိုးမိသော်လည်း သူတို့ပြောဆိုနေသော စကားများအား သူ့အနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိပေ။ သူပြောနေသည်က သူ့၏အတွေးများသာ။

"ဒါကတော့ သူ့အကြောင်းနဲ့သူပဲလေ၊ နဂိုကတည်းက ငါ့ရဲ့သား ဖိုးချမ်းကို လက်ပံပင်ရွာက ကိုမောင်နုံရဲ့သမီးနဲ့ ပြောဆိုနားဖောက်ထားတာ သိလျက်နဲ့ ဖိုးချမ်းကို မိုက်ပြီးကြိုက်တာတော့ ဘယ်လိုမှ မတတ်နိုင်ဘူး၊ သူ့ထိုက်နဲ့သူ့ကံပေါ့ကွာ၊ ဘယ်တတ်နိုင်မှာလဲ၊ ငါ့သားနဲ့ပတ်သက်ပြီး ငါ့ရဲ့ဆုံးဖြတ်ချက်ကိုတော့ ဘယ်



www.burmeseclassic.com

လိုနည်းနဲ့မှ ပြန်မပြင်ဘူးကွာ၊ ငါ့ ရည်ရွယ်ချက်အတိုင်း မောင်နှံရဲ့ သမီး ခင်သုန်နဲ့ပဲ ငါ့သားကို ပေးစားလိုက်တော့မယ်''

အတ္တစိတ်ဖြင့် မိမိ၏ထင်ရာမြင်ရာကို ပြောနေသော ဘတင့်အား သူငယ်ချင်းဖြစ်သူ ထွန်းခိုင်၊ မြင့်ကျော်နှင့် ညိုမောင်တို့က ဖျောင်းဖျရန် ခက်နေကြ၏။

ထွန်းခိုင်က စိတ်မရှည်ဟန်ဖြင့် ပြောလိုက်၏။

''မင်းပြောနေတာတွေ တစ်ခုမှမဟုတ်တော့ဘူး၊ တစ်ဖက်ပိုင်းကလေးက မင်းရဲ့သား ဖိုးချမ်းနဲ့ သုံးလေးညပေါင်းခဲ့ပြီးပြီလေ၊ ဒီကိစ္စက ပြုပြင်လို့ရတဲ့ကိစ္စမဟုတ်ဘူးကွ၊ သားသမီးချင်းလည်းကိုယ်ချင်းစာပါဦး ဘတင့်ရာ၊ ကံကြမ္မာအချိုးအကွေ့ကြောင့် မင်းနဲ့ခင်ထားမညားခဲ့တာနဲ့ ခင်ထားအပေါ်အငြိုးအတေးထားပြီး ခင်ထားရဲ့သမီးကို သားကောင်လို သဘောထားတယ်ဆိုရင်တော့ မင်း လူမဆန်ဘူးလို့ ပြောရတော့မှာပဲ ဘတင့်''

ထွန်းခိုင်၏ ခပ်တင်းတင်း စကားများကြောင့် ဘတင့်တစ်ယောက် ခေတ္တတွေဝေသွားရသည်။ တစ်ဖန် ထွန်းခိုင်က ဆက်လက်၍ ပြောပြန်၏။

''မင်းရဲ့သားနဲ့ ခင်ထားရဲ့ သမီး ခိုးရာလိုက်ပြေးပြီးတဲ့နောက်



မှာ မင်းဘက်ကရော၊ ခင်ထားဘက်ကပါ လူကြီးတွေရှေ့မှာ သားသမီးတွေကို ဘယ်လိုဖျောင်းဖျပြီး ဘယ်လိုခေါ်ခဲ့သလဲ၊ မင်းက ပိုသိမှာပါ၊ သမီးရှင်ဘက်ကို မင်းဘယ်လို ကတိတွေပေးခဲ့သလဲ၊ မင်းမှတ်မိမှာပါ''

ထွန်းခိုင်အနေဖြင့် ဘတင့်နှင့် ခင်ထားတို့၏ သားရေးသမီးရေးကိစ္စတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကူညီမှုကြောင့် ထွန်းခိုင်ကိုယ်တိုင် သိနေခြင်းဖြစ်သည်။ ဘတင့်မှာ ထွန်းခိုင်၏စကားကြောင့် မျက်နှာပျက်မတတ် ဖြစ်နေရသည်။ ထိုစဉ်က သမီးရှင် ခင်ထားအား ကျေးရွာလူကြီးများရှေ့မှောက်တွင် သားရှင်ဘတင့်က ကတိစကားများ အထပ်ထပ်ပြောကြားခဲ့သည်။

''သားသမီးများရဲ့ အမှားအမှန် မခွဲခြားနိုင်တဲ့ တချို့သောလုပ်ရပ်တွေမှာ မိကောင်းဖခင်သားသမီးပီသစေဖို့ မိဘတွေကပဲ တတ်နိုင်သမျှ အရုပ်ဆိုး၊ အကျည်းတန်မဖြစ်အောင် ကြိုးစားပြီး လုပ်ဆောင်ပေးခဲ့ရတာချည်းပါပဲ၊ အခုလည်း သားရှင်ဖြစ်တဲ့ ကျွန်တော်တို့ဘက်က ခင်ဗျားတို့ သမီးရှင်ဘက်က ဂုဏ်သရေမညှိုး၊ အရှက်မရစေဖို့ ရိုးရာစဉ်လာအတိုင်း နားဖောက်စေ့စပ်ခြင်းကို ဆောင်ရွက်နိုင်ဖို့ ကျွန်တော် ကတိပြုပါတယ်၊ ထိမ်းမြားမင်္ဂလာကျင်းပဖို့ကတော့ လာမယ့်နှစ် စပါးပေါ်၊ ပဲပေါ်မှပဲ ဆောင်ရွက်မယ်လို့ စဉ်းစားထားပါတယ်''

ဘတင့်၏ အထက်ပါ ကတိစကားများသည် သားသမီးရေးနှင့်ပတ်သက်၍ အလေးထားရည်

www.burmeseclassic.com



မှန်သော်လည်း ဝတ်ကျေတန်းကျေ ပြောဆိုခြင်းသာ ဖြစ်ပေလိမ့်မည်။ လတ်တလော ပြဿနာတစ်ခုအား ဆူလွယ်နပ်လွယ် ပြောဆိုခဲ့ခြင်း သာ။ သို့စေကာမူ ထိုကိစ္စသည် ကလေးကစားစရာမဟုတ်သည်ကို ဘတင့်တစ်ယောက် သိသင့်ပေ သည်။ ထို့ကြောင့်ပင် ထွန်းခိုင်က ဘတင့်အား လက်ခံလာအောင် ရှင်းပြရသည်။

"တကယ်တော့ ဘတင့်ရယ် မင်းနဲ့ခင်ထားက တစ်ရွာတည်း သားဖြစ်သလို မင်းရဲ့သား ဖိုးချမ်း နဲ့ ခင်ထားရဲ့သမီး နွဲ့နှောင်းတို့က လည်း တစ်ရွာတည်းနေ၊ တစ်ရေ တည်းသောက်တဲ့သူတွေပါ၊ တစ် ရွာတည်းအတူနေကြသူချင်း လူ ငယ်သဘာဝ နီးစပ်မှုနဲ့ ချစ်သူ ရည်းစားဖြစ်ကြတာ ဆန်းတဲ့ကိစ္စ မဟုတ်ဘူးလို့ ပြောရမှာပဲ၊ သူတို့ ချစ်သူနှစ်ယောက် ခိုးပြေးခဲ့ကြပြီး အသိအမှတ်မပြုရသေးတဲ့ ဇနီး မောင်နှံတွေ ဖြစ်ခဲ့ပြီဆိုတော့ မိဘ တွေရဲ့ ဝတ္တရားအတိုင်း ဆောင် ရွက်ပေးရမှာပေါ့ကွာ၊ မင်းအနေနဲ့ လူကြီးမိဘပီပီ ကတိတွေလည်းပေး ခဲ့ပြီပဲ၊ ကတိအတိုင်း ဆောင်ရွက် ပေးလိုက်ပါတော့ကွာ"

ထွန်းခိုင်၏ပြောစကားများကို နားထောင်လျက် ဘတင့်မှာ ခေါင်း ငုံ့ရင်း စဉ်းစားလျက်ရှိသည်။ မြင့် ကျော်နှင့် ညိုမောင်တို့က ဘတင့် ပြောလာမည့်စကားအား နားစွင့် လျက်ရှိနေ၏။ ထွန်းခိုင်က ဆက် လက်၍ တိုက်တွန်းခဲ့ပြန်သည်။

"ပြောထားတဲ့ကတိအတိုင်း မင်းဘက်က မတည်ခဲ့ရင်တော့ ဥပဒေအရ မင်းရဲ့သား ဖိုးချမ်း တစ်ယောက် တစ်ဖက်က အရေး ယူရင် ခံရနိုင်တယ်မောင်၊ အဓမ္မ မှုလို့ တရားစွဲရင်လည်း ခံရနိုင်သလို ဖြားယောင်းသွေးဆောင်ပြီး ကာမကို အရယူတယ်လို့ စွပ်စွဲရင်လည်း ခံရနိုင်တယ်ကွ၊ ဘာပဲဖြစ်ဖြစ်ကွာ သားရှင်ဖြစ်တဲ့ မင်းဘက်က ကတိ တည်ပေးဖို့ လိုတာပေါ့ကွာ"

ညိုမောင်ကလည်း သတိပေး ပြန်သည်။

"ဟုတ်တယ် ဘတင့်ရေ မင်း စဉ်းစဉ်းစားစားလုပ်နော်"

ဘတင့်အနေဖြင့် မိမိဖြစ်ချင် သည့်ဆန္ဒနှင့် ဆန့်ကျင်၍ တိုက် တွန်းနေသော သူငယ်ချင်းများအား စိတ်လည်းမဆိုး၊ အပြစ်လည်း မတင်မိပေ။

သူ၏ရင်တွင်းခံစားချက်များကို သူသာအသိဆုံး။ ရင်ထဲတွင် အနာ ကျင်ဆုံးဝေဒနာဖြစ်သည်ကို မသိခဲ့ လေသော ထွန်းခိုင်၏ ရှေ့ပြည့် အေးတရားများသည် သူ၏နှလုံး သားသို့တိုင် စီးဝင်နိုင်ခြင်းမရှိဟု ဘတင့် ထင်မြင်ခဲ့သည်။

"ငါက အငြိုးအာဃာတတွေ ကြီးတယ်လို့ မင်းတို့ဘက်က ရှုံ့ စွဲရင်လည်း ရှုပ်ရှဲကြပေါ့ကွာ မင်း

တကယ်တော့ဘတင့်ရယ်
မင်းနဲ့ခင်ထားက တစ်ရွာတည်းသားဖြစ်သလို
မင်းရဲ့သားဖိုးချမ်းနဲ့ခင်ထားရဲ့သမီး
နွဲ့နှောင်းတို့က လည်းတစ်ရွာတည်းနေ၊
တစ်ရေ တည်းသောက်တဲ့သူတွေပါ၊
တစ်ရွာတည်းအတူနေကြသူချင်း လူငယ်သဘာဝ
နီးစပ်မှုနဲ့ ချစ်သူရည်းစားဖြစ်ကြတာဆန်းတဲ့ကိစ္စ
မဟုတ်ဘူးလို့ပြောရမှာပဲ၊ သူတို့ချစ်သူနှစ်ယောက်....

www.burmeseclassic.com

တို့က ငါခံစားခဲ့ရသလို မခံစားဖူးလေတော့.....''

ထိုစကားသည် ဘတင့်၏ နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားများမဟုတ်ပေ။ ရင်ထဲမှနာကျင်ခံစားချက်ဖြင့် စိတ်ထွက်ပေါက်မှ ယိုစီးကျလာသောစကားများပင်ဖြစ်သည်။

မည်သို့ဆိုစေ နှလုံးသား အတိတ်ဇာတ်ကြောင်းများသည် အဟောင်းများအဖြစ် အဝေးတွင် ကျန်ရစ်မနေခဲ့။ အသစ်အသစ်များအဖြစ်သာ နှလုံးသားတွင် အစွန်းအထင်းများအဖြစ် တည်မြဲနေဆဲဖြစ်သည်။

♛♛♛♛♛

ဘတင့်တို့နေထိုင်သော တမာကုန်းရွာသည် အိမ်ခြေငါးရာနီးပါးရှိပြီး အများအားဖြင့် လယ်ယာလုပ်ငန်းအား လုပ်ကိုင်ကြသောသူများဖြစ်သည်။ ဘတင့်တို့ မိသားစုသည် ရွာ၏ အနောက်ပိုင်းတွင် နေထိုင်ကြသည်။

ဦးချိုကြီးနှင့် ဒေါ်လှသန်းဆိုသည်မှာ ဘတင့်၏မိဘများဖြစ်ကြပြီး လက်လုပ်လက်စား လယ်ယာလုပ်သားများသာဖြစ်သည်။ ရွာရှိအလယ်တန်းကျောင်းတွင် ဘတင့်သည် သူငယ်ချင်းများဖြစ်သော ထွန်းခိုင်၊ မြင့်ကျော်နှင့် ညိုမောင်တို့နှင့် ရှစ်တန်းအထိ



ကျောင်းတက်ခဲ့ကြသည်။ သူငယ်ချင်းလေးယောက် ရှစ်တန်းအောင်ခဲ့သော်လည်း ထွန်းခိုင်နှင့်မြင့်ကျော်တို့မှာ မြို့ပေါ်ရှိ အသိဘုန်းကြီးကျောင်းတွင် သွားရောက်နေထိုင်လျက် ဆက်လက်ပညာသင်ကြားခဲ့ကြသည်။

ညိုမောင်မှာ ကျောင်းဆက်၍ မတက်တော့ဘဲ မိဘလက်ငုတ်လယ်များတွင် ဝင်ရောက်လုပ်ကိုင်နေသည်။ ဘတင့်မှာ မိဘများ၏ အနေအထားအရ ကျောင်းဆက်လက်မတက်နိုင်၍ ကျောင်းထွက်လိုက်ပြီး ကျပန်းလုပ်ငန်းများ ရှာဖွေလုပ်ကိုင်ရသည်။

ဘတင့်၏အဖေ ဦးချိုကြီးမှာ ရွာအရှေ့ပိုင်းမှ ဦးအောင်ဖြိုး၊ ဒေါ်စန်းနွဲ့တို့၏လယ်တွင် သူရင်းငှားအဖြစ် လုပ်ကိုင်နေခဲ့ရာ ဘတင့်မှာလည်း ဖခင်ကြီးနှင့်အတူ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင် ကျန်းမာရေးချို့တဲ့၍တရှောင်ရှောင်ဖြစ်နေသော ဖခင် ဦးချိုကြီး၏ ကိုယ်စား ဘတင့် ကိုယ်တိုင် အစားထိုး ဝင်ရောက် လုပ်ကိုင်ရတော့သည်။

ဘတင့်လုပ်ကိုင်သော စာရင်းပိုင်အိမ်တွင် ပျိုရွယ်လူ့စ မိန်းမချောလေး ခင်ထားဟူသည့် သမီးတစ်ယောက်ရှိ၏။ လယ်သမားကြီး ဦးအောင်ဖြိုးနှင့် ဒေါ်စန်းနွဲ့တို့၏သမီး ခင်ထားနှင့် ဘတင့်တို့သည် ကာလကြာလာသည်နှင့်အမျှ ချစ်မေတ္တာတူရည်မျှတလာခဲ့ကြသည်။ ထို့သော် လူငယ်နှစ်ဦး၏ အချစ်ခရီး



www.burmeseclassic.com

www.burmeseclassic.com

ကား လူမသိ သူမသိ တိတ်တခိုး ရည်ငံခဲ့ကြခြင်းပင်ဖြစ်သည်။

အစထွင် မိမိနှင့်ခင်ထား ချစ်နေကြခြင်းကို သူငယ်ချင်းများအား ဘတင့်က မပြောကြားခဲ့သေးပေ။ ထိုသို့မပြောကြားခဲ့ခြင်းကြောင့် ထွန်းခိုင်နှင့် မြင့်ကျော်တို့နှစ်ယောက် ခင်ထား၏အချစ်ကိုရရှိရန် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြမည်ကိုသိသည်။ ဘတင့် မနေနိုင်တော့။ သူငယ်ချင်းများအား ဖွင့်ပြောရပေတော့သည်။ မြင့်ကျော်က ဘတင့်အား မကျေမချမ်းဖြင့် အပြစ်တင်စကားဆိုခဲ့၏။

"ဘတင့်ကွာ အစကတည်းက ဘာလို့ဖွင့်မပြောတာလဲ၊ မင်းဖွင့်ပြောလိုက်ရင် ငါနဲ့ထွန်းခိုင် အချေအတင်ဖြစ်စရာအကြောင်းကိုမရှိဘူး"

ဘတင့်တို့သူငယ်ချင်းလေးယောက် ဆုံမိလေတိုင်း ရွာထိပ်ထန်းတောတွင် အပျော်အပြက်ထန်းရည်သောက်မြဲဖြစ်၍ ကျောင်းဖွင့်သည့်ရက်များတွင် ထွန်းခိုင်နှင့် မြင့်ကျော်မှာ ဘတင့်နှင့် ညိုမောင်ကို နှုတ်ဆက်၍ မြို့သို့ပြန်လည်ထွက်ခွာသွားမြဲဖြစ်သည်။ ထွန်းခိုင်နှင့် မြင့်ကျော်သည် ဘတင့်အားနှုတ်ဆက်သည့်အခါတိုင်း မသိမသာ ကလိစကား ပြောဆိုသွားကြစမြဲပင်။

"ခင်ထားဆိုတဲ့ ပန်းတစ်ပွင့်ကို ငါတို့နဲ့မထိုက်တန်တာ ငါတို့သိရပါပြီ၊ ထိုက်တန်တဲ့သူနဲ့ ထိုက်တန်ပြီဆိုတော့ ငါတို့လည်း ထိုက်တန်တဲ့ပန်းလေးတွေကို ဆက်ပြီးရှာရပေဦးတော့မှာပေါ့ကွာ"

သူတို့နှစ်ဦး ရင်ကွဲပက်လက်ပြောကြားလေတိုင်း ပခုံးတွန့်လျက် ကရုဏာသက်စွာ ပြုံးပြရသူက ဘတင့်ပင်ဖြစ်တော့သည်။

မည်သို့ဖြစ်စေ ဘတင့်နှင့် ခင်ထားတို့၏ ချစ်ခရီးလမ်းသည် အနာဂတ်တွင် မည်သို့ရှိမည်ကို မသိနိုင်သော်လည်း ချစ်သူနှစ်ဦးတို့ လူမသိ သူမသိ ချစ်ခဲ့ခြင်းသည် တဖြည်းဖြည်း ပေါ်လွင်ထင်ရှားလာခဲ့ကြသည်။

ဤသို့ဖြင့် သူတို့နှစ်ဦး၏အကြောင်းကို လူတိုင်းနီးနီး သိသွားခဲ့ကြသည်။ လူတိုင်းသိပြီးမှ သိရှိခဲ့ရသော ရွာမိရွာဖ ဦးအောင်ဖြိုးနှင့် ဒေါ်စန်းနွဲ့တို့မှာ သမီးနှင့်ပတ်သက်၍ အရှက်ရခဲ့ပေသည်။

ရှေ့ဆက်၍ အရှက်တကွဲမဖြစ်စေရန် သူတို့၏သမီး ခင်ထားနှင့် သူတို့၏အလုပ်သမား ဘတင့်တို့အား မည်သို့ဟန့်တားရမည်ကို စဉ်း စားရတော့သည်။

ယင်းနောက် ဦးအောင်ဖြိုးမှာ ဒေါ်သကို အနိုင်နိုင်ထိန်းချုပ်လျက် လူကြီးလူကောင်းပီသစွာဖြင့် ဘတင့်အား တွေ့ဆုံပြောဆိုရန် ခေါ်

အစထွင် မိမိနှင့်ခင်ထား
ချစ်နေကြခြင်းကို
သူငယ်ချင်းများအား
ဘတင့်က မပြောကြားခဲ့သေးပေ။
ထိုသို့မပြောကြားခဲ့ခြင်းကြောင့်
ထွန်းခိုင်နှင့် မြင့်ကျော်တို့နှစ်ယောက်
ခင်ထား၏အချစ်ကိုရရှိရန်
သူနိုင်ကိုယ်နိုင်
အပြိုင်ကြဲကြမည်ကိုသိသည်။
ဘတင့် မနေနိုင်တော့။
သူငယ်ချင်းများအား
ဖွင့်ပြောရပေတော့သည်။
မြင့်ကျော်က ဘတင့်အား

ရတော့သည်။ သူ၏ရှေ့၌ ဘတင့် ထိုင်ရုံရှိသေး၏။ ဦးအောင်ဖြိုးပြောသည့်စကားများကား ဗိသာလေးဖြင့် ခေါးသို့ပစ်သည့်ပမာပင်။

"လူဆိုတာ ကိုယ့်ဘဝကိုယ် နားလည်ရတယ်၊ သိရတယ်ကွ ဘတင့်ရ ကိုယ့်ဘဝကိုယ် နားမလည်တောင် နားလည်အောင် ကြိုးစားရတယ်၊ ငါ့သမီးနဲ့ သဘောမတူနိုင်တဲ့မင်းကို ငါက ငါ့သမီးနဲ့ [illegible]သလား၊ တန်သလားလို့ [illegible]ရှင်

www.burmeseclassic.com



သားသမီးချင်း ကိုယ်ချင်းမစာလို့ ဒီလိုမေးရက်တာလားဆိုပြီး ပတ်ဝန်းကျင်က ငါ့ကို လက်ညှိုးဝိုင်းထိုးကြဦးမယ်၊ ငါ့အနေနဲ့ကလည်း ငါ့သမီးကောင်းစားမယ်ဆိုရင် ဘာကိုမှ ဂရုမစိုက်တဲ့ကောင်ဆိုတာ မင်းသိဖို့ကောင်းတယ် ဘတင့်''

ဘတင့်အား ဦးအောင်ဖြိုးက စူးစူးရဲရဲ ကြည့်လျက်နေရာမှ ဒေါသစိတ်ကို ထိန်းသိမ်းလိုက်၏။

''လူဆိုတာ လူ့ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းနဲ့ ဆီလျော်စွာ နေကြပေမယ့် ငါ့သမီး ဒုက္ခရောက်ရမယ့်အခြေ ဖြစ်ခဲ့ရင်တော့ လူ့ဝန်းကျင်တစ်ခုလုံးကို ဆန့်ကျင်ဖို့ ဝန်မလေးဘူး ဘတင့်၊ ဒါကလည်း မိဘတိုင်းက သားသမီးတွေအပေါ်မှာ ထားရှိတဲ့ မေတ္တာစေတနာ တန်ခိုးသတ္တိတွေပဲ၊ ငါတို့ သိပ်ချစ်ပြီး သိပ်အမြတ်တနိုးထားတဲ့ ငါတို့သမီးကို မင်းအနေနဲ့ တကယ်မေတ္တာထားရှိးမှန်ရင် အိမ်တစ်ဆောင်၊ မီး တစ်ပြောင်နဲ့ထားနိုင်တဲ့ အချိန် ပြန်လာခဲ့ပါ၊ ဘယ်သူမှ သဘောမတူ ရင်နေပါစေကွာ၊ ငါကိုယ်တိုင် သဘောတူပေးပါ့မယ်၊ ဒါပေမဲ့ တစ်ခုတော့ ပြောစရာရှိတယ်၊ ဖြစ်အောင်ကြိုးစားခြင်းဆိုတဲ့ နေရာမှာ အချိန်ကာလ အကန့်အသတ်ရှိတယ်၊ အချိန်ဆိုတာက တစ်နေ့နေ့နဲ့ တရွေ့ရွေ့ပြောင်းလဲနေတာဆိုတော့ အချိန်မီဆိုတဲ့ သတိပေးချက်ကိုတော့ သမီးရှင်တစ်ယောက်ဖြစ်တဲ့ ငါက အရှက်သိက္ခာမဲ့စွာနဲ့ မင်းကို ရင်နာနာနဲ့ စေတနာထားလိုက်တယ်ဆိုရင် မင်းကျေနပ်ပါတော့ ဘတင့်ရာ''

ဦးအောင်ဖြိုး၏စကားအရ ဘတင့်တစ်ယောက် ချစ်ရသောခင်ထားနှင့် နီးနိုင်ဖို့အရေး လုံ့လဝီရိယစိုက်ထုတ်လျက် အလုပ်မှန်သမျှတွေ့မရှောင် ရှာဖွေလုပ်ကိုင်လျက်ရသမျှ စုဆောင်းခဲ့သည်။ သို့သော်လုံ့လဝီရိယဖက်၍ ရုန်းကန်ကြိုးစားသော်လည်း ကံရှိမှ ကံကောင်းနိုင်မည်ဖြစ်သည်။

နွေမိုးဆောင်း ရာသီသုံးလီလုံ့လပြု အားစိုက်သော်လည်း ဘတင့်၏ဖခင်မှာ လူကြီးရောဂါဖြင့် ဆုံးပါးသွားခဲ့ရသည်။ မိခင်ဖြစ်သူ ဒေါ်လှသန်းမှာလည်း နာတာရှည်ရောဂါကြောင့် အိပ်ရာတွင်လဲနေခဲ့သည်။ ထို့ကြောင့် စုဆောင်းလေသမျှမှာ တည်မြဲခြင်းမရှိ၊ မိခင်ကျန်းမာရေးအတွက် ကုန်ကျနေရသည်။

အချိန်ဆိုတာက တစ်နေ့နေ့နဲ့ တရွေ့ရွေ့
ပြောင်းလဲနေတာဆိုတော့
အချိန်မီဆိုတဲ့ သတိပေးချက်ကိုတော့
သမီးရှင်တစ်ယောက်ဖြစ်တဲ့
ငါက အရှက်သိက္ခာမဲ့စွာနဲ့ မင်းကို ရင်နာနာနဲ့ စေတနာ
ထားလိုက် တယ်ဆိုရင် . . .

သို့ဖြင့် ဘတင့်၏ ခင်ထားအတွက် အိမ်တစ်ဆောင်မီးတစ်ပြောင်ကိစ္စသည် အလှမ်းဝေးသည်ထက် ဝေးလျက်ရှိနေပေသည်။ ဘတင့်၏ဆင်းရဲခြင်းကို ဗဟိုပြု၍ လောကဓံလှိုင်းဒဏ် ခံစားနေရခြင်းကို သိရှိထားသော ခင်ထားကမူ ချစ်သူအား စိတ်ဓာတ်မကျရန်ပြောကြားခဲ့သည်။

''အားမလျှော့ပါနဲ့ ကိုဘတင့်ရယ်၊ ခင်ထားလေ တတ်နိုင်သမျှ အမေ့ကို ဖျောင်းဖျထားပါ့မယ်၊ အစ်ကို့အနေနဲ့ ကြိုးစားနေတဲ့ကြားက ကံကြမ္မာကြောင့် တလွဲတချော်ဖြစ်နေခဲ့မယ်ဆိုရင် ဘာမှ အားမငယ်ပါနဲ့၊ ခင်ထားလေ ကိုဘတင့်ခေါ်တဲ့ နောက်ကို မဖြစ်မနေလိုက်ခဲ့မှာပါ ရှင်''

ခင်ထား၏ အားပေးစကားများသည် ဘတင့်အတွက် အား ဆေးတစ်ခွက်ပင်ဖြစ်၏။ သို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ပင် မဆုတ်မနစ်သော လုံ့လတို့ဖြင့် ဘတင့် အားပြုခဲ့ပါ၏၊ ရုန်းကန်ခဲ့ပါ၏၊ ကြိုးစားခဲ့ပါ၏။ သို့စေကာမူ ရှာဖွေရလေသမျှ မွေးသမိခင်ကျေးဇူးရှင်၏ ကျန်းမာရေးအတွက် ဆောင်ရွက်ခြင်းဖြင့်သာ ကုန်ဆုံးခဲ့ရ၏။



❦❦❦❦❦

တစ်နှစ်ဆိုသည်မှာ ဘာမှကြာသည့်ကာလမဟုတ်သဖြင့် နှစ်နှစ်ခန့်ကြာသည်တွင် ခင်ထား၏မိဘများထံသို့ ရွှေကြို့ပင်ရွာမှ ဦးထွန်းမောင်၏သား သိန်းဇော်က လူကြီးမိဘ စုံလင်စွာဖြင့် လာရောက်တောင်းရမ်းလေ၏။

နှစ်ဦးနှစ်ဖက် လူကြီးမိဘများကလည်း သဘောတူပြီးကိစ္စဖြစ်သည်။ ထို့ကြောင့် လာရောက်နားဖောက်ခြင်းအား လက်ခံလိုက်ပြီး မင်္ဂလာဆောင်ရန်အတွက်ပင် ရက်ကောင်းရက်မြတ် ရွေးချယ်ခဲ့ကြသည်။

ထိုစဉ်ကာလအတွင်း ခင်ထားသည် ကတိအတိုင်း ချစ်ရသူ ဘတင့်နောက်လိုက်ရန် ကြိုးစားခဲ့၏။ မိဘများမှ ကြိုတင်သိရှိသွားသဖြင့် ချစ်ရသူနှစ်ဦး ပိုမို၍ ဘဝခြားခဲ့ရတော့သည်။ ခင်ထားမှာ နေ့စဉ်နှင့်အမျှ မျက်ရည်နှင့်မျက်ခွက်ဖြစ်ရသကဲ့သို့ ဘတင့်မှာလည်း နေ့စဉ်ရက်ဆက် အရက်သောက်နေခဲ့သည်။

သူ၏ချစ်သူသည် သူ့ကိုနှစ်သက်၏၊ သူ့အား တစ်စုံတစ်ရာ မုန်းတီးမှုမရှိပါဘဲ တစ်ပါးသူ၏ ရင်ခွင်ထဲဝင်ရမည့် ချစ်သူ ခင်ထားအတွက် ဘတင့်တစ်ယောက် ခင်ထား၏ဖခင် ဦးအောင်ဖြိုးနှင့် တွေ့ရန် ဆုံးဖြတ်ခဲ့သည်။

နှလုံးသားကြေကွဲမတတ် ခံစားနေရသော ဘတင့်မှာ အရက်အနည်းငယ်သောက်၍ ဦးအောင်ဖြိုးနှင့်တွေ့ရန် ဦးအောင်ဖြိုး၏ စပါးတလင်းပြင်သို့ ထွက်ခဲ့၏။

တလင်းပြင်တွင် ဦးအောင်ဖြိုး၏လယ်ထွက် စပါးကောက်ဆိုင်ပုံကြီးသည် ရိုးမတောင်တန်းကြီး ပမာရှိနေပေ၏။ ထိုတလင်းပြင်ထဲတွင် ဦးအောင်ဖြိုး၏ တူသားများသည် တလင်းနယ်နေကြ၏။ စပါး တလင်း၏နံဘေးတွင် သူ၏နှယ် လှေ့ပြီး စပါးများအား ကြည့်နေသော ဦးအောင်ဖြိုး အနီးသို့ ဘတင့်အရောက်သွားခဲ့၏။ ဘတင့်မှ ဦးအောင်ဖြိုးအား အရဲစွန့်၍ ခေါ်လိုက်သည်။

"ဘကြီးရယ် ဘကြီး စကားမတည်ဘူးဗျာ၊ ကျွန်တော် ခင်ထားအတွက် ကြိုးစားနေတာ သိရက်နဲ့ဗျာ"

မမျှော်လင့်ဘဲ ရောက်ရှိလာသော ဘတင့်အား ဦးအောင်ဖြိုးက လှည့်ကြည့်လိုက်သည်။

"မင်းကြိုးစားနေတာ ငါသိရုံတင်မကဘူး၊ မြင်လည်းမြင်နေတာပါပဲ၊ ဒါပေမဲ့ မင်းကိုကြိုတင်ပြီး သတိပေးထားတာ မင်းမှတ်မိမလားပဲ၊ အချိန်မီဆိုတဲ့ သတိပေးချက်လေ၊ သမီးရှင် ဖခင်တစ်ယောက်ရဲ့ အရှက်မရှိ ပြောခဲ့တဲ့ သတိပေးစကားလေ၊ ငါ့ရဲ့သတိ

www.burmeseclassic.com



အတိုင်း စောင့်ခဲ့တာလည်း နှစ်နှစ်ကျော်ခဲ့ပြီပဲကွာ၊ အခုကိစ္စကလည်း ငါတို့စခဲ့တဲ့ ဇာတ်လမ်းမဟုတ်ဘူး၊ ယောကျ်ားလေးဘက်ကစပြီး နားဖောက်ကမ်းလှမ်းခဲ့တာကွ၊ မင်းကိုမျှော်လင့်လို့ မရတော့လည်း တစ်ဖက်က ကမ်းလှမ်းတာကို လက်ခံခဲ့ရတယ်၊ ငါ ပထမ စဉ်းစားပါသေးတယ်၊ ယောကျ်ားလေးဘက်က လယ်ငါး ကေ၊ နွားတစ်ရှဉ်း၊ ရွှေတစ်ဆင်စာ၊ နောက်ပြီး အဲဒီယောကျ်ားလေးက အိမ်ပါမယ့်သမက်ဆိုတော့လည်း ငါ့လယ်တွေဘက်ကို ကြည့်ဖို့ ဖြစ်လာတယ်၊ ငါ့သမီးရဲ့ နောင်ရေး စိတ်ချရတဲ့ အနေအထားရှိနေတော့လည်း မင်းကို စောင့်မျှော်ရင်းနဲ့ ဟိုဘက်က ကမ်းလှမ်းလာတာကို လက်ခံလိုက်ရတာပဲ''

ဘတင့်မှာ ရင်၌မချိသော ခံစားချက်များဖြင့် ပေါက်ကွဲလျက်ရှိနေပါ၏။

''တောက်.....ဘကြီးဗျာ၊ ခင်ဗျား လူကြီးဖြစ်ပြီး ကျွန်တော်တို့ လူငယ်တွေအပေါ် ကိုယ်ချင်းစာစိတ်မရှိဘူးဗျာ၊ ခင်.....ခင်ဗျား တော်တော်လူမဆန်တာပဲ''

ဒေါသစိတ်ကြောင့် အမှားအမှန် မခွဲနိုင်သော ဘတင့်၏ အပြောအဆိုများကြောင့် ဦးအောင်ဖြိုး၏ တူသားချင်းများ ဝိုင်းအုံလာကြသည်။

''မင်းကများ ငါတို့ဦးကြီးကို



မရှိမသေ မလေးမစားနဲ့၊ တော်တော်ရိုင်းလှချည်လား၊ မင်းက ဘာကောင်မို့လို့လဲ၊ ဟေ့ကောင်တွေ... ရပ်ကြည့်မနေနဲ့၊ ဝိုင်းချကွာ''

ဘတင့်အား ဦးအောင်ဖြိုး၏ တူသားချင်းများမှ သူတစ်ချက်၊ ကိုယ်တစ်ချက်ဖြင့် ထိုးနှက်နေခြင်းအား ဦးအောင်ဖြိုးလည်း တားချိန်မရလိုက်ပေ။ ဘတင့်မှာ အလူးအလဲခံနေရသည်။ ဦးအောင်ဖြိုးက တူသားချင်းများ ခြေလွန်လက်လွန်ဖြစ်မည်စိုး၍ ဘတင့်အား ထိုးနှက်နေခြင်းအား ဝင်တားရတော့သည်။

တလင်းပြင်ထဲတွင် ဝရုန်းသုန်းကားဖြစ်နေသည်ကို အိမ်အပေါ်ထပ်မှ လှမ်းကြည့်မိသော ခင်ထားသည် ဘတင့် အထိုးအနက် အရိုက်အပုတ်ခံနေရသည်ကို တွေ့ရှိသွားသည်။ သူမသည် အိမ်ပေါ်မှ ပြေးဆင်း၍ တလင်းပြင်ရှိရာသို့ အရောက်ပြေးလာပြီး ဒဏ်ရာများဖြင့် လဲနေသော ဘတင့်အား ပြေးထူလျက် သူမ၏အဖေနှင့် မောင်နှမသားချင်းများအား တုန်ယင်သော အသံဖြင့် တောင်းပန်လိုက်၏။

''ကိုဘတင့်ကို မရိုက်ကြပါနဲ့တော့၊ မလုပ်ကြပါနဲ့တော့၊ သူ့မှာ အပြစ်မရှိပါဘူး အဖေရယ်၊ အဖေ့



www.burmeseclassic.com

www.burmeseclassic.com



တူတွေကို ပြောပါဦး၊ သူ့ကိုဆက်ပြီးရိုက်နေမယ်ဆိုရင် သမီးကြောင့်ဖြစ်တာမို့ သမီးကိုယ်သမီး သတ်သေလိုက်တော့မယ် အဖေ၊ သမီးကို သူသိပ်ချစ်လို့ ပေါက်ကွဲပြီးပြောမိဆိုမိတာပါ အဖေရယ်''

ထိုအခါမှပင် ပွဲမျှားရှဲသွားကြပြီး ဘတင့်မှာလည်း ဒဏ်ရာဒဏ်ချက်များဖြင့် ခင်ထား၏ရင်ခွင်ထဲ၌ တုံးလုံးပက်လက်ဖြစ်နေခဲ့၏။ ဦးအောင်ဖြိုးမှာ သမီးဖြစ်သူနှင့် ဘတင့်တို့အားကြည့်လျက်....

''သူ့ကိုဝိုင်းရိုက်ကြဖို့ အဖေမခိုင်းခဲ့ပါဘူး၊ သူ့ရဲ့စကားကြောင့်အဖေ့ရဲ့တူသားတွေက မခံနိုင်လို့ဝင်ထိုးကြတာ၊ သူတို့ရဲ့ မဆင်မခြင်လုပ်ရပ်တွေအတွက် အဖေခံပါ့မယ်''

ဒဏ်ရာအနာတရများဖြင့် ဘတင့်သည် ခင်ထား၏ရင်ခွင်မှရုန်းထ၍ မတ်တတ်ရပ်လိုက်ပါ၏။ သေလောက်သည့်ဒဏ်ရာမရသည့် ဘတင့်သည် ဦးအောင်ဖြိုးအား တစ်လှည့်၊ ခင်ထားအားတစ်လှည့်ကြည့်နေခဲ့၏။ ဦးအောင်ဖြိုးမှာ ညှိုးငယ်သောမျက်နှာဖြင့် ဘတင့်အားတောင်းပန်လိုက်ပါ၏။

''ဘကြီးတောင်းပန်ပါရစေတော့ မောင်ဘတင့်ရယ်၊ မိဘဆိုတာ သားသမီးတိုင်းကို ဆင်စီးပြီးမြင်းရံတာပဲ မြင်ချင်ကြတာဟာမိဘတွေရဲ့ စေတနာပါကွာ၊ အဲဒါကြောင့် မင်းနဲ့ငါ့သမီး ခင်ထားတို့လူငယ်ချင်း မေတ္တာမျှတာကို မခွဲလိုတာကြောင့် မင်းကို အချိန်သတ်မှတ်ပြီး မင်းကို အခွင့်အရေးပေးခဲ့ပါတယ်၊ ဒါပေမဲ့ သားသမီးတွေနဲ့ပတ်သက်ရင် မိဘတွေမှာ အတ္တရှိတာမို့ မင်းရဲ့ကြိုးကြံမှုကို ဂရုမမူနိုင်တော့ပါဘူး၊ မင်းနဲ့ဆိုရင် ငါ့သမီး ပင်ပန်းမယ်၊ ဆင်းရဲမယ်လို့အတွေးတွေဝင်ရောက်လာပြီး တစ်ပါးသူရဲ့ကမ်းလှမ်းမှုကို လက်ခံခဲ့တယ်၊ ဒီအတွက် မင်းကို ဘကြီးလှိုက်လှိုက်လှဲလှဲ တောင်းပန်ပါတ[illegible] ဒီကိစ္စမှာ ငါ့သမီးမှာ ဘာမှအပြစ်မရှိပါဘူး၊ သားသမီးကိုအချစ်လွန်ပြီး အတ္တဆန်မိတဲ့ ဘကြီးမှာပဲ အပြစ်ရှိပါတယ်၊ လူကြီးချင်း သဘောတူ နားဖောက်ထားတဲ့ကိစ္စကို ဘကြီး ဂုဏ်သိက္ခာမဲ့စွာနဲ့ ဖျက်သိမ်းပေးပါ့မယ်ကွာ၊ မောင်ဘတင့်နဲ့သမီးတို့သဘောကျဆောင်ရွက်ပါတော့''

ဦးအောင်ဖြိုးမှာ ပြောပြောဆိုဆိုဖြင့် ဝမ်းနည်းပန်းနည်းဖြစ်လျက်ကျိုတ်၍ငိုကြွေးလေတော့သည်။ ခင်ထားမှာ ချစ်သူအား တစ်ချက်ကြည့်လိုက်ပြီး ဖခင်ဖြစ်သူအားပြေးဖက်လျက် ငိုနေပေ၏။

''အဖေ.....အဖေရယ် သမီးအတွက်နဲ့ မငိုပါနဲ့တော့၊ သမီးလေ.....သမီး''

မြို့မှဈေးဝယ်၍ ပြန်ရောက်လာသော ခင်ထား၏မိခင်သည်လည်း ပြဿနာဖြစ်သည့် တလင်းပြင်သို့ပြေးလာ၍ အကျိုးအကြောင်းသိသည်နှင့် ဘတင့်အား တောင်းပန်နေပြန်၏။

ထိုအတိုင်းဆိုပါက ခင်ထားသည် မိဘအပေါ် ရိုသေချစ်ခင်သော သားသမီးဖြစ်ခြင်းကြောင့် သူ့ကိုစွန့်လွှတ်တော့မည်ကို သိထားပြီးဖြစ်သည်။

ခင်ထားတို့သားအမိသားအဖသုံးဦးတို့အား ဘတင့်သည် နားလည်မှုရှိစွာဖြင့် လှမ်းကြည့်လိုက်၏။ သူ၏ချစ်သူ ခင်ထားသည်ကိုယ်ကျင့်တရားကောင်းမွန်၍ မြင့်မြတ်သောစိတ်ထားရှိသူဖြစ်၏။ ထို့အပြင် မိမိအား မေတ္တာစစ် မေတ္တာမှန်ဖြင့် ချစ်သောသူဆိုသည်ကိုလည်း လက်ခံပါ၏။

သို့စေကာမူ အနန္တကျေးဇူးရှင်မိဘနှစ်ပါး၏ စိတ်ဆင်းရဲမှုကိုကားလုံးလုံးလက်မခံသည့် မိန်းကလေးဖြစ်ကြောင်းကို ဘတင့်တစ်ယောက်သိထားသည်မို့ ဒီတစ်ကြိမ်တွင်အချစ်မရှုံးသော်လည်း ချစ်ရသူကိုလက်လွှတ်ရတော့မည်ကို ဘတင့်က နားလည်လိုက်တော့သည်။

ဘတင့်သည် ချစ်ရသော ခင်ထားအား ခွင့်လွှတ်ခြင်း၊ ခွင့်မလွှတ်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဟူသော စိတ်ဒွိဟတို့ဖြင့် ထိုနေရာမှ ကျောခိုင်းထွက်ခွာခဲ့တော့သည်။ သူရရှိခဲ့သော အနာတရတို့ထက် ရင်ထဲမှ ချစ်တတ်သည့်နှလုံးသားသည် ပို၍နာကျင်စွာ ခံစားရသည်ဟု ဘတင့် ထင်မြင်ယူဆနေတော့သည်။

♛♛♛♛♛

"မင်းတို့ချစ်သူနှစ်ယောက် ရင်နာစရာကောင်းလောက်အောင် လမ်းခွဲခဲ့ကြတာ ငါတို့ သိပြီးသားပါကွာ၊ မင်းရဲ့သား ဖိုးချမ်းကို မင်းတို့လို စိတ်ခံစားမှုတွေ မခံစားစေ ချင်ဘူးကွာ၊ တစ်ဖက်က ခင်ထားကလည်း မင်းလိုပဲ စိတ်ခံစားမှု ဖြစ်ခဲ့တာမို့ မင်းရဲ့သားနဲ့ သူ့သမီးကို သူ့လို မဖြစ်စေချင်ဘူးကွ"



ဘတင့်သည် ဖြူစပြုနေသော ဆံပင်များအား လက်ဖြင့် ထိုးဖွလိုက်ပြီး တွေးတောနေတော့သည်။ ဖူးစာမဆုံခဲ့ရသော ကံကြမ္မာကြောင့် သူတို့ချစ်သူနှစ်ဦး မဆုံစည်းခဲ့သော်လည်း မိမိတို့၏သားသမီးများမှာ မိမိတို့လို ဖြစ်သင့်ပါသလား။ ဖြစ်ထိုက်သည်ဟု မိမိတို့အနေဖြင့် မထင်ထိုက်။ ယခုအခြေအနေက မိမိတို့ကဲ့သို့မဟုတ်။ သားသမီးချင်း ကိုယ်ချင်းစာနာရမည့်အနေအထားဖြစ်နေသည်။ ထိုစဉ် ခင်ထားပြောခဲ့သည့် တောင်းပန်စကားများကလည်း ဘတင့်၏ အတွေးထဲသို့ ဝင်ရောက်လာပြန်၏။

"ကိုဘတင့်နဲ့ ခင်ထားတို့ရဲ့ မဆုံစည်းတဲ့ ကံကြမ္မာကို ယိုးမယ်ဖွဲ့ပြီး သားတွေသမီးတွေရဲ့ ဘဝလမ်းခရီးမှာ ကြေကွဲစရာ ကြမ္မာဆိုးတွေနဲ့ သံသရာ မဆက်ပါနဲ့တော့ ကိုဘတင့်ရယ်"

ထွန်းခိုင်၊ မြင့်ကျော်နှင့် ညိုမောင်တို့သည် ငြိမ်သက်နေသော ဘတင့်အား အကဲခတ်လိုက်သည်။ ဘတင့်သည် သူ၏ တစ်ယူသန်စိတ်အား သူကိုယ်တိုင် ဖြိုဖျက်လျက်ရှိသည်ကို သူငယ်ချင်း များကိုယ်တိုင် သဘောပေါက် လိုက်ကြသည်။ ညှိုးမှိုင်းနေသော ဘတင့်၏မျက်နှာသည် အေးချမ်း သည့်ပုံရိပ်များ ဖြစ်ပေါ်လာသည့်အခါတွင်မူ ထွန်းခိုင်တို့ သူငယ်ချင်းတစ်စုမှာ ယခုမှ စိတ်အေးသွားသည့်သဖွယ် သက်မများ ချလိုက်ကြတော့သည်။

**မောင်သာမန် (ဒီကုန်း)**



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






**အတ္တမာန** **ခင်ဦး (ပုတီးကုန်း)**

ကျွန်တော် ငယ်စဉ်က ဆရာတော်၏ ဘုန်းကြီးကျောင်း၌ သင်ပုန်းကြီးစာကို တက်ခဲ့ရပါသည်။ ကျောင်းသို့ရောက်ရောက်ချင်း ရေအိုးကို ရေဖြည့်ခြင်း၊ အမှိုက်လှည်းခြင်း၊ ခုံစီခြင်းများ ပြုလုပ်ရန် ဆရာတော်က တာဝန်ပေးပါသည်။

ဘုရားပန်းလဲခြင်း၊ ဆွမ်း၊ ရေချမ်း၊ ဆီမီး လဲခြင်း၊ ကပ်ခြင်း အလုပ်တို့ကို အခြားငယ်သော ကလေးများအား ခိုင်းပါသည်။ နေ့စဉ် လုပ်ကိုင်နေရသဖြင့် ကျွန်တော့်မှာ ငြီးငွေ့လာပါသည်။



နံနက် အိပ်ရာမှထလျှင် ခေါင်းထဲ၌ အတွေးရောက်ရောက်လာပါသည်။

''ငါ ကျောင်းရောက်ရင် ဒီ အလုပ်တွေပဲ လုပ်နေရတာပဲ''

ဤအတွေးကြောင့် ကြာလာသော် ကျွန်တော်သည် ကျောင်းပြေးချင်လာသည်။ ဆရာတော်က ကျောင်းပြေးလျှင် ကြိမ်ဖြင့် သုံးချက်တိတိရိုက်သည်။ ကြိမ်ဒဏ်မှာ ပြင်း၍ ကျောင်းမပြေးရဲကြပါ။ သို့သော် ကျွန်တော်၏ရင်ထဲမှ ခံစားမှုက ကြိမ်ဒဏ်ထက် ပြင်းထန်နေခဲ့သည်။

''ငါ့အမေက အကြော်ရောင်းရတယ်၊ စံလုတို့ စံမြတို့ကျတော့ ရွာလူကြီးသားတွေမို့ ကြီးကြီးမားမား တာဝန်မယူရဘူး၊ ဆရာတော်က ငါ့ကို ဆင်းရဲလို့ နှိမ်တာကိုး''

ထိုသို့ တစ်ယူသန်စိတ်ဖြင့် ရင်ထဲစွဲနေခဲ့တော့သည်။

''ဟဲ့.....စံလု''

''ဘုရား''

''နင့်သူငယ်ချင်း ဖိုးဖျော် မလာပါလား၊ ဒီနေ့ဆို နှစ်ရက်ရှိပြီ''

''မှန်ပါ၊ တပည့်တော်တို့လည်း ဘာကြောင့် မလာသလဲ ဆိုတာ မသိပါဘုရား''

"တယ်.... ဒီကောင်၊ စာတော်ရဲ့သား နဲ့၊ နောင်ခါ

www.burmeseclassic.com



စတုတ္ထတန်းအောင်ရင် ရှာလယ်ကျောင်းကို ပို့ရတော့မှာ''

''မှန်ပါ၊ သူက ဉာဏ်ကောင်းပါတယ် ဘုရား၊ တပည့်တော်တို့ကို သင်္ချာမရရင် သူပဲပြပေးတာပါ''

''အေးကွဲ့၊ ညနေကျရင် မင်းတို့တစ်တွေ သူ့အမေဆီသွားပြီး မေးစမ်းကွာ''

ဆရာတော်မှာ ဖိုးဖျော်မလာ၍ စိတ်မကောင်းဖြစ်နေပုံရသည်။ ညနေကျောင်းဆင်းချိန်၌ ရွာထိပ်မှ အကြော်တဲဆီသို့ စံလှနှင့်စံမြတို့ ရောက်ခဲ့ကြသည်။

''ကြီးတော် အေးလှ၊ ဖိုးဖျော်ကျောင်းကိုမလာတာ နှစ်ရက်ရှိပြီ၊ ဆရာတော်က မေးခိုင်းလိုက်လို့ပါ''

''ဟယ်...သူနေ့တိုင်း ကျောင်းသွားပါတယ်''

''ဟင်.....''

စံလှနှင့် စံမြမှာ ဘုန်းကြီးကျောင်း၌ ဖိုးဖျော် စာလာမသင်ကြောင်းပြောရာ မိခင်ဖြစ်သူ ဒေါ်အေးလှမှာ ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။

''ဖြစ်မှဖြစ်ရလေ၊ သူနေ့တိုင်း လွယ်အိတ်ကလေးလွယ်ပြီး သွားတာပဲ၊ ဘယ်များလည်ပတ်နေပါလိမ့်''

စံလှနှင့်စံမြမှာ ဖိုးဖျော်တစ်ယောက် ကျောင်းပြေးမှန်းသိ၍

**ဘဝခရီးတစ်လျှောက်၌
အလုပ်မျိုးစုံတွင်
ကျင်လည်ရင်း
နောက်ဆုံးတွင်
အရက်ဆိုင်တစ်ဆိုင်၌ဝင်၍
လုပ်ကိုင်နေပေသည်။
ငယ်စဉ်က
ဆရာတော် မှာကြားခဲ့သော
စကားနှစ်ခွန်းကို**

ဆရာတော်အား အမှန်အတိုင်းတင်လျှောက်ရန် မဝံ့မရဲဖြစ်နေကြ၏။

သို့သော် ဆရာတော်က မုသာဝါဒကံအကြောင်း ဆိုဆုံးမထား၍ မလိမ်ရဲကြဘဲ အမှန်အတိုင်း တင်လျှောက်ကြလေသည်။

နောက်ရက်များ၌ ဖိုးဖျော်မှာ လုံးဝကျောင်းသို့မလာတော့ဘဲ မြို့ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ စားပွဲထိုးလုပ်နေပြီဖြစ်ကြောင်းကို ကြားသိရတော့သည်။

♛♛♛♛♛

အချိန်တို့သည် တရွေ့ရွေ့ ကုန်ဆုံးဘိသကဲ့သို့ ဖိုးဖျော်၏ အရွယ်သည်လည်း ကြီးရင့်လာခဲ့ပြီဖြစ်သည်။

ဘဝခရီးတစ်လျှောက်၌ အလုပ်မျိုးစုံတွင် ကျင်လည်ရင်း နောက်ဆုံးတွင် အရက်ဆိုင်တစ်ဆိုင်၌ဝင်၍ လုပ်ကိုင်နေပေသည်။ ငယ်စဉ်က ဆရာတော် မှာကြားခဲ့သော စကားနှစ်ခွန်းကို အမြဲတမ်း သတိရနေမိသည်။

''အသေဝနာစ ဗာလာနံ လူမိုက်၊ ပညာမဲ့သူတို့နှင့် မှီဝဲဆည်းကပ်နေခြင်းသည် မိမိပါ အကျိုးမဲ့ကာ လူမိုက်ဖြစ်စေ၏''

''ပဏ္ဍိတာနဉ္စ သေဝနာ ပညာရှိ သူတော်ကောင်းနှင့် မှီဝဲဆည်းကပ်ခြင်းဖြင့် အကျိုးရှိခြင်း၊ တိုးတက်ခြင်း၊ အသိတရားကြွယ်ဝခြင်းတို့ဖြင့် မိမိပါ ပညာရှိသူတော်ကောင်းဖြစ်နိုင်၏''

၃၈ ဖြာမင်္ဂလာတရားတော်ကို ခေါင်းထဲ၌ စွဲမှတ်နေမိသည်။ သို့သော် ယခုအခါ အရက်သမား၊ လူရမ်းကားတို့အလယ် မိမိဘဝကို ကျင်လည်နေရပေသည်။

ရွာလူကြီး၏သားငယ်လေး စံလှမှာ ဖိုးဖျော်ကို အလွန်ခင်မင်ခဲ့သည်။

ငယ်စဉ်ကလေးဘဝကတည်းက အစ်ကိုကြီး စံမြမှလွဲလျှင် ဖိုး



www.burmeseclassic.com

www.burmeseclassic.com

ဖျော်ကို အခင်မင်ဆုံးဖြစ်သည်။ ခုံညင်းဒိုး ကစားရာ၌ ဖိုးဖျော်က ညစ်၍ကစားတိုင်း စံလှက ဖိုးဖျော်ဘက်မှ ရပ်တည်ပေး စမြဲပင်ဖြစ်သည်။

စံလှက သူ့အားခင်မင်သူဖြစ်ကြောင်းကိုလည်း ဖိုးဖျော်က လက်ခံခဲ့သည်။ တစ်နေ့တွင် မြို့၌ဈေး လာဝယ်သော စံလှနှင့် ဖိုးဖျော်တို့ ဆုံမိကြသည်။

"ဟယ်..... ဖိုးဖျော်"

"ဟာ.....စံလှ"

"ဖိုးဖျော်၊ မင်း ပျောက်ချက် သား ကောင်းလိုက်တာ၊ ဘာလုပ် နေသလဲ ကွ"

"အခု ငါက အရက်ဆိုင်မှာ စားပွဲထိုး လုပ်နေတာကွ"

"အဆင်ပြေရဲ့ လားကွာ"

"ပြေပါတယ်ကွာ၊ ဆရာတော်တော့ မသိပါစေနဲ့ကွာ"

"အေးပါ၊ အဆင်ပြေရင်ပြီးတာပဲ၊ အရက်တော့ မသောက်နဲ့နော်"

"အေးပါကွာ၊ ငါ မုဆိုးနားနီး မုဆိုးမဖြစ်အောင် နေပါတယ်ကွာ၊ မင်းရော မြို့ကို ဘာလာလုပ်တာလဲ"

"ငါက တစ်ပတ်တစ်ခါလောက် ရောက်တယ်၊ ဟာလာစက်လေး တည်ထားတယ်၊ စပါးအရောင်း၊ ဆန်အရောင်း၊ စက်ပစ္စည်းအဝယ်ကိစ္စနဲ့ ခဏခဏလာတယ်"



"ငါ့ဆိုင်ကို လာခဲ့လေကွာ၊ ကမ်းနားက မျိုးစားသောက်ဆိုင်လေကွာ"

"အေး၊ အဲဒီဆိုင်ကို ငါ တစ်ခါတလေ ရောက်တတ်တယ်၊ မင်းနဲ့မတွေ့ဘူးကွ"

"ငါက အရင်လကမှစပြီး ဝင်လုပ်တာ၊ လာခဲ့ကွာ"

"အေး.....အေး"

သို့ဖြင့် မြို့သို့ရောက်တိုင်း ဖိုးဖျော်ဆီသို့ စံလှမှာ ရောက်လာ တတ်သည်။

ငွေရှင်ချိန် အသောက်အစားလေးများ ပါလာတတ်၍ နှစ်ဦးသား အပျော်သဘောသောက်ကြရင်းမကြာခဏ ဆုံဖြစ်ကြသည်။

ဆုံတွေ့ကြတိုင်း သောက်ဖြစ်ကြသည်။ ကြာသော် စံလှရော၊ ဖိုးဖျော်ပါအရက်နှင့်အမြည်းမျိုးစုံကို ကြိုက်တတ်



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

"ဖိုးဖျော်ရာ မင်း အဖေ့ရဲ့ လယ်မှာ လာလုပ်ပါကွာ၊ ဒီမြို့က ပြန်ခဲ့ကွာ''


ဖိုးဖျော်၏ဘဝကို သနားလာ၍ ရွာသို့ပြန်ရန် ဆွဲဆောင်တိုက်တွန်းခဲ့၏။ သို့သော် မကြာမီ သူငယ်ချင်းဖြစ်သူ၏စကားမှာ အောင်မြင်လာသည်။

ဖိုးဖျော်မှာ မိခင်အိုကြီးနှင့်မကွဲမကွာရွာ၌ပင် အလုပ်လုပ်ရင်း စံလှတို့ အဖေ၏ လယ်၌ လုပ်ကိုင်နေရပြန်သည်။ နှစ်နှစ်ခန့်လုပ်ပြီး မြို့သို့ ပြန်ပြေးလေတော့သည်။

"တောက်.....ဒီကောင် ချေး တောမှာပဲ ပျော်တဲ့ကောင်''

စံလှ၏ဖခင်ကြီးက ဖိုးဖျော် အလုပ်မလုပ်တော့သည်ကို စိတ်မကောင်းဖြစ်ခဲ့မိ၏။ သို့သော် ဖိုးဖျော်၏အကြောင်းကို သိပြီးဖြစ်၍ နားလည်ခွင့်လွှတ်လိုက်သည်။ ဖိုးဖျော်မှာ ၎င်းပျော်ပိုက်ရာ 'မျိုး'စားသောက်ဆိုင်၌ပင် ကျက်စားနေပေတော့သည်။

♛♛♛♛♛



ကာလကြာရှည်သောအခါ ဖိုးဖျော်မှာ ရွာမှစံလှ၏သတင်းဆိုးကို ကြားလိုက်ရ၍ သူ့နားပင် သူမယုံနိုင် ဖြစ်ရသည်။

"စံလှဆိုတဲ့ကောင် စီးပွားတွေ ပျက်၊ ဘဝတွေပျက်ပြီး သူ့အဖေရဲ့ ရွှေနဲ့ငွေတွေခိုးပြီး ထွက်ပြေးလို့ သူ့အဖေကိုယ်တိုင် လိုက်ရှာနေတယ်၊ ရဲစခန်းမှာလည်း အမှုဖွင့်ထားတယ်တဲ့ကွ''

"ဗျာ.....''

ဖိုးဖျော်မှ နွေရာသီခေါင်ခေါင် မိုးကြိုးပစ်လိုက်သံကို ကြားလိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။

"ဘယ်လိုဖြစ်ရတာလဲ သူငယ်ချင်းရယ်''

ထိုသတင်းဆိုးကြောင့် ဖိုးဖျော်မှာ အိပ်မရနိုင်ပေ။ သူ့ကို သတိပေး ဆုံးမခဲ့သောသူမှာ ယခုတော့ သူကိုယ်တိုင် အရက်သမားဖြစ်ကာ ဘဝပျက်ခဲ့ရပေပြီ။ သူ့ကို ဆိုင်ပိုင်ရှင်က ဆိုဆုံးမခြင်း၊ ရွာ၌ လယ်ပြန်လုပ်စဉ် ဆရာတော်က ဆုံးမခြင်း၊ လယ်ရှင်ကြီးက ဆုံးမခြင်းတို့ကြောင့် အရက်ကို လုံးဝရှောင်ရှားခဲ့၏။

အရက်ဆိုင်၌ လုပ်နေသော် လည်း လုံးဝမသောက်တော့ဘဲ ကောင်းမွန်စွာ အလုပ်ကို ကြိုးစား လုပ်ခဲ့သည်။ ထို့ကြောင့် လည်း ဆိုင်ရှင်က မန်နေဂျာအဆင့်ပင် တိုးမြှင့်ခန့်ထားခြင်း ခံခဲ့ရပေသည်။ ဖိုးဖျော်မှာ ရာထူးတက်ခဲ့သော်လည်း မိခင်ကြီးဆုံးပါးခဲ့၍ ယူကျုံးမရဖြစ်ခဲ့ရသည်။ တစ်ကောင်ကြွက်ဘဝဖြင့် ဘဝကိုရပ်တည်ရင်း သူ၏စိတ်အား အရာရာ ပြောင်းလဲခဲ့ပေသည်။

တစ်ညသောအချိန် ဆိုင်ကို သိမ်း၍ တံခါးပိတ်ကာနီးအချိန်၌ လူတစ်ဦး ချဉ်းကပ်လာသည်။

"ဖိုးဖျော် ဟေ့.....ဖိုးဖျော်''



www.burmeseclassic.com

www.burmeseclassic.com

"ဟင်...စံလှ၊ စံလှပါလား"

"တိုးတိုးပြောပါကွ၊ မီးမှိတ်လိုက်ကွာ၊ ဒါမှမဟုတ် တံခါးအမြန်ပိတ်"

ဖိုးဖျော်မှာ ဆိုင်တံခါးကို အမြန်ပိတ်ပြီး မီးလုံးလေးတစ်လုံးသာ ဖွင့်ထားလိုက်သည်။

"ဖိုးဖျော် ငါဒုက္ခရောက်နေတာ မင်းကြားမှာပါ"

"အေး.....ကြားပါတယ်"

"မင်း ငါ့ကို ကူညီဖို့ပါကွာ"

"ဘာကူညီရမလဲ"

"ငါ့ပစ္စည်းတွေ မင်းဆီထားခဲ့ပါရစေ၊ ငါ ဒီပစ္စည်းတွေနဲ့ဆိုရင် ထောင်ကျမှာ သေချာတယ်၊ ငါ မလုပ်သလိုလိုနဲ့ အဖေ့ကိုလိမ်ပြီး အိမ်ပြန်ချင်တယ်ကွာ"

"ဟာ.....မင်းဟာက မိဘပစ္စည်းတွေဆိုပေမယ့် မသိဘဲ ခိုးလာတဲ့ ခိုးရာပါတွေ၊ ငါပါဒုက္ခရောက်မှာပေါ့ကွာ"

"ငါ့မှာ အချစ်ဆုံးသူငယ်ချင်း အားကိုးစရာဆိုလို့ မင်းပဲရှိတော့တာ၊ မင်းသိမ်းထားပါကွာ၊ ငါ့မိထွေးကလည်း ငါ့ကို ကြည်တာမဟုတ်ဘူး၊ ငါ့အဖေပစ္စည်းဟာ ငါတို့ပစ္စည်းပဲ ဖြစ်ရမှာပေါ့၊ ဒီမိန်းမကြီး အပိုင်စီးတာ မလိုလားဘူးကွာ"

"ဒုက္ခပါပဲကွာ"

"မင်းမကူညီရင် ငါ ဒုက္ခအကြီးအကျယ် ရောက်ရမှာ၊ ကူညီပါ သူငယ်ချင်းရယ်"

ဖိုးဖျော်မှာ ငိုမတတ်ဖြစ်နေသော သူ၏သူငယ်ချင်းကိုကြည့်ပြီး သနားနေမိသည်။

အပြစ်လည်း မတင်ရက်ရှာပေ။ မိထွေးဆိုးနှင့် နေရသူအဖြစ် ငယ်စဉ်ကတည်းက နားလည်ပြီး ဖြစ်သည်။ သို့သော် 'သူ၏ထမင်းရှင် လယ်ပိုင်ရှင်ကြီး'ကိုလည်း အားနာနေမိသည်။

"ကဲကွာ.....ငါ ခဏတော့ သိမ်းပေးထားမယ်၊ မင်းပြန်တော့ လာယူနော်၊ ငါလည်းကြောက်တယ်ကွ"

ထိုသို့ပြောဆိုပြီး ရွှေငွေလက်ဝတ်လက်စား တန်ဖိုးကျပ် ဆယ့်ငါးသိန်းခန့်ကို ဖိုးဖျော်၏လက်ထဲသို့ထည့်ကာ စံလှမှာ ကိုယ်ယောင်ဖျောက်သွားလေတော့သည်။

တုန်ယင်နေသော လက်အစုံဖြင့် ဆယ့်ငါးသိန်းဖိုးရှိ လက်ဝတ်လက်စားထုပ်ကို ကိုင်လိုက်ရင်း မည်သည့်နေရာ၌ လုံခြုံစွာ သိမ်းရမည်ကို တွေးရင်း ရင်လေးနေမိသည်။

"တောက်.....ဒီခွေးကောင်၊ ဖအေရဲ့ပစ္စည်းကို လုပ်ရက်တယ်ကွာ၊ တွေ့လို့ကတော့ သတ်ကိုပစ်မယ်"

စံလှ၏ဖခင်ကြီးမှာ ဓားကြိမ်းကြိမ်းနေသည်။ စံမြမှာ ဖခင်ကြီး

အပြစ်လည်း မတင်ရက်ရှာ ပေ။
မိထွေးဆိုးနှင့် နေရသူအဖြစ် ငယ်စဉ်ကတည်းက နားလည်ပြီးဖြစ်သည်။
သို့သော် သူ၏ထမင်းရှင် လယ်ပိုင်ရှင်ကြီးကိုလည်း

www.burmeseclassic.com

အား နှစ်သိမ့်နေရသည်။

"အဖေရယ် စဉ်းစားပါဦးဗျာ၊ အဖေ့သား ဟုတ်ချင်မှ ဟုတ်မှာ၊ ဒီကောင် မြို့က ဖိုးဖျော်နဲ့ ပေါင်းနေတာ၊ ဖိုးဖျော်ကလည်း ဒီအိမ်မှာ ၂ နှစ်လောက် လုပ်သွားတော့ အိမ်အကြောင်း သိနေတာ၊ သူဖြစ်ချင်ဖြစ်နေမှာ၊ ညီလေးက သူ့ကို ချည်း စွပ်စွဲနေတော့ ကြောက်ပြီး ပြေးတာ ဖြစ်မှာပါ"

"အေး၊ ငါလည်း စဉ်းစားမိသလိုပဲကွ"

ထိုစဉ် အိမ်ထဲသို့ ပွဲစားကိုလူမော် အပြေးအလွှား တက်လာသည်။

"ဗျို့...ဦးကြီးမြ၊ ခင်ဗျားရဲ့ သား စံလှကို အချုပ်မှာ ချုပ်ထားပြီဗျို"

"ဟေ...သူ...သူ့ကို မိပြီလား"

မြို့သို့ ဦးကြီးမြနှင့် စံမြတို့ တက်သွားကြသည်။ ရဲစခန်းသို့ ရောက်သောအခါ အချုပ်ခန်းထဲ၌ စံလှကို မျက်နှာငယ်လေးဖြင့်တွေ့ ရတော့သည်။

"အဖေရာ အဖေ သားကို ရက်စက်လိုက်တာဗျာ၊ သားမယူဘဲနဲ့ သားကို စွပ်စွဲချက်နဲ့ အချုပ်ထဲ ထည့်ရသလားဗျာ"

စံလှမှာ အစ်ကိုနှင့် ဖခင်ကို တွေ့တွေ့ချင်း အသံပြဲကြီးနှင့် ငိုပါတော့သည်။

"ညီလေး မင်း အဖေ့ပစ္စည်းတွေရော"

"အမယ်လေးဗျာ...ကျုပ်မှ မယူဘဲ၊ ခင်ဗျားတို့အိမ်မှာ အဝင်အထွက်က ကျုပ်ချည်းပဲလားဗျာ၊ စဉ်းစားကြပါဦး"

စံလှက ယုတ္တိရှိရှိဟန်ဆောင်ကာ သူမယူကြောင်း ကာကွယ်ငြင်းဆိုရင်း ငို၍သာနေတော့သည်။

ထိုအခါ ဖခင်ဖြစ်သူမှာ သားငယ်အားကြည့်ရင်း ဒေါသများ ပျောက်ကုန်သည်။ သနားစိတ်က ဝင်လာပြန်သည်။

"လူလေးရာ အဖေ့ကိုအမှန်အတိုင်း ပြောစမ်းပါ"

"အဖေရာ ကျွန်တော့်ကို ယုံပါ၊ ကျွန်တော် မယူရပါဘူးဗျာ၊ အဖေ့ဆီ တောင်းသုံးလည်း အဖေက ပေးနေကျပဲဟာ"

အစ်ကိုဖြစ်သူရော၊ အဖေပါ ငိုင်နေကြပြန်သည်။

နောက်တစ်ရက်ခန့်အကြာတွင် ရဲတပ်ဖွဲ့ဝင်များက တိုင်ကြားချက်အရ ဖိုးဖျော်ကိုဖမ်း၍ ရဲစခန်း အချုပ်ခန်းထဲ ထည့်လိုက်ကြ၏။

"မင်းမှာ အထုပ်အထည်နဲ့ မိလာပြီဆိုတော့ မင်းငြင်းဦးမှာလား ဖိုးဖျော်ရာ၊ ကျေးဇူးရှင်ကို ပြစ်မှားရင် မင်း အဝီစိကိုတောင် ရောက်ဦးမှာ"

ဖိုးဖျော်မှာ မည်သို့မျှပြောဆိုခြင်းမရှိ၊ ငြင်းလည်းမငြင်း၊ ခေါင်းလည်းမညိတ်ပေ။ စံလှ၏ဒုက္ခကို ကူညီမိသော သူ့ကိုယ်သူသာ ပြန်လည်၍ အပြစ်တင်နေမိသည်။

စံလှခိုးပါသည်၊ ပစ္စည်းကို လက်ခံမိပါသည်ဟု ပြောရန်ပင် ဝန်လေးနေမိသည်။

ထိုအချိန် စံမြမှာ ဖိုးဖျော်အား ဒေါသမီးလျှံများထွက်နေသော မျက်ဝန်းကြီးဖြင့်ကြည့်ကာ ရက်ရက်စက်စက်ဖြင့် အားမနာတမ်း ပြောလိုက်သည်။

"မင်းက အခြေတကျ လုပ်မစားချင်တဲ့ အကြော်သည်မသားပဲ၊ ကျေးဇူးရှင်ကို သစ္စာဖောက်ပြီး

**ဖိုးဖျော်မှာ**
**မည်သို့မျှပြောဆိုခြင်းမရှိ၊**
**ငြင်းလည်းမငြင်း၊**
**ခေါင်းလည်းမညိတ်ပေ။**
**စံလှ၏ဒုက္ခကို**
**ကူညီမိသော**
**သူ့ကိုယ်သူသာ**
**ပြန်လည်၍....**



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရက်လိုက်တာ၊ မင်းလိုကောင်မျိုး ဘယ်တော့မှ တိုးတက်မှာ မဟုတ်ဘူး၊ အမြဲနိမ့်ကျနေမယ့် အကောင်''

ဖိုးဖျော်မှာ စံမြအား တင်းမာသော မျက်ဝန်းကြီးဖြင့် ပြန်ကြည့်ရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ရင်ထဲ၌ တလုပ်လုပ် တုန်ခါနေသည်။

စံလှကို အကူအညီပေးမိခဲ့သည့် စေတနာတရားကို ဂရုမထား၊ ကိုယ်လွတ်ရန်းကာသူ့၌သာ အပြစ်ရှိသူအဖြစ် ဖန်တီးမှုကို နာကြည်း ရွံ့မုန်းသွားမိသည်။



စံလှကားသူ၏ အပြစ်ကို ထုတ်ဖော် မပြောရဲခဲ့ပေ။ သူငယ်ချင်းကောင်း ဖိုးဖျော် အပေါ် အပြစ်အားလုံးပုံချကာ လူလိမ္မာကြီး အဖြစ် ဖခင်ရှေ့၌ နေပြနေသည်။

''အဖေရာ ပစ္စည်းတွေလည်း ပြန်ရပြီပဲ၊ ဖိုးဖျော်ကို လွှတ်ပေးလိုက်ပါဗျာ၊ သူ့အနေနဲ့ ဆင်းရဲလွန်းလို့ လုပ်တာပဲ၊ သူ့ကျေးဇူးလည်း ရှိခဲ့ဖူးသားပဲ၊ အဖေတို့က သူ့ကိုယုံပြီး အိမ်မှာ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်နိုင်ခဲ့တာကိုး၊ ကိုယ့်ရွာက ကလေးပဲ အဖေရယ်၊ သားသူငယ်ချင်းလည်း ဖြစ်နေတော့ သူ့ကို ထောင်ကျမှာ မလိုလားဘူး''

ထိုသို့ ဖိုးဖျော်အတွက် အသနားခံ တင်ပြလိုက်ပြီး စံလှမှာ သူငယ်ချင်းကောင်းကြီးလိုလို ဟန်လုပ်၍ ဖခင်အား ကျေအေးခိုင်းလိုက်သည်။ အမှန်တကယ်လည်း သူ၏အပြစ်ကိုမဖော်ဘဲ ခေါင်းငုံခံရတော့မည့် ဖိုးဖျော်ကို ထောင်ကျမှာ စိုးရိမ်နေသည်။

ဖိုးဖျော်၏ သူငယ်ချင်းပီသပုံကိုလည်း သိရှိနားလည်သွားသည်။ ထို့ကြောင့် ဖခင်ကြီးမှာ ဖိုးဖျော်အား ကျေအေးကာ အမှုပိတ်ပေးလိုက်သည်။

အချုပ်မှထွက်ပြီး အလုပ်ပြုတ်သွားသော ဖိုးဖျော်မှာ ဘဝလည်းပျက်၊ နာမည်လည်းပျက်ကာ ထိုမြို့၊ ထိုရွာပတ်ဝန်းကျင်မှ အဝေးသို့ ပြေးထွက်ခဲ့တော့သည်။

♛♛♛♛♛

နောက်တစ်နှစ်ခန့်အကြာ စံလှနှင့် စံမြ ညီအစ်ကိုနှစ်ဦးမှာ စပါးရောင်းပြီး မြို့မှအပြန် တောလမ်းချိုးပတ်အတွင်း အသတ်ခံရကြောင်း၊ ငွေများလည်းပါသွားကြောင်း သတင်းရရှိလေတော့၏။

နှစ်လောင်းပြိုင်လူသတ်မှုကြီး အပြီး မိုးရာသီ၏ လမိုက်ညတစ်ညတွင် စံလှတို့ဖခင်ကြီး၏အိမ်ကို ဓားပြဝင်တိုက် ပြန်သည်။ ဓားပြအဖွဲ့ကို ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ရွာလုံခြုံရေးကင်း သမားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းမိ၍ ဓားပြခေါင်းဆောင်ကို သေနတ် ဒဏ်ရာဖြင့် ဖမ်းမိခဲ့လေသည်။

''ဓားပြခေါင်းဆောင်က ဖိုး

www.burmeseclassic.com




ကိုး''

စခန်းမှူးက ဓားပြခေါင်းဆောင်ကိုကြည့်ရင်း မှတ်မိသွားလေသည်။

''ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ ဆင်းရဲသားပါ၊ ဆင်းရဲတိုင်း စိတ်ဓာတ်အောက်တန်းမကျခဲ့ပါဘူး၊ ဒါပေမဲ့ သူတို့သားအဖ သုံးဦးက ကျွန်တော့်ဘဝ၊ ကျွန်တော့်စိတ်ဓာတ်ကို ပြောင်းလဲပစ်ခဲ့ ကြတယ်၊ မဟုတ်ရင် မခံချင်၊ နိမ်ရင် မခံချင်တဲ့ ကျွန်တော့် စိတ်ကို နှိုးဆွခဲ့ကြလို့ ကျွန်တော့်လို လူရိုး လူကောင်းတစ်ဦးဟာ လမ်းမှား ရောက်ခဲ့ရပါတယ်၊ သစ္စာတရားကို ရိုကျိုးခဲ့ပေမယ့် သစ္စာဖောက်ခံရလို့ နာကြည်းမိပါတယ်၊ကျွန်တော့်ဘဝကို အရောင်ဆိုးခဲ့တဲ့ သားအဖသုံးဦးကို ကျွန်တော် တုံ့ပြန်လက်စား ချေခဲ့ပါတယ်၊ ကျွန်တော် မှားပါတယ်၊ ဒါပေမဲ့ ကျွန်တော် ကျေနပ်တယ်''

''ဟား.....မင်းမှားတာပေါ့ကွာ၊ စံလုပ်ဟာ အသိတရားရပြီး မင်းကို ကူညီခဲ့လို့ မင်း ထောင်မကျခဲ့သလို ဖခင်ဖြစ်သူက ကျေအေးပေးခဲ့တာပဲ၊ နောက်ပြီး မင်းသူငယ်ချင်းရဲ့အစ်ကို စံမြကလည်း လတ်တလော သူတို့စည်းစိမ်ဥစ္စာကို သူငယ်ချင်းဖြစ်ပါလျက်နဲ့ မင်းခိုးပါတယ်လို့ အထုပ်အထည်နဲ့မိလို့ ခေတ္တခဏတော့စိတ်ဆိုးမှာပဲ၊ မင်းက သူတို့စိတ်ထဲ ဝင်မကြည့်ဘဲ မင်းစိတ်နဲ့မင်းခံစားခဲ့တာကိုး၊ မင်းရဲ့ အတ္တမာနကြီးမှုကြောင့် လူနှစ်ဦး အသက်ဆုံးရှုံးခဲ့တယ်၊ မင်းက သူတစ်ပါးပစ္စည်းကို ထပ်မံပြီး ဓားပြတိုက်ပြန်တယ်၊ ဒီပြစ်မှုတွေဟာ ကြီးမားလွန်းလှပါတယ်၊ မင်းဘာသာမင်း လူရိုးလူကောင်းလို့ ထင်ခဲ့တဲ့စိတ်ဟာ ထာဝရတည်မြဲနေခဲ့ မယ်ဆိုရင် မင်းဟာ လူဆိုးလူမိုက်ကြီး ဖြစ်မလာဘူး၊ ခုတော့ မင်းရဲ့ ပြစ်မှုအတွက် မင်းခံရတော့မယ်၊ မင်းသေဆုံးပြီးရင် ဖိုးဖျော်ဟာ လူကောင်းလေးပါဆိုတာထက် လူသတ်သမားပါဆိုတဲ့ နာမည်ဆိုးက လူ့ရပ်ခွင်မှာ ထင်ရှားနေတော့မှာပေါ့''



စခန်းမှူး၏ စကားအဆုံး၌ လူသတ်ဓားပြခေါင်းဆောင် ဖိုးဖျော်မှာ လက်မှိုင်ချကာ တွေတွေကြီးလုပ်ရင်း ယောကျ်ားရင့်မကြီး ဖြစ်ပါလျက် မျက်ရည်များက စီးကျလာတော့သတည်း။

**ခင်ဦး (ပုတီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာကျော်မင်းသား လီယိုနာဒိုမှာ အသက်ကြီးလို့ မော်ဒယ်လ်မလေး၏ ငြင်းပယ်ခြင်းခံလိုက်ရမှု

ကမ္ဘာကျော် စူပါမော်ဒယ်လ် လေးများ၏ တမ်းတမ်းစွဲချစ်ခင်မှုကို ရရှိခဲ့သူ မင်းသား လီယိုနာဒိုဒီကာ ပရီယိုသည် ယခုတစ်ကြိမ်တွင် စူပါ မော်ဒယ်လ် ကာရာဒယ်လီ ဝင်နီ၏ငြင်းပယ်မှုကို ခံလိုက်ရ လေသည်။

ပျိုတိုင်းကြိုက်သည့် မင်းသား လီယိုနာဒိုက မော်ဒယ်လ် ကာရာ ကို ချဉ်းကပ်ရန် အသည်းအသန် ကြိုးပမ်းခဲ့သော်လည်း ကာရာက ငြင်းပယ်လိုက်သည်။

ကာရာ၏ငြင်းပယ်မှုအတွက် တစ်ကမ္ဘာလုံးတွင်ရှိသော လီယိုနာ ဒို၏ မိန်းကလေးပရိသတ်များက အံ့သြမည်ဖြစ်သော်လည်း ကာရာ ၏ငြင်းပယ်မှုမှာ ခိုင်ခိုင်လုံလုံ ရှိနေ ခဲ့သည်။

ကာရာက လီယိုနာဒိုအား အမိကငြင်းပယ်ရသည့် အကြောင်း ရင်းမှာ လီယိုနာဒိုသည် သူမထက် အသက် (၁၈)နှစ် ကြီးသောကြောင့် ဖြစ်ကြောင်း သူမထက် အသက် ကြီးသူကို မနှစ်သက်ကြောင်း ကာ ရာက ပြောကြားခဲ့သည်ဆို၏။

**ဆောင်းဝေဟာမန်**

Ref: International News






www.burmeseclassic.com

www.burmeseclassic.com

 နိုင်ငံတကာသတင်း

# ဗိုက်ဆာလွန်းလို့ ဝက်နံရိုးခိုးစားမိသူတစ်ဦး

## ထောင်ဒဏ်နှစ် (၅၀) ကျခံရမည်ဟု သိရ



အမေရိကန်ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ်တွင် ဝီလီစမစ် ဆိုသူ အမျိုးသားတစ်ဦးသည် ဆာလောင်မှုဒဏ်ကြောင့် ကုန်စုံဆိုင်တစ်ဆိုင်မှ ဝက်နံရိုးတစ်ချောင်းကို ခိုးယူမိခဲ့သဖြင့် ထောင်ဒဏ် နှစ် (၅၀)ချမှတ်ခံရကြောင်း သိရသည်။

၎င်းအမျိုးသားသည် ၃၅ ဒေါ်လာတန် ဝက်နံရိုးတစ်ချောင်းကို ခိုးယူခဲ့ခြင်းဖြစ်သော်လည်း လုယက်မှုဖြင့် စွဲချက်တင်ခံရခြင်းဖြစ်သည်။ အသက် (၄၃)နှစ်အရွယ် ဝီလီစမစ်အား ဆိုင်မှအမျိုးသမီးအလုပ်သမားက သူမအား ဓားဖြင့် ခြိမ်းခြောက်ခဲ့သည်ဟု တိုင်တန်းခဲ့၍ ရဲတပ်ဖွဲ့က ထိုသို့စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

စမစ်အနေဖြင့် အာမခံလျှောက်ထားခွင့်မရဘဲ အနည်းဆုံး ထောင်ဒဏ် (၁၂)နှစ်ခွဲကျခံရမည် ဖြစ်သည်။

**ဆောင်းဟေမန်**

Ref: International News

www.burmeseclassic.com





# အလှမက်စွာ ပြုပြင်ခဲ့လို့ ဘာဘီရုပ်နဲ့တူသော မိန်းကလေး

ယူကရိန်းနိုင်ငံတွင် ဗာလီရီယာဆိုသူ အမျိုးသမီးငယ်လေးသည် အခြားမိန်းကလေးများနှင့်မတူဘဲ ဘာဘီကော်ပတ်ရုပ်လေးကဲ့သို့ လှပနေကြောင်း နာမည်ကြီးလျက်ရှိသည်။

အသက် ၂၁ နှစ်သာရှိသေးသည့် သူမ၏ ရွှေအိုရောင်ဆံပင်နှင့် အရုပ်ကဲ့သို့ ခန္ဓာကိုယ်အချိုးအစားရှိမှုများကြောင့် သူမကို ဘာဘီရုပ်သက်ရှိလူသားဟု ခေါ်ဆိုကြသည်။ သို့သော် သူမ၏ ပင်ကိုအချိုးအစားမှာ ဘာဘီရုပ်နှင့် လုံးဝမတူချေ။ အရုပ်နှင့်တူရန်အတွက် ဗလတ်စတစ်ဆာဂျရီ ခွဲစိတ်ပြုပြင်မှုပေါင်းများစွာကို ခံယူခဲ့ရသည်ဆို၏။

ဘာဘီရုပ်နှင့်တူရန်အတွက် ခါးသေးရန် နံရိုးတချို့ကို ခွဲစိတ်ဖယ်ထုတ်ရသည်ဖြစ်ပြီး ရင်သား၊ မျက်နှာပြုပြင်မှု စသည့်များစွာသော ခွဲစိတ်မှုများကို ပြုလုပ်ပြီးမှသာ ဘာဘီရုပ်နှင့် တူလာခြင်းဖြစ်သည်။

အသက် ၂၁ နှစ်သာရှိသည့် မိန်းကလေးငယ်အတွက် ထိုသို့ ခွဲစိတ်ပြုပြင်မှုများသည် အသက်အရွယ် ကြီးလာသည်နှင့်အမျှ ကြီးလာသော ခန္ဓာကိုယ်အစိတ်အပိုင်းများအတွက် အလွန်အန္တရာယ်များကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: Interesting News

-28/5/2013



www.burmeseclassic.com

www.burmeseclassic.com



# သားဖွားဝေဒနာကို အမျိုးသားများလည်း ခံစားနိုင်ပြီ

အမျိုးသမီးများ သားဖွားချိန်တွင် တွေ့ကြုံခံစားရသော နာကျင်မှုကို ကိုယ်တိုင်ခံစားကြည့်လိုသည့် အမေရိကန်ပြည်ထောင်စုမှ အမျိုးသားနှစ်ဦးသည် မိခင်များနေ့တွင် သားဖွားမီးယပ်ပါရဂူ ဒေါက်တာ ဂျူလီမာတာနှင့် ဆက်သွယ်၍ ကွန်ပျူတာလှုံ့ဆော်မှုကို ခံယူကာ အမျိုးသမီးများ ခံစားရသည့် ဝေဒနာကို ခံစားခဲ့ကြသည်။

ပထမဆုံးအနေဖြင့် ၎င်းတို့၏ ဝမ်းဗိုက်ပေါ်၌ လျှပ်ခေါင်းများတပ်ဆင်ကာ သားဖွားမှုဝေဒနာအဆင့်များအနက် ဒုတိယနှင့် တတိယ နာကျင်မှုအဆင့်ကို ထိုအမျိုးသားနှစ်ဦးက ကိုယ်တွေ့ခံစားခဲ့ကြသည်။ ၎င်းအဆင့်တွင် အမျိုးသားနှစ်ဦးသည် နေမထိ ထိုင်မသာဖြစ်ကာ လူးလွန့်ပြီး အသက်ရှူသံမှာလည်း မြန်လာခဲ့သည်ဟု သိရသည်။

ထို့နောက် နာကျင်မှု ပိုမိုပြင်းထန်လာကာ အမျိုးသားများသည် လူးလွန့်နေသည့်အဆင့်မှ ညည်းညူသည့်အဆင့်သို့ ပြောင်းသွားခဲ့သည်။

နာကျင်မှုဝေဒနာကို နှစ်နာရီကြာ ခံစားခဲ့ပြီးနောက်တွင် ၎င်းတို့၏ ဇနီးဖြစ်သူ သားဖွားဝေဒနာကို မည်ကဲ့သို့ ဖြေဖျောက်ပေးရမည်ကို မစဉ်းစားနိုင်တော့ကြောင်း စမ်းသပ်ခံတစ်ဦးက ပြောကြားခဲ့သည်။

**ဆောင်းဟေမန်**

Ref: International News





www.burmeseclassic.com

www.burmeseclassic.com





# ဟူစတန်မြို့ရှိလေဆိပ်တွင် သေနတ်ဖြင့်ရမ်းကားပစ်ခတ်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ၊ ဟူစတန်မြို့ရှိ လေဆိပ်တစ်ခုတွင် လူတစ်ဦးက သေနတ်ဖြင့် ရမ်းကားပစ်ခတ် ပြီးနောက် လုံခြုံရေးအစောင့်တစ်ဦး၏ရှေ့တွင် မိမိကိုယ်ကိုမိမိ အဆုံးစီရင်သွားကြောင်း သိရသည်။

လက်မှတ်ဝယ်ယူသည့်ဧရိယာအတွင်းသို့ သေနတ်ဖြင့်ပစ်ခတ်သည့်လူသည် ဥပဒေဘက်တော်သား အရာရှိတစ်ဦးနှင့် စကားပြောနေရင်း မိမိကိုယ်ကိုမိမိ သတ်သေသွားခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်ကြောင့် လူပေါင်းများစွာတို့မှာ လေဆိပ်ဥမင်မှ ကြောက်လန့်တကြား အော်ဟစ်ထွက်ပြေးခဲ့ကြသည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ရဲများက စုံစမ်းနေဆဲဖြစ်ကာ သေဆုံးသူ တရားခံသည် အသက် (၃၀)အရွယ် ကာနဲလ် မောရ်ဆိုသူဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: International News;23-5-13



www.burmeseclassic.com

Black

www.burmeseclassic.com



www.burmeseclassic.com



# မုန်း

● အောင်ကျော်ဇေ

ယခင်လမှအဆက် (ဇာတ်သိမ်း)

## ပြီးခဲ့သည့်လမှ ဇာတ်လမ်းအကျဉ်း

နာမည်ကြီးသရုပ်ဆောင်မင်းသမီးကြီး၏သမီး မုန်းမှာ သူမ၏မိခင်နှင့် ရုပ်ချင်းတူသဖြင့် လူတိုင်းက စိတ်ဝင်စားကြသည်။ မုန်းနှင့်လက်ထပ်လိုသူမရှိ။ မုန်းကို ကျိန်စာသင့်အမျိုးသမီးဟု ယုံကြည်နေကြသည်။ မုန်းကို ၎င်း၏မိခင်က မကောင်းဆိုးဝါးကိုယ်စားလှယ်အဖြစ် ရှုမြင်၍ ပစ်ပယ်ထားခြင်းခံနေရသည်။

မုန်းနှင့်လက်ထပ်ရန် စီစဉ်သူတိုင်း သေဆုံးခြင်း။ ယာဉ်တိုက်ခံရခြင်း ကြုံကြရသည်။ မုန်းက လက်ထပ်လိုသူထံမှ အိမ်ခန်းများကို သမအမည်ပေါက်ဖြင့် ရရှိခဲ့သည်။ လက်ထပ်ရက် ရွေးချယ်ပြီး ချိန်၌ သတို့သားလောင်းမှာ သေဆုံးခြင်း။ ဒုက္ခိတဖြစ်ခြင်း ကြုံရလေ့ရှိသည်။

သို့ဖြစ်၍ ယောကျ်ားသားတိုင်းက ရှောင်သည်။ မုန်းနှင့်အိမ်နီးချင်းဖြစ်သူ မင်းသွေး၏ မိတ်ဆက်ပေးမှုကြောင့် ထက်ဇော်ထွေးမှာ စိတ်ဝင်စားရာမှ ချစ်သူများဖြစ်ခဲ့ကြသည်။ ထက်ဇော်ထွေးကို မုန်းက အမှန်တကယ်ချစ်ခဲ့မိ၍ လက်မထပ်ရန် သတိပေးသည်။ ထက်ဇော်ထွေးက လက်မခံ။ သူတို့နှစ်ဦး ချိန်းတွေ့စဉ် မုန်းအလုပ်လုပ်နေသော စတိုးဆိုင်ပိုင်ရှင် စိုင်းဝဏ္ဏနှင့် မိသားစုများက တွေ့သွားရာမှ ထက်ဇော်ထွေးနှင့် ရင်းနှီးသွားခဲ့သည်။ စိုင်းသီဟမှာ စိုင်းဝဏ္ဏ၏ညီဖြစ်ကြောင်း၊ မုန်း၏ပြောပြချက်အရ သိခဲ့ရ၏။

(ယခုလဇာတ်လမ်းကို ဆက်လက်ဖတ်ရှုပါရန်.....)



www.burmeseclassic.com

www.burmeseclassic.com






# မုန်း

အောင်ကျော်ဇော

"မုန်း....."

စတိုးဆိုင်တွင် စိုင်းဝဏ္ဏ မရှိ။ အစ်ကိုဖြစ်သူကိုယ်စား တာဝန်ယူထားရသော စိုင်းသီဟက မုန်းကို သူ့ရုံးခန်းထဲသို့ ခေါ်တွေ့သည်။

"ကိုစိုင်းခေါ်တယ်ဆိုလို့"

"ဟုတ်တယ်၊ အစ်ကို မနေ့ညက အိမ်အပြန်မှာ ပြောပြလို့ပါ၊ ကိုထက်ဇော်ထွေးနဲ့ မုန်းတို့ကို ချစ်သူတွေအဖြစ် တွေ့ခဲ့ရတယ်လို့ဆိုတယ်"

"ကျွန်မ မငြင်းပါဘူး ကိုစိုင်း"

စိုင်းသီဟက ခေါင်းညိတ်ပြရင်း ပြုံးလိုက်၏။

"မုန်းဘက်က ဘယ်အထိ မျှော်လင့်ထားသလဲ"

"အိမ်ထောင်ပြုမယ်လို့ ညှိနှိုင်းထားပါတယ်"

"အဲဒီ ကိုထက်ဇော်ထွေးက ဘာလုပ်သလဲ"

"စီးပွားရေးလုပ်ငန်းနယ်ပယ်ထဲက အတတ်ပညာရှင်တစ်ဦးပါ"

"ကိုစိုင်း မုန်းအတွက် ဘာလုပ်ပေးရမလဲ"

"ကျိန်စာသင့်နေတဲ့ မိန်းကလေးလို့ အထင်မှားနေကြတာကို ချေဖျက်ချင်တယ်၊ အဲဒီကိစ္စ ကို စိုင်းသီဟဘက်က ကူညီပါလား"

စိုင်းသီဟက မဲ့ပြုံးပြုံးသည်။

"ကိုသီဟဘက်က မုန်းကို မျှော်လင့်ချက် ပယ်ဖျက်ရမှာပေါ့နော်"

"ကိုသီဟအတွက် နယ်စပ်မြို့မှာနေတဲ့ လုပ်ငန်းရှင်ကြီးရဲ့သမီး ရှိနေသားပဲ၊ မုန်းက အမိဝမ်းထဲက မွေးလာကတည်းက ကောင်းကျိုးမပေးတဲ့သူလေ"

"မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူး"

မုန်းက ငြင်းဆိုစကားကိုသာ ပြောခဲ့သည်။ ထို့ထက်ပို၍ ဘာကိုမှ ဆက်မရှင်းပြနိုင်ခဲ့ပေ။

ထိုအချိန်၌ပင် အပြင်မှ ဈေးဝယ်သူရောက်နေကြောင်း လှမ်းပြောသံကြားရသည်။ မုန်းကအပြင်သို့ ပြေးထွက်လာခဲ့၏။

ကောင်တာနေရာကိုရောက်တော့ မုန်းအတွက် အံ့အားသင့်စရာ ဖြစ်ရပြန်သည်။

မုန်းတွေ့လိုက်ရသူမှာ ထက်ဇော်ထွေးဖြစ်နေသည်။

"ကိုဇော်က ဘာဝယ်ချင်လို့လဲ"

"မုန်းကိုဝယ်မလို့"

ထက်ဇော်ထွေးက တိုးတိုးလေးပြောသည်။ မုန်းက အခြားသူများ ကြားသွားလေမလားဟု မလုံမလဲဖြင့် လှမ်းကြည့်သည်။

ဝယ်သူ၊ ရောင်းသူများနှင့် စကားပြောနေကြချိန်ဖြစ်၍ မည်သူမှ မကြားလိုက်ကြ။

"ဟော.....ဘယ်သူများလဲလို့ ကိုထက်ဇော်ထွေးပါလား"

အပြင်မှပြန်ရောက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



စတိုးဆိုင်ပိုင်ရှင် စိုင်းဝဏ္ဏအသံကြောင့် ထက်ဇော်ထွေးက လှည့်ကြည့်လိုက်သည်။

"ဟုတ်တယ် အစ်ကို၊ ဒီဘက်ကို အလုပ်ကိစ္စနဲ့လာရင်း မုန်းကို ပြောစရာရှိလို့ ဝင်တွေ့တာပါ"

"ဟုတ်လား၊ ကိုထက်ဇော်ထွေး အားရင် ကျွန်တော်နဲ့စကားပြောဖို့ အချိန်ပေးနိုင်မလား"

"ရပါတယ်"

"လာဗျာ၊ ကျွန်တော့်အခန်းထဲ လိုက်ခဲ့ပါ"

ထက်ဇော်ထွေးက စိုင်းဝဏ္ဏနောက်မှ လိုက်ပါသွားခဲ့သည်။ စိုင်းဝဏ္ဏအခန်းသည် အလုံပိတ်အခန်းဖြစ်သည်။ စတိုးဆိုင်တစ်ခုလုံး၏ မြင်ကွင်းများကို CCTV မှတစ်ဆင့် ကြည့်ရှုနိုင်သော နေရာဖြစ်သည်။

CCTV ထိန်းချုပ်ခန်းဟုလည်း ဆိုနိုင်၏။ တီဗွီဖန်သားပြင်ပေါ်မှ တစ်ဆင့် အရောင်းအဝယ်ပြုလုပ်နေမှုအားလုံးကို ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။

"ကိုထက်ဇော်ထွေးနဲ့မုန်းတို့ လက်ထပ်ဖို့အထိ ရည်ရွယ်ထားကြပြီလား"

စားပွဲကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်နှင့် တိုက်ရိုက်မေးသည်။

"ဟုတ်ပါတယ်"

"မုန်းက ကျွန်တော့်ညီမလေးလိုပါပဲ၊ မိဘလို စောင့်ရှောက်နေတဲ့ ကျွန်တော့်အနေနဲ့ မေးချင်တာရှိတာကို မေးပါရစေ"

"မေးပါ"

"မုန်းကိုလက်ထပ်မယ်ဆိုတော့ မုန်းအတွက် ဘာများစီစဉ်ထားတာရှိသလဲ၊ ဆိုလိုတာက အတူနေထိုင်ရေး၊ စားသောက်ရေး၊ စီးပွားရေးပေါ့ဗျာ"

"ကျွန်တော့်ကိုယ်ပိုင် ကွန်ဒိုတိုက်ခန်းတစ်ခန်း အနော်ရထာလမ်းမပေါ်မှာရှိပါတယ်၊ တန်ဖိုးက ကျပ်သိန်းနှစ်ထောင်ကျော်ပဲ"

"အမည်ပေါက်လား၊ အမွေခန်းလား"

"အမည်ပေါက်ပါ၊ အမွေခန်းဆိုပါတော့"

"ကောင်းတာပေါ့ဗျာ၊ မုန်းအတွက် ဝမ်းသာစရာ မင်္ဂလာသတင်းပဲ၊ ပိုင်ဆိုင်မှုအထောက်အထား ပြနိုင်မလား၊ သေချာရင် လက်ထပ်ဖို့ အစီအစဉ်လုပ်ပေးချင်လို့ပါ"

ထက်ဇော်ထွေးက အခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ထုတ်ပြလိုက်သည်။ စိုင်းဝဏ္ဏက အသေအချာကြည့်ပြီး ကျေနပ်ကြောင်း ခေါင်းညိတ်ပြသည်။

"ကျေနပ်ပါတယ်၊ ကျွန်တော်က အလုပ်များသူဆိုတော့ ခင်ဗျားတို့ရဲ့ မင်္ဂလာကိစ္စကူညီဖို့ ကျွန်တော့်ညီကိုပဲ တာဝန်ပေးရမှာပဲ"

"ကိုဝဏ္ဏရဲ့ညီက ဘယ်မှာလဲ"

"ဒီမှာပဲနေပါတယ်၊ နာမည်က စိုင်းသီဟပါ၊ ရှမ်းပြည်နယ်မှာ မွေးဖွားလာလို့ စိုင်းသီဟလို့ နာမည်မှည့်ထားတာပါ၊ ကျွန်တော်တို့က ဗမာလူမျိုးတွေပါ"

"ဒီမင်္ဂလာကိစ္စက မုန်းနဲ့ကျွန်တော်ပဲ စီစဉ်ရမှာမဟုတ်လား"

"မှန်ပါတယ်၊ ဒါပေမဲ့ မုန်းကို ညီမလေးလို၊ အုပ်ထိန်းသူလို တာဝန်ယူ စောင့်ရှောက်နေရလို့ ကျွန်တော်တို့ဘက်က တာဝန်ယူတာပါ"

"မုန်းနဲ့တိုင်ပင်ပြီးမှ အဖြေပေးပါ့မယ်၊ ဖြစ်နိုင်ရင် အရွယ်ရောက်ပြီးတဲ့ ကျွန်တော်တို့နှစ်ယောက်စလုံး တရားရုံးမှာ လက်ထပ်ထိမ်းမြားရုံနဲ့ ပြီးနိုင်ပါတယ်"

ထက်ဇော်ထွေးက အခန်းပိုင်ဆိုင်မှု စာရွက်စာတမ်းများကို ပြန်တောင်းယူပြီး ဖိုင်အိတ်ထဲသို့ထည့်သည်။

စာရွက်စာတမ်းများထည့်ရင်း စိုင်းဝဏ္ဏကို လှမ်းကြည့်သည်။

"ခင်ဗျားပြောတာ မှန်ပါတယ် ကိုထက်ဇော်ထွေး၊ ကျွန်တော်တို့ဘက်က မုန်းအတွက် တင့်တယ်တဲ့ မင်္ဂလာပွဲကျင်းပပေးဖို့ပါ၊ စေတနာသက်သက်ပါ၊ အထီးကျန်မိန်းကလေးမို့ အုပ်ထိန်းသူအနေနဲ့ လူရှေ့သူရှေ့မှာ ရပ်ပြလိုတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ မုန်းနဲ့ဆွေးနွေးပြီးမှ ပြန်ပြောပါ့မယ်"

"နေဦးဗျ၊ ကျွန်တော့်ညီက မုန်းလက်ထပ်တော့မယ်ဆိုတဲ့ သတင်းကြားရင် အရမ်းဝမ်းသာမှာ၊ ကျွန်တော့်ညီနဲ့ မိတ်ဆက်ပေးဦးမယ်"

စိုင်းဝဏ္ဏက သူ့ညီအားလှမ်းခေါ်လိုက်သည်။

စိုင်းသီဟ ချက်ချင်းရောက်လာ၏။ မုန်းလက်ထပ်တော့မည့်သတင်းကို ပြောပြလိုက်သည်။ စိုင်းသီဟက သတင်းကြားသိပြီးဖြစ်သော်လည်း မသိသလို ဟန်ဆောင်နေခဲ့သည်။

"ဝမ်းသာပါတယ်၊ ကျွန်တော်တို့ဘက်က ဘာလုပ်ပေးရမလဲ အစ်ကို"

စိုင်းဝဏ္ဏကို စိုင်းသီဟကမေးသည်။

"ခေတ်အမီဆုံးဟိုတယ်မှာ အခမ်းနားဆုံး မင်္ဂလာဆောင်ကျင်းပပေးရမှာပေါ့ကွာ၊ အဲဒီအတွက် ငါ့ညီက တာဝန်ယူရလိမ့်မယ်"

"အစ်ကိုရယ် ကိုယ့်ညီမလေးရဲ့ မင်္ဂလာပွဲပဲ၊ တာဝန်ယူပေးရမှာပေါ့"

"ကောင်းပြီလေ၊ မင်းနဲ့ ကိုထက်ဇော်ထွေးတို့ ညှိနှိုင်းကြလေ၊ လိုအပ်တဲ့ငွေကိုပြောလေ၊ မုန်းမျက်နှာမငယ်စေနဲ့"

"စိတ်ချပါ အစ်ကို၊ ကိုထက်ဇော်ထွေးနဲ့ သီးခြားတွေ့ဆုံပြီး ညှိနှိုင်းပါ့မယ်၊ ပြီးမှ အစ်ကို့ဆီ ကုန်ကျစရိတ်တင်ပြပါ့မယ်"

"ကောင်းတယ်၊ မင်းတို့ချင်းဆွေးနွေးကြ၊ မုန်းကိုလည်း အသိပေးနော်"



စိုင်းသီဟက သူ့အခန်းထဲသို့ ထက်ဇော်ထွေးကို ခေါ်သွားသည်။ မင်္ဂလာပွဲကျင်းပမည့်နေရာကို ရွေးနိုင်းသည်။ မုန်းကိုပါ လှမ်းခေါ်သည်။

မုန်းရောက်လာသောအခါ အသေးစိတ် ထပ်မံဆွေးနွေးသည်။

"ကျွန်တော် ကိုထက်ဇော်ထွေးကို ဂုဏ်ပြုပွဲလေး စီစဉ်ပေးချင်တယ်"

"မလိုပါဘူး ကိုသီဟ၊ ခင်ဗျားတို့ဘက်က တာဝန်ယူမှုတွေက ပြည့်စုံနေပါပြီ"

"ဒီလိုဘယ်ဟုတ်မလဲ၊ စားသောက်ဆိုင်တစ်ခုခုမှာစားသောက်ရင်း ဆွေးနွေးမှာပေါ့၊ အသေးစိတ်အတွက်ပေါ့ဗျာ"

"ဒီမှာပဲပြောရင် လုံလောက်ပါပြီ ကိုသီဟ"

မုန်းကပါ ကန့်ကွက်သည်။ စိုင်းသီဟက မုန်းဘက်သို့အကြည့်ပို့လိုက်သည်။ အေးစက်မာကျောသော မျက်လုံးအကြည့်ကြောင့် မုန်းမှာ ငြိမ်နေလိုက်ရ၏။

"ဒီလိုလုပ်ဗျာ၊ မနက်ဖြန် လက်ထပ်ပွဲမကျင်းပမီ မုန်းအတွက် ခင်ဗျားပိုင်တဲ့ တိုက်ခန်းကို မင်္ဂလာလက်ဖွဲ့အဖြစ် လွှဲပြောင်းပေးလိုက်လေ၊ အဲဒီည အလုပ်သိမ်းချိန်မှာ ခင်ဗျားကို ဂုဏ်ပြုပွဲ လုပ်ပေးချင်တယ်"

ယှဉ်တွဲထိုင်နေသော မုန်းက ဧည့်ခံပွဲကို လက်မခံရန် မျက်လုံးဖြင့် အချက်ပြသည်။ ထက်ဇော်ထွေးက နားလည်သော်လည်း ဧည့်ခံပွဲကို လက်ခံလိုက်သည်။

ဂုဏ်ပြုဧည့်ခံပွဲကို သိမ်ကြီးဈေးအပေါ်ထပ်ရှိ စားသောက်ဆိုင်တွင် ပြုလုပ်ခဲ့သည်။ ဧည့်ခံပွဲသို့ ထက်ဇော်ထွေးနှင့်အတူ မုန်းလည်း



www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ခဲ့သည်။

နံနက်ပိုင်းက ထက်ဖော်ထွေးက ၎င်းပိုင်ဆိုင်သော အခန်းအား မုန်းအမည်ဖြင့် လွှဲပြောင်းပေးသည်။ တရားရုံးချုပ် ရှေ့နေတစ်ဦးက ဦးဆောင်၍ မင်းသွေးက အသိသက်သေပြုလုပ်ပေးခဲ့သည်။

စားသောက်ဆိုင်သို့ နောက်ကျပြီးမှ ရောက်လာသူမှာ မင်းသွေးဖြစ်သည်။ မုန်းမှာ ထက်ဖော်ထွေးအား ဘီယာမှအစ အရက်သေစာများ မသောက်ရန် ကြိုတင်သတိပေးထားခဲ့သည်။

ထက်ဖော်ထွေးက မုန်းသတိပေးထားသည့်အတိုင်း သတိထားပြီး ရှောင်တိမ်း ငြင်းပယ်နေခဲ့သည်။

သီဟနှင့် ၎င်းသူငယ်ချင်းတစ်စုက ဘီယာနှင့် ဦးစွာပထမ စားသောက်ဝိုင်းကို ဖွင့်သည်။ နောက်တော့ နိုင်ငံခြားအရက်ဖြင့် ပွဲဆက်သည်။

"ကိုထက်ဖော်ထွေး ကျွန်တော့်ကိုခင်ရင် ဘီယာတစ်ခွက်တော့ သောက်ဗျာ"

မုန်းကထက်ဖော်ထွေး၏ ပေါင်ကို စားပွဲဝိုင်းအောက်မှ လက်ဖြင့် ကုတ်၍ မသောက်ရန် အချက်ပြသည်။

သီဟနှင့်အဖွဲ့မှာ အမူးစိတ် လွှမ်းမိုးခံနေရပြီဖြစ်၏။

ထက်ဖော်ထွေးက အတင်း အဓမ္မတောင်းဆိုပြီးဘီယာသောက်ခိုင်းသည်။ မုန်းရှိနေ၍ ထက်ဖော်ထွေးက ဘီယာမသောက်ကြောင်း အကဲခတ်မိသဖြင့် သီဟက မုန်းကို အိမ်သို့ ပြန်ပို့ပြီး အနားယူခိုင်းခဲ့၏။

မုန်းက ငြင်းသည်။ ကြာကြာတော့ မငြင်းဝံ့။

သီဟ၏ ဩဇာကို မုန်းက မလွန်ဆန်နိုင်မှန်း ထက်ဖော်ထွေးက သတိပြုမိခဲ့သည်။ အိမ်နီးချင်းဖြစ်သူ မင်းသွေးက မုန်းကို အိမ်သို့ ပြန်ပို့ရန် ဆိုင်ထဲမှ ထွက်သွားသည်။

**သီဟပြန်လာချိန်တွင် ထက်ဖော်ထွေးရှေ့မှ ဘီယာပုလင်းထဲတွင် ဘီယာများ မရှိတော့။ သီဟက ဘီယာပုလင်းကို ကြည့်ပြီး ကျေနပ်စွာ....**

မင်းသွေးနှင့် မုန်းတို့ ထွက်သွားသည်နှင့် သီဟက အသင့်ဖောက်ထားသော ဘီယာတစ်ပုလင်းကို ထက်ဖော်ထွေးရှေ့သို့ ချပေးသည်။

ဘီယာက အနီရောင် ရောစပ်နေမှန်း သိရ၏။

ဘီယာထဲတွင် အရက်ပြင်း ရောထားမှန်း ထက်ဖော်ထွေးက သိလိုက်သည်။

သီဟက ဘီယာကို အလွန်အကျွံ သောက်ထား၍ ဆီးသွားချင်နေသည်။ မအောင့်နိုင်တော့၍ သန့်စင်ခန်းဘက်သို့ ထွက်သွားသည်။ သီဟ မူးနေ၍ သူ့အဖော်က တွဲပြီး လိုက်ပို့သည်။

သီဟပြန်လာချိန်ဝယ် ထက်ဖော်ထွေးရှေ့မှ ဘီယာပုလင်းထဲတွင် ဘီယာများ မရှိတော့။ သီဟက ဘီယာပုလင်းကို ကြည့်ပြီး ကျေနပ်စွာ ပြုံးသည်။

"ကဲ....ပွဲသိမ်းပဲ"

သီဟက အရက်ဖန်ခွက်ကို ကိုင်မြှောက်၍ ပါးစပ်မှ ပွဲသိမ်းဟု ပြောကာ သောက်သည်။

စားဝိုင်းသိမ်းချိန်မှာ ည ၁၂ နာရီခန့်ရှိနေပေပြီ။

ရွှေတိဂုံဘုရားလမ်းပေါ်ရောက်တော့ သီဟက ခြေကျင်လျှောက်ပြန်မည်ဟု ဆိုသည်။ သူ့အဖော်များကလည်း သဘောတူခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေ မဟာဗန္ဓုလလမ်းဘက်သို့ အုပ်စုဖွဲ့ပြီး ခြေကျင်လျှောက်ကြသည်။ ထက်ဇော်ထွေးက အရက်မူးနေသူကဲ့သို့ ဒယီးဒယိုင်ဖြင့်လျှောက်သည်။ စားသောက်ဆိုင်ထဲမှ မထွက်မီ ထက်ဇော်ထွေးက သူ့ပါးစပ်တစ်ဝိုက်နှင့် အင်္ကျီကော်လံတွင် အရက်ပြင်းအရည်ကို ဆွတ်ထားခဲ့သည်။

အရက်နံ့ကြောင့် ထက်ဇော်ထွေး မူးနေပြီဟု အားလုံးက ယူဆခဲ့ကြ၏။

ကုန်စိမ်းတန်းလမ်းထိပ်သို့ အရောက်တွင် လမ်းဘေးမှ လမ်းလျှောက်နေစဉ် သီဟက ထက်ဇော်ထွေးကို မောင်းနှင်နေသော ကားနှင့် တိုက်မိစေရန် ဘေးတိုက်တွန်းလိုက်၏။

ထက်ဇော်ထွေးက သတိရှိနေသူဖြစ်၍ သီဟလက်ကို လှမ်းဆွဲရင်း ဖျတ်ခနဲ လူချင်းလဲလိုက်သည်။ နေရာအလဲခံရသော သီဟမှာ အရှိန်ပြင်းနှင့် မောင်းနှင်လာနေသောကားဖြင့် ပွတ်တိုက်ခြင်းခံလိုက်ရ၏။

ကားတိုက်မှုဖြစ်သည်နှင့် လူတွေ ဝိုင်းလာသည်။ လူက ကားကို ဝင်တိုက်ကြောင်း မျက်မြင်များက ဝိုင်းပြောကြသည်။ ရဲလှည့်ကင်း ရောက်လာသည်။

ထက်ဇော်ထွေးက ဒဏ်ရာရထားသော သီဟကို ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရန်ကုန်ဆေးရုံကြီးသို့ ပို့ခဲ့သည်။ ယာဉ်ထိန်းရဲများ ရောက်လာပြီး ယာဉ်တိုက်မှုဖြင့် အရေးယူသည်။

"ယာဉ်မောင်းအပြစ် မဟုတ်ဘူးဗျ"

ထက်ဇော်ထွေးထံမှ စကားကြောင့် အားလုံး အံ့အားသင့်သွားကြသည်။ ထက်ဇော်ထွေးက သူ၏လွယ်အိတ်ထဲရှိ စားသောက်ဆိုင်မှထည့်ယူလာသော ဘီယာပုလင်းကိုအပ်ပြီး ရဲစခန်းကျမှ ရှင်းမည်ဟု ပြောခဲ့၏။

လှည့်ကင်းအဖွဲ့ခေါင်းဆောင်က မေးသည်။ ထက်ဇော်ထွေးက ရဲစခန်းထဲကျမှ ပြောခွင့်ပြုရန် တောင်းပန်ခဲ့သည်။

ရဲစခန်းသို့ ဘီယာပုလင်းနှင့်အတူ ရောက်သွားခဲ့တော့သည်။

♛♛♛♛♛

"ကျွန်တော့် နာမည် ထက်ဇော်ထွေးပါ"

"ဟုတ်ကဲ့၊ ကိုထက်ဇော်ထွေးက ဘာကို ပြောချင်တာလဲ"

"ကျွန်တော့်ကို သေကြောင်းကြံစည်မှုနဲ့ အခုကားတိုက်ခံရလို့ ဆေးရုံရောက်နေတဲ့ ကိုသီဟကို အရေးယူပေးဖို့ တောင်းဆိုလိုတာပါ"

အားလုံး အံ့အားသင့်ကုန်ကြသည်။ လူသတ်ရန် ကြံစည်ခံရမှုဟု ပြောဆိုတိုင်တန်းနေ၍ သက်သေခံအထောက်အထားများ တင်ပြရန် စခန်းမှူးက ပြောပြခဲ့သည်။

ထက်ဇော်ထွေးက သူလျှို့ဝှက်စွာ ယူဆောင်လာသော ဘီယာပုလင်းကို ဓာတ်ခွဲစစ်ဆေးနိုင်ရန် သက်သေခံအဖြစ် အပ်နှံလိုက်၏။

ထိုသို့ အပ်နှံပြီးမှ မုန်းနှင့်ပတ်သက်၍ ရှင်းပြသည်။ မုန်းကို ကျိန်စာသင့်နေသော မိန်းကလေးအဖြစ် သတ်မှတ်ရန် သီဟမှ ကြံစည်ခဲ့ပုံများကို ရှင်းပြခဲ့သည်။

စခန်းမှူးက မုန်းကို သွားခေါ်ခိုင်းခဲ့သည်။ မုန်းရောက်လာသောအခါ စစ်မေးသည်။ မုန်းက မခြွင်းမချန် ရင်ဖွင့်ခဲ့၏။

"ကျွန်မ လက်ထပ်မယ်လို့ ရည်ရွယ်တိုင်း အဲဒီလူဟာ ကားတိုက်ခံရပြီး သေဆုံးတယ်၊ ဒါမှမဟုတ် လေဖြတ်ခံရသလို ဝေဒနာခံစားရပြီး ဒုက္ခိတဖြစ်သွားလေ့ရှိတယ်။ ဒါကြောင့် လူတိုင်းက ကျိန်စာသင့်နေတဲ့ မိန်းကလေးဆိုပြီး ကျွန်မကို လက်မထပ်ရဲကြဘူး"

"ကိုထက်ဇော်ထွေးနဲ့ကျတော့ကော"

"ကျွန်မတို့ အပြန်အလှန်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်ခဲ့ကြလို့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်၊ အဲဒီလို သဘောတူဆုံးဖြတ်ပြီးတဲ့အချိန်ကျမှ ကျွန်မနဲ့ လက်ထပ်မယ့်သူတွေကို ကိုသီဟက လုပ်ကြံလေ့ရှိကြောင်း ဖွင့်ပြောမိခဲ့တာပါ''

''ဒါဖြင့် အရင်ကတည်းက သိနေတာပေါ့''

''သိတာ မဟုတ်ဘူး၊ သံသယဖြစ်ခဲ့တာပါ''

သိလျက် ဖုံးကွယ်မှုပြုထားခြင်း ဟုတ်၊ မဟုတ်ကို စခန်းမှူးက ပွင့်ပွင့်လင်းလင်း မေးခဲ့သည်။

''ဘယ်လို သံသယရှိခဲ့လို့လဲ''

''ကျွန်မ တစ်ဦးဦးနဲ့ လက်ထပ်မယ်ဆိုရင် ကိုသီဟက လက်ထပ်မယ့်သူကို အိမ်ခန်းဝယ်ခိုင်းလေ့ရှိတယ်၊ အဲဒီလူကို သူက ရင်းနှီးအောင် မိတ်ဖွဲ့တယ်၊ ပြီးတော့ စားသောက်ဆိုင်ကိုခေါ်ပြီး ဧည့်ခံတယ်၊ အရက်သောက်ပြီး အပြန်မှာ ကားတိုက်ခံရပြီး သေသွားခဲ့ကြတယ်''

''အင်း...ဘာသဘောလဲဗျ''

''ကိုသီဟက သူက လွဲပြီး ဘယ်သူနဲ့မှ လက်မထပ်ရဘူးလို့ ပြောထားတယ်၊ သူက အရင်က မူးယစ်ဆေးဝါး သုံးစွဲခဲ့လို့ စိတ်ကျန်းမာရေးချို့တဲ့နေသူပါ၊ သူ့အစ်ကိုက သူ့ကို ထိန်းဖို့ ခေါ်ထားပါ။

မုန်းပြောပြလို့ သံသယဖြစ်မိတယ်၊ ဒါနဲ့ မုန်းနဲ့ လက်ထပ်ဖို့ ရည်ရွယ်ခဲ့သူတွေထဲက မသေဘဲ ဒုက္ခိတဘဝရောက်နေသူတွေကို စုံစမ်းပြီး တွေ့ဆုံမေးမြန်းခဲ့တယ်၊ သေသွားတဲ့ ယာဉ်တိုက်ခံရသူတွေရဲ့ အကြောင်းကို ....

သူ့ညီနဲ့ ကျွန်မကို လက်ထပ်စေချင်တဲ့ ဆန္ဒရှိနေတယ်''

''ဒါကတော့ဗျာ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ပဲ''

''ဟုတ်ပါတယ်၊ ကိုသီဟက စိတ်မမှန်သလို သွေးရဲတဲ့သူဖြစ်လို့ ကျွန်မက ကြောက်နေရတယ်။ ရုန်းထွက်ဖို့ကြိုးစားတိုင်း လက်ထပ်လိုသူတွေကို ဒုက္ခပေးခဲ့တယ်၊ အဲဒါကြောင့် သံသယဖြစ်ခဲ့ရတာပါ''

''အိမ်ခန်းတွေယူခိုင်းတာက ကော''

''အဲဒါက သူတို့ညီအစ်ကိုရဲ့ အကြံပေးချက်ပါ၊ နောက်မှ စဉ်းစားမိတာက ကျွန်မကို သိမ်းပိုက်နိုင်ဖို့ ကျွန်မအမည်ပေါက် အိမ်ခန်းမှန်သမျှ လင်ပိုင်မယားပိုင် အဖြစ် သူတို့က အပိုင်စီးဖို့ ကြံစည်တာပါ''

စခန်းမှူးက ဇာတ်ရည်လည်သွား၍ သဘောပေါက်သွားခဲ့၏။

မုန်းထံမှ ထွက်ဆိုချက်ရရှိပြီး သည်နှင့် ထက်ဇော်ထွေးကို စစ်ဆေးနေခဲ့သည်။

''ကိုထက်ဇော်ထွေးက ဘယ်လို သံသယဖြစ်ခဲ့တာလဲ''

''မုန်း ပြောပြလို့ သံသယဖြစ်မိတယ်၊ ဒါနဲ့ မုန်းနဲ့ လက်ထပ်ဖို့ ရည်ရွယ်ခဲ့သူတွေထဲက မသေဘဲ ဒုက္ခိတဘဝရောက်နေသူတွေကို စုံစမ်းပြီး တွေ့ဆုံမေးမြန်းခဲ့တယ်၊ သေသွားတဲ့ ယာဉ်တိုက်ခံရသူတွေရဲ့အကြောင်းကို သေဆုံးသူတွေရဲ့ ဆွေမျိုးများထံမှ စုံစမ်းခဲ့ပါတယ်''

''ဟုတ်ပြီ၊ ဘာတွေ ထူးခြားတာတွေ့ခဲ့သလဲ''

''စုံစမ်းမေးမြန်းလို့ သိခဲ့ရတာကတော့ အရက်အလွန်အကျွံ မူးနေချိန်မှာ မောင်းလာတဲ့ ကားဆီ တွန်းထုတ်ပြီး ထွက်ပြေးတာ သိခဲ့ရပါတယ်၊ ပြီးတော့ ဒုက္ခိတဘဝရောက်နေသူတွေကို ဘီယာထဲမှာ အာရုံကြောပျက်စေတဲ့ တောင်ပေါ်ဒေသထွက် ဆေးမြစ်ပေါ့နော်၊ အဆိပ်သင့်ဆေးမြစ်လို့ သိရတယ်၊ အဲဒီဆေးမြစ်အမှုန့်နဲ့ တိုက်ရင် ၂၄ နာရီအတွင်း သေဖြတ်သလို အာရုံ

www.burmeseclassic.com



ကြောသေတဲ့ရောဂါ ခံစားရတယ်လို့ ကြားသိခဲ့ရပါတယ်''

''အဲဒီကိစ္စမှာ ကားတိုက်သေဆုံးမှုကိုတော့ ဖော်ထုတ်လို့ရပါတယ်၊ ဆေးမြစ်ကိစ္စကတော့ သက်သေခံရှာရဖို့ ခက်မယ်ထင်တယ်''

''မခက်ပါဘူး စခန်းမှူး၊ ဒီည ကျွန်တော့်ကို ညှော်ခံတဲ့ ဘီယာပုလင်းထဲမှာ အဲဒီဆေး ခတ်ထားတာသိလို့ မသောက်ဘဲ ဝှက်ယူလာပါတယ်။ အခု ကျွန်တော်အပ်တဲ့ ဘီယာပုလင်းဟာ ကျွန်တော့်ကို ညှော်ခံတဲ့ ဘီယာပုလင်းပါ၊ စခန်းမှူးတို့ ဓာတ်ခွဲကြည့်ရင် သိနိုင်ပါလိမ့်မယ်''

ထက်ဇော်ထွေးက တရားလိုပြုလုပ် တိုင်ကြားသဖြင့် ရဲစခန်းက သေကြောင်းကြံစည်မှုဖြင့် ယာဉ်တိုက်မှုကို စတင်စစ်ဆေးသည်။

ယာဉ်မောင်းနှင့် ပတ်ဝန်းကျင် သက်သေများ၏ ထွက်ဆိုချက်၊ ထက်ဇော်ထွေးကိုယ်တိုင် ယာဉ်တိုက်မှုဖြစ်စေရန် ကြံစည်ခံရစဉ် လွတ်မြောက်စေရန် ကြိုးစားခဲ့ရပုံကို ထွက်ဆိုချက်ပေးခဲ့သည်။

ရဲစခန်းမှ ဘီယာပုလင်းအား ဓာတုဗေဒဌာနသို့ ပို့အပ်၍စစ်ဆေးခဲ့ရာ ထက်ဇော်ထွေးထွက်ဆိုသည့်အတိုင်း လုပ်ကြံခံရမှုကို စိစစ်တွေ့ ရှိခဲ့ရ၏။

ထိုအခါကျမှ ရဲစခန်းက သီဟာကို အမှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့တော့သည်။ သီဟာက ငြင်းသည်။ ရဲက ပညာသားပါပါ



စည်းရုံးစစ် ဆေးချိန်၌ အမှန်အတိုင်း ဝန်ခံခဲ့တော့၏။

လူကိုသိမ်းပိုက်ပြီး ပစ္စည်းများအား အပိုင်စီးရန် ကြံစည်ခဲ့သော သီဟာ၏ ယုတ်မာမှုများမှာ ဘူးပေါ်သလို ပေါ်လာခဲ့တော့သည်။

''ကဲ.....မုန်း ဒီနေ့ကစပြီး နင့်နာမည်ကို ချစ်ပန်းပွင့်လို့အမည်ပြောင်းလိုက်တော့''

ဆူးလေစေတီတော် ရင်ပြင်တော် ကြာသပတေးထောင့်တွင် ဒါနပြုနေသော မုန်းကို မင်းသွေးက ကြည်နူးစိတ်ဖြင့် ပြောလိုက်၏။

နှစ်ဦးအတူ ပန်းလှူနေသော ထက်ဇော်ထွေးက မင်းသွေးဘက် သို့ဝင့်ကြွားသော အပြုံးဖြင့် လှည့်ကြည့်ကာ သူပြောပြခဲ့သော စကားကို ပြန်ပြောလိုက်၏။

''မင်းသွေး မင်းကို ငါပြောသားပဲ ငါက ဘိုးသက်ရှည်လေ''

''ဟုတ်ပါပြီကွာ၊ ဘိုးသက်ရှည်နဲ့ ချစ်ပန်းပွင့်တို့ ရာသက်ပန် ပေါင်းသင်းရပါစေလို့ ဆုတောင်းပေးပါ့မယ်''

သူတို့သုံးဦး ပြိုင်တူ ပြုံးနိုင်ခဲ့ ကြသည်။

ကျိန်စာသင့်သော မိန်းမလှကလေး မုန်းမှာ အချစ်ပန်းဝေ၊ ချစ်ရောင်ခြည်ဖြစ်စေ၍ ချစ်လမ်း ခရီးအား ချစ်သောချစ်သူနှင့်အတူ လျှောက်လှမ်းနိုင်ပြီဖြစ်၍ လောက၏ အလှများကို ရှာဖွေတွေ့ရှိသွားလေပြီဟု ဆိုနိုင်လေတော့သည်။

**စာပေသစ္စာဖြင့်**
**အောင်ကျော်ဇော**



www.burmeseclassic.com

www.burmeseclassic.com





## မှာမွေ့ကျေးမွေးနေတဲ့လင်ရဲ့နောက်ကွယ်မှာ ငွေသစ်လောင်းအချစ်သစ်ရှာသူဇနီးက

# မြင်တွေ့သူ ယောကျ်ားမကို ဒုတိယလူနဲ့ပေါင်းပြီး သတ်ခဲ့မှု သတင်းအပြည့်အစုံထပ်မံတင်ပြမှု

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ သာသာမြိုင်ကျေးရွာ ငါးမွေးမြူရေးကန်ပျက်အတွင်း ပျောက်ဆုံးနေသူ ရွာသား၏အလောင်းအား အဝတ်မပါ ကြိုးတုပ်လျက်အနေအထားဖြင့် ပြန်လည်တွေ့ရှိမှုကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဖော်ထုတ်မှုပြုခဲ့ရာ လူမှုရေးဖောက်ပြန်သူ ခွေးမဖြစ်သူက ၎င်းနှင့်ငြိစွန်းနေသူနှင့်ပူးပေါင်း၍ နှုတ်ပိတ်သည့်အနေဖြင့် သတ်ခဲ့သည့် လူသတ်မှုဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းလူသတ်မှုနှင့်ပတ်သက်၍ သင်ခန်းစာပေါင်းများစွာကို ထုတ်ယူနိုင်ကြောင်း လေ့လာသိရှိရသဖြင့် ဂျာနယ်အယ်ဒီတာအဖွဲ့က မှုခင်းပညာပေးသတင်းအဖြစ် နောက်ဆုံးသိရှိရသည့် သတင်းအသေးစိတ်ကို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

### ရဲကမသိရှိရတဲ့ လူပျောက်မှု

သုံးခွမြို့နယ်၊ သာသာမြိုင်ကျေးရွာတွင် နေထိုင်သော ဦးလှတင်(၅ဝနှစ်)မှာ ၂၆-၅-၂၀၁၃ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်တွင် သားဖြစ်သူ သန့်ဇင်ဝင်း(ခ) ကိုဇင်(၂၈နှစ်)နှင့်ချွေးမဖြစ်သူ မစန်းစန်းလှိုင်(၂၄နှစ်)တို့နှင့် တစ်အိမ်တည်း အတူနေထိုင်ရာမှ ပျောက်ဆုံးသွားခဲ့သည်။ ဦးလှတင်သည် မိုးဦးကာလ လယ်မြေများ ထွန်ယက်နေချိန်ဖြစ်၍ ခင်မင်ရင်းနှီးသူများရှိရာသို့ သွားလာတတ်သည့်အတွက် ခရီးလွန်နေသည်ဟုထင်ပြီး သားဖြစ်သူက သက်ဆိုင်ရာ တာဝန်ရှိသူများထံ အသိပေးခြင်းမရှိသလို ရဲစခန်းသို့လည်း လူပျောက် တိုင်ကြားထားမှုမပြုခဲ့ဟု ဆိုသည်။

လူပျောက်တိုင်ကြားခြင်းမရှိသည့်အတွက် သက်ဆိုင်ရာရဲစခန်းမှ အရေးယူစုံစမ်းမှုမပြုခဲ့နိုင်ဟုသိရသည်။

### လင်ကို မယားက သတင်းပေးခဲ့

ဖခင်ဖြစ်သူနေအိမ်သို့ ပြန်လာခြင်းမရှိဘဲ ပျောက်ဆုံးနေခဲ့ရာမှ ၂၈-၅-၂၀၁၃ရက်နေ့ ညနေ၅နာရီအချိန်တွင် ဦးတင်အောင်၏ လယ်ထဲတွင် ကန်သင်းပေါက်နေသော ကိုသန့်ဇင်ဝင်း(ခ)ကိုဇင်ထံသို့ ၎င်း၏ဇနီးဖြစ်သူ မစန်းစန်းလှိုင်မှာ အပြေးအလွှား ရောက်ရှိလာပြီး ၎င်းတို့မိသားစု ရေ

www.burmeseclassic.com



ထိုင်ရာ နေအိမ်၏မြောက်ဘက် ပေ (၁၀၀) ကျော်ခန့်ရှိ ငါးမွေးမြူရေး ရေကန်ပျက်ထဲတွင် အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိရကြောင်းပြောပြခဲ့သည်။

ကိုသန့်ဇင်ဝင်းက ၎င်း၏ဖခင်ပျောက်ဆုံးနေသည့်အတွက် စိုးရိမ်စိတ်လွန်ပြီး လာရောက်ပြောပြသူ ဇနီးနှင့်အတူ သွားကြည့်ခဲ့သည်။ အလောင်းရှိရာသို့ ရောက်ရှိသောအခါ အလောင်းမှာ အဝတ်အစားများမရှိဘဲ လက်နှင့်ခြေထောက်နှစ်ချောင်းအား လက်ပြန်ကြိုးတုပ်လျက် တွေ့ရှိခဲ့ရသည်။

အလောင်းမှာ ပုပ်ပွစပြုနေပြီဖြစ်ပြီး ညနေစောင်းအချိန်ဖြစ်၍ ဂရုတစိုက်ဖြင့် ကြည့်ရှုသောအခါ ပျောက်ဆုံးနေသော ၎င်း၏ဖခင် ဦးလှတင်၏အလောင်းမှန်း သိလိုက်ရ၏။ ယောက္ခမအလောင်းမှန်းသိရသည်နှင့် မစန်းစန်းလှိုင်က ချုံးပွဲချငိုနေ၍ ခင်ပွန်းဖြစ်သူက အားပေးစကားပြောခဲ့သည်။

အလောင်းတွေ့ရှိမှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က အလောင်းတွေ့ရှိရာအရပ်ကို လူအဝင်အထွက်မပြုရန် ထိန်းသိမ်း၍ ကျေးရွာအုပ်ချုပ်ရေးမှူးက သုံးခွမြို့မရဲစခန်းသို့ ချက်ချင်းအကြောင်းကြားခဲ့သည်။

## စခန်းမှူးနဲ့အဖွဲ့ ချက်ချင်းရောက်ရှိစစ်ဆေး

လူသေအလောင်းတွေ့ရှိရမှုမှာ သာမန် အနေအထားမဟုတ်ဘဲ လူသတ်ခံထားရသည့်လက္ခဏာများတွေ့ရှိရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက သုံးသပ်သတင်းပို့ခဲ့သည့်အတွက် သုံးခွမြို့မရဲစခန်းမှူး ဒုရဲမှူးဌေးဦးနှင့်အဖွဲ့ ချက်ချင်းရောက်ရှိလာကာ စစ်ဆေးမှုပြုလုပ်ပြီး အလောင်းအား ရေကန်အစပ်မှ ကုန်းပေါ်သို့ ဆယ်ယူရွှေ့ပြောင်း၍ စစ်ဆေးခဲ့ကြသည်။

ဒုရဲအုပ်ဌေးဦးနှင့်အဖွဲ့က ရဲလုပ်ငန်းပြည့်စုံသည်အထိ စစ်ဆေးပြီးနောက် ရဲဆေးစာဖြင့် သုံးခွမြို့နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

လူသတ်မှုဖြစ်ပွားကြောင်း သတင်း ပေးပို့ခဲ့၍ သုံးခွမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းတင်နှင့်အဖွဲ့၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အထူး မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ်မျိုးသိန်းနှင့်အဖွဲ့တို့ ချက်ချင်းရောက်ရှိ



အချင်းဖြစ်အိမ်အား တွေ့ရစဉ်

ပူးပေါင်းကာ အချင်းဖြစ်အရပ်ဝန်းကျင်တွင် ရှာဖွေစစ်ဆေးမှု ပြုလုပ်ခဲ့သည်။

တစ်ပြိုင်နက်တည်းမှာပင် လူသတ်မှုသတင်းရရှိသည့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ပူးပေါင်းဖော်ထုတ်မှုပြုရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တိုင်းအကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်းအကူဌာနတို့အား ညွှန်ကြားတာဝန်ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲမှ ရဲအုပ်တင်မင်းလှိုင်၊ ဒုရဲအုပ်မောင်မောင်သန်းတို့လည်း အချင်းဖြစ် ကျေးရွာသို့ရောက်ရှိပြီး ပူးပေါင်းကာ စုံစမ်းဖော်ထုတ်မှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

## သဲလွန်စ လုံချည်ရှာတွေ့

ပူးပေါင်းအဖွဲ့က ညဦးပိုင်းအချိန်ဖြစ်၍ လက်နှိပ်ဓာတ်မီးများအသုံးပြုပြီး သက်သေကျေးရွာလူကြီးများနှင့်အတူ အချင်းဖြစ်အရပ်ဝန်းကျင်အား ရှာဖွေခဲ့ရာ ရေကန်၏မြောက်ဘက် ရေကန်ပေါင်အနီးရှိ ဝါးရုံပင်များအောက်မှ သေဆုံးသူဦးလှတင် မပျောက်ဆုံးမီက ဝတ်ဆင်ခဲ့သော မြကြာဖြူတံဆိပ်ပါ အစိမ်း၊ အပြာကွက် ကျားဝတ်လုံချည်တစ်ထည်အား ရှာဖွေတွေ့ရှိခဲ့သည်။

၎င်းလုံချည်အား သေဆုံးသူဦးလှတင်နှင့်အတူ နေထိုင်သည့် မစန်းစန်းလှိုင်က ၎င်း၏ယောက္ခမဝတ်ဆင်ခဲ့သည့် လုံချည်ဖြစ်ကြောင်း အတည်ပြုပေးခဲ့သည်။

အချင်းဖြစ်အရပ်ကို စစ်ဆေးသောအခါ အလောင်းတွေ့ရှိရာနေရာသည် ငါးမွေးမြူမှုမရှိတော့သည့် ငါးမွေးမြူရေးကန်ဟောင်း ဖြစ်နေကြောင်း သိရှိရ၏။

သေဆုံးသူ ဦးလှတင်နေ ထိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်နှင့် အလောင်းတွေ့ရှိရာ ရေကန်အကြားတွင် ပေ(၁၅၀)ပတ်လည်ရှိ ငှက်ပျောခြံရှိနေသဖြင့် အလောင်းတွေ့ရှိရာနေရာအတွက် မျက်ကွယ်လို ရှိနေခဲ့သည်။

အနီးပတ်ဝန်းကျင်အား ဆက်စပ်စစ်ဆေးရာ သေဆုံးသူနေထိုင်ရာ နေအိမ်အနီး နောက်ကျောဘက် ပေ(၁၀၀)ခန့်အကွာတွင် ကရင်ကြီး(ခ)ကိုသက်(ခ) တင်မောင်မြင့်နေထိုင်သည့် အနီးစပ်ဆုံး အိမ်ကို တွေ့ရှိခဲ့ရသည်။

## ပူးပေါင်းအဖွဲ့ အချင်းဖြစ်ရွာတွင် အခြေပြုစုံစမ်း

တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားချက်အရ သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် သုံးခွမြို့မရဲစခန်းမှူး၊ တောင်ပိုင်းခရိုင်အထူးအဖွဲ့မှ ရဲအုပ်မျိုးသိန်း၊ သုံးခွမြို့မရဲစခန်းမှ ဒုစခန်းမှူး၊ ညောင်လန်းကုန်းရဲကင်းစခန်းမှ စခန်းမှူး၊ သုံးခွမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိနှင့်အဖွဲ့၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်တင်မင်းလှိုင်၊ ဒုရဲအုပ်မောင်မောင်သန်းတို့အဖွဲ့က သာသာမြိုင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် အခြေစိုက်၍ စုံစမ်းဖော်ထုတ်မှုကို နာရီစဉ်မပြတ် ဆောင်ရွက်ခဲ့ကြသည်။

## ရွာသားများ၏အသံ

သာသာမြိုင်ကျေးရွာတွင် အခြေစိုက်စခန်းဖွင့်လှစ်၍ စုံစမ်းဖော်ထုတ်မှုပြုနေသော ပူးပေါင်းအဖွဲ့က ကျေးရွာအတွင်း ချဉ်းကပ်သတင်းယူမှုပြုသကဲ့သို့ တရားလို ကိုသန့်ဇင်ဝင်း(၂၈ နှစ်)၊ မစန်းစန်းလှိုင်(၂၄နှစ်)၊ ကရင်ကြီး (ခ) ကိုသက်(ခ)တင်မောင်မြင့်(၂၆နှစ်) အပါအဝင် ရွာသား(၁၀)ဦးကို စစ်မေးခဲ့ကြသည်။

ထိုသို့ စစ်မေးရာတွင် အသက်




အလောင်းလွှင့်ပစ်ခဲ့သည့် ရေတာန်အနေအထား

(၆၀)အရွယ်အမျိုးသားတစ်ဦး၊ အသက်(၉)နှစ်နှင့်(၁၃)နှစ်အရွယ် မျက်မြင်သက်သေ အမျိုးသား၊ အမျိုးသမီးနှစ်ဦး၊ အသက်(၃၁)နှစ်အရွယ် အမျိုးသမီးနှစ်ဦး၊ အသက်(၄၄)နှစ်အရွယ် အမျိုးသမီးပ..ဦးတို့က မြင်ကြားတွေ့သိသမျှကို အမှန်အတိုင်း ထွက်ဆိုခဲ့ကြသည်။

## ထွက်ချက်ထဲမှ ကွဲလွဲချက်များ

သေဆုံးသူ ဦးလှတင်သည် ၂၆-၅-၂၀၁၃ရက်နေ့က ပျောက်ဆုံးချိန်တွင် သေဆုံးသူနှင့်အနီးဆုံးနေအိမ်၌ နေထိုင်သည့် ကရင်ကြီး(ခ)ကိုလတ်(ခ) တင်မောင်မြင့်၊ ၎င်း၏အစ်မ မဥမ္မာနှင့် သေဆုံးသူ၏ချွေးမ မစန်းစန်းလှိုင်တို့က ကရင်ကြီးမှာ နေအိမ်တွင်ရှိနေကြောင်း ထွက်ဆိုခဲ့ကြသည်။

သို့ရာတွင် ကရင်ကြီးနှင့် တစ်အိမ်တည်းအတူနေ ၎င်း၏ညီမ မလှိုင်းအိဖြူ(၁၃နှစ်)နှင့် မောင်ဇေယျာလင်း(၉နှစ်)တို့က ၎င်းတို့၏အစ်ကို ကရင်ကြီးသည် နေအိမ်တွင်မရှိကြောင်း ထွက်ဆိုခဲ့သည်။

ချွေးမဖြစ်သူ မစန်းစန်းလှိုင်က ၂၆-၅-၂၀၁၃ရက်နေ့ နံနက် ၇နာရီတွင် သမီးဖြစ်သူ မပန်းအိဖြူအား အိမ်တွင်ထားခဲ့၍ ကဏန်းချိတ်ရန် အိမ်မှ ထွက်ခွာသွားခဲ့ကြောင်း၊ နံနက် ၁၁နာရီတွင် နေအိမ်သို့ ပြန်ရောက်လာသောအခါ ယောက္ခမဖြစ်သူ ဦးလှတင်နှင့် သမီးဖြစ် သူကိုမတွေ့ရ၍ အိမ်အနီးသို့ အသံပြုပြီး အော်ခေါ်ခဲ့ရာ အိမ်နောက်ကျောဘက် နေအိမ်နေ မဥမ္မာ(၃၀နှစ်)နှင့် ကရင်ကြီးတို့က နေအိမ်အတွင်း ကလေးတစ်ဦး တည်းရှိ၍ ငိုနေသံကြားရသဖြင့် ၎င်းတို့ အိမ်သို့ ခေါ်ထားပြီး ချော့နေခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။

ကရင်ကြီးက ထွက်ဆိုရာတွင် နံနက် ၆နာရီ၁၆မိနစ်တွင် ကလေးငိုသံကြားရ၍ အိပ်ရာမှနိုးခဲ့ကြောင်း၊ နံနက် ၈နာရီ၃၀မိနစ်ခန့်အထိ အဆက်မပြတ် ငိုနေသံကြားရ၍ မစန်းစန်းလှိုင်၏အိမ်ဘက်သို့ သွားကြည့်ခဲ့ရာ လူကြီးကိုမတွေ့ရသဖြင့် ၎င်း၏ညီမဖြစ်သူ မလှိုင်းအိဖြူအား ငိုနေသောကလေးကို သွားခေါ်ခိုင်းခဲ့သည်ဟု ထွက်ဆိုခဲ့သည်။

သို့ရာတွင် မလှိုင်းအိဖြူ [illegible] က နေအိမ်တွင် အစ်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြီး မရှိကြောင်း၊ ငိုနေသော ကလေးကို မဥမ္မာက ခေါ်ခိုင်း၍ မအိ လှိုင်းဖြူက သွားခေါ် ရခြင်းဖြစ်ကြောင်း တစ်အိမ်တည်းအတူနေ မလှိုင်အိဖြူနှင့် မောင်ဇေယျာလင်းတို့က ထွက်ဆိုခဲ့ကြသည်။

**သားနဲ့မကြာခဏ ရန်ဖြစ်ဟုသိရ**

သေဆုံးသူ ဦးလှတင်သည် လွန်ခဲ့သော တစ်လကျော်က လေဖြန်းသည့် ရောဂါဖြစ်ပွား၍ စကားကောင်းစွာ မပြောနိုင်ကြောင်း၊ နဘဲကုန်းရွာတွင်နေထိုင်သော ၎င်း၏သမီးကြီး မကေသီ(ခ)ကေသီဝင်း(ခ) သီသီဝင်း (၃၁နှစ်)အိမ်နှင့် သာသာမြိုင်ရွာရှိ သားဖြစ်သူ သန့်ဇင်ဝင်းအိမ်သို့ တစ်လှည့်စီ သွားလာနေထိုင်သူဖြစ်ကြောင်း၊ ယခင်က အရက်သောက်ဖူးသော်လည်း လေဖြန်းရောဂါဖြစ် ား ပြီးနောက် အရက်ကို လုံးဝမသောက်တော့ကြောင်း၊ အခြားရွာသူ၊ ရွာသားများနှင့် မည်သည့်ပြဿနာမှ မဖြစ်ခဲ့ဘူးကြောင်း၊ သန့်ဇင်ဝင်း၏နေအိမ်သို့ ရောက်ရှိနေထိုင်သည်မှာ အချင်းမဖြစ်မီ (၁၅)ရက်ခန့်ကဖြစ်ကြောင်း၊ သန့်ဇင်ဝင်း နေထိုင်ရာအိမ်မှာ ရွာအပြင်ဘက်တွင် သီးခြားဖြစ်ကြောင်း၊ အနီးတွင် ၎က်ပျောခြံရှိနေ၍ သန့်ဇင်ဝင်း၏ နေအိမ်သို့ လူစိမ်းအဝင်အထွက် ပြုသည်ကို အတူနေရွာသားများက မသိရှိကြရကြောင်း၊ ဦးလှတင်က သမီးကြီး မကေသီနှင့်သားဖြစ်သူ သန့်ဇင်ဝင်းတို့အား အမွေခွဲဝေပေးရာတွင် သန့်ဇင်ဝင်းက ညီမျှမှု မရှိဟူ၍ မကျေမနပ် ပြောဆိုခဲ့သဖြင့် သားအဖချင်း မကြာခဏ စကားများမှုရှိခဲ့ကြောင်း စုံစမ်းသိရှိခဲ့ရသည်။

ကျေးရွာသူ၊ ရွာသားအချို့ထံမှ သေဆုံးသူ၏ချွေးမ မစန်းစန်းလှိုင်နှင့်အိမ်နီးချင်း ကရင်ကြီးတို့မှာ လွန်ခဲ့သည့်နှစ်လကျော်မှစ၍ တိတ်တိတ်ပုန်းအချစ်ဖြင့် လူမှုရေးဖောက်ပြန်ခဲ့ကြောင်း ပူးပေါင်းအမှုစစ်အဖွဲ့က သတင်းရရှိခဲ့သည်။

သို့ဖြစ်၍ ကွဲလွဲစွာထွက်ဆိုချက်များနှင့် လူမှုရေးဖောက်ပြန်မှုရှိနေသည်ဟုသတင်းရရှိထားသော ကရင်ကြီးနှင့်မစန်းစန်းလှိုင်တို့အား မသင်္ကာသူများအဖြစ် သတ်မှတ်၍ စစ်ဆေးရန် ပူးပေါင်းအမှုစစ်အဖွဲ့က သုံးသပ် ဆုံးဖြတ်ခဲ့ကြသည်။

**ကရင်ကြီးကို သီးခြားစစ်ဆေးခဲ့**


မသင်္ကာဖွယ်တွေ့ရှိရသော သက်သေများ၏ ကွဲလွဲစွာ ထွက်ဆိုချက်၊ ကျေးရွာအတွင်းမှ ပြည်သူ့သတင်းများအရ ကရင်ကြီး(ခ)ကိုသက်(ခ)တင်မောင်မြင့် (၂၆နှစ်)အား ၃၀-၅-၂၀၁၃ရက်နေ့ ညတွင် ညောင်လန်းကုန်းရဲကင်းစခန်းသို့ ခေါ်ဆောင်၍ ပူးပေါင်းအမှုစစ်အဖွဲ့က စစ်ဆေးခဲ့သည်။

ပူးပေါင်းအမှုစစ်အဖွဲ့က ရွာသူ၊ ရွာသားများထံမှရရှိသည့် သတင်းနှင့် ကွဲလွဲသော ထွက်ဆိုချက်များကို ပေါင်းစပ်ထောက်ပြ၍ စစ်ဆေးသောအခါ ကရင်ကြီးမှာ မငြင်းကွယ်နိုင်တော့ဘဲ အမှန်အတိုင်း ထွက်ဆိုခဲ့တော့သည်။

**ရာဂအမှားနဲ့နှုတ်ပိတ်ခဲ့မှု**

ကရင်ကြီးနှင့်မစန်းစန်းလှိုင်တို့သည် လွန်ခဲ့သော နှစ်လခန့်ကတည်းက လူမှုရေးဖောက်ပြန်၍ တိတ်တိတ်ပုန်းအချစ်ဖြင့် ဆက်ဆံခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူမှာ အချင်းမဖြစ်မီ (၁၅)ရက်ခန့်ကမှ မစန်းစန်းလှိုင် အိမ်သို့ ရောက်ရှိနေထိုင်ခဲ့ကြောင်း မစန်းစန်းလှိုင်၏ခင်ပွန်းမှာ လယ်သူရင်းငှားဖြစ်၍ လယ်ထဲ၌ အချိန်ပြည့်ရှိနေ၍ ၎င်းတို့နှစ်ဦး၏ဆက်သွယ်ဆက်ဆံရမှုမှာ လွတ်လပ်ကြောင်း ထွက်ဆိုခဲ့သည်။

လူသတ်မှုကျူးလွန်မိရခြင်းမှာ ၂၅-၅-၂၀၁၃ရက်နေ့ ညနေ ၄နာရီအချိန်၌ ဦးလှတင် အပြင်သို့ရောက်ရှိနေခိုက် ကရင်ကြီးနှင့် မစန်းစန်းလှိုင်တို့သည် မစန်းစန်းလှိုင်၏ နေအိမ်ခန်း အဝင်ဝအကွယ်၌ ပျော်ပါးဆက်ဆံမှုပြုနေစဉ် ရုတ်တရက် အိမ်သို့ပြန်ရောက်လာသော ဦးလှတင်က တွေ့မြင်သွား၍ ကရင်ကြီးမှာ အိမ်ပေါ်မှ ဆင်းချ



တာဝန်ရှိသူများနှင့် ရွာသားများက အလောင်းအား ဆယ်ယူခဲ့ပုံ

www.burmeseclassic.com



ထွက်ပြေးခဲ့ရသည် ဆို၏။

တစ်နာရီခန့်အကြာ ညနေ ၅နာရီတွင် ကရင်ကြီးရှိရာ နေအိမ်သို့ မစန်းစန်းလှိုင်ရောက်ရှိလာပြီး "အဖေ တွေ့သွားပြီ ဘယ်လိုလုပ်မလဲ"ဟု မေးခဲ့ရာ ကရင်ကြီးက နှုတ်ပိတ်ဖို့သတ်ပစ်မည်ဟု ပြောခဲ့သည်။

မစန်းစန်းလှိုင်က သဘောတူလက်ခံပြီး ညအမှောင်ကျချိန်တွင် အိမ်သို့လာခဲ့ရန်ခေါ်ပြီး ပြန်သွားခဲ့၏။ ညအမှောင်ကျချိန်၌ မစန်းစန်းလှိုင်၏ အိမ်သို့ သွားခဲ့ရာ ဦးလှတင်မှာ ကြမ်းပြင်အောက်အဆင့်တွင် ထိုင်နေသည်ကိုတွေ့ရ၍ ကရင်ကြီးက အိမ်ပေါ်သို့ပြေးတက်ပြီး ရင်ဘတ်ကို အားကုန်ဆောင့်တွန်းပစ်ခဲ့၏။

လေဖြန်းထားသော ရောဂါသည် ဦးလှတင်မှာ ပက်လက်လန်လဲကျ သွားခဲ့သည်။ ကရင်ကြီးက ကိုယ်ပေါ်တက်ခွစီး၍ ဝဲဘက်လက်ဖြင့် အသံမထွက်စေရန် ပါးစပ်ကို ပိတ်ထားပြီး ယာဘက်လက်ဖြင့် လည်ပင်းကို တွန်းဖိညှစ်သတ်ခဲ့၏။

ထိုအချိန် ယောက္ခမ ဦး လှတင်



ကရင်ကြီး(ခ) ကိုသက်(ခ)
တင်မောင်မြင့်(၂၆)နှစ်

၏ခြေထောက် အောက် ပိုင်းက လှုပ်ယမ်း၍ မစန်းစန်းလှိုင်က တက်ဖိပြီး ချုပ်ကိုင် ပေးထားခဲ့သည်။ ဦးလှတင် ငြိမ်ကျသေဆုံးသွားချိန်တွင် နှစ်ယောက်အတူ မ ယူ သယ်ဆောင်၍ ငါးမွေးမြူရေးကန်ဘက်သို့ သယ်ဆောင်သွားခဲ့သည်။

ကန်အနီးသို့အရောက် မြေပြင်တွင်ချ၍ သေဆုံးသူ၏လုံချည်အား ချွတ်ပြီး လွှင့်ပစ်ခဲ့သည်။ မစန်း စန်းလှိုင်က အသင့်ယူဆောင်လာသော ကြိုးဖြင့် ကရင်ကြီးက သေဆုံးသူ ဦးလှတင်၏လက်ကို လက်ပြန်ကြိုးချည်ခဲ့သည်။ မစန်းစန်းလှိုင်က ခြေထောက် နှစ်ချောင်းကို ကြိုးဖြင့်ချည်ပြီး ရေကန်အတွင်းသို့ တွန်းချထားခဲ့ကာ အတူတကွပြန်ခဲ့ကြောင်း၊ ကရင်ကြီးက ထွက်ဆိုခဲ့သည်။

## ဖြောင့်ချက်လည်းပေးခဲ့

ရဲတပ်ဖွဲ့ပူးပေါင်းအမှုစစ်အဖွဲ့သို့ ထွက်ဆိုချက်ပေးခဲ့သည့် ကရင်ကြီးက မ ဘက်လိုက်၍ မိုက်ဘက်ပါခဲ့သော ၎င်း၏အမှားကို နောင်တရမိခဲ့သဖြင့် ၎င်း၏ဆန္ဒအရ ၃၁-၅-၂၀၁၃ရက်နေ့ မွန်းလွဲ ၂နာရီအချိန်တွင် သုံးခွမြို့နယ် ဒုတိယမြို့နယ်တရားသူကြီးထံ ဖြောင့်ချက်ပေးခဲ့ရာ တရားရုံးက ပြစ်မှုအထွေထွေအမှတ်၄၆/၂၀၁၃ဖြင့် သက်သေ ဦးကျော်လင်းနှင့် ဦးကျော်လွင်တို့၏ ရှေ့မှောက်တွင် ဖြောင့်ချက် မှတ်တမ်းယူခဲ့သည်။

ကရင်ကြီး(ခ)ကိုသက်(ခ)တင်မောင်မြင့်၏ ထွက်ဆိုဝန်ခံချက်ကြောင့် လင်ကြီးရှိပါလျက် အချစ်သစ်ရှာပြီး အဖော်ဖွဲ့ အပျော်ရှာမိသည့် မစန်းစန်းလှိုင်(၂၄နှစ်)က လူမှုရေးဖောက်ပြန် ပျော်ပါးနေစဉ် တွေ့မြင်သွားသော ယောက္ခမကို ရှိုင်းစိုင်းယုတ်မာသည့်စိတ်ဖြင့် သတ်ခဲ့မိကြောင်း ဝန်ခံထွက်ဆို



စန်းစန်းလှိုင်က
သေဆုံးသူယောက္ခမ
ဝတ်ဆင်ခဲ့သည့်
ပုဆိုးဖြစ်ကြောင်း
အတည်ပြုပြောကြားနေစဉ်

ခဲ့တော့သည်။

၎င်းအမှုကို အမှုစစ် စခန်းမှူး ဒုရဲမှူးဌေးဦးက ခိုင်မာစွာအမှုတည်ဆောက်၍ တောင်ပိုင်းခရိုင်တရားရုံးသို့ အမြန်ဆုံးတရားစွဲဆိုတင်ပို့ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မိသားစု၏ စားဝတ်နေရေး အတွက် နေ့၊ ညမနား ကာယလုပ်အားဖြင့် ဝင်ငွေရှာပြီး ဇနီးသည်အား ယုံကြည်စိတ်လွှန်ကဲစွာ မျက်ကွယ်ပြုထားမိသူ သန့်ဇင်ဝင်း(၂၈နှစ်)မှာ ကျေးဇူးရှင်ဖခင်ကြီးသေဆုံးခဲ့သည့်အပြင် သစ္စာအရှိဆုံးဟု ယူဆထားသော ဇနီးမယား၏ သစ္စာဖောက်ဖျက် အိမ်ထောင်ရေးဖောက်ပြန်မှုကြောင့် နောင်တ ရမဆုံးဖြင့် ကြေကွဲနာကြည်းစွာ သမီးငယ်နှင့်အတူ အထီးကျန်ဘဝ ရောက်ရှိနေခဲ့ရကြောင်း [illegible] သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# (၇) ရက်သားသမီး တစ်လဟောကိန်းကြမ္မာ

## တနင်္ဂနွေ

ဒီတစ်လအတွင်း ရန်ဘက်၊ ပြိုင်ဘက်တို့ကိုအောင်မြင်ပြီး စီးပွားရေးနေကံ တိုးတက်မည်မှတ်ပါ။ နိုင်ငံခြားခရီးဝေးသွားရန် ကြံရွယ်ထားပါက ပျက်မည်။ အလှကုန်၊ စက်မှုလက်မှု၊ ဖက်စပ်နှစ်ဦးပေါင်းလုပ်ငန်း အောင်မြင်တတ်သည်။ စနေ၊ သောကြာ၊ ရာဟု သားသမီးတို့ကြောင့် အမှုအခင်းဖြစ်တတ်သည်။

ပတ်ဆင်ရမည့်အရောင်။ ။ နုံ့သာ၊ ပန်းရောင် ရောယှက်ဝမ်းဆက် ဝတ်ဆင်ပါ။
ကံညွှံ့အရောင်။ ။ နီနီရဲရဲထဲမှာ အနက်သံဆန်ခါကွက်ကျဲရှောင်။
အချစ်ရေး။ ။ မရေရာ၊ မသေချာသေးပါ။ ဆက်လက်ကြိုးစားပါ။ အောင်မြင်မည်။
အိမ်ထောင်ရေး။ ။ ဇနီးဖြစ်သူကို အထင်လွဲနေသော သံသယကို ဖျောက်လိုက်ပါ။
ထီထိုးရန်။ ။ (က) ၆–၃၊ (ခ) ၅–၄၊ (ဂ) ၈–၁
ယတြာ။ ။ **မွေးနံထောင့်တွင် ပဒုမ္မာကြာဖြူ ကိုးပွင့် ကပ်လှူဒါန်းပါ။**

BURMESE CLASSIC .com

## တနင်္လာ

ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် အောင်မြင်မည်ဟုမှတ်ပါ။ မာန်မာန၊ ဒေါသကို ထိန်းသိမ်းပါ။ အမှုအခင်း၊ တရားတပေါင်၊ အရှုပ်အရှင်း လက်အောက်ငယ်သားများကြောင့်ဖြစ်လိမ့်မည်။ ပညာရေးတွင် အောင်မြင်မှုရမည်၊ ဂုဏ်ထူးထွက်မည်။ အမွေအနှစ်ရခြင်း၊ လုပ်ငန်းစီးပွားကောင်းခြင်းကြောင့် တိုက်၊ ကား၊ ခြံ၊ မြေ ဝယ်ရမည်။

ဝတ်ဆင်ရမည့်အရောင်။ ။ စကားဝါရောင်၊ စတော်ဘယ်ရီရောင်ဝမ်းဆက်။
ကံညွှံ့အရောင်။ ။ နီညိုပြာ၊ ဘဲခေါင်းစိမ်းရောင် လုံးဝရှောင်။
အချစ်ရေး။ ။ အဆင်ပြေပါသည်။ သစ္စာရှိဖို့ပဲလိုပါသည်။
အိမ်ထောင်ရေး။ ။ အိမ်တွင်းရေးသာယာပြီး အလှူကြီးပေးလှူရမည်။
ထီထိုးရန်။ ။ (ဃ) ၇–၃၊ (င) ၈–၉၊ (စ) ၅–၅
ယတြာ။ ။ **အိမ်ဘုရားတွင် ကြာနီ၊ ကြာဖြူ၊ ကြာပြာ ကိုးပွင့်လှူဒါန်းပါ။**



www.burmeseclassic.com

www.burmeseclassic.com



### အင်္ဂါ

ဒီတစ်လအတွင်း နိုင်ငံခြားခရီးသွားရမည်။ ရာထူး၊ လုပ်ငန်း၊ နေရာ၊ ဌာန တိုးတက်မည်။ ဝန်ထမ်းများ အလုပ်မထွက်သင့်ပါ။ ရေကြောင်းသိပ္ပံ၊ အင်ဂျင်နီယာကျောင်းသားများ ပညာရေးအောင်မြင်မည်။ ဘာပဲလုပ်လုပ် စိတ်မြန်လက်မြန်မလုပ်ပါနှင့်။ ကျန်းမာရေးအညွှံ့ရှိနေ၍ ဂရုစိုက်ပါ။

| | |
|---|---|
| ဝတ်ဆင်ရမည့်အရောင်။ | ။ ကြက်ဥနှစ်ရောင်၊ ကာကီရောင် ဝမ်းဆက်။ |
| ကံညွှံ့အရောင်။ | ။ နက်ပြာ၊ စိမ်းပြာ ရောယှက်ရောင်ရှောင်ပါ။ |
| အချစ်ရေး။ | ။ မမျှော်လင့်ဘဲ မင်္ဂလာဆောင်ရကိန်းမြင်သည်။ |
| အိမ်ထောင်ရေး။ | ။ မိသားစု တကွဲတပြားနေရတတ်သည်။ |
| ထီထိုးရန်။ | ။ (တ) ၆-၆၊ (ထ) ၉-၉၊ (ဒ) ၄-၄ |
| **ယတြာ။** | **။ မွေးနံထောင့်တွင် ရွှေမီးသက်စေ့ ပူဇော်ပေးပါ။** |

BURMESE CLASSIC .com

### ဗုဒ္ဓဟူး

ဒီတစ်လအတွင်း အိမ်တွင်းသို့ ခြေနှစ်ချောင်းဝင်လာလျှင် ညဉ့်အိပ်ညဉ့်နေ လက်မခံသင့်ပါ။ အိမ်တွင်းမှလူတစ်ဦးဦး ပျက်စီးတတ်သည်။ အထူးသတိထားပါ။ စီးပွားရေး၊ လူမှုရေး ကောင်းပါသည်။ သိန်းသန်းကုဋေ ရတနာ၊ စိန်၊ ရွှေဝင်မည်။ နှလုံးရောဂါ၊ သွေးတိုးတို့ကြောင့် ဆေးရုံတက်ရတတ်သည်။ ပညာရေးကံသင့်ပါသည်။ ဆက်လက်ကြိုးစားပေးပါ။

| | |
|---|---|
| ဝတ်ဆင်ရမည့်အရောင်။ | ။ အဖြူထဲတွင် ရွှေချည်ထိုး၊ ငွေချည်ထိုးပါသောအဝတ်အစား။ |
| ကံညွှံ့အရောင်။ | ။ ငှဝါ၊ စတော်ဘယ်ရီရောင် လုံးဝရှောင်ပါ။ |
| အချစ်ရေး။ | ။ စန်းပွင့်နေသည်။ |
| အိမ်ထောင်ရေး။ | ။ ချစ်ခင်ပွန်းအတွက် ဂုဏ်ယူစရာများပေါ်တတ်သည်။ |
| ထီထိုးရန်။ | ။ (မွ) ၈-၄၊ (ပွ) ၈-၂၊ (ဒွ) ၈-၅ |
| **ယတြာ။** | **။ အိမ်ဘုရားတွင် ဆန်တစ်ပြည်၊ ငွေကျပ် ၉၀၀ လှူပါ။ စွန့်ပြီး သီလရှင်ကို လှူပါ။** |

### ကြာသပတေး

ဒီတစ်လအတွင်း ငွေစာရင်းအမှားအယွင်း သတိထားပါ။ အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ဆုံးတတ်သည်။ ဘဏ်လုပ်ငန်း၊ မိုတယ်၊ ဟိုတယ်လုပ်ငန်းတို့ အောင်မြင်မှုရမည်။ စတိုးဆိုင်၊ ရေသန့်လုပ်ငန်းရှောင်ပါ။ စီးပွားပျက်မည်။ ပညာရေး အထူးထူးချွန်စွာ ဂုဏ်ထူးထွက် အောင်မြင်တတ်သည်။ မိဘကျန်းမာရေး သတိထားပါ။ ကားချင်းထိခိုက်တတ်သည်။ အန္တရာယ်ရှိသည်။

| | |
|---|---|
| ဝတ်ဆင်ရမည့်အရောင်။ | ။ အစိမ်းနု၊ အပြာနု ဝမ်းဆက်။ |
| ကံညွှံ့အရောင်။ | ။ နီညိုပြာ ရောယှက်ရောင်အားလုံး။ |



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေး။ ။ လက်ရှိချစ်သူပဲကောင်းပါသည်။ အသစ်မရှာသင့်ပါ။ ဒုက္ခတွေ့မည်။
အိမ်ထောင်ရေး။ ။ ချစ်သီရိဂေဟာအိမ်ဖြစ်ပြီး မင်္ဂလာအပေါင်းပြည့်စုံမည်။
ထီထိုးရန်။ ။ (န) ၇-၇၊ (ပ) ၇-၉၊ (ဖ) ၇-၂
**ယတြာ။ ။ မွေးနံ့ထောင့်တွင် နာနတ်သီးသုံးလုံး၊ ရေသက်စေ့ကပ်လှူပါ။**

## သောကြာ

ဒီတစ်လအတွင်း ရေကြောင်းခရီးအသွားအလာရှောင်ပါ။ လှေ၊ သမ္ဗန်၊ သင်္ဘော၊ ရုပ်ပြေးပိုင်ရှင်ဖြစ်က ဒုက္ခတွေ့မည်၊ အမှုအခင်းဖြစ်မည်။ သတိထားပါ။ ကျန်းမာရေးကောင်း၊ လူမှုရေးညံ့ပြီး စီးပွားရေးသင့်ပါသည်။ ပညာသင်များ စာမေးပွဲအောင်မြင်မည်။ မေတ္တာသုတ်၊ ရတနသုတ် တစ်လတိတိ ရွတ်ဖတ်ပေးပါ။
ဝတ်ဆင်ရမည့်အရောင်။ ။ အနက်ထဲတွင် အဖြူကနုတ်ပန်းထိုးဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ အညို၊ အဝါထဲတွင် အဖြူကန့်လန့်ဖြတ်ရှောင်ပါ။
အချစ်ရေး။ ။ ချစ်သံသယစိတ်ကြောင့် ချစ်သူနှစ်ဦး ခွဲခွာရတတ်သည်။
အိမ်ထောင်ရေး။ ။ ဘာပဲလုပ်လုပ် မိသားစုမျက်နှာကိုကြည့်ပါ။
ထီထိုးရန်။ ။ (က) ၆-၉၊ (ခ) ၆-၂၊ (ဂ) ၅-၄
**ယတြာ။ ။ အိမ်ဘုရားတွင် သာကူ၊ မုန့်လက်ဆောင်း ကပ်လှူပေးပါ။**

BURMESE CLASSIC .com

## စနေ

ဒီတစ်လအတွင်း ကျန်းမာရေးဂရုစိုက်၊ အစားအသောက်၊ အနေအထိုင်၊ အသွားအလာဆင်ခြင်ပါ။ ရုတ်တရက် ဆေးရုံတက်ရကိန်းမြင်သည်။ ရတနာသုံးပါး၊ အနန္တငါးပါး ရှိသေလေးစားပါ။ ခင်ပွန်းကြီး (၁၀)ပါးကို ဟန်တော့ပြီးအိပ်ပါ။ လူမှုရေးကောင်းပြီး စီးပွားရေးသင့်ပါသည်။ ဝန်ထမ်းများ ရာထူးတိုးကိန်းမြင်သည်။
ဝတ်ဆင်ရမည့်အရောင်။ ။ အညို၊ အဖြူ၊ အဝါ ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ ကြည်ပြာ၊ ကြာညိုရောင် ရှောင်ပါ။
အချစ်ရေး။ ။ လက်ရှိချစ်သူနှင့် လက်ထပ်ကိန်းမြင်သည်။
အိမ်ထောင်ရေး။ ။ တကွဲတပြားနေထိုင်ရတတ်သည်။
ထီထိုးရန်။ ။ (ပ) ၅-၄၊ (ဖ) ၇-၃၊ (ဗ) ၈-၃
**ယတြာ။ ။ မွေးနံ့ထောင့်တွင် နှင်းဆီနီ၊ ဝါ၊ ဖြူ ကိုးပွင့်စီ လှူဒါန်းပေးပါ။**

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ**
**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်**
**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**



www.burmeseclassic.com